# ဓါတုဋ္ဌိက ဂတရားတော်ကြီး

နိုင်ငံတော် ကမ္မဋ္ဌာနာ စရိယ

ဉာဏစာဂိ မဟာထေရ် ဆရာတော်ဘုရားကြီး၏ပုံ



သက်တော် (၆၄) သိက္ခာတော်(၄၅)

၁၀၉၆၆

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ။

# ဓါတုဝိဘင်္ဂ တရားတော်ကြီး

[ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊ဓမ္မံသရဏံဂစ္ဆာမိ၊သံဃံ သရဏံဂစ္ဆာမိ။] ဤရှစ်လုံးဖွဲ့ဂါထာသည်။ သာဝိတ္တိဂါထာတည်း။ ဂါယတ္တိဆန်းတည်း။ဆန်းကျမ်း၏မုခတည်း။ (သာဝိတ္တိဆန္ဒသောမုခံ)ပါဠိမြင်၍သိရပါ၏။ အနက်ကား၊ သာဝိတ္တိ သာဝိတ္တိမည်သော ဂါထာသည်။ ဆန္ဒသော ဆန်းကျမ်း၏၊ မုခံ၊ မျက်နှာဖုံးတည်း။ ယခုပြသော၊ သာဝိတ္တိ ဂါထာဟာ ဆန်းကျမ်း၏အဖွင့်တည်း။ မျက်နှာဖုံးတည်း။ ဗုဒ္ဓဘာသာအားလုံး၏ မျက်နှာဖုံးလည်း ဖြစ်ပါ၏။ (မဃဒေဝ လင်္ကာသစ်ကြီး နံပါတ်-၄၆၀၊ ကြောင်းရေ-၁၆ ၌ မူကား၊ [ ပေါင်းသင်းယှဉ်ကာ၊ကြည်မေတ္တာလျှက် မကွာ,မကွာ သရဏာဟု၊ ရတနာကုံး ပဒသုံးဖြင့်၊ ရှစ်လုံးညီညှိ ခရာချိသည့်၊ ဂါယတ္တိဆန်း သာဝိတ်ပန်းကို လန်းလန်းကြည်ရွှင်၊ ထိတ်ဝယ်တင်၍ ] ဟု၊သရဏဂုဏ် ၃ ပါးဖြစ်ပြထားပါသည်။ ၎င်းကြောင့် ဘေးအပေါင်း ရန်အပေါင်းမှ ကင်းလွတ်ကြသည်။

၎င်းဂါယတ္တိဆန်း၊ သာဝိတ္တိဂါထာအရ သရဏဂုဏ်ယူကြသော

(ဥက္ကလာပဗမာ, သထုံဗမာ,မင်းဘူးဗမာပြည် ၃-မျိုး)

ဘုရားရှင်ကြီးရှိနေတုန်းကသုံးဌာန၊ သာသနာဘည်နေပုံမှာ

(က) မဃဒေဝလင်္ကာ။ နံပါတ်-၄၅၃၊ ကြောင်းရေ-၂၌။ [လင်းလွန်းဌာန သတ္တာဟက ပထမဦးခေါင်၊ ဆုထူးအောင်၍

ပင့်ဆောင်ပူဇော်၊ ဆံတော်ရှစ်ချောင်း၊ ရောင်မောင်းမောင်းတို့ ကိန်းအောင်းတည်ရာ၊ လက်မှန်စွာတည့်၊ ဥက္ကလာမြို့၊ သာမို့မို့နှင့်။ ] ဟူသော လင်္ကာအရ၊ ဘုရားဖြစ်စ၊ သတ္တာဌာနတွင် ရာဇာယတန၊ လင်းလွန်းပင်သတ္တာဟာ၌။ တဖုဿနှင့်ဘလ္လိက ညီနောင်ကို ဆံတော်ရှစ်ဆူ ချီးမြှင့်သဖြင့် ရ၍မြန်မာပြည်၊ ဥက္ကလာပမြို့၌ ရွှေဘိဂုဏ်စေတီတော်တည်၍၊ သာသနာ ပြုကြသည်။ တောက်ပကြစေသည်။

(ခ) မဃဒေဝလင်္ကာ နံပါတ်-၄၅၃၊ ကြောင်းရေ-၆ ၌ [အောင်မြို့တဂိုဏ်း တံခွန်လှိုင်းသား မွန်တိုင်းဌာန၊ ရာမညကို ပဌမအာဒိ၊ စိုးအုပ်ဘိသား၊ သီရိမာသောက မည်နာမနှင့် အဖ သံဃသ၊မိဓရေနတ်မျိုး တန်ခိုးနေစက်၊ မင်ထက်ထက်ဝယ်၊ အဆက်မဝေး၊ ရှေးအတီတ နန္တရက ဘဝယှဉ်မှီ၊ နောင်ညီအထူးဖြစ်ခဲ့ဘူးသည်။ ကျေးဇူးမြောက်များ ခြောက်ပါး၊ ဘိညာဉ်ကြီး တေဇာနှင့်ရဟန္တာရှင်ပံျ၊ ဂဝံပတိ ထေရ်ဘုံးရှိကြောင့်၊ မုနိသကျမြန်းလာကြ၍ ပဉ္စဓဿာ၊ ငါးဝါအရ တည်ထောင်ကြ၏။] ဟူသောလင်္ကာအရ၊ ဘုရားရှင်ငါးဝါရ၌၊ သထုံပြည် သုဝဏ္ဏဘုမ္မိပြည်၌ ဒုတိယသာသနာ ပြန့်ပွါးလာ၍၊ ထွန်းလင်းထိန်ပြောင်ခဲ့ပါသည်။

(ဂ) မဃဒေဝနံပါတ်-၄၅၄၊ ကြောင်းရေ-၂၌၊ [ထိုမှတခြားဘုန်းခြောက်ပါးနှင့် ဘုရားမြတ်စွာ၊ သာသနာလျှင် အဝါနှစ်ဆယ်၊ ပြည့်ကာယ်ကျော်ထ၊ မဇ္ဈိမဗောဓိ ရောက်ဘိထိုခါ

သုနာပရန္တ၊ မရမ္မဒ္ဓ ဝါဏိဇ္ဇရွာသား၊ တရားလက်ရှိ မဟိဒ္ဓိဟုန် ဘိညာဏ်ဂုဏ်နှင့် မဟာပုဏ်မည်ရ၊ ထေရ်လူ့ဘသည်၊ မလယကျွန်းဖြစ် နံ့သာစစ်ဖြင့်၊ ဆိနှစ်ရဲရဲ ဘိုးကဲလွန်ကြူး၊ အမွန်တူးသား၊ စန္ဒကူးရွှေဘုံ၊ ဂန္ဓာရုံကျောင်း၊ မြတ်တန်ဆောင်း၌ ကိန်းအောင်းစိမ့်ငှါ၊ ပင့်လျှောက်ရာတွင်။ ] ဟုသောလင်္ကာ အရ ဘုရားဖြစ်၍ ဝါတော်(၂၀)ကျော်မှ၊ သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမ၌ စန္ဒကူးကျောင်းဆောက်ပြီး၊ ဘုရား ကိုပင့်၍၊ သာသနာပြုကြပါသည်။ (၁)ဥက္ကလာပ၌ လင်းလွန်းသတ္တာဟအပြီး။ (၂) သထုံ၌ငါးဝါရစတည်း။ (၃)ဝါဏိဇ္ဇဂါမ သုနာပရန္တ၌ဝါတော် (၂၀)ကျော်မှတည်၏ဟု သတိပြုကြပါ။

(တလိုင်းဘုရင်များအမည် မွန်ဌာနအမည်)

မဃဒေဝ နံပါတ်-၄၅၅၊ ကြောင်းရေ-ဂ ၌ [ ယခင့်ခြားပိုင်း ပြခဲ့တိုင်းဖြင့် တလိုင်းရာဇာ၊မြန်မာမန္ဒာတ် မျိုးနေနတ်တို့၊ မပြတ် သာသနာ ချီးမြှောက်ကာဘိ။ ] ကြည့်ပါ။ မဃဒေဝ နံပါတ်-၄၅၃ ကြောင်းရေ-၂၁၌(သုဓမ္မာပူရ၊ သုဝဏ္ဏဘုံ၊သထုံမည်သီး၊မွန်ပြည်ကြီးလျှင်)ကြည့်ပါ။ မဃဒေဝ နံပါတ်-၄၅၃၊ကြောင်းရေ-၈ ၌။ (မွန်တိုင်းဌာန၊ ရာမညကို)ကြည့်ပါ။ တနည်း မုတ္တမ ကျောလ၌ မွန်တိX ဟံသာဝတီမဏ္ဍလ၌ မွန်စXပုသိမ မဏ္ဍလ၌ မွန်ညXဟူ၍ မွန်ကိုဌာနအမည်။ တလိုင်းကိုရာဇအမည်ဟု သိကြပါ၊ ဗျိုမ တေလိင်္ဂန မင်းများ ရောက်လာပြီး စိုးမိုးလို့ တလိုင်း ငင် ဟု တွင်သည်။

# ဓါတုဋ္ဌီကာတရားတော်စုဥ္စနိဒါန်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ။

## ဓါတ်ကြီး ၄-ပါးက ဗိုလ်ချုပ်လုပ်၍ တိုက်ခိုက်နေကြပုံ

သင်္ဂမောဟိ အယံကာယော၊ မဟာဘူတာ ဗြဟာဗလာ။
နိစ္စံ ယုဇ္ဈန္တိ သင်္ဂါမေ တိက္ခာဝုဓေဟိ၊ တေဗလာ။ ။

ဟိ၊ ဤကိုယ်ကြီး၏ဖြစ်ပုံကို ဥဒါဟရဏ် ဖြန့်ခင်း၍ထင်လင်းစွာပြလိုက်ပါဦးအံ့။ အယံကာယော၊ ခန္ဓာငါးရပ် ပေါင်းစပ်ဟူထောင် ဤကိုယ်ကောင်ကြီးသည်။ အယံကာလော၊ ဖေါက်ပြန် ခံစား၊ မှတ်သား စိမံ၊ သိပြန်တရား၊ ငါးပါးအစု၊ ဓါတ်နှုဖွဲ့ဆောင်၊ ဤကိုယ်ကောင်ကြီးသည်၊ သင်္ဂါမော၊ စိန့်ဗုံးအမြောက် ပြစ်ဖေါက်သွန်ကြဲ အားခဲတိုက်ခိုက်ကြရာ၊ မြို့ရွာစစ်တလင်းကြီးပါပေတည်း။ မဟာဘူတာ မြေ,ရေ,လေ,မီး၊ ဓါတ်ကြီးသမုတ် မဟာဘုတ်တို့သည်။ ဗြဟာ၊ ကြောက်ဖွယ်လန့်ဘွယ်ကြီးကျယ်ခမ်းနား၊ စွမ်းအားသတ္တိ၊ အထူးရှိကြပေကုန်သော။ ဗလာ၊ စစ်ဗိုလ်ချုပ်ကြီးတို့ ပါပေတည်း။ သင်္ဂါမေ၊ ဤကိုယ်ကောင်တည်းဟူသော၊ စစ်မြေပြင်တလင်း၌။ တေဗလာ၊ ထိုရေ, မြေ,လေ,မီး,စစ်ဗိုလ်ကြီးတို့သည်။ တိက္ခာဝုဓေဟိ၊ ခက်မာဖွဲ့စေး ပူဒလှုပ်ရှား၊ လေးပါးထက်မျက်၊ လက်နက်စက်ရှိန်၊ ဝရဇိန် ၄-မျိုးတို့ဖြင့်။ နိစ္စံ၊ နေ့တိုင်း,ညတိုင်း၊ မဆိုင်းမညှာ အမြဲသာ

လျှင်၊ ယုဇ္ဈန္တိ၊ ကြဲသွန်ပြစ်သွင်း၍ စစ်ခင်းကာ တိုက်ခိုက်ကြလေကုန်သတည်း။ (ဓါတ်ကြီး ၄-ပါး၊ သေနာပတိကြီး ၄-ဦးက ငယ်သားများနှင့်တိုက်ကြပုံမှာ--

ပထဝီဓါတ်ဗိုလ်ချုပ် ၂-၃-၃-၄-၅-၇-၃၇-၁၆-၄-၄-နိ။

အါပေါဓါတ်ဗိုလ်ချုပ် ၂-၃-၃-၄-၅-၇-၃၇-၁၆-၄-၄-နိ။

တေဇောဓါတ်ဗိုလ်ချုပ် ၂-၃-၃-၄-၅-၇-၃၇-၁၆-၄-၄-နိ။

ဝါယောဓါတ်ဗိုလ်ချုပ် ၂-၃-၃-၄-၅-၇-၃၇-၁၆-၄-၄-နိ။

ဤဩ ရုပ်နာမ်၂-ပါး။ လက္ခဏာရေး ၃-ပါး။ ပရိညာ ၃-ပါး။ သစ္စာ ၄-ပါး။ ခန္ဓာငါးပါး။ ဝိသုဒ္ဓိ၇-ပါး။ ဗောဓိပက္ခိယ၃၇ ပါး ဉာဏ်စဉ် ၁၆-ပါး။ မဂ်၄-ပါး။ ဖိုလ်၄-ပါး။ နိဗ္ဗာန်ဆိုတဲ့ငယ်သားတွေနှင့် ၄-ဖက်၄-တန် ဝန်းရံ၍(၁၅၀၀)ကိလေသာကို တိုက်ကြခိုက်ကြသည်။ တစက္ကန့် ကုဋေတသိန်းစီနှင့် အနုသယပါ ဈာပနပြာကျရကုန်တော့၏။

ဝတ္တရားပျက်

၂....လ....ပြိတ္တာ တား မ,ဖ,နိ ရတနာကုသိုလ်။

၂... ဒ....ငရဲ.... ရှင်း

၂....မ....တိရစ္ဆာန်.... ရှင်း

၂....မ....အသူရကာယ်.... ရှင်း { နေချင်သလို နေကြတော့ }

၂....ဒါန....လူပုထုဇဉ်.... ရှင်း

၂....သီလ....နတ်ပုထုဇဉ်.... ရှင်း

၂....သမထ.. ဗြဟ္မာပုထုဇဉ်....ရှင်း

၂-ရှု ဒါနပြု လူအရိယာ။

၂-ရှု သီလပြု နတ်အရိယာ။

၂-ရှု သမထပြု ဗြဟ္မာအရိယာ။

ကြောက်နဲ့သံခတ်၊ မီးထွက်သည်။
ရုပ်နဲ့နာမ်ခတ်၊ မ,ဖ,နိ ထွက်သည်။
ဒါနပြု လူ့ဘဝ ၁၀-ဌာန၊ပဋ္ဌိစ္စသမုပ္ပါဒ် ၁၀-ဌာနဖြစ်သည်
သီသပြု နတ်ဘဝ ၆-ဌာန....................၆-ဌာနဖြစ်သည်
သမသပြု ဗြဟ္မာဘဝ ၂၀-ဌာန.......၂၀-ဌာနဖြစ်သည်

မသိအဝိဇ္ဇာ-သိဝိဇ္ဇာ၊ ဓါတ်မသိအဝိဇ္ဇာ-ဓါတ်သိဝိဇ္ဇာပါ။
မသိရင်တပတ်ပတ်၊မသိလို့ပဋ္ဌိစ္စသမုပ္ပါဒ်၁၉-လယ်တာပြပါ။

သိရင်အပြီးပြတ် ဓါတ်သိရင် အပြီးပင်ပြတ်ပါသည်။
မသိရင်ဘေး၊ ပဋ္ဌိစ္စသမုပ္ပါဒ် ၁၉-နှင့်ပြကြပါ။
သိလျှင်ချမ်း၊ အဝိဇ္ဇာယတွေ ပါငြိပြပါလေ။

ဒါဟာ
လူနတ်
ဗြဟ္မာ
ပါတဲ့။

ခ - ဝိ-ရူ
သ - ဝိ-ဒ
ဃာ-ဝိ-ဂံ
မိ - ဝိ ရ
ကာ-ဝိ-မ
ဟာဒ-ဝိ-ခ

ဇ္ဈာ,သံ,ဝိ,နာမ်,သ,ဖ,ဝ,တ္တာ
ဤတရားစုကိုလူ,နတ် ဥ
ဗြဟ္မာ,သတ္တဝါဟု ဘ
ခေါ်နေကြပါသည်။ ဇာ
၁၉ ဒု,ဥ,ဒေါ,ဒု,ပ,သ,မ,ဇ

## ဓါတုဝန္ဒနာ ဂါထာပါဠိအနက်

နမောတေဓါတုဒဿဝိ နမောတေ ဓါတုဒေသက။
ဓါတုက္ခန္ဓေ ဝရောနာထ၊ ဓါတုယာတံ နမာမဟံ။ ။

ဓါတုဒဿာဝိ ပဉ္စက္ခန္ဓာ ၄-ဖြာမဟာဘုတ်၊ နာမ်ရုပ် ၂-ခုဓါတ် အစုကို၊ ဖုဖု,ဆစ်ဆစ်၊ သစ်သစ်ကုန်စင် သိမြင်တော်မူသော။ မြတ်စွာဘုရား။တေ၊ ရှင်တော်ဘုရားအား။နမော၊ ဆယ်ချောင်း ဟတ္ထာ၊ပဒုံကြာဖြင့်၊ခါခါတုပ်ဝပ် ဦးညွှတ်ပါ၏။ဓါတုဒေသက၊ ပုဂ္ဂိုလ်သတ္တဝါ သူငါမဟုတ်၊ နာမ်ရုပ် ၂-ဖြာ၊ ဓါတ်မျှသာဟု၊ စိတ်ဖြာ ခွဲခြား၊ဓါတ်တရားကို ထင်ရှားဆတ်ဆတ် ဟောတော် မူဘတ်သောမြတ်စွာဘုရား။ တေ၊ ရှင်ပင်ဘုရားအား။ နမော နဖူးထက်ပြင် ဆယ်လက်တင်၍ ကြည်လင်သဒ္ဓါ၊ ဦးနှိမ်ပါ၏။

နာ၁ထ၊ နဂါး, ဂဠုံ,ကုမ္ဘဏ်,ယက္ခ,ဂန္ဓဗ္ဗနှင့် ဒေဝ,ဗြဟ္မာ မဟာ အမျိုး ကမ္ဘာ၁ရိုးတွင် တန်ခိုးတေဇလက်လက်ရှသော။ပုညပါလာ သတ္တဝါတို့၏ ကိုးကွယ်ရာအစစ် ဖြစ်ကြီးဖြစ်ထသော မြတ်စွာ ဘုရား။ တော၊သုံးဘုံထင်ရှားရှင်ပင်ဘုရား၏၊ဓါတုကွန္ဓော၊သုံးဆဲ့ နှစ်ဖြာ လက္ခဏာ၁ဝယ် ခြေ၁က်သွယ်ရောင်ခြည်၊ယှက်လည်ကွန့်မြူး သဖြင့်၊ ချိုးကြူးဖွဲ့နှုံး၊ အုံမဆုံးသော၊ ဓါတ်တုံး ဓါတ်စုတော် သည်။ဝရော၊ ဗြဟ္မာ,လူ,နတ်၊ တောင့်တအပ်သဖြင့်မြင့်မြတ်တော် မူ၁ါပေ၏။ တံ၊ ထိုပဋ္ဌက ဒြပ်၊ ရှင်ပင်၏ဓါတ်မြတ်ကို။ အဟံ၊ သူငါမဟုတ် နာမ်ချုပ် ၂-ခုဓါတ်စု, ဓါတ်လုံး ဓါတ်တုံး, ဓါတ်ခဲ သ၁ဖြစ်ပါသောအကျွန်ုပ်သည်။ ဓါတုယာ၊ ဒွါရ ၃-ပါး၊ ဓါတ် တရားဖြင့်။ နမာမိ ကြည်ညိုလှစွာ ဦးနှိမ်ပါ၏၊ အရှင်သခင် မြတ်စွာဘုရား။

(ဓါတူနံ၊ သုညဘလက္ခဏံ)ဟူ၍ အဋ္ဌကထာ၁တိုင်း ဖွင့်ပြကြ ပါကုန်ပြီ၊ ဓါတ်သဘောအစုသာဟု တွေ့ရသော ယောဂီမှာ ငါသူတပါး ယောကျ်ား, မိမ္မမရှိဟု အမှားတွေ့ ကင်းဆိတ်၍ သုညဘလက္ခဏာသဘောသို့ ရောက်ပါပြီ။ (တနည်းလည်း) သတ္တာနံ၊သတ္တသညာ၁သမုဟနတ္တံ၊အဋ္ဌခရသဓါတုယော ဝုတ္တံ။) စသည်ဖြင့်၊ အဘန်တန်လာရှိသော အဋ္ဌကထာများ၌ ဖွင့်ကြကုန် ပြီ။သတ္တဝါတို့၏စိတ်မှာ ငါဘဲ,သူဘဲ,သတ္တဝါဘဲဟူသော သညာ စွဲကြီးကို ဖြေထုတ်,နှုတ်ပြစ်နိုင်ကြရန်၊ ဓါတ်ကြီး (၁၈)ပါးကို ဟော၁ခဲ့ပါသည်။ ဓါတ်တွေ့လျှင် စိဘ်မှား၊ သညာမှား၊ ဒိဋ္ဌိမှား တွေပြာကျသွားရပါသည်။

## ဓါတ်ခန္ဓာ၌ သဘောသာရှိ၍ ငါ,သူ,လူ,နတ်မရှိပုံ(၈)ဠာန

(၁) ဖေါက်ပြန် ခံစား၊ မှတ်သား စိမံ၊ သိခဲ့ပြန် ငါးတန် ဓါတ်ခန္ဓာ။

(၂) စိတ်-၁၂၁၊ စေတသိက်-၅၂၊ ရုပ်-၂၈ ပါးစုတဲ့ခန္ဓာပါ သဘောသာရှိတယ်။

(၃) ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, ဝိညာဏ, ဓါတ်၆-ပါးသာရှိတဲ့ခန္ဓာပါ၊ သဘောစုမျှ သာရှိပါတယ်။

(၄) ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ,ရသ, ဩဇာ,ဆိုတဲ့ဓါတ်၈-ပါးသာရှိတဲ့ခန္ဓာပါဘဲ၊သဘော မျှသာရှိပါတယ်။

(၅) ကေသာ၊ လောမာစသော ဓါတ်၃၂-ပါးသာ စုဝေး တဲ့ခန္ဓာကြီးပါဘဲ။

(၆) ပထဝီ-၂၀၊ အာပေါ-၁၂ပါး၊ တေဇော-၄ ပါး၊ ဝါယော ၆-ပါး ပေါင်း ၄၂-ပါး။ သဘောတရား တွေစုဝေးနေတဲ့ခန္ဓာကြီးပါဘဲ။

(၇) ခေါင်းနှဖူး ဆံပင် စသော ၆၆-ပါးတရားတွေစုနေ တဲ့ခန္ဓာကြီးပါဘဲ။

(၈) စက္ခုရောဂေါ မျက်စိနာ၊ သောတရောဂေါနားနာ စသော၊ ၉၆-ပါး၊ ၉၈-ပါးစုဝေးနေတဲ့ခန္ဓာကိုယ်ကြီး ပါ၊ သဘောမျှသာ ရှိကြပါတယ်။

(၉) (ဗရမတ္ထဓမ္မာသဏ္ဍာနရဟိတာ) ပါဠိအရ၊ ပရမတ္ထတရားဆိုတာ အထယ်မရှိပါ၊ဒြပ်မရှိပါ၊ ပုံစံမရှိပါ၊ သဏ္ဌာန်မရှိပါ အတို့အရှေ၊ အဝိုင်း ၃-ဒေါင့်၊ ၄-ဒေါင့် စသည်မရှိပါ။ (လေညှော်,အနံ့,,အသံ) ၄-ပါးကဲ့သို့ သဘောတရားမျှသာ ရှိနေပါတယ်။(ပညာသိပါဘဲ။) ဝိညာဉ်သိ၊ သညာသိ၊ ဒိဋ္ဌိသိ၊ ဝိတက်သိ သုဘာမယသိ၊ စိန္တာမယသိဉ်ကား၊ အထယ်၊ ဒြပ် ပုံစံ သဏ္ဌာန်ရှိနေတယ်ဟု၊ မှားရှိသိနေကြပါတယ်။ ၎င်းအသိမှားတွေကို လွန်မြောက်၍ (ပညာသိကိုယ်တွေ့ရောက်မှ သဘောမျှဘဲ၊ ကြိယာမျှဘဲဟု၊ ပိုင်ပိုင်,နိုင်နိုင်ကြီးသိရပါတယ်။

### မလွတ်မြောက်နှင့် လွတ်မြောက်လမ်း ၂-သွယ်
### ၂-ကဏ်း၄-စုသားပြမည်

ဝဋ္ဋရားပျက်ကွက်လို့ အပါယ်ကျရတာပါ။
သာသနာ့ဝဋ္ဋရား ဓမ္မတာဝဋ္ဋရား ၂-ပါးပျက်၍၊

၁ 

(၂) လောဘ ပြိတ္တာ။ ဤပုံစံ၌ ၎င်းလူ, နတ် ဗြဟ္မာ သတ္တဝါဟူသူ၏ခန္ဓာမှ (၂) ရုပ်နာမ်ရှိပါလျက်နှင့်ရုပ်ပေါ်၍နာမ်ကမသိပါ။ [ရုပ်ပေါ်၍နာမ်ကသိလျှင်သာသနာအလုပ် ဝိဇ္ဇာအလုပ်၊ သမ္မာဒိဋ္ဌိအလုပ် ယထာဘူတအလုပ်၊ သမ္မာဒဿနအလုပ်၊ ဓမ္မဝဝတ္ထာနအလုပ်၊ အရိယာအလုပ်၊ မဂ်အလုပ်၊ ဖိုလ်အလုပ်၊ နိဗ္ဗာန်အလုပ် စသောနာမည်တပ်ရလျှင် အသချေ တထောင်မျှဖြစ်သည်။] ရုပ်နာမ်အလုပ် သာသနာ အလုပ်ကိုမလုပ်၍ မဂ်တား, ဖိုလ်တား,

နိဗ္ဗာန်တား၍နေသည်။ ဤမျှ မိုက်မဲကြီး၊ မမြင် ကဏ်းသော ကြောင့်၊ဒုသုဒ္ဓိတိ၊ ဆိုတဲ့ ၁၁-ဘုံ ပုထုဇဉ်ထောင်ထဲ၌ ချုထား ခြင်းခံရရှာသည်(သာသနာ့အလုပ်ဝတ္တရား ပျက်ပြားလို့ပါ။XX ဂုင်းဝတ္တရား ပျက်ကွက်သည့်ပြင် လောဘကို လက်ခံ၍ထား၍ပြန် သည်။ သာသနာ့ဝတ္တရားရော၊ ဓမ္မတာဝတ္တရားရော ၂ ချက်ပျက် ကွက်သောကြောင့်၊ လောဘက ပြိတ္တာဘုံ၌ ထားတော့သည်။

၂ 

(၂) ဒေါသ ငရဲဘုံရောက်။ ဤပုံစံ၌ မမြင် ကဏ်း၍ နေသော လူ့နတ်၊ဗြဟ္မာ့သတ္တဝါဟာ (၁)ရုပ်နာမ်ရှုခြင်း၊ သာသနာ့ ဝတ္တရား ပျက် ကွက်သည်။ (၂) ဒေါသလက်ခံသဖြင့်၊ ဓမ္မတာဝတ္တရားလဲ ပျက် ကွက်သည်။ ထို့ကြောင့်၊ ဒေါသက ငရဲ ၈-ထပ်ငရဲငယ် ၁၂၈- ထပ်သို့ပို့ထားသည်။

၃ 

(၂) မောဟ၊ တိရစ္ဆာန်။ ဤပုံစံ၌ မမြင်ကဏ်း သောလူ့နတ်၊ဗြဟ္မာ သတ္တဝါဟာ (၁)ရုပ်နာမ် ရှုခြင်း၊ သာသနာ့ဝတ္တရားပျက်ကွက်သည်။ (၂) မောဟလက်ခံသဖြင့်၊ ဓမ္မတာဝတ္တရားလဲ ပျက်ကွက် ပြန်သည်။ ထို့ကြောင့်၊ မောဟက တိရစ္ဆာန်ဘုံသို့ တကျွန်းပို့သားသည်။

၄ 

(၂) မောဟ အသူရကာယ်ဘုံ။ ဤပုံစံ၌မမြင် ကဏ်းသော လူ နတ် ဗြဟ္မာ သတ္တဝါဟာ။ (၁) ရုပ်နာမ်ရှုခြင်းသာသနာ့ဝတ္တရားပျက်ကွက်သည်။ (၂) မောဟလက်ခံသဖြင့်၊ ဓမ္မတာဝတ္တရားလဲပျက်ကွက်သည်။

ထို့ကြောင့် မေဒဟက ၎င်းကို အသူရကာယ်ဘုံသို့ တကျွန်း ပို့ထားလေသည်။

သာသနာ့ဝတ္တရားနှင့် ဓမ္မတာဝတ္တရား ၂-ပါးလုံး ပျက်ကွက်နေလို့ပါဘဲ ၂-ဖက်ကဏ်း အပါယ်လမ်းပြီး၏။

### တဖက်မြင် ပုထုဇဥ် ၃-စုပြချက်

၅ 

(၂) ဒါန လူပုထုဇဥ်။ ဤပုံစံ၌ တဖက်သာကဏ်းနေသော လူ,နတ်,ဗြဟ္မာ,သတ္တဝါဟာ(၁) ရုပ်နာမ်ရှုခြင်း သာသနာ့ဝတ္တရား ပျက်ကွက်၍နေသည်။ (၂)ဒါနပြု၍ ဓမ္မတာ ဝတ္တရားရှိသည်။ ထို့ကြောင့် ဒါနက လူပုထုဇဥ်ထောင်၌ ချ၍ထားလေသည်။

၆ 

(၂) သီလ၊ နတ်ပုထုဇဥ်။ ဤပုံစံ၌ တဖက်သာကဏ်းနေသော လူ နတ် ဗြဟ္မာ သတ္တဝါဟာ၊ (၁)ရုပ်နာမ် ရှုခြင်း၊ သာသနာ့ ဝတ္တရား ပျက်ကွက်၍နေသည်။ (၂) သီလပြုခြင်း၊ ဓမ္မတာ ဝတ္တရားရှိသည်၊ ထို့ကြောင့် သီလကနတ်ပုထုဇဥ် ထောင်၌ချထားလေသည်။

၇ 

(၂) သမထ ဗြဟ္မာပုထုဇဥ်။ ဤပုံစံ၌ တဖက်သာကဏ်းနေသော လူ,နတ်,ဗြဟ္မာ,သတ္တဝါဟာ (၁)ရုပ်နာမ်ရှုခြင်း သာသနာ့ဝတ္တရား ပျက်ကွက်၍နေသည်။ (၂) သမထပြုခြင်း၊ ဓမ္မတာ ဝတ္တရားရှိသည်၊ ထို့ကြောင့် သမထက ဗြဟ္မာ ပုထုဇဥ်ထောင်၌ ချထားလေသည်။ သာသနာ့ ဝတ္တရားပျက်ကွက်၊ ဓမ္မတာဝတ္တရားရှိ၍ သက်သာသေးသည်။

## ၂-ဖက်မြင်အရိယာ ၃-စုကြည့်ကြစမ်းပါ

၈ 

(၂) ဒါန လူအရိယာ။ ဤပုံစံ၌ ၂-ဖက်မြင်သောလူ နတ် ဗြဟ္မာ သတ္တဝါဟာ။ (၁) ရုပ်နာမ်ရှုခြင်း၊ သာသနာ့ဝတ္တရားလဲပြုသည်။ (၂) ဒါနပြုခြင်း၊ ဓမ္မတာဝတ္တရားလဲပြုသည်။ ထို့ကြောင့် လူ အရိယာနှင့်တက်ရသည်။

၉ 

(၂) သီလ နတ်အရိယာ။ ဤပုံစံ၌ ၂ ဖက်မြင်သော လူနတ်ဗြဟ္မာသတ္တဝါဟာ (၁) ရုပ်နာမ်ရှုခြင်း သာသနာ့ ဝတ္တရားလဲပြုသည်။ (၂) သီလပြုခြင်း ဓမ္မတာဝတ္တရားလဲပြုသည်။ ထို့ကြောင့် နတ်အရိယာ၊ ဖြစ်ရသည်။

၁၀ 

(၂) သမထ ဗြဟ္မာအရိယာ။ ဤပုံစံ၌ ၂-ဖက်မြင်သော လူ,နတ်,ဗြဟ္မာ,သတ္တဝါဟာ (၁) ရုပ်နာမ်ရှုခြင်း၊ သာသနာ့ဝတ္တရားလဲပြုသည်။ (၂) သမထရှုခြင်း၊ ဓမ္မတာဝတ္တရားလဲ ပြုသည် ထို့ကြောင့် ဗြဟ္မာအရိယာဖြစ်ရ၏။ ၂-ဖက်လဲမြင်၊ ဝတ္တရား ၂-ခုလဲပြု၍ အရိယာဖြစ်ကြပုံပြီး၏။

ဤပုံစံဆယ်ချက်၌ (၁) ရုပ်နာမ်ရှုခြင်း၊ သာသနာ့ဝတ္တရားပျက်ကွက်လျှင် မဂ်တား၊ ဖိုလ်တား၊ နိဗ္ဗာန်တားဖြစ်၍၊ ပါရမီများလဲ ပုတ်သိုး ဆွေးရိ ပျက်စီးရသည်။ (၂) ဒါသီထ ပြုခြင်း

ဓမ္မတာ၀တ္တရားပျက်ကွက်လျှင် လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်က လက်မခံ၍ အပါယ်ထဲ၌ ပြစ်ချခြင်းကိုခံရသည်။ သတိထားကြပါလေ။

## မဂ်ပြည့်,အရိယာပြည့်,လောကုတ္တရာပြည်သို့ရောက်ကြပုံ

ဉာဏ်စဉ်ပုံစံပါ

| | | |
|---|---|---|
| ၁၊ | နာမ | ပဋ္ဌိသန္ဓေ |
| ၂၊ | ပစ္စ | နေပြီ |
| ၃၊ | သံ | ၁ နှစ်သား |
| ၄၊ | ဥ | ၂-နှစ်သား |
| ၅၊ | ဘံ | ၃-နှစ်သား |
| ၆၊ | ဘ | ၄-နှစ်သား |
| ၇၊ | အာ | ၅-နှစ်သား |
| ၈ | နိ | ၆-နှစ်သား |
| ၉၊ | မု | ၇-နှစ်သား |
| ၁၀၊ | ဋ္ဌိ | ၈-နှစ်သား |
| ၁၁၊ | သံ | ၉-နှစ်သား |
| ၁၂၊ | နု | ၁၀-နှစ်သား |
| ၁၃၊ | ဂေါ | ၁၁-နှစ်သား |
| ၁၄၊ | မဂ် | ၁၂-နှစ်သား |
| ၁၅၊ | ဖိုလ် | ၁၃-နှစ်သား |
| ၁၆၊ | ပစ္စ | ၁၄-နှစ်သား |

ဝိပဿနာဉာဏ်စဉ် ၁၆-ပါး၌(၁) နာမရူပပရိစ္ဆေဒဉာဏ်နှင့်ပစ္စယပရိဂ္ဂဟဉာဏ်ကား အခြေခံဉာဏ်မို့ (မဂ်၏ပဋ္ဌိသန္ဓေ)နှင့် တူပါသည်။ ၎င်း ၂ ဉာဏ်ပိုင်သောယောဂီမှာ(မဂ်ပဋ္ဌိသန္ဓေ)ဟာတည်နေပါပြီတဲ့။ (သာဓကမှာ)(၁)တဿ၊ တတ္ထ သုခိနော ဓမ္မာဒါနိ၊ ပလဝဋ္ဌိ၊ ဒန္ဓေါဘိက္ခဝေ သတုပ္ပါဒေါ၊ အထခေါ၊ သော သတ္တော၊ ခိပ္ပမေဝ၊ ဝိသေသဘာဂီ အဿ။)စတုက အင်္ဂုတ္တိုရ်ပါဠိတော် နံပါတ်(၄၂၂)ကြောင်းရေ-၉ ဟာမူ လူ့ပြည်က အားထုတ် သော် နတ်ပြည်ဖြစ်ရ မဂ်,ဖိုလ်,နိဗ္ဗာန်ရမည်တဲ့။

(၂) (တတ္ထဝိမုတ္တိပရိပါစနိယေဟိ၊ဓမ္မေဟိ၊အာသယေ ပရိပါစိတေ

**သောဓိတော**၊ ဝိပဿနာယမဂ္ဂဂန္ထံ။) ဂဏ္ဍိယာ တတိယအုပ် အင်္ဂုတ္တိုရ်ဋီကာကြီး။မေဃိယဖွင့် နံပါတ်(၂၆၉)ကြောင်းရေ ၅ ဆဋ္ဌမှု ဓါတ်ကိုရှုပွါးသော ဝိပဿနာ မဂ်ကိုယ်ဝန် တည်နေပါ ပြီတဲ့။ (၃) ဝိပဿနာမေဝဂန္ထံ၊ ဂဏှာပေတိ၊ နဝဋ္ဌဂန္ထံ။) ဥပရိ ပဏ္ဏာသဋီကာကြီး။ နံပါတ်-(၂၉၀)ကြောင်းရေ ၁၀၊ ဟံမှု။ ဓါတ်ကိုရှုပွါးသော်၊ဝိပဿနာမဂ်ကိုယ်ဝန်တည်ပါပြီ။ ဝဋ္ဋ၃ ပါး ပြတ်သွားပါပြီတဲ့။

(၄) ဓေတဥဂ္ဂဏှိတွာ၊ ဝိပဿနာဂန္ထံ၊ ဂဟာပေတွာ အရဟတ္တံ၊ အပါပုဏိ။) အပဒါန်အဋ္ဌကထာ ဒုတိယအုပ် နံပါတ် (၁၃၁)ကြောင်းရေ-၂၃၊ ဆဋ္ဌမှု ပရိယတ်ကို သင်ပြီးမှဓါတ်ကို ရှုသော်၊ ဝိပဿနာမဂ်ကိုယ်ဝန်တည်မိ၍ အရဟတ္တဖိုလ်သို့ရောက် ပါပြီတဲ့။

(၅) ((ဝိပဿနာယ အာဂတဋ္ဌာနေ၊ ဝိပဿနာဂန္ထံ၊ နဂ ဏှာပေသန္တိ။)) သုတ်မဟာဝါ အဋ္ဌကထာ၊ နံပါတ် (၁၅၇) ကြောင်းရေ ၁၆၊ ဟံမှုမှ (ဗျတိရေကဝါကျတည်း။) ။၎င်း၏ အန္ဝယဝါကျမှာ (ဝိပဿနာယအာဂတဋ္ဌာနေ၊ ဝိပဿနာဂန္ထံ၊ ဂဏှာပေသန္တိ။) (အန္ဝယဝါကျတည်း)ဓါတ်ရှုသော ဝိပဿနာ မဂ်ကိုယ်ဝန်ရပြီတဲ့။

(၆) ဗောဓိသတ္တဘူတဿ၊ ဘဂဝတော၊ တိဝိဓါနုပဿနာ သမ္ပဒါနေန၊ ဝိပဿနာဉာဏဂန္ထံ၊ ဂဏှာပေတွာ။) ပါရာဇိကကဏ် အဋ္ဌကထာ ဓါတ်ရှုပွါး လက္ခဏာရေး၃-ပါးတွေ့လျှင်၊ဝိပဿနာ ဉာဏ်မဂ်ကိုယ်ဝန်ရနေပြီတဲ့။)

ဤပါဠိ ၆-ပုဒ်ကိုမြင်၍ဓါတ်ရှု ၂-ဉာဏ်ရလျှင်၊ မဂ်၏ ကိုယ်ဝန်ရပုံပြ၏။ [လောကမှာ ကိုယ်ဝန်ရလျှင် အားလုံး စိတ်ဒုံးဒုံးကြီးချရပါပြီ၊ ကိုယ်ဝန်ရတဲ့ သူများဟာ ဝမ်း၌ (၉) လနေ၍ (၁၀)လ၌ ဖွါးမြင်တော့မည်၊ စိတ်ချရပါပြီ။

## မဂ်ကိုယ်ဝန်ရင့်၍ (၁၀)လနှင့် ဖွါးမြင်ပုံမှာ

(၃)သမ္မသနဉာဏ်၌ ဖွါး၍တနှစ်သားအရွယ်တည်း။ (၄) ဥဒယဗ္ဗယဉာဏ်၌ ဖွါး၍နှစ်နှစ်သားဖြစ်ပြီ။ (၅)ဘင်ဉာဏ်၌ဖွါး၍ သုံးနှစ်သားဖြစ်ပြီ။ (၆)ဘယဉာဏ်၌ဖွါး၍လေးနှစ်သားဖြစ်ပြီ။ (၇)အာဒီနဝဉာဏ်၌ ငါးနှစ်သားဖြစ်ပြီ၊ (၈)နိဗ္ဗိန္ဒဉာဏ်၌ခြောက်နှစ်သားဖြစ်ပြီ။ (၉)မုစ္စိတုကမျတာဉာဏ်၌ ခုနှစ်နှစ်သားဖြစ်လာပြီ။ (၁၀)ပဋိသင်္ခါဉာဏ်၌ ရှစ်နှစ်သားဖြစ်လာပြီ။ (၁၁) သင်္ခါရုပေက္ခာဉာဏ်၌ ကိုးနှစ်သားဖြစ်လာပါပြီ။ (၁၂) အနုလောမဉာဏ်၌ ဆယ်နှစ်သားဖြစ်လာပါပြီ။ (၁၃) ဂေါတြဘူဉာဏ်၌ ဆဲ့တနှစ်သားဖြစ်၍လာပါပြီ။ (၁၄)မဂ်ဉာဏ်၌ ဆဲ့နှစ်နှစ်သားဖြစ်၍လာပါပြီ။ (၁၅)ဖိုလ်ဉာဏ်၌ဆဲ့သုံးနှစ်သားဖြစ်၍လာပါပြီ (၁၆) ပစ္စဝေက္ခဏာဉာဏ်၌ ဆဲ့လေးနှစ်သား ဖြစ်၍လာပါပြီ။ ဒုဋ္ဌဂါမဏိမင်းသားနှင့် သိဒ္ဓတ္ထမင်းသားတို့ ကိုယ်ဝန်ရပုံ ဖွါးပုံ အရွယ်ချင့်လာပုံနှင့် နတ်ပြဟ္မာတို့ စောင့်ရှောက်ပုံဖြင့် ဥပမာပြကြပါလေ။

၁၃၂၆-ခုနှစ် သီတင်းကျွတ်လဆုတ် ၁၂-ရက်၊
ဒရယ်ကျောင်း၌ ရေးသည်။

(၁) (၁)ပုံစံ (၂)ပုံစံ

| (၁)ပုံစံ အာရုံပြုကြပုံ | (၂)ပုံစံ အာရုံပြုကြပုံ |
|---|---|
| ၃၁-ဘုံမှာ<br>စိတ်,စေ,ရုပ်,နိ<br>သော,က နာ,န္တာ | ၁၃-ဘုံမှာ<br>မူ၊ဃ၊သံ၊တိ၊နာမ<br>ဒု၊ သု၊ ဒွိ၊တိဟိတ် |

(၁)ပုံစံအရကား ၃၁-ဘုံမှာ စိတ်ရယ်၊ စေတသိက်ရယ်၊ရုပ်ရယ်၊နိဗ္ဗာန်ရယ်ဟူ၍ ပရမတ္ထတရား ၄-ပါးမျှသာရှိ၍နေပါတယ်၊၎င်းပရမတ္ထတရားများကို၊ သောတာပန်များ၊ သကဒါဂါမ်များ၊ အနာဂါမ်များ၊ ရဟန္တာများသာ ဂရုစိုက်၍အာရုံပြုနေကြသည်။

(၂) ပုံစံအရကား ၃၁-ဘုံမှာ သမူဟပညတ်, ဃနပညတ်, သဏ္ဌာနပညတ်၊ သန္တတိပညတ်၊ နာမပညတ်၊ စသော ပညတ်တရားများကို ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်များ၊ သုဂတိအဟိတ်ပုဂ္ဂိုလ်များ၊ဒွိဟိတ်ပုဂ္ဂိုလ်များ၊ တိဟိတ်ပုဂ္ဂိုလ်များသာလျှင် ဂရုစိုက်၍အာရုံပြုနေကြတော့သည်။

(က) ဒု၊ သု၊ ဒွိ၊ တိ ၄-ပါးရှိ လိုက်၏ပညတ်ကို။

(ခ) သော၊က၊နာ၊န္တာ၊အရိယာ မဂ်မှာနေကြဆို။ ။

(၂) ဓါတ်ခံညံ့နှင့် ဓါတ်ခံပြည့်ဝသူ ၂-စု

ဥပမာ (၁)ခဲတပုံ၊(၂)ငွေတပုံ၊ (၃)ရွှေတပုံ၊(၄)ပတ္တမြားတပုံ၊ ထားပြီး ရသူက ယူတော့ဟုပေးလျှင်၊ ဓါတ်ခံညံ့သူတွေ

ဟာ ပတ္တမြားပုံ၌ သဲသဲ့မဲမဲ၊ အားခဲ၍ လုယူကြမည်။ ပတ္တမြားပုံကုန်လျှင် ရွှေပုံ၌စုပြုံ၍လုယူကြမည်။ ရွှေပုံကုန်လျှင်၊ ငွေပုံ၌စုပြုံ၍ လုယူကြမည်။ ငွေပုံကုန်လျှင်။ ခဲပုံ၌စုပြုံ၍လု ့ယူကြမည်။ တဘဝချမ်းသာဘို့တည်း။

မြတ်စွာဘုရားက (၁)ဒါန။ (၂)သီလ။ (၃)သမထ။ (၄) ဝိပဿနာ ၄-ပုံပုံ၍ ကြိုက်ရာကို ယူတော့ဟုပေးလျှင်၊ ဒါနပုံ၌ စုပြုံ၍နေကြမည်။သီလ သမထ ဝိပဿနာ၌ တဦးမှမရှိတော့ပါ။ ဒါဟာဓါတ်ခံညံ့လွန်းလှ၍ တသံသရာလုံး ချမ်းသာ၍ သွားမှာကို စိတ်မညွတ်နိုင် အာရုံမပြုနိုင်ပါ။ ပစ္စည်းရှင်၏ သား သမီးများဟာ၊ ကောလိပ်ကျောင်း၌နေ၍၊ အရေးပိုင်၊ တိုင်းမင်းကြီးအထိ ယူကြတယ်။ လယ်သမား၏ သားသမီးများမှာတော့ မူလတန်းမျှသာ သင်ကြား၍လယ်တဲ ကိုင်းထဲ၌နေကြသည်။ ငွေမလိုက်နိုင်ကြလို့၊ တော်ရာ့ တန်ရာနှင့်နေကြရသည်။ယခုလဲ ဒါနမျှသာပြု၍ (သီလ သမထ ဝိပဿနာအထိ) မကျင့်ကြသူများကား၊ ငွေမလိုက်နိုင်၍ အပါယ် ၄-ဘုံမှာ ကြာကြာကြီး နေထိုင် ကြရတော့မည်။




လမ်းမကြီး၏ဤမှာဘက်၌ တဲကုပ်တခုရှိသည်။ ၎င်းတဲကုပ်၌ တအိမ်ထောင်နေထိုင်ကြသည်။လမ်းမကြီး၏ ထိုမှာ ဘက်၌ကား

ဥယျာဉ်နဲ့၊ ရေတွင်းနဲ့၊ ရေကန်နဲ့ အိမ်ရှေ့ပန်းခြံနဲ့ မိုဃ်းလနေဘို့ ဘုံဆောင်များ။ ဆောင်းလနေဘို့ဘုံဆောင်များ။ နွေလနေဘို့ ဘုံဆောင်များ။ သုံးဆောင်စားရန်အတွက်၊ ပစ္စည်းဥစ္စာ ရတနာများ၊ ဆယ်ဘာဝ စာမက ရှိ၍နေပါသည်။ တိုင်းသိ ပြည်သိ မင်းသိ စိုးသိ ကျော်ညာပြီးသားလဲ ဖြစ်၍နေတော့၏။ ။တဲကုပ်မှာ နေကြသော အိမ်ထောင်တစု သားများကို တဖက်ရှိသော ခြံပိုင် ဘုံဆောင်ပိုင်သူဌေးကြီးက လာ၍ပြောပြတယ်။ ပြောပုံကား အိုဗျ တဲကုတ်မှာ နေကြသော ဆင်းရဲသားတို့ ကျွန်ုပ်ပြောပြမည်၊ နားထောင်ကြပါ။ လမ်းဟိုဘက်ကခြံကြီးထဲမှာ ဥယျာဉ်ရော၊ ရေတွင်းရော၊ ရေကန်ရော၊ ဘုံဆောင်တွေရော၊ ပန်းခြံတွေရော၊ ပစ္စည်းမျိုးစုံရော၊ ဆယ်ဘာဝစားလောက်အောင် ရှိနေပါတယ်။ (၁)မင်းတို့နေတဲ့ တဲကုပ်ဟာ မိုဃ်းမလုံသော်ငြား။ (၂) ကျမ်းခင်းမခိုင်သော်ငြား။ (၃)အကာပျက်သော်ငြား။ ဟိုဘက်ခြံထဲက ဘုံဆောင်၌သွား၍နေကြပါ။ စားသုံးကြပါ။ (က)ပြောင်းရွှေ့ချင်တဲ့လောဘဇောဖြင့် တမင်မပျက်လျှင် ပျက်အောင်ဖျက်ဆီးရ။ သူ့၏သဘာဝအတိုင်းမို့ မလုံပါမှ အခင်းကြိုးကျပါမှ အကာ ပေါက်ပျက်ပါမှပြောင်းရွှေ့ပြီးနေရမည်တဲ့။ (သမုဒယ) ခွါစေပုံတည်း။ ။ထိုအခါ တဲကုပ်နေ အိမ်ထောင်စုဟာ ဘုံဆောင်သို့ ပြောင်းချင် ရွှေ့ချင်လွန်းလို့၊ သြော်ဒီတဲကုပ်ကလဲ အမိုးပေါက်ခဲရန်ကော၊ ကျမ်းကြိုးခဲရန်ကော အကာကွာခဲရန် ကောဟု တဲကုပ်မှဘုံဆောင်သို့ ပြောင်းရွှေ့ချင်လွန်းအားကြီး လို့ အမိုးပေါက်ရန် ကြမ် ကြိုးရန် အကာခကွာရန်ကို ဆုတောင်း

ရမလိုလို ဖြစ်၍နေတော့၏။ ကြာလာတော့တဲကုပ်၌အမိုးပေါက်၍ တဲကုပ်မှဘုံဆောင်သို့ ပြောင်းရွှေ့ကာ နေထိုင်ကြသည်။ ဆင်းရဲသားဘဝမှ သူဌေးဘဝကို ရကြတော့သည်။ ယခုလဲ အာစာရအရိယာများ၊ ဒဿနအရိယာများ၊ လိင်္ဂအရိယာများ ပဋိဝေဓ အရိယာများဟာလဲ ဘဝဟောင်းမှ ဘဝသစ်သို့ကူးရာ၌ ကြောက်ဘို့မရှိတော့ပါ။ ရှံ့ဘို့မရှိတော့ပါ။ လန့်ဘို့မရှိတော့ပါ။ အကြောင်းကား တဲကုပ်မှ ဘုံဆောင်သို့ ပြောင်းရွှေ့ပြီး၊ တသံသရာလုံးပင် မဟာသူဌေးကြီး ဘဝမျိုး နှင့်သာ နေကာ နေကာ သွားရမည်ဖြစ်သောကြောင့်၊ မကြောက်တော့ပါ၊ မရှံ့တော့ပါ မလန့်တော့ပါ၊ ဥပမာ ပြပုံတည်း။

## ဆရာမြခက်၏ ဝိစိကိစ္ဆာကို ပယ်ဖျောက်ပုံ

ဆရာမြခက်ဟာ၊ တပိဿာရွှေထုတ်ကို ဘုရားစင်၌တင်ထားပြီးမေ့လျော့ကာသွားတယ်။ လေယာဉ်ပျံစီး၍ ပါသွားသည်။ လေယာဉ်ပျံဟာ သာယာဝတီမြို့ပေါ်သို့ရောက်တော့ ဆရာမြခက်ဟာသတိရပြီးတော့၊ လေယာဉ်ပျံမောင်းသူကိုခေါ်၍ ရန်ကုန်သို့ ပြန်မောင်းပေးပါ။ ကျွန်ုပ်၏အိမ်ဘုရားစင်၌ တပိဿာ ရွှေထုတ်ကြီးမေ့လျော့ကျန်ရစ်ခဲ့ပါတယ်၊အခပေးပါမည်ဟု တောင်းပန်သည်။မရပေ၊ လေယာဉ်ပျံမောင်းသူက ပြန်လှည့်ရန် စည်းကမ်းမရှိပါ။ မန္တလေးအရောက် သွားပြီးမှ လူချ ပစ္စည်းချ၍ ရန်ကုန်သို့ပြန်ရမှာပါ။ လမ်းခုလပ်ကနေ၍ ရန်ကုန်သို့ ပြန်ရန် ဝတ္တရားမရှိပါဟုပြောပြသည်။ယခုလဲ ဓါတ်လေယာဉ်ပျံကိုစီးပြီး

တော့ မဂ်, ဖိုလ်, သို့သွား၍နေတာမို့၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသအတွက်၊ လမ်းခုလပ်က အပါယ်ဘုံသို့ ပြန်လှည့်ရန်ဝတ္တရားမရှိပါ။ (ပရမော၊ ဥတ္တမော၊ အဝိပရိတော၊ အတွော၊ ပရမတ္တော။)ပါဠိအရ။ ပရမတ္ထရသော အရိယာများ ဟာ အပါယ်ဘုံသို့ ပြန်လှည့်ခြင်း မရှိပါဟု၊ ဆရာမြခက်အား ဥပမာ ဥပမေယျဖြင့် ဟောပြရာ ဝိစိကိစ္ဆာ ကင်းရှင်း၍ သွား တော့သည်။

(၁)ပုံစံ

| | | | |
|---|---|---|---|
| နိဗ္ဗာန် | နိဗ္ဗာန် | နိဗ္ဗာန် | နိဗ္ဗာန် |
| လောဘ | ဒေါသ | မောဟ | မောဟ |
| ပြိတ္တာ | ငရဲ | တိရစ္ဆာန် | အသူရကာယ် |

(၂) ပုံစံ

သဘောဒိဋ္ဌိ

လောဘ

ဥ ဖြစ် —|— ပျက် သ

(၃) ပုံစံ

လောဘ

ဒု မု မဂ္ဂ နိ

(၄) ပုံစံ

လောဘတရား၌

လ ဒ မ ဖြစ်ပျက်နှင့်နေကြတာ

Λ Λ Λ

((၁)) ပုံစံ၌ လောဘ, ဒေါသ,မောဟကို မကောင်းဘူးဟု သက်သက်ယူဆကြသည်၊ကဲကဲယူပြမည်။လောဘ,ဒေါသ,မောဟ ဟာ စေတသိက်ထဲကဘဲ၊စေတသိက်ထဲကဖြစ်လို့ ပရမတ္ထတရားဘဲ ပရမတ်ပါဘဲ။ပရမတ်မှန်လျှင် ရှုပွါးက နိဗ္ဗာန်ရမှာပေါ့။လောဘ

ကို အစီးမတတ်လျှင် ပြိတ္တာဖြစ်မှာပါဘဲ။ လောဘကိုအစီးတတ်လျှင် နိဗ္ဗာန်ရမှာဘဲ။Xဒေါသကိုအစီးမတတ်လျှင် ငရဲရောက်မှာဘဲ။ ဒေါသကို အစီးတတ်လျှင် နိဗ္ဗာန်ရမှာဘဲ။Xမောဟကိုအစီးမတတ်လျှင် တိရစ္ဆာန်နှင့်အသူရကာယ်ရမှာဘဲ။ မောဟကိုအစီးတတ်လျှင် နိဗ္ဗာန်ရမှာပါဘဲ။ ပုံစံကိုကြည့်တော့ (လ၊ဒ၊မ)ဟာ မဇ္ဈိမပဋိပဒါဖြစ်၍ နေပါတယ်။

(၂) လောဘကိုတွေ့တော့၊ လိုချင်တဲ့သဘော ပရမတ်ကို ရှုလျှင်သက္ကာယဒိဋ္ဌိအားလုံး ကွာရတယ် X လောဘ၌ ဖြစ်ကို ရှုလျှင် ဥစ္ဆေဒဒိဋ္ဌိငါးပါးကွာရတယ်။ လောဘ၌ ပျက်ကိုရှုလျှင် သဿတဒိဋ္ဌိ ၁၅-ပါးကွာရတယ်။

(၃) ပုံစံ၌လောဘလိုချင်လာတာကိုပူပန်ကြောင့်ကြသည် ဒုက္ခသစ္စာပါဘဲ၊ လောဘကိုမလိုချင်ပါ။သမုဒယကိုပယ်တာပါဘဲ။ယင်းသစ္စာ ၂-ပါးဘဲဟုသိတော့ (အဝိဇ္ဇာကွာလို့)မဂ္ဂသစ္စာရတာပါဘဲ။ မဂ္ဂအမှန်ရလို့အမှားချုပ်ထာ နိရောဓသစ္စာပါဘဲ၊ လောဘ၌သစ္စာ ၄-ပါးပါရှိနေပုံ (မသိအဝိဇ္ဇာ)X(သိဝိဇ္ဇာ) ကျင့်ကြံကြပါတော့။

(၄) လ ဒ မ၊ လောဘ၌ ဖြစ်ပျက်ရှိ၏။ ဒေါသ၌ဖြစ်ပျက်ရှိ၏။ မောဟ၌ ဖြစ်ပျက်ရှိ၏။ ဒါကိုနည်းစုံ၍ ဘုရားရှင်ကြီးက (ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိဝေါ၊ဝယဓမ္မာသင်္ခါရာ၊အပ္ပမာဒေန သမ္ပာဒေထ)ပါဠိ (ဥဒယဗ္ဗယသင်္ခါရေ နိဗ္ဗိန္ဒိတွာနပဏ္ဍိတော)ပါဠိ။(ဓမ္မာနံ ဝိဘဝေါသစ္စံ)ပါဠိ၊(အနိစ္စာဝယသင်္ခါရာ

ဥပ္ပါဒဝယဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ၊ နိရုဇ္ဈန္တိ ဘေသံ ဝူပသမော သုခေါ။) ပါဠိ။ ယခုနမူနာပြတဲ့ ပါဠိများ အတိုင်း။ ပရမတ္ထတရားဆိုလျှင် ဖြစ်ပျက်ရှိရမယ်၊ ဖြစ်ပျက်ဟာ တရားပါဘဲ။ (မသိအဝိဇ္ဇာ၊ သိဝိဇ္ဇာ။)

## ပညာသိမှု၊ မင်္ဂ,ဖိုလ်ရပုံ

(အသိ ၆-ပါး၊ သညာ, စိတ်, ပညာ ခွဲပြပုံ)

၁၃၂၆-ခုနှစ်၊ ဂ-လ၊ ၁-ရက်၊ ကျားဗိုလ်ရွာ၌ရေးသည်။

[ပုဗ္ဗဘာဂေ၊ ဒွိသုသစ္စေသု၊ ဥဂ္ဂဟ၊ ပရိပုစ္ဆာ၊ သဝန၊ ဓါရဏ သမ္မသန၊ ပဋိဝေဓေါ ဟောတိ၊ ဒွိသု၊ သဝန၊ ပဋိဝေဓေါ ယေဝ။] မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ၊ နံပါတ်-၁၅၉၊ ကြောင်းရေ-၄ ပုံနှိပ်အလုပ်သမားများမူမှ X နံပါတ်-၁၆၁၊ ကြောင်းရေ-ဂ၊ ဇံမူမှ ယူပြပါသည်။ အသိ ၆-ပါးဆိုတာ (၁) ဥဂ္ဂဟာသင်သိ။ (၂) ပရိပုစ္ဆာ မေးသိ။ (၃) သဝန နာသိ။ (၄) ဓါရဏဆောင်သိ။ (၅) သမ္မသန၊ ဆင်ခြင်သိ။ (၆) ပဋိဝေဓ ကိုယ်တွေ့သိ ၆-ပါးဘဲ။ အဲဒီ ၆ ပါး ကား ဒုက္ခသစ္စာသိ၊ သမုဒယသစ္စာသိကြခြင်း ၆-ပါးပါဘဲတဲ့။ (၁) သဝန နာသိ။ (၂) ပဋိဝေဓ ကိုယ်တွေ့သိ ဤအသိ ၂-ပါး ကား မဂ္ဂသစ္စာသိဘို့၊ နိရောဓသစ္စာ သိဘို့ပါဘဲ ဤပုံခွဲ၍သိကြ ပါကုန်။

(သင်၊ မေး၊ နာ၊ ဆောင်၊ ဆင်ခြင်ခန္ဓာ ငါးဘောင်ကိုငါးဖြာ)
(ကိုယ်တွေ့, တွေ့မှ ပဋိဝေဓ သိကြမင်္ဂကိစ္စာ။)

## အသိ ၃-မျိုးနှင့်ဝေဘန်ပါဦး

[စတုန္နံ ဘိက္ခဝေ၊ အရိယသစ္စာနံ၊ ယထာဘူတံ၊ အဒဿနာ အနနုဗောဓါ၊ အပဋိဝေဓါ၊ ဝေမိဒံ၊ ဒီဃမဒ္ဓါနံ၊ သန္ဓာဝိတံ၊ သံသရိတံမမဉ္စေဝ၊ တုမှာကဉ္စ။]၊ မဟာပရိနိဗ္ဗာန သုတ်တော်မှ ယူပြပါသည်။

(၁) အဒဿနာ၊ ပရိယတ္တိဉာဏ်သိ၊ (၂)အနုဗောဓ ပဋိပတ္တိဉာဏ်သိ။ (၃)ပဋိဝေဓါ၊ ပဋိဝေဓဉာဏ်သိ ဘာဝနာမယဉာဏ်သိ ဟူ၍၊ ၃-ပါးခွဲသိပါ။

## အသိ ၂-ပါးကိုလဲ သိထားကြပါဦး

[အနုဗောဓဉာဏံ လောကိယံ ပဋိဝေဓဉာဏံပန လောကုတ္တရံ] ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုအုပ် (နံပါတ်-၁၂၆) ကြောင်းရေ-၂၈ သုမူမှယူပြသည်။

(၁) ပဋိပတ္တိဉာဏ်ကိုအနုဗောဓသိခေါ်သည်။လောကီဉာဏ်ပါဘဲ။ (၂)ပဋိဝေဓ ကိုယ်တွေ့သိကို လောကုတ္တရာဉာဏ်ဟုခေါ်ပါသည်။

## အသိ ၂-မျိုးသိထားကြပါဦး

[ဒေသနာဉာဏံ လောကိယံ၊ ပဋိဝေဓဉာဏံ၊ လောကုတ္တရံ] ဧက အင်္ဂုတ္တိုရ် အဋ္ဌကထာ နံပါတ်-၉၇။ ကြောင်းရေ-၂၇၊ ကထိမျက်မှန်မူမှယူပြပါသည်။

ယခုပြခဲ့သော ပါဠိ ၄-ပုဒ်အရ ဇယားကွက်မှာ

| | | |
|---|---|---|
| သင်၊ မေး၊ နာ၊ ဆောင် | ဆင်ခြင် | ကိုယ်တွေ့ |
| သိ သိ သိ သိ | သိ | သိ |
| အနုဗောဓသိ | အနုဗောဓ | ပဋိဝေဓ |
| လောကီသိ | လောကီသိ | လောကုတ္တရာသိ |
| ဒေသနာဉာဏ်သိ | ဒေသနာသိ | ဘာဝနာသိ |
| ပရိယတ္တိသိ | ပဋိပတ္တိသိ | ပဋိဝေဓသိ |
| သုတမယဉာဏ်သိ | စိန္တာမယ | ဘာဝနာမယ |
| သညာသိ သညာစေတသိက် | ဝိတက်စေတသိက် | ပညိန္ဒြေစေတသိက် |

လိုရင်းမှာ ဝိညာဉ်သိ သညာသိ ဝိတက်သိ ၃-ပါးလောက်နှင့် ဝိပဿနာလဲမဖြစ် မဂ်,ဖိုလ်လဲမရနိုင်သေးပါ။ ပညာသိကြမှ ဝိပဿနာလဲ အစစ်အမှန်ဖြစ်၍ မဂ်,ဖိုလ်ကိုလဲ ရနိုင်ပါသည်။ သတိပြုကြပါ။ ပညာရှိများဟာ၊ ဇယားပြမြင်ရုံမျှနှင့် အမှားအမှန်သိနိုင်ကြသည်။

မဂ်, ဖိုလ်, နိဗ္ဗာန်,မရသောအသိ ရသောအသိ

(၁) ဝိညာဉ်သိ၊ စိတ်သိ၊ ၎င်းဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်ကိုမရသေးပါ။

(၂) သညာသိ သညာစေတသိက် ၎င်းဖြင့်လဲ မဂ်,ဖိုလ်,ကိုမရသေးပါ။

(၃) ဝိတက်သိ ဝိတက်စေတသိက် ၎င်းဖြင့်လဲ မဂ်ဖိုလ်,ကိုမရသေးပါ။

(၄) ပညာသိ,ပညိန္ဒြေစေတသိက် ၎င်းဖြင့်မဂ်,ဖိုလ်,ကိုရနိုင်ပါသည်။

## သုတမယဉာဏ်ဟာ သညာသိပါ

သုတမယ ဉာဏ်ဆိုတာ သညာသိ, သ ညာ စေ တ သိက်မို့ ဝိပဿနာမစစ်မမှန်သေးပုံကား၊ သုတမယဉာဏ်ဟာ သညာမျိုးပါ။ ဉာဏ်ပညာနှင့်မဆိုင်ပါ၊ သညာစေတသိက်ပါ။ သင်သိ, မေးသိနာသိ, ဆောင်သိ ၄-မျိုးဟာ သညာသိပါ။ ဘာကိုသိလို့လဲဟူမူ ရုပ်နာမ်ခန္ဓာ ဓါတ်သစ္စာကိုအနိစ္စဒုက္ခအနတ္တဘဲဟုသဘောမမှားရအောင်၊ သုတ, သညာဖြင့်သိသိထားလို့၊ သုတမယဉာဏ်ဟုခေါ်သည်။ ၎င်းဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်ကို မရနိုင်သေးပါ။

(သာဓက) သုတမယ ဉာဏဂေါစရော၊ ဧယာ ပ ရိ ယတ္တိ သဒ္ဓမ္မာတိဝုစ္စတိ။) နေတ္တိအဋ္ဌကထာက ဆုံးဖြတ်ချက် ချထားပါပေပြီ၊ သတိနေ့ာ်သတိ။ ဤအသိမျိုးဟာ ဝိပဿနာဉာဏ်မျိုးမဟုတ်၍ အရှင်ပေါဋ္ဌိလစသော ၁၆-ဦးတို့၏ ပရိယတ္တိအသိမျှသာရှိပါသေးသည်။

## စိန္တာမယဉာဏ်ဟာ ဝိတက်သိပါဘဲ

စိန္တာမယဉာဏ်ဟာလဲ ဝိတက်သိမို့၊ ဝိတက်စေတသိက်သာဖြစ်ရကား၊ ဝိပဿနာမစစ်,မမှန်ပါ။ (ပညာသိမဟုတ်သေးပါ) ကြံစီသိ၊ စဉ်စားသိ၊ ဝေဘန်သိ၊ စိတ်ကူးသိ၊ တွေးတောသိ၊ ကြံဆသိ၊ မှန်းမျှော်သိမျှသာတည်း။ ဘာကိုသိသလဲဟူမူ ရုပ်နာမ်ခန္ဓာ၊ ဓါတ်သစ္စာကိုအနိစ္စ,ဒုက္ခ,အနတ္တဟု သဘောမမှားရအောင် အသိမျိုးပါ။ (သာဓက) [စိန္တာမယဉာဏဂေါစရော အာကာရ

ပရိဝိတက္က၊ ဒိဋ္ဌိနိဇ္ဈာနေ၊ ခန္တိတိ၊ ဂဟေတဗ္ဗါကာရော ဝိမုတ္တာယတန ဝိသေသော၊ ပဋိပတ္တိသဒ္ဓမ္မောတိ ဝုစ္စတိ။ ] ဟူ၍ နေတ္တိအဋ္ဌကထာ ဆုံးဖြတ်ချက်ချထားခဲ့ပါပြီ။ မိလိန္ဒမင်းစသော သူတို့၏အသိမျိုး ပါ။ မိလိန္ဒမင်းဟာ ၎င်းအသိမျိုးမို့။ ၁၂-နှစ် ကာလပတ်လုံး သာဂလပြည်မှာ ရဟန်း သံဃာတော်များ ဆိတ်သုဉ်းအောင် (တုစ္ဆောဝတ၊ ဇမ္ဗုဒီပေါ) ဟူ၍ အပြစ်များ ဖြစ်ခဲ့ဘူးပါတယ်။ ၎င်းဖြင့် မဂ်,ဖိုလ်ကို မရနိုင်သေးပါ။ သတိ။

## ဘာဝနာမယဉာဏ်ဟာ ပညာသိပါ ဝိပဿနာပါဘဲ

ဘာဝနာမယဉာဏ်ဟာ၊ ပညာသိ၊ ပညိန္ဒြေ စေတသိက်မို့ ဝိပဿနာအစစ်အမှန်ပါ။ ကိုယ်တွေ့ ပဋိဝေဓဉာဏ်ပါ။ ဘာကို သိသနည်းဟူမူ။ ရုပ်နာမ်ခန္ဓာ၊ ဓါတ်သစ္စာကို အနိစ္စ ဒုက္ခ အနတ္တ ဟု၊ တကယ်တွေ့ပြီး သိခြင်းပါဘဲ။ (သာဓက) ဝိပဿနာဉာဏာ ဒိသဟာဂဘော၊ ဘာဝနာမယ ဉာဏဂေါစရော၊ ယောပဋိဝေဓ သဒ္ဓမ္မောတိဝုစ္စတိ။ ) ဟူ၍ နေတ္တိအဋ္ဌကထာက ဆုံးဖြတ်ချက် ချ ထားခဲ့ပါသည်။ ဤအသိမျိုးသာလျှင်၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရနိုင် ပါသည်။ ကိုရင်ရဟန္တာကလေး ဥပမာပါဘဲ။

## ပေဋကော ပဒေသကျမ်းလာသမ္မာဒိဋ္ဌိရပုံ

[ဒုဝေဟေတူ၊ ဒုဝေပစ္စယာ၊ သာဝကဿ၊ သမ္မာဒိဋ္ဌိယာ၊ ဥပ္ပါဒါယ၊ တတ္ထ၊ ယောစပရတောဃောသော၊ ယောစ အဇ္ဈတ္တံ ယောနိသော မနသိကာရော၊ ဣမေဒွေပစ္စယာ။ ] ပေဋကော ပဒေသ ပါဠိတော်မှလာရှိပုံ၊ ပကတိသာဝက၊ မဟာသာဝက

အဂ္ဂသာဝကများဟာ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်ဘို့ရာ အကြောင်း ၂-ပါး ရှိပါတယ်။ (၁) ပရတောဃောသော၊ သူတပါး၏ ဟောပြောချက် ဆိုတဲ့ သင်သိ၊ မေးသိ နာသိ ဆောင်သိ ၄-ပါး ရှိထားခြင်း။ (၂) မိမိ၏ခန္ဓာကိုယ်၌ အသင့်အတင့် နှလုံးသွင်း၍ နေရခြင်း ။ ဤ ၂-ပါးကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင် ဉာဏ်ဖြစ်ပေါ်လာရသည်။

(၁) [ယာစပရတောဃောသေန ဥပ္ပဇ္ဇတိ ပညာ၊ အယံဝုစ္စတိ သုတမယီပညာ။] သင်သိ, မေးသိ, နာသိ, ဆောင်သိကြောင့် ဖြစ်ပေါ်လာသော အသိကို ပညာကို သုတမယ ဉာဏ်၊သညာသိ ဟုဆိုရတော့သည်။

(၂) [ယောစယောနိသော၊ မနသိကာရော၊ ယာဥပ္ပဇ္ဇတိ၊ ပညာ၊ အယံဝုစ္စတိ စိန္တာမယီပညာ။] (၁) (၂)ဝါဋ္ဌိ ၂-ပုဒ်လုံး ပေဋကောပဒေသ ပါဋ္ဌိတော်မှယူပြတာပါ။ မိမိခန္ဓာကိုယ်ထဲမှာ အသင့်အတင့် နှလုံးသွင်းခြင်းကို စိန္တာမယပညာဟုခေါ်ရသည်။

(၃) [ဒွေပစ္စယာ၊ သမ္မာဒိဋ္ဌိပါတုဘာဝါယ၊ ဟောတိ၊ ပရတောဃောသောစ၊ ဓမ္မာနုဓမ္မပ္ပဋိပန္နောစ။] ဒုကအင်္ဂုတ္တိုရ် ပါဋ္ဌိတော်မှ ယူပြပါသည်။ သူတပါးက ဟောပြတဲ့ ((သင် မေး နာ ဆောင်) အသိရယ် ဓမ္မာနုဓမ္မဆိုတဲ့ အကျင့်ရယ်။ ယင်း ၂-ပါးရှိလျှင်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ပညာဉာဏ်ဟာ လာပါရော့တဲ့။ ဒါတွေကို သိထားပြီး၊ ကိုယ်တွေ့ ပဋိဝေဓဉာဏ် ဝိပဿနာဖြင့် မဂ် ဖိုလ်ကို အရယူကြပါတော့။ ဘာဝနာမယဉာဏ်ဖြင့် မဂ်ရသည်။ ဖိုလ်ရသည်။နိဗ္ဗာန်ရသည်ဟု နာနာကြီးမှတ်ကြပါ။

# ဆွေးနွေးခြင်း (ပဉ္စမ)

(၁) သင်္ဘောပေါ်မှာ ဦးမာဏဝနှင့် ဦးပညာတို့တရားနှင့် ပတ်သက်၍ဆွေးနွေးကြသည်ကား--

(မာ) အရှင်ဘုရားတို့ဟာက ရာဟုလာကဲ့သို့ ကလေးများကို အားထုတ်ခိုင်းသော၊ သင်ပုန်းကြီးတန်းပါ၊ ဘုရားတပည့်တော်တို့သတိပဋ္ဌာန်က ပညာရှိအထက်တန်းစားများ အားထုတ်ရသောတရားပါဟု ပြောသည်။

(ပညာ) ကဲကဲ ဒါဖြင့်အရှင်ဘုရားတို့ သတိပဋ္ဌာန်တရားကို အားထုတ်လို့ ရဟန္တာဘယ်လောက် ဖြစ်တယ်ဆိုတာကို သာဓကတပုဒ်မျှထုတ်၍ ပြသစေချင်ပါတယ်။

(မာ) နားထောင်ပါ။ [ဒေသနာ ပရိယောသာနေပန၊ တိံသဘိက္ခုသဟဿာနိ၊ အရဟတ္တေ ပတိဋ္ဌဟိံသု။] မဟာသတိပဋ္ဌာနသုတ်အဋ္ဌကထာ နံပါတ်-၃၆၅၊ ကြောင်းရေ-၂၄ ဟံမူ။ (အနက်ကား) ပန၊အကျိုးကိုပြဦးအံ့။ ဒေသနာပရိယောသာနေ မဟာသတိပဋ္ဌာန် ဟောခြင်းအဆုံး၌။ တိံသဘိက္ခုသဟဿာနိ၊ ၃-သောင်းကုန်သောရဟန်းတို့သည်။အရဟတ္တေ၊အရဟတ္တဖိုလ်၌ ပတိဋ္ဌဟိံသု၊ တည်ကြကုန်ပြီ။ ။မဟာသတိ ပဋ္ဌာနကြောင့်၊ ရဟန္တာသုံးသောင်းတောင်မှဖြစ်ရပါတယ်။ ။

(ညာ) ဓါတ်တရားအကျိုးလဲနားဆင်ပါဦး။ [အနန္တဝနေနိသိန္နော၊ ရုက္ခဋ္ဌရာဟုလောဝါဒံ၊ ကထေသိ၊ ဒေသနာပရိယောသာနေ ရာဟုလတ္ထေရော၊ ကောဋိသတသဟဿေဟိ၊ ဒေဝတာ၊ ဟိသဒ္ဓိံ

အရဟတ္တံ ပါပုဏိ၊ သောတာပန္န၊ သကဒါဂါမိ၊ အနာဂါမိ ဒေဝတာနံ၊ ဂဏနာနတ္ထိ။] ကေအင်္ဂုတ္တိုရ်အဋ္ဌကထာ ကဝိမ္ဗူနံပါတ် (၂၀၁)ကြောင်းရေ-၂၅။ (အနက်ကား) အနန္တဝန္နေ၊မိုက်တော၌ နိသိန္နော၊နေလျက်၊ စူဠရာဟုလောဝါဒံ စူဠရာဟုလောဝါဒသုတ်တော်ကို။ကထေသိ၊ဟောပြီ။ ဒေသနာပရိယောသာနေ ဟောပြီးသည်၏အဆုံး၌။ရာဟုလတ္ထေရော၊ အရှင်ရာဟုလာ မထေရ်သည်။ ကောဋိသဘာသဟဿေဟိ ဒေဝတာဟိ၊ ကုဋ္ဌေတသိန်းသော နတ်တို့နှင့်။ သဒ္ဓိံ၊အတူတကွ။အရဟတ္တံ အရဟတ္တဖိုလ်သို့။ပါပုဏိ၊ ရောက်လေပြီ။သောတာပန္န၊သကဒါဂါမိ၊အနာဂါမိနံ၊သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ကြကုန်သော။ ဒေဝတာနံ၊နတ်တို့၏။ ဂဏနာ၊ အရေအတွက်သချာသည်။ နတ္ထိ၊ မရှိပါ။ ဝါ၊ အသင်္ချေဘည်း။ ။

ဤသာဓကကိုကြည့်တော့ တပည့်တော်တို့ အားထုတ်သော ဓါတ်ဘရားကြောင့် ရဟန္တာကုဋ္ဌေတသိန်းပါ၊ သောတာပန် သကဒါဂါမ်၊ အနာဂါမ်များက အသင်္ချေကျွတ်ပါတယ်။ အရှင်ဘုရားတို့ကျင့်တဲ့ သတိပဋ္ဌာန်က ရဟန္တာသုံးသောင်း ကျွတ်ပါတယ်။ ပရွက်ဆိတ်နှင့် ဆင်ကြီးလောက် ကွာခြားလှပါတကား။ သတ္တိခြင်းအလွန်ခြားနားပါတကားဟု ပြောလျှင် ဦးမာဏဝဟာ ပဋ္ဌမအဖြေးပေးရတော့သည်၊ မလှုန်နိုင်ပါ။

ဆွေးနွေးခြင်း (ဒုတိယ)

(ဦးပညာ) အရှင်ဘုရားတို့၏ သတိပဋ္ဌာန်နှင့် ပြည့်ပြည့်ဝဝ စုံစုံလင်လင်၊ ဒိဋ္ဌိသတ်ထာ၊ဝိစိကိစ္ဆာသတ်ထာ၊အဝိဇ္ဇာသတ်ထာ

ဝိဇ္ဇာ၈-ပါးရတာ သစ္စာ ၄-ပါးကိုတိုက်ရိုက်ဟောထားတဲ့ ပါဠိ များပြသနိုင်ပါရဲ့လားဘုရား။

(မာဏဝ) မပြနိုင်ပါဘူး။

(ဦးပညာ) တပည့်တော်တို့ ဓါတ်က သတ်ထားပေးတာ ၂-ဌာနကိုပြပါမည်။ [ပထဝီဓါတုံခေါ ရာဟုလ၊ အနိစ္စတော ဇာနတော၊ ပဿတော၊ သက္ကာယဒိဋ္ဌိံ ပဇဟတိ၊ ဝိစိကိစ္ဆံ ပဇဟတိ၊ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာဥပ္ပဇ္ဇတိ။] ရာဟုလောဝါဒ သုတ်တော်။ပထဝီဓါတ်ကို အနိစ္စနှင့်ကိုယ်တွေ့သိတော့ ဉာဏ်ဖြင့် မြင်တော့ သက္ကာယဒိဋ္ဌိရော၊ဝိစိကိစ္ဆာရော အဝိဇ္ဇာရော ပြုးကျ၍ သွားပါတယ်။ ဒိဋ္ဌိ, ဝိစိ, အဝိဇ္ဇာတို့ဟာ ပြန်၍ မဖြစ်တော့ပါ။ အချုပ်ကြီး ချုပ်ငြိမ်း၍ သွားပါတော့တယ်။ နို့ပြီး မဂ်ဝိဇ္ဇာ ၄-ပါး၊ ဖိုလ်ဝိဇ္ဇာ ၄-ပါးကိုလဲရရှိပါတယ်။ အဲဒီဓါတ်က သစ္စာ ၄-ပါးပေးနိုင်တာပါ။

| ၄ | ၁ | ၂ |
| --- | --- | --- |
| သောတာပန်ဝိဇ္ဇာ ၂ | ပထဝီဓါတ် | သက္ကာယဒိဋ္ဌိကွာ |
| သကဒါဂါမိဝိဇ္ဇာ ၂ | ဒုက္ခ သစ္စာ | ဝိစိကိစ္ဆာကွာ |
| အနာဂါမိဝိဇ္ဇာ ၂ | သိ | အဝိဇ္ဇာကွာ |
| အရဟတ္တဝိဇ္ဇာ ၂ | | သမုဒယသစ္စာ |
| မဂ္ဂသစ္စာ | | ပယ် |
| ပွါး | | |

| ၃ |
| --- |
| ပြန်မလာ |
| အမြဲချုပ် |
| နိရောဓသစ္စာ |
| ဆိုက် |

ဤပုံစံ၌ ပထဝီဓါတ်ကား ဒုက္ခသစ္စာပါတဲ့။ ဒိဋ္ဌိ၊ ဝိစိ အဝိဇ္ဇာ ၃-ပါးကွာခြင်းကား သမုဒယသစ္စာပါတဲ့။ ကွာပြီးသား ၃-ပါး ဟာပြန်မဖြစ်ခြင်း၊ ချုပ်ခြင်းကား နိရောဓသစ္စာပါတဲ့။ အဝိဇ္ဇာ ရှစ်ပါးကား မဂ္ဂသစ္စာပါတဲ့။ (တနည်း) ပထဝီကား (သိ)သုံး မျိုး ကွာခြင်းကား (ပယ်) ပြန်မဖြစ်ခြင်းကား (ဆိုက်) ဝိဇ္ဇာရှစ် ပါးကား(ပွါး)တည်း။ လက်ာမှာ [ သိ၊ ပယ်၊ ဆိုက်၊ ပွါး၊ လေး ပါး ကိစ္စအပိုင်ရ မုချလေးသစ္စာ။ ]

ဤပုံပြောပြသောအခါဝယ်၊ ဦးမာဏဝမှာ ဝေး၍သာနေ တော့သည်။

## ဆွေးနွေးခြင်း (တတိယ)

(ဦးပညာ) အရှင် ဘုရားတို့၏သတိပဋ္ဌာန်နည်းဖြင့် တဏှာ မာန ဒိဋ္ဌိ ၃-ပါး ခွါပုံကို ပါဠိတိုက်ရိုက် ပြနိုင်ပါသလား။

(မာဏဝ) မပြနိုင်ပါဘူး။

(ဦးပညာ) တပည့်တော်တို့၏ ဓါတ်ကတော့ တဏှာ၊ မာန ဒိဋ္ဌိကွာပါသည်။ သာဓကမှာ [ပထဝီဓါတုယေဝေသာ၊ နေတံမမ နေသောဟမသ္မိ။ နေသောမေအတ္တာတိ၊ ယထာဘူတံ၊ သမ္မပ္ပညာယ၊ ဒဋ္ဌဗ္ဗံ။] စတုက အင်္ဂုတ္တိုရ်ပါဠိတော်ကြီးပါဘဲ။ ဓါတ်က တဏှာ၊ မာန၊ ဒိဋ္ဌိ ၃-ပါးကို ကွာစေပုံပါဘဲ။

တဏှာ၊ မာန၊ ဒိဋ္ဌိ ၃-ပါး ခွါပုံဇယား

| | | |
|---|---|---|
| နေတံမမ | နေသောဟသ္မိ | နေသောမေအတ္တာ |
| တဏှာခွါပုံ | မာနခွါပုံ | ဒိဋ္ဌိခွါပုံ |
| တဏှာဂါဟသေ | မာနဂါဟသေ | ဒိဋ္ဌိဂါဟသေ |
| တဏှာပပဥ္စသေ | မာနပပဥ္စသေ | ဒိဋ္ဌိပပဥ္စသေ |
| တဏှာမညနာသေ | မာနမညနာသေ | ဒိဋ္ဌိမညနာသေ |

အဲဒီပုံစံဟာ ဓါတ်တခုဖြင့် ကိလေသာ(၁၂)ပါးစုသေကြပုံပါဘဲ။

## ဆွေးနွေးခြင်း (စတုတ္ထ)

(ဦးပညာ) အရှင်ဘုရားတို့ သတိပဋ္ဌာန်နှင့် နိဗ္ဗာန်ရောက်တယ်ဆိုတာ ပါဠိတိုက်ရိုက် ပြနိုင်ပါရဲ့လား။

(ဦးမာဏဝ) မပြနိုင်ပါဘူး။

(ဦးပညာ) ဓါတ်တရားဖြင့် နိဗ္ဗာန်ရောက်တယ် ဆိုတာ ပါဠိပြပါမည်။ [သာဝကာဟိ၊ စတုန္နံ ဓါတူနံ၊ ကေဒေသမေဝ

သမ္မသိတ္တာ၊ နိဗ္ဗာနံပါပုဏန္တိ၊ ]မူလပဏ္ဏာသအဋ္ဌကထာ။ သာဝက အားလုံးတို့ဟာ ဓါတ်တခုကို ရှုလျှင် နိဗ္ဗာန်သို့ ရောက်ပါ သတဲ့ဗျား။

## ဆွေးနွေးခြင်း (ပဥ္စမ)

(ဦးပညာ) အရှင်ဘုရားတို့၏ သတိပဋ္ဌာန်ပြင့် အပါယ် တံခါးပိတ်နိုင်တယ်ဆိုတာ ပါဠိတိုက်ရိုက် ပြနိုင်ပါရဲ့လား။

(ဦးမာဏဝ) မပြနိုင်ပါဘူး။

(ဦးပညာ) ဓါတ်တရားကြောင့် အပါယ်တံခါးပိတ်သွားပုံ ကို ပါဠိတိုက်ရိုက်ပြပါမည်။ [စတုန္နံ ဓါတူနံ၊ အညတ္တတ္တံ၊ပထဝီ ဓါတုယာ၊ အာပေါဓါတုယာ၊ တေဇောဓါတုယာ၊ ဝါယော ဓါတုယာ၊ နတ္တေဝဓမ္မေ၊ အဝစ္စပသာဒေန၊ သမ္ဗန္ဓာဂတော၊ အရိယာသာဝကော၊နိရယံဝါ၊တိရစ္ဆာနယောနိယံဝါ၊ ပေတ္တိဝိသ ယံဝါ၊ ဥပပဇ္ဇိဿတိ။] တိကအင်္ဂုတ္တိုရ်ပါဠိတော်။ နံပါတ်–၁၁၇ ကြောင်းရေ–၁ ဟံမူမှ။ ဓါတ်တွေ့သဖြင့် အပါယ်တံခါးပိတ်သွား ရပုံ ဟောပြသော ပါဠိပါဘဲဘုရား။

## ဆွေးနွေးခြင်း (ဆဋ္ဌမ)

(ဦးပညာ) အရှင်ဘုရားတို့၏ သတိပဋ္ဌာန်ကြောင့် ပဋိစ္စ သမုပ္ပါဒ်၊ သံသရာစက်ကြီးကိုဖြတ်နိုင်ပါရဲ့လား၊ ဆင်းရဲသံသရာ ကိုဖြတ်နိုင်ပါရဲ့လား တိုက်ရိုက်ပါဠိကော ပြနိုင်ပါရဲ့လား။

(ဦးမာဏဝ) မပြနိုင်ပါဘူး။

(ဦးပညာ) ဓါတ်ဖြင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးပြတ်ရပုံ။ ဆင်းရဲသံသရာကြီး ပြတ်ရပုံမှာ [ဓါတုံခေါဘိက္ခု၊ အနိစ္စဘော၊ ဇာနတော၊ ပဿတော၊ ဘိက္ခုနော၊ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာဥပ္ပဇ္ဇတိ။] သဠာယတနဂေဂသံယုတ်ပါဠိတော်(နံပါတ်-၃၅) ကြောင်းရေ-၂ ဟံမူ ဓါတ်ကို အနိစ္စဖြင့် ကိုယ်တွေ့သိလျှင်၊ ဉာဏ်ဖြင့်မြင်လျှင်၊ အဝိဇ္ဇာပယ်သွားတော့၏။ ဝိဇ္ဇာရှစ်ပါးကိုရတော့၏ [အဝိဇ္ဇာသေတော့၊ သင်္ခါရ၊ ဝိညာဏ၊ နာမရူပ၊ သဠာယတန ဖဿ ဝေဒနာ၊ တဏှာ ဥပါဒါန၊ ဘဝ၊ ဇာတိ ဇရာမရဏ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ၊ ဥပါယာသ ဒုက္ခက္ခန္ဓဿ၊ ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် သံသရာစက်ကြီး ပျက်စီးသွားရသည်။ မီးတဆဲ့တပါး ဆင်းရဲမျိုးလဲပျက်စီးရသည်။ မူလ ၂-ပါး၊ ဝဋ် ၃-ပါး အစပ် ၃-ပါး၊ အလွှာ ၄-ပါး၊ အခြင်းအရာ-၂၀။ အင်္ဂါ ၁၂-ပါး။ မီး၁၁-ပါး ဒုက္ခက္ခန္ဓဿပါ ချုပ်ငြိမ်းရသည်။ အဲဒါတွေဟာ ဓါတ်တရား၏တန်ခိုးပါဘဲ။

## ဆွေးနွေးခြင်း (သတ္တမ)

(ဦးမာဃဝ) ဟောဒီပါဠိတော်ကိုကြည့်စမ်းပါဦး။ [ဧကာယနော၊ အယံဘိက္ခုဝေမဂ္ဂေါ၊ သတ္တာနံ၊ ဝိသုဒ္ဓိယာ၊ သောကပရိဒေဝါနံ၊ သမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ၊ အတ္ထင်္ဂမာယ ဉာယဿအဓိဂမာယ နိဗ္ဗာနဿ၊ သစ္ဆိကိရိယာယ၊ ယာဒိဒံစတ္တာရော သတိပဋ္ဌာန။] သုတ်မဟာ၊ ဝါ ပါဠိတော်၊ မဟာသတိပဋ္ဌာနသုတ်တော်။ ဤပါဠိတော် အဆိုမှာ တကြောင်းတည်းသော၊ မဂ်လမ်းစဉ်ဟာ၊ သတိပဋ္ဌာန် ၄-ပါးပါဘဲ။ ဤသတိပဋ္ဌာန်

ကြောင့်၊ သတ္တဝါတို့အား ကိလေသာတို့မှ၊ စင်ကြယ်ရတယ်။ သောကပရိဒေဝမှလွန်မြောက်ရတယ်။ ဒုက္ခဒေါမနဿချုပ်ငြိမ်းရတယ်။ မဂ်ဉာဏ်လေးပါးကိုရတယ်။ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်တယ်မဟုတ်ပါလားဘုရား။

(ဦးပညာ) ဘယ်လို အားထုတ်တဲ့ သတိပဋ္ဌာန်လဲဘုရား။

(ဦးမာဃ) မဟာသတိပဋ္ဌာန်ပါဠိတော်အတိုင်း ဣရိယာပထပဗ္ဗ၊ သမ္ပဇညပဗ္ဗ နည်းအရ အားထုတ်မှုပါဘဲ။

(ဦးပညာ) အရှင်ဘုရားပြသော ဣရိယာပထပဗ္ဗ သမ္ပဇညတို့ဟာ၊အကုသိုလ် မဝင်နိုင်ရုံမျှမို့ သမထအတန်းသာ ရှိပါသေးတယ်ဘုရာ့၊ဝိပဿနာအတန်း မဟုတ်သေးလို့ ၎င်းအကျိုးတွေကို မရသေးပါ။ သာဓကကိုပြပါမည်။ [တတ္ထဓါတုဝသေန၊ ကထိတံ ဝိပဿနာ ကမ္မဋ္ဌာနံဟောတိ။] ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယအုပ်နှံပါတ်-၁၉၈၊ ကြောင်းရေ-၁၅ ဟံမူဋ္ဌ၊ ဓါတ်တရား သာလျှင် ဝိပဿနာကမ္မဋ္ဌာန်းပါ၊ အရှင်ဘုရား ပြနေတာကား သမထပါဘဲဘုရား။

## ဆွေးနွေးခြင်း(အဋ္ဌမ)

(ဦးမာဃ) အရှင်ဘုရားတို့ အားထုတ်သောသတိပဋ္ဌာန်ဟာ တမျိုးရှိပါသေးသလားဘုရား။

(ဦးပညာ) ရှိပါသေးတယ်။ ခန္ဓာမှာ သတိထားတော့၊ ခန္ဓာထဲမှ သေဘောစသော၊ ဓါတ်များ ပေါ်လာပါတယ်။ ၎င်းသေဘော စသည့်တို့ကား၊ ကာယာနုပဿနာ သတိပဋ္ဌာန်ပါဘဲ။ပေါ်တော့၊ ခံစားမှုဝေဒနာဟာပါလာပါတယ်။ အဲဒါ

ကတော့ ဝေဒနာနုပဿနာသတိပဋ္ဌာန်ပါဘဲ။တောကိုသိတဲ့ စိတ် ပေါ်လာပါတယ်။ အဲဒီစိတ်ထား စိတ္တာနုပဿနာသတိပဋ္ဌာန်ပါ ဘဲ။ တောကိုရှုပွါးနေပါတယ်။ အဲဒါကား ဓမ္မာနုပဿနာသတိ ပဋ္ဌာန်ပါဘဲ။ ဓါတ်ပေါ်လို့ရှုပွါးတော့ သတိပဋ္ဌာန် ၄-ပါးလုံး အကျုံးဝင်ပါသည်။

ဆွေးနွေးခြင်း (နဝမ)

(ဦးမာဏဝ) တပည့်တော်တို့၏ ဂိုဏ်းချုပ် မင်းကွန်းဆရာ တော် ဘုရားကြီးကတော့ (ဠ၊ သံ၊ ဓါတု)ဤသုံးခု မှတ် ရှု ဝိပဿနာဟု ရေးထားသည် မဟုတ်ပါလားဘုရား။

(ဦးပညာ) ဒီလင်္ကာကို အရှင်ဘုရားက၊ ဘယ်လိုယူချင်ပါ သလဲဘုရား။

(ဦးမာဏဝ) ဠရိယာပထပဗ္ဗ၊ သမ္ပဇညပဗ္ဗ၊ ဓါတုမနသိ ကာရပဗ္ဗ သုံးပါးဟာ ဝိပဿနာချည်းဘဲဟု ယူဆပါတယ်။

(ဦးပညာ) အဲဒီလင်္ကာအရ၊ ဒီပုံ ယူဆပါဘုရား။ ဠရိယာ ပထပဗ္ဗ၊ အောက်ဆုံးတန်းက ဝိပဿနာ၊ ပညတ်ပါသေးလို့။ သမ္ပဇညပဗ္ဗ၊ အလယ်တန်းက ဝိပဿနာ ပညတ်ပါသေးလို့။ ဓါတုမနသိကာရပဗ္ဗ၊ အထက်တန်းဝိပဿနာ ပရမတ်သက်သက် မို့ အရှင်တို့၏ ဆရာတော်ဘုရားကြီးကပင်အတန်းနှင့်ပြ၍ထား ပါပကော။

ဆွေးနွေးခြင်း (ဒသမ)

(ဦးပညာ) တတ္ထဠရိယာပထပဗ္ဗံ၊ သမ္ပဇညပဗ္ဗံ၊ ဓါတုမန သိကာရပဗ္ဗာန္တိ၊ ဠမာနိတီဏိ၊ ဝိပဿနာဝသေနဝုတ္တာနိ(ဝိသုဒ္ဓိမဂ်

အဋ္ဌကထာ နံပါတ်-၁၅၉ ကြောင်းရေ-၁၆၊ ဟံမူမှ။ မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ။ ဣရိယာပထပဗ္ဗ၊ သမ္ပဇညပဗ္ဗ၊ ဓါတုမနသိကာရပဗ္ဗ။ ဤ ၃-မျိုး တို့ကို ဝိပဿနာ၏ အစွမ်းအားဖြင့် ဟောအပ်ကုန်၏ဟု ဆိုသော်လည်း။ ဝိပဿနာကိုအားထုတ်ရာ၌ အကုသိုလ်မဝင်အောင်၊ အာရုံခြေပြန့်လွင့်ရအောင်။ အာဒိကမ္မိကသဘောဖြင့် စရတာမို့၊ ဣရိယာပထ သမ္ပဇည ၂-ပါးကိုထည့်ရတာပါဘုရား။ ပညာလွှတ်သော ဝိပဿနာမှာ ဓါတ်ရောက်မှလွှတ်လို့ ဝိပဿနာအစစ်ဖြစ်ရသည်။

ဆွေးနွေးခြင်း (ကောဒသမ

(ဦးပညာ) အရှင်ဘုရားတို့ အားထုတ်ပုံကိုအမိန့်ရှိစမ်းပါ။

(ဦးမာဃဝ) စားရင်, စားတယ်မှတ်။ သွားရင်, သွားတယ်မှတ်။ ထရင်, ထတယ်မှတ်၊ ထိုင်ရင်, ထိုင်တယ် မှတ်ခြင်းစသည်တို့ပါဘဲ။

(ဦးပညာ) ဓါတ်သဘောသို့ မသက်ဝင်ပါ။ စိတ်ဆန္ဒလဲမသားပါ၊ ပညာတ် ...းမလွှတ်သေးပါ။ သွားရင် သွားတယ်မှတ်ကိုဖွင့်၍ပြရာ၌။ [ဂစ္ဆာမီတိ စိတ္တံ၊ ဥပ္ပဇ္ဇတိ၊ တံ ဝါယောဇနေတိ၊ ဝါယောဝိညတ္တိံ ဇနေတိ၊ စိတ္တကြိယာဝါ၊ ယောဓါတုဝိပ္ဖါရေန သကလဿ ...ယဿ ပုရတောအဘိနီဟာရော ဂမနန္တိ ဝုစ္စတိ၊ ဋ္ဌာနာဒီသုပိ ဧသေဝနယော။ ။သတိပဋ္ဌာနသုတ် အဋ္ဌကထာ။

(သွားရင်သွားတယ်ဟုမှတ်ရာ၌)ဓါတ်ခွဲ၍ရှုတော့ (၁)စိတ်က မနောဝိညာဏဓါတ်ပါဘဲ။(၂)လေက ဝါယောဓါတ်ပါဘဲ။

(၃)သွားခြင်းက ဝိညတ္တိဓါတ်ပါဘဲ။ (၄) မှတ်ခြင်းကား ဓမ္မ ဓါတ်ပါဘဲ။ စုပြုရလျှင်(၁)မနောဝိညာဏဓါတ်။ (၂)ဝါယော ဓါတ်။(၃)ဝိညတ္တိဓါတ်။ (၄) ဓမ္မဓါတ်ပါဘဲ။ သွားခြင်းစညတ် လဲပျောက်ရ၏။ လူ,နတ်,ဗြဟ္မာ,သတ္တဝါ,ငါ,သူ,ပုဂ္ဂိုလ်လဲပျောက် ရ၏။ ဓါတ် ၄-ပါးသဘော သာလျှင်ရောက်ရသည် မဟုတ်ပါ လော။သွားတယ် လာတယ် ရပ်တယ်၊ ထိုင်တယ်,ထတယ်ဆိုတာ ပညတ်တွေပါ ၃၁-ဘုံ အသုံးတွေပါဘဲ။

(၁၂) ဒွါဒသဆွေးနွေးရာဌ။ ။(ဆဓါတုယောတိ(လ) ရဟာတ္တသာ၊ပဒဌာနဘူတာ။)ဥပရိပဏ္ဏာသအဌကထာနံပါတ်-၁၉၇ ကြောင်းရေ ၇၊၈မှ ဓါတ်၆-ပါးသည်၊ အရဟတ္တဖိုလ်နှင့် နိဗ္ဗာန် နှင့် အနီးဆုံး အကပ်ဆုံးပါ။ ဓါတ်မပါသော တရားများဟာ အရဟတ္တဖိုလ်,နိဗ္ဗာန်နှင့် အဝေးဆုံးအကွာဆုံးပါ။

(၁၃) ထေရသဆွေးနွေးရာဌ။ ။(ဆဓါတုယောတိ(လ) အစ္စန္တသုညတာ။)ဥပရိပဏ္ဏာသအဌကထာနံပါတ်-၁၉၇။ကြောင်း ရေ-၁၀ ၈ မှ။ ဓါတ် ၆-ပါးသည် စင်စစ်အားဖြင့် အတ္တဒိဋ္ဌိ ၂၀၊ ၂၆၊ ၃၂၊ ၄၂၊ ၆၆၊၉၆၊၁၅၊၅၊၁၆၊၈ ကိုမှ ဆိတ်သုဉ်း၍ နေပါ သည်။ဓါတ်မပါသောတရားအစုကား ၂၀-စသည်တို့နှင့်ရောနှော နေတုန်းပါဘဲ။

(၁၄) စုဒ္ဒသဆွေးနွေးရာဌ။ ။(ဆဓါတုယောတိ (လ) ဝိပဿနာလက္ခဏမေဝ။) ဥပရိပဏ္ဏာသအဌကထာ နံပါတ်-၁၉၇ ကြောင်းရေ-၂၆ မှ၊ ဓါတ် ၆-ပါးတွေ့ရှုနေတာဟာ ဝိပဿနာ လက္ခဏာပါဘဲ။ ကျန်ဘာတွေဟာ သမထတွေပါဘဲ။

(၁၅) ပန္နရသဆွေးနွေးရာ၌။ ။(စတုဓါတုဝဝတ္ထာန မေဝ ဝါ၊တံသဒါပရိဟာရိတဗ္ဗတော၊ ရက္ခိတဗ္ဗတော၊ ဘာဝေတဗ္ဗတော၊ ပါဠိဟာရိယန္တိ၊ ဝုစ္စတိ၊ မူလကမ္မဋ္ဌာနန္တိ ပိတာဒေဝ။) အပဒါန် အဋ္ဌကထာ ပဌမအုပ် နံပါတ်-၁၆၁၊ ကြောင်းရေ-၁၀။ ဆင့်မှူမှ ဓါတ်ဘုရားကို ပိုင်းခြားခြင်း။X အဖန်တလဲလဲဆောင် ပွါးခြင်း။X ဓါတ်ကိုစောင့်ရှောက်ခြင်း။X ဓါတ်ကိုအားထုတ် နေခြင်းဟာ၊ ပဝိဿနာ တန်ခိုးပြာဋိဟာကို ပြသ၍ နေခြင်း ပါဘဲ။ ဓါတ်မပါလျှင် တန်ခိုးပြာဠိဟာပြရာမမည်ပါ။

(၁၆) သောဠသ ဆွေးနွေးရာ၌။ ။(၁၅)ကပါဠိပါဘဲ (မူလကမ္မဋ္ဌာနန္တိပိတာဒေဝ။) အပဒါန်အဋ္ဌကထာ၊ ပဌမအုပ် နံပါတ်-၁၆၁၊ ကြောင်းရေ-၁၀၊ ဆင့်မှူမှ ဓါတ်၆-ပါး။ရှုပွါး၍ နေခြင်းကား မူလကမ္မဋ္ဌာန်းပါဘဲ။ ဓါတ်မပါလျှင် အောက်ချေ လွတ်၍နေသော ခြေကျိုးသော ကမ္မဋ္ဌာန်းများပါဘဲ။

(၁၇) သတ္တရသ ဆွေးနွေးရာ၌။ ။(ဓါတုအနတ္တမေဝ သစ္စပဋိဝေဓေါ။) ဝိသုဒ္ဓိမဂ် မဟာဋီကာ အကျဉ်းချုပ်၊ ဓါတ် အနတ္တတွေ့မှသာလျှင် သစ္စာ၄-ပါးကိုထိုးထွင်း၍သိနိုင်ပါသည်။ ဓါတ်အနတ္တ၊မဟုတ်လျှင် သစ္စာ ၄-ပါးကိုမထိုးထွင်းနိုင်ပါပေ။

(၁၈) အဋ္ဌာရသ ဆွေးနွေးရာ၌။ ။[တတ္ထဓါတုဝသေန ကထိတံ ဝိပဿနာကမ္မဋ္ဌာနံဟောတိ။] ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယအုပ်။နံပါတ်-၁၉၈၊ ကြောင်းရေ-၁၅ ဟံမှူမှ၊ဓါတ်တရား သာလျှင် ဝိပဿနာပါ။ ဓါတ်မပါလျှင်၊ သမထပါ။

(၁၉) ဧကူနဝိသတိ ဆွေးနွေးရာ၌။ ။[နာနာဓါတုယော ဝိနိဗ္ဘုဇ္ဇိတွာ၊ ဃနဝိနိဗ္ဘောဂေကတေ၊ အနတ္တလက္ခဏံ ယာထာဝ သရသဘော ဉပဋ္ဌာတိ။] ဝိဘင်းနှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဓါတ်တရားသာလျှင်၊ အနတ္တပါတဲ့ ကျန်သိပါလေ။

(၂၀) ဝီသတိ ဆွေးနွေးရာ၌။ ။[အနတ္တလက္ခဏံ ဝိနာ ဗုဒ္ဓုပ္ပါဒါ၊ နပညာယတိ၊ ဗုဒ္ဓုပ္ပါဒေယေဝ၊ ပညာယတိ။] ဝိဘင်းအဋ္ဌကထာ။ နံပါတ်-၄၃ ကြောင်းရေ-၁၀ ဇ°မှုမှ။ ဓါတ်အနတ္တလက္ခဏာသာလျှင်၊ သာသနာတော်ပါ။တွေ့ရ ကြုံရ ရရှိတာပါတဲ့၊ အကျန်သိပါ။

(၂၁) ဧကဝိသတိ ဆွေးနွေးရာ၌။ ။[ပဋ္ဌိလာဘကာလေ ဟိ ဓါတုသသေနဝါ၊ ပဋ္ဌိကူလဝသေနဝါ၊ ပစ္စဝေက္ခိတွာ၊ ထပိတာ နိစ္စာရာဒိနိဘတော ဥတ္တရိပရိဘုဉ္ဇန္တဿ၊ အနဝဇ္ဇပရိဘောဂေါ၊ တထာပရိဘောဂကာလေပိ။] ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ဓါတ်တွေ့ပြီး ရှုပွါးနေမှသာလျှင် ကိလေသာကျွေးမြီးတွေ၊ အကုသိုလ်ကျွေးမြီးတွေ၊ ကျေနိုင်ပါတယ်။ ဓါတ်မပါလျှင် ကျွေးမြီးတိုး တက်တုန်းပါဘဲ။

(၂၂) ဒွါဝိသတိဆွေးနွေးရာ၌။ ။(သီတေနာပိ ရုပ္ပတိ ဉဏှေနာပိရုပ္ပတိ။) ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။ (ပထဝီဓါတုံခေါ ရာဟုလ၊အနိစ္စတော၊ဒုက္ခတော၊ အနတ္တတော။) ရာဟုလောဝါဒ သုတ်တော်၊ ဓါတ်မှာအဖြစ်ရော၊ အပျက်ရောပါရှိနေပါတယ်။

အဲဒီဓါတ်၏အဖြစ်အပျက်မှာ အပျက်မှအနိစ္စပါ၊ ဒုက္ခပါ အနတ္တပါ၊ ဓါတ်မပါလျှင် ပညတ်နယ်က လက္ခဏာရေး ၃-ပါးပါဘဲ။

(၂၃) ဘေဝိသတိဆွေးနွေးရာ၌။ ။(၂၂)ကပါဠိ ၂-ပုဒ် ပြန်ကြည့်ပါ။) ဓါတ်မှာပါတဲ့ ရုပ်နာမ်မှပရမတ္ထ ရုပ်နာမ်ပါဘဲ။ ကျန်တာတွေ ပညတ်ရုပ်နာမ်ပါဘဲ။

(၂၄) စတုဝိသတိ ဆွေးနွေးရာ၌။ ။[ဥဒယ ဒဿ နေ န၊ ဥစ္ဆေဒဒိဋ္ဌိယာ။] ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဓါတ်မှာရှိနေတဲ့၊ အဖြစ် ဥဒယကိုတွေ့မှ ဥစ္ဆေဒဒိဋ္ဌိ ၅-ပါးကွာနိုင်ပါတယ်။ဓါတ်မပါလျှင် ဥစ္ဆေဒဒိဋ္ဌိ ၅-ပါးမကွာသေးပါ။

(၂၅) ပဉ္စဝိသတိ ဆွေးနွေးရာ၌။ ။[ဝယဒဿနေန သဿတဒိဋ္ဌိယာ။] ဝိသုဒ္ဓိမဂ်အဋ္ဌကထာဓါတ်မှာပါရှိတဲ့ ဝယ၊ အပျက်ကိုရှုမှပင်၊သဿတဒိဋ္ဌိ ၁၅-ပါးကွာနိုင်ပါတယ်။ ဓါတ်မပါလျှင် သဿတဒိဋ္ဌိမကွာသေးပါ။

(၂၆) ဆဗ္ဗိသတိဆွေးနွေးရာ၌။ ။(၂၂)ကပါဠိပါဘဲ။ ဓါတ်တွေ့ အနိစ္စမှနိစ္စဒိဋ္ဌိကိုသတ်နိုင်သည်။ဓါတ်ဒုက္ခမှ သုခဒိဋ္ဌိကို သတ်နိုင်သည်။ ဓါတ်အနတ္တမှအတ္တဒိဋ္ဌိကိုသတ်နိုင်သည်။ ဓါတ်မပါလျှင်၊ နိစ္စ၊သုခ၊အတ္တဒိဋ္ဌိမသေသေးပါ။

(၂၇) သတ္တဝီသတိ ဆွေးနွေးရာ၌။ ။[ပထဝီ ဓါတုံခေါ ရာဟုလ၊ အနိစ္စတော၊ ဇာနတော၊ ပဿတော၊ သက္ကာယဒိဋ္ဌိံ ပဇ

ဟတိ၊ ဝိစိကိစ္ဆာပဇ္ဇဟတိ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာဥပ္ပဇ္ဇတိ၊] ရာဟုလော ဝါဒသုတ်တော်မှ။

(၁) ပထဝီဓါတ်ကိုတွေ့မှ မူလကမ္မဋ္ဌာန်းပါဘဲ။ (၂)ဓါတ်အနိစ္စမှ အနိစ္စအစစ်ပါ။ (၃)ဓါတ်ဒုက္ခမှ ဒုက္ခအစစ်ပါ။ (၄) ဓါတ်အနတ္တမှ အနတ္တအစစ်ပါ။ (၅)ဓါတ်ကိုတွေ့မှ၊ ဇာနတော ကိုယ်တွေ့သိခြင်းပါဘဲ။ (၆) ဓါတ်ကိုတွေ့မြင်မှ။ ပဿတော၊ ဉာဏ်မြင်ပါဘဲ။ (၇)ဓါတ်မှသက္ကာယဒိဋ္ဌိကွာတာပါ။ (၈) ဓါတ်မှ ဝိစိကိစ္ဆာကွာတာပါ။ (၉)ဓါတ်မှအဝိဇ္ဇာကွာတာပါ။ (၁၀)ဓါတ်မှမဂ်ဝိဇ္ဇာ ၄-ပါး။ ဖိုလ်ဝိဇ္ဇာ ၄-ပါးကိုရတာပါ။ (၁၁) ဓါတ်မှသစ္စာ ၄-ပါး ရတာပါဘဲ။အဲဒါပထဝီဓါတ်ုခေါ် ရာဟုလ၊ပါဠိမှ ၁၁-ပါးယူ၍ပြသပုံတည်း။

(၂၈) အဋ္ဌဝီသတိ ဆွေးနွေးရာ၌။ ။(ပထဝီဓါတုသုညာ အတ္တေနဝါ၊ အတ္တနိယေနဝါ၊ မဟာဝေဒလ္လသုတ်တော်၊ ပထဝီ စသော၊ ဓါတ်မှသာလျှင် အတ္တဒိဋ္ဌိနှင့်အတ္တနိယ တဏှာကိုသတိ နိုင်ပါတယ်။ ဓါတ်မပါဒိဋ္ဌိတဏှာ မသေသေးပါ။

(၂၉) လောကဓါတ်ကြီးကို လေအထုပေါင်း ယူဇနာ [(၉၆၀၀၀၀)ကမကျရအောင်ဟာ ခံယူ၍ထားပါတယ်၊ လောက ဓါတ်မြေကို ရေအထုပေါင်း (၄၈၀၀၀၀)က မကျရအောင်ဟာ ခံယူ၍ထားပါတယ်။လူသတ္တဝါအိမ်ရာ,မြို့ရွာတွေကို (၂၄၀၀၀၀) အထုရှိသော မဟာပထဝီမြေကြီးက ခံယူ၍ထားပါတယ်၊ ပေါင်း

ပြလျှင် လောကဓါတ်ဘခုလုံးကို (မြေ ရေ၊ လေ၊ မီး၊) ဓါတ်ကြီး လေးပါးက မသေရအောင် ကံအတိုင်းနေနိုင်အောင်ဟာ ခံယူ၍ ထားပါတယ်။ ဓါတ်၄ ပါး။ ၆-ပါး။ ၈-ပါး။ ၁၈-ပါးကိုရှုပွါးလျှင်၊ သောတာပန်ဖြစ်၍ မကျရတော့ပြီ၊ သကဒါဂါမ်ဖြစ်၍ မကျရတော့ပြီ။ အနာဂါမ်ဖြစ်၍ မကျရတော့ပြီ။ ရဟန္တာဖြစ်၍ မကျရတော့ပြီ။ ဓါတ်ကဘုရားတွေ၊ ပစ္စေကဗုဒ္ဓါတွေ အဂ္ဂသာဝကတွေ၊ မဟာသာဝကတွေ၊ ပကတိသာဝကတွေ ၂၄-သင်္ချေကုဋေ (၆၀)၊ ဗိုလ်ခြေတသိန်းကျွတ်ကြတာ ဓါတ်ကဆောင်ပို့လို့ ပါဘဲ ဟူလို။ ။

၁၃၂၄-ခု၊ ၂-လဆန်း၊ ၆-ရက်၊ ကွမ်းသဲရွာ
ဉာဏစာဂီဦရေးသည်။

# ဓါတုဒ္ဒိကာတရားတော် နိဒါန်းကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ။

(၁)
သံသာရက ဖြစ်ရဖြာဖြာ
အဟောင်းချည်းဘဲ၊ သစ်လဲမလာ
လူ့ဘဝ,နတ်ဘဝ,ဘဝပြဟ္မာ
ဆိုလည်နွား၊ ဖြစ်ညားအဖြာဖြာ။

ယခုဘဝ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘဉ္စ ကြုံကြိုက်နေရသော အိုယောဂီ လူသားတို့ရယ် ယခုရေးပြမည့် တဆဲ့ငါးပါးသော (ဘဝ)တွေဟာ သင့်အတွက်ဥ္စ အသစ်မဟုတ်ကြပါ။ သင်ဟာဖြစ်ခဲ့ပြီးသောဘဝဟောင်းအဆိုးအရွားအဟောင်း၊ အမြင်းတွေပါ။ အဲဒီဘဝတွေကိုနှောင်ရေးအတွက် (သမုဒယ)တွယ်တွယ်ပြီးမနေကြစမ်းပါနှင့် မဂ်လမ်း, ဖိုလ်လမ်း နိဗ္ဗာန်လမ်းတွေနှင့် ဝေးဝေးပြီးနေတော့မည်။ ကဲကဲကြည့်ရှုစမ်းပါဦးဗျား။ (၁)ပြဟ္မာ(၁၅)ခုဘဝတွေဥ္စဖြစ်ဖြစ် လာခဲ့ရတာများဟာ သမုဒ္ဒရာကြီး ၄-စင်းထဲက သဲလုံးအမျှ ဖြစ်ခဲ့ရပြီတကား။ (၂)နတ်မင်းကြီးတွေ ဘဝများကကော သမုဒ္ဒရာအစင်းပေါင်း တထောင်မှာရှိတဲ့ သဲလုံးနှင့်အမျှပါဘဲ။ (၃)သိကြားမင်းဖြစ်ခဲ့ရသောဘဝတွေလဲ သမုဒ္ဒရာအစင်း တသောင်းမှာရှိတဲ့ သဲလုံးနှင့်အမျှပါဘဲ။ (၄)လောကပါလ နတ်မင်းကြီးဘဝတွေလဲ သမုဒ္ဒရာအစင်းပေါင်း တသိန်းမှာရှိတဲ့ သဲလုံးအမျှပါဘဲ။ (၅)နတ်ရိုးရိုးဘဝများလဲ သမုဒ္ဒရာအစင်းပေါင်း တသန်းထဲက သဲလုံးအမျှပါဘဲ၊ (၆)မန္ဓာတ်မင်းဘဝလဲသမုဒ္ဒရာအစင်းပေါင်းတကုဋေထဲက

သဲစုအမျှပါဘဲ။ (၇) စကြာမင်းဘဝလဲ သမုဒ္ဒရာအစင်းပေါင်း ပကောဋိထဲကသဲလုံးမျှပါဘဲ။ (၈) ကေရာဇ်ဘဝလဲ သမုဒ္ဒရာ အစင်းပေါင်း ကောဋိပကောဋိထဲက သဲစုမျှပါဘဲ။ (၉) ပဒေသ ရာဇ်ဘဝလဲသမုဒ္ဒရာအစင်းပေါင်း၊နဟုဋ္ဌထဲကသဲစုမျှပါဘဲ။ (၁၀) သူဌေးဘဝလဲသမုဒ္ဒရာအစင်းပေါင်း၊နိန္နဟုတ ထဲက သဲစုမျှပါဘဲ (၁၁) သူကြွယ်ဘဝလဲ သမုဒ္ဒရာပေါင်း၊အက္ခောဘနီထဲက သဲစုမျှ ပါဘဲ။ (၁၂) ကုန်သည်ဘဝလဲ သမုဒ္ဒရာပေါင်း ဗိန္ဒုထဲက သဲစုမျှ ပါဘဲ။ (၁၃) ဆင်ရဲသားဘဝလဲ သမုဒ္ဒရာပေါင်း အဗ္ဗုဒထဲက သဲစုမျှပါဘဲ။ (၁၄) သူတောင်းစားဘဝလဲ သမုဒ္ဒရာပေါင်း နိရဗ္ဗုဒထဲကသဲစုမျှပါဘဲ။ (၁၅) ကပ္ပလိစသော အရိုင်းဘဝလဲ သမုဒ္ဒရာပေါင်း အဟဟ၊ ထဲကသဲစုမျှပါဘဲ။ အဲဒါတွေဟာဖြစ်ခဲ့ ပြီးသော ဘဝတွေမို့၊ (သမုဒယ) မတွယ် ကြပါစေနှင့်။.... (မဂ်, ဖိုလ်, နိဗ္ဗာန် ၃-တန်သာ) သင့်အတွက် ဘဝသစ်ပါ ဆု တောင်းကြပါစေ။

## နွေသစ်ပင် ပုထုဇဉ်နှင့် မိုးတွင်းသစ်ပင် အရိယာအရှင်

(၂) ဂိမ္ဗန္တက ရက္ခဖြာဖြာ
ကြို့တိုကြဲတဲ အမြဲဒုက္ခာ
ဝသန္တက ရက္ခဖြာဖြာ
စိုစိုရှဲ အမြဲစိဘ်ချမ်းသာ။

ဂိမ္ဗန္တဥတုခေါ်သည့် နွေကာလ ရှိသော သစ်ပင်တွေဟာ ကြို့တို ကြဲတဲနှင့် အမြဲ နေ ကြ ရသည်။ မြင်ရသူများလဲစိတ်ထားမသက် သာရပါ။ ဝသန္တဥတုဟုခေါ်ရသော၊ မိုးတွင်းကာလ၌ ရှိကြ သော၊ သစ်ပင်များကား စိုစို စိမ်းစိမ်း၊ ညိုညို, ရှဲရှဲ အသဲမြေစရာ

ပင် တွေ့မြင်ကြရသည်။ ပဌမပုထုဇဉ်ဘဝနှင့် ဒုတိယ အရိယာဘဝကိုပြပါသည်။

(၃) ဓါတ်မရတဲ့ သတ္တာဖြာဖြာ
ကြို့တိုကြဲတဲ၊ အမြဲဒုက္ခ
ဓါတ်ကိုရတဲ့ သတ္တာဖြာဖြာ
ချမ်းသာဆုံး ပြုံးပြုံးနိဗ္ဗူတာ

ဓါတ်တရားပရမတ်တရား ကလာပ်တရားကို မရကြသေး သော၊ လူ့, နတ်, ဗြဟ္မာတို့ဟာ ဘယ် ဘုံမှာဘဲနေနေ၊ အပါယ်တံခါးမပိတ်ရသေး၊ ဆင်းရဲသံသရာ မပြတ်ရသေးသို့ နွေ့သစ်ပင်ပမာ ကြို့တိုကြဲတဲနှင့် နေကြရရှာလေသည်။ ဓါတ်တရား၊ ပရမတ်တရား ကလာပ်တရားကို ရရှိ၍နေကြသော လူ့,နတ်,ဗြဟ္မာများဟာ၊ ဘယ်ဘဝမှာဘဲနေနေ၊ အပါယ်တံခါးလဲပိတ်ပြီးပြီ။ဆင်းရဲသံသရာလဲဖြတ်၍ပြီးပြီ၊ဘုံစဉ်စံဘဝလဲရပြီးပြီ သိဒ္ဓိကြီးကိုးတန်လဲရ၍ပြီးပြီ။ (၆၇) ဆင့်နှင့် မြင့်ကာ,မြင့်ကာ နိဗ္ဗာန်သို့တက်တက်နေပြီမို့ မိုးသီးတွင်းသစ်ပင်ကဲ့သို့၊ တရှင်ရှင် တပျော်ပျော်နှင့်စိမ်းစိမ်း,စိုစို ညိုညို,မှိုင်းမှိုင်း၊ ရှုတိုင်းပင်သာသာယာယာ၊ ရှိကြတော့သည်။

**သတိထားကြသူများ၊ ပဒေသာနှင့်စကြာ ရရသွားကြပုံ**

(၄) သတိမပြတ် ထက်ရပ်ပဒေသာ
သတိတရား ရထားစကြာ
သွားချင်ရာသွား ထက်များချမ်းသာ
သုံးလူတိတ် ဘိသိက်လွှန်းသေချာ။

ဝိပဿနာကိုအား ထုတ်စဉ် အခါ ဝယ် ပေါ သိ၊ သတိ၊ ထား,ထားနေတယ်၊ ရင်းသတိထားတဲ့ မဟာပုည ကုသိုလ်ဟာ တ သံ သ ရာ လုံး ပဒေသာပင်နှင့် အလိုဆန္ဒ အဝဝကိုဖြည့်၍ ပေးကာ, ပေးကာ

သွားကြရမည်၊ သတ္တဝါများကိုလည်း။ ရင်းပဒေသာ ပင်နှင့် ပြည့်ပြည့်ဝဝ ရှိအောင်တင့်တယ်၍သွားရတော့မည်။ ဤမျှမကဘဲ သဘိကြောင့်စကြာရတနာကိုရ၍ ၄-ကျွန်းသနင်းစကြာမင်းကြီး ဖြစ်ဖြစ်ပြီးတော့ တသံသရာလုံးပင် ကျွန်းကြီး ၄-ကျွန်းသား တို့ကို ၄-ကျွန်းလုံး လှည့်လှည်ပြရခြင်း၊ သတိဆိုတဲ့ ဓမ္မစကြာ ကြောင့် ဓါတ်ကြီး ၄-ပါးသို့ရှင်း၊ ဖိုလ် ၄-ပါးသို့ရှင်း၊ ပို့ပို့ကယ် တင်၍ နေရဦးမည်မို့ ကမ္ဘာကယ် ပုဂ္ဂိုလ်ကြီး၊ သာသနာပြု ပုဂ္ဂိုလ်ကြီးပင် ဖြစ်ကြရလိမ့်ဦးမည်၊ ရှင်ရှင်ပြပြ နေကြတော့။

## (၅) ပညတ်ပဋ္ဌိသန္ဓေနှင့် ဓါတ်ပဋ္ဌိသန္ဓေခြားနားပုံ

ငွေးကြွယ်ပ၊ ဇ ဂုဏ်မွေး၊ စကြာ
သန္ဓေ၊ ဓါတ်ရ၊ ကပ္ပ ကမ္ဘာ
ဝဋ္ဋ ၃-ပါးပြတ် ထက်ချပ်သံသာ
မဂ်, ဖိုလ်ရ ဆုံးကြနိဗ္ဗာဘာ။

ဤဂါထာနှင့် စဉ်းစား ဆင်ခြင်၍ ကြည့်တော့ သူဌေးပဋ္ဌိသန္ဓေ၊ သူကြွယ် ပဋ္ဌိသန္ဓေ၊ ပဒေသရာဇ်ပဋ္ဌိ သန္ဓေ၊ ဧကရာဇ်ပဋ္ဌိသန္ဓေ၊ စကြာမင်းပဋ္ဌိသန္ဓေ၊ မန္ဓာတ်မင်း၏ ပဋ္ဌိသန္ဓေ၊ ယခုဟောပြတဲ့ ပဋ္ဌိသန္ဓေတို့ဟာ ကောင်းလှပေမဲ့ ပညတ်ပဋ္ဌိသန္ဓေမို့ တဘဝချမ်းသာ လောကီပဋ္ဌိသန္ဓေ များသာ ဖြစ်ပါသည်။ ဝိပဿနာအားထုတ်တော့ ဓါတ်ပေါ်ခြင်းပဋ္ဌိသန္ဓေ များ၊ ပရမတ်မို့၊ အဘိဓမ္မာမို့၊ လောကုတ္တရာနယ်ကမို့၊ ဝဋ္ဋ ၃-ပါးကိုလဲဖြတ်နိုင်ပါတယ်။ အထက်သုဂတိ ၂၇-ဘုံ၌လဲ ချမ်း သာအားလုံးနှင့်ထား၍ တသံသရာလုံး တပြုံးပြုံးနှင့် သုံးစွဲကာ နေရမည်။ အဆုံးဘဝကြုံပြန်တော့မဂ်, ဖိုလ်ရ၍နိဗ္ဗာန်အထိရသွား ပါဦးမည်။ ဝိပဿနာဓါတ်ပဋ္ဌိသန္ဓေက ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ၊

ဝိပါကဝဋ္ဋ် ၃-ပါးလုံးကို ဖြတ်ပုံမှာ(ဝိပဿနာဂဗ္ဘမေဝဂဏှာတိ၊ နဝဋ္ဋဂဗ္ဘံ။)ဥပရိပဏ္ဏာသ ဋ္ဌိကာကြီးမှ။ ဝိပဿနာဂဗ္ဘမေဝ ဝိပဿနာ၊ ကိုယ်ဝန်ကိုသာလျှင်။ ဂဏှာတိ၊ ယူထားတော့၏။ ဝဋ္ဋဂဗ္ဘံ ဝဋ္ဋ် ၃-ပါးဆိုတဲ့ ကိုယ်ဝန်။ နဂဏှာတိ မယူတော့ပေ။ ။ယောဂီဟာ၊ ဝိပဿနာအားထုတ်ပြီးတော့။ ဓါတ်ဆိုတဲ့ ကိုယ်ဝန်ကိုသာ ယူယူနေတော့သည်း ကိလေသဝဋ္ဋ်, ကမ္မဝဋ္ဋ်, ဝိပါကဝဋ္ဋ်ဆိုတဲ့ဝဋ္ဋ် ၃-ပါးကိုယ်ဝန်ကိုမူကား တသံသရာလုံး မယူတော့ပါ။ အချုပ်ကား၊ ဝိပဿနာဆိုတာ ဝိဝဋ္ဋကုသိုလ်အစစ်ပါဘဲဟု ဆိုးဖြတ်ကြသည်၊ ဝဋ္ဋကုသိုလ်မှလွတ်သွားပါပြီ၊ တသံသရာလုံးဝဋ္ဋ်မလည်ရတော့ပါ။ အထက်ကချည်းနေနေသွားရမည်။

(၆) အာသဝေါယျကို မြင့်မိုရ်မေရုပုံပြု၍လွတ်မြောက်ကြရပုံ

မြင့်မိုရ်မေရု သဲစုပုံမှာ
အာသဝေါယျ လွတ်ကြသံသာ
ဓါတ်ကိုရှုလို့ လွတ်မှုဖြာဖြာ
ဒုက္ခတုံး လုံးလုံး နိဗ္ဗူဘာ။

မြင့်မိုရ်တောင်လောက်ကြီးမား မြင့်အောင် သဲစုပုံပါ။ အဲဒါကို ဘဝအာသဝေါဟု ဥပမာပြုကြပါ၏လို အာသဝေါယျပေါင်း အာသဝေါမကာ အနန္တမျှမက၊ အပ္ပရိမာဏမျှမက၊ အပ္ပရိစ္ဆိန္နမျှမကသော၊ ကမ္ဘာတွေမှာရှိတဲ့ ရခဲ့တဲ့ကုသိုလ်တွေ၊ ပါရမီတွေဟာ ဓါတ်ကိုရှုလို့သာ လာကြတာပါ။ ဥပမာ၊ ဓါတ်ကိုရှုလို့ ဓါတ်ကဆွဲဆောင်တော့၊ တဘဝက၊ ဆယ်ဘဝက၊ တကမ္ဘာက ကမ္ဘာတရာက ကမ္ဘာတထောင်က၊ ကမ္ဘာတသောင်းက၊ ကမ္ဘာတသိန်းက၊ ကမ္ဘာတသန်းက၊ ကမ္ဘာကုဋေက၊ ကမ္ဘာအာသင်္ချေက ဟိုသံသရာကပြုခဲ့သော ပါရမီကုသိုလ်ကံတွေဟာ လိုက်လာ, လိုက်လာ

နှင့်၊ အကျိုးပေးတော့သည်။ ဥပမာ တကမ္ဘာကရောက်လာသော် တကမ္ဘာက ပါရမီအားဖြင့်အကျိုးပေးပါသည် (လ)ဟိုသံသရာ ကလိုက်လာသော် ဟိုသံသရာက ကမ္ဘာအားဖြင့် အကျိုးပေးပါသည်။ ဥပမာအင်္ဂလိပ်နှင့် ဂျာမနီစစ်ဖြစ်ကြတော့၊ တိုင်းပြည် ပေါင်း(၄၀)ကျော်က မဟာမိတ်တို့၏စစ်တပ်များကရောက်လာ ပြီးလျှင် အင်္ဂလိပ်ဘက်ကဝင်ပြီး အားပေးရာဂျာမနီမှာ ၂ ပြည် ၃ ပြည်မို့ အရှုံးပေးရသည်။ ဤဥပမာလိုပင် ယောဂီဟာ ဓါတ် နှင့်နေတော့ သံသရာက ကမ္ဘာနဲ့ချီပြီးပြုခဲ့သောပါရမီများရောက် လာအားပေးကြသဖြင့် (၁၅၀၀)ကိလေသာကို နိုင်၍ အရိယာ ဖြစ်ရ မဂ်, ဖိုလ်ရ, နိဗ္ဗာန်ရ,မြေရပါသည်။

(၇) သဒ္ဓါ, သီလ, သုတ, စာဂါ, ပညာ, ဟိရီ, ဩတ္တပ္ပပါ။
ဓါတ်ကိုပွါးများ ရငြားခုနစ်ဖြာ သံသာရ မုချ လွန်ချမ်းသာ။

ဂါထာ။ ။ဓါတ်ဘုရားပွါးများနေသောပုဂ္ဂိုလ်မှာ(သဒ္ဓါ သီလ,သုတ,စာဂ,ပညာ,ဟိရီ ဩတ္တပ္ပ။)ဆိုတဲ့ ရွှေအိုး,ငွေအိုးကြီး များပေါ်လာ ရောက်လာ ကြရတော့သည်။ ၎င်းယောဂီဟာ တသံသရာလုံး ပြုံးပြုံးနှင့်နေတို့ ရှင်ဘုံအဆုံး၌ မဂ်,ဖိုလ်,နိဗ္ဗာန် ရောက်ဘုံသာ တလမ်းထဲ တက်လှမ်းသွားလာနေပါသည်။

| | | |
|---|---|---|
| (၈) | မြေနှင့်အက္ကနိဋ္ဌ ဖိတ်ဖိတ်ရွှေစင်<br>ရတနာခုနစ်ပါး ရငြားအမြင်<br>တဘာဝဇာတ် မပြတ်ပါပင်<br>ဓါတ်ရမှ မြတ်လှနိဗ္ဗာန်ဝင်။ | လူတို့၏ ဌာန ဖြစ်သော<br>မြေအပြင်မှာ ဟိုမြင့်လှစွာ<br>သော အက္ကနိဋ္ဌပြဟ္မာပြည်<br>အထိ ငွေကတပုံရွှေကတပုံ |

မြကတပုံ, စိန်ကတပုံ, သန္တာကတပုံ, ပုလဲကတပုံ,ပတ္တမြားကတပုံ

ဟူ၍ရတနာပုံ ၇-ပုံ,ပုံ၍ထားပါ။ဘ၀တိုင်း,ဘ၀တိုင်း ခံစားသုံး စွဲသွားပါ။၎င်းရတနာ ၇-ပါးဟာ နိဗ္ဗာန်အထိမကုန်နိုင်တော့ပါ။ အကြောင်းကားဓါတ်တရားကိုရှုပွါးလို့နိဗ္ဗာန်အထိပင် ရရှိသွားပါလိမ့်မည်။

(၉) သင်္ခ ဇသ ဥပ္ပလ ပုဏ္ဍရိ
ရွှေအိုးရကြောင်း လာတောင်းပါသည်
မြတ်ဘုရားက ချစ်သားသာကီ
အမွေဓါတ် ပေးအပ်နိဗ္ဗာန်ပြည်။

(၁) သင်္ခရွှေအိုးကြီးဟာ မြေထဲ၌ (၂၄၀၀၀၀) ယူဇနာ အား ဖြင့် မြှုတ်နေ၍နေပေါ်မှာတဂါဝုတ်ပေါ်နေပါတယ်(၂)ဇသ ရွှေအိုးကြီးဟာမြေထဲ၌ (၂၄၀၁၀၀)မြှုတ်နေပါတယ်။မြေပေါ်မှာ နှစ်ဂါဝုတ်ပေါ်၍နေပါတယ်။ (၃)ဥပ္ပလ ရွှေအိုးကြီးဟာ မြေထဲ၌ ယူဇနာပေါင်း (၂၄၀၀၀၀)မြှုတ်၍ နေပါတယ်။ မြေပေါ်မှာတော့ သုံးဂါဝုတ်ပေါ်၍ နေပါတယ်။ (၄)ပုဏ္ဍရိက ရွှေအိုး ကြီးဟာ မြေထဲ၌ ယူဇနာပေါင်း (၂၄၀၀၀၀) မြှုတ်၍နေပါတယ် မြေပေါ်မှာတော့ လေးဂါဝုတ်ပေါ်၍နေပါတယ်။ ၎င်းရွှေအိုးကြီးလေးလုံးကို ယသော်ဓရာမိဖုရားကြီးက သားတော်ရာဟုလာကိုလွှတ်၍ အမွေအတောင်း ခိုင်းပါတယ်။ မြတ်စွာဘုရားက တောင်းတဲ့ ရွှေအိုးကြီးလေးလုံးကိုပေးလျှင် တဘ၀သာ ငါ၏သားဟာချမ်းသာမည်။ (၁) သင်္ခရွှေအိုးကြီး၏အစား ပထဝီဓါတ်ကိုပေးမယ်။ (၂)ဇသရွှေအိုး၏ အစား အာပေါဓါတ်ကိုပေးမယ်။(၃)ဥပ္ပလရွှေအိုးကြီး၏ အစား တေဇောဓါတ်ကိုပေးမယ်။ (၄)ပုဏ္ဍရိက ရွှေအိုးကြီးအစား ၀ါယောဓါတ်ကိုပေး

မယ်။ အဲဒါလိုပေးမှ ယူသုံးမှ တသံသရာလုံး ရာဟုလာ ငါ၏ သားတော်ဟာလောကီချမ်းသာရော လောကုတ္တရာချမ်းသာရော ရ၍နိဗ္ဗာပပါရမည်ဟု ဆုံးဖြတ်၍ ပေးတော်မူတယ်။ ယခုဓါတ်ကြီး ၄-နါးကို ရနေကြသော ယောဂီများဟာ ဒုတိယအမွေတော်ရကြတဲ့ ရာဟုလာတို့ပါဘဲဟုသိကြပါ။

| | | |
|---|---|---|
| (၁၀) | ကုသိုလ်ပုည အစုံရပဒေသာ<br>စိန္တာမဏိ ကျော်သိရတနာ<br>ဓါတ်တရားမှ အမြတ်စားရတနာ<br>ဒုက္ခတုံး လုံးလုံးနိဗ္ဗူတာ။ | ဒါန ကုသိုလ်၊ သီလ<br>ကုသိုလ်သမထကုသိုလ်<br>ဝိပဿနာ ကုသိုလ် ၄-<br>မျိုးဟာအစုံရနိုင်သော |

ပဒေသာပင် ၄-ပင်ပါဘဲ။လိုရာ့လိုရာကို ပေးနိုင်သော စိန္တာမဏိပတ္တမြားရတနာကြီးပါဘဲ။အဲဒီအထဲမှာပညတ်မပါသောပရမတ်တရား ဓါတ်တရား၊ ကလာပ်တရားဆိုတဲ့ ကုသိုလ်ကြီးသည်သာလျှင် တသံသရာလုံးဘဝတိုင်း စိတ်ချရသောအရိယာပဒေသာပင် အရိယာစိန္တာမဏိပတ္တမြားရတနာပါဘဲ။ ဓါတ်တရားကပေးပါမှ ဗောဓိကြီးငါးပါး၊ အရိယာ ၈-ပါး၊ နိဗ္ဗာန်ရမည်။ ဒုက္ခတုန်းမည်ဟုသိကြပါ။ (ဘဒ္ဒေပုညကမ္မံနာမ စိန္တာမဏိသဒိသံ၊ ကပ္ပရုက္ခသဒိသံ။)ဝိမာနဝတ္ထု အဋ္ဌကထာ နံပါတ်-၂၈။ ကြောင်းရေ ၁၅၊ သုမူ။ ။ဘဒ္ဒေ၊ ကောင်းလှသောနှစ်မငယ်။ပုညကမ္မံနာမ (ဒါ, သီ, ထ, ဝိ) ဆိုတဲ့ ကောင်းမှုကုသိုလ်ကံ မည်သည်ကား။ စိန္တာမဏိသဒိသံ လိုရာ့လိုရာကိုပေးနိုင်သော။ စိန္တာမဏိပတ္တမြားရတနာနှင့်တူလှပါပေ၏။ ကပ္ပရုက္ခသဒိသံ၊ လိုရာ့လိုရာကို ပေးနိုင်သော ပဒေသာပင်နှင့်တူ၏။.... ယခုယောဂီတွေမှာ ဓါတ်

ဘုရား၊ကလာပ်တရား၊ပရမတ်တရားကိုရရှိနေကြတာမို့၊တသံသရာလုံး၊ ပြုံးပြုံးနှင့်သုံးစွဲ၍သွားနိုင်အောင် ဓါတ်ဆိုတဲ့စိန္တာမဏိပတ္တမြားရတနာကိုလဲ ရကြပါပြီ။ ဓါတ်ဆိုတဲ့ ပဒေသာပင်ကိုလဲ ရကြပါပြီ၊ ဝမ်းမြောက်စရာပါ။

(၁၁) ဣစ္ဆိတ၊ ပတ္ထိတ တုယှပဒေသာ
မဏိဇောတ ရသော၊ ရတနာ
တသံသရာလုံး ပြုံးပြုံး ရွှင်စွာ
နိဗ္ဗာန်ထိရောက်၏၊ ဓါတ်ရတနာ

ဣစ္ဆိတံ ပတ္ထိတံ တုယှံ
ခိပ္ပမေဝ သမိဇ္ဈတု၊ သဗ္ဗေ
ပူရေန္တု၊ သင်္ကပ္ပါ၊ မဏိ
ဇောတ ရသောယထာ

အပဒါန်အဋ္ဌကထာ (နံပါတ်-၆၇၀) ကြောင်းရေ-၁၆ ဆဋ္ဌမူမှ။ ဣစ္ဆိတံ အလိုရှိအပ်သော။ ပတ္ထိတံ၊ တောင့်တအပ်သော၊ တုယှံ၊ သင်၏။ ဆန္ဒံ၊ စိတ်ဆန္ဒသည်။ ခိပ္ပမေဝ၊ လျှင်စွာသာလျှင်။ သမိဇ္ဈတု ပြည့်ဝ,စုံလင်စေသတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ကပ္ပါ၊ အကြံအစီတို့သည်။ ပူရေန္တု၊ ပြည့်ဝပါစေသတည်း။ မဏိဇောတ ရသောယထာ။ မဏိဇောတ၊ ပြည်တန်မြက်၊ အဝဝကို ရနိုင်သည်၊ ယောတု၊ ဖြစ်ပါစေသတည်း။ ပစ္စေကဗုဒ္ဓါများဟာ ဆုတောင်းပြည့်ဘုရားတို့တည်း။ ၎င်းတို့ကဆုပေးလျှင် မရသည်ကားမရှိ၊ ရတာချည်းပါဘဲ။ ထို့ထက်သဲစုမကသော၊ ဗုဒ္ဓမြတ်စွာတို့ဟာ၊ မဟာ့မဟာ ဆုတောင်းပြည့် ဘုရားကြီး တွေပါဘဲ။ ၎င်းမြတ်ဗုဒ္ဓတို့က ဆုပေးလျှင် မဟာ့မဟာ ပြည့်ဝ ချမ်းသာရတာချည်းပါဘဲ၊ ပစ္စေကဗုဒ္ဓါအားလုံး၊ဘုရားကြီးတွေအားလုံးတို့ဟာ၊ ဓါတ်တရားကို ရှုပွါး၍ ဓါတ်တရားက ပို့ပို့ပေးပါမှ

ပဒေစ္စကဗုဒ္ဓါတွေ ဖြစ်ရတာပါ။ ဘုရားကြီးတွေ ဖြစ်ရတာပါ။ ဓါတ်ကိုသာ နာနာရှုကြပါလေ၊ ဓါတ်ကပေးမှ နိဗ္ဗာန်ရမည်။

(၁၂) (လင်္ကာ)စကြာသတိ ဆင်ရှိဝိစယ၊ဝီရိယမြင်း၊
ရောင်လင်းမဏိ ခေါပီတိနှင့်ပဿဒ္ဓိမိဖုရား
ဌေးအားသမာဓိ၊ သားသိ ဥပေက္ခာ ခုနစ်
ရတနာ မင်းစကြာ သံသာဖြစ်ရမည်။....

ဤလင်္ကာ၌၊ သတိသမ္ဗောဇ္ဈင်ကား၊ စကြာရတနာနှင့်တူ၏။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကား၊ ဆင်ပျံရတနာနှင့်တူ၏၊ ဝီရိယသမ္ဗောဇ္ဈင်ကား မြင်းပျံရတနာနှင့်တူ၏။ ပီတိသမ္ဗောဇ္ဈင်ကား ပတ္တမြားရတနာနှင့်တူ၏။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကား မိဖုရားရတနာနှင့်တူ၏။ သမာဓိသမ္ဗောဇ္ဈင်ကား၊ ဂဟပတိရတနာသူဌေးကြီးနှင့်တူ၏။ ဥပေက္ခာသမ္ဗောဇ္ဈင်ကား၊ သားကြီးသြရဿရတနာနှင့်တူလှ၏။ လောကစကြာမင်းများမှာ၊ ယခုပြတဲ့ရတနာ ၇-ပါးရှိနေတာလို (သို့)ဆိုတဲ့ ဓမ္မစကြာမင်းများ ယောဂီများမှာလဲ ဗောဇ္ဈင် ၇-ပါးကိုရကြပါသည်။ တသံသရာလုံး အမြင့်ဆုံး ဘဝတွေနှင့် နေထိုင်ကာ သွားလာဘို့ပါဘဲ။ မဂ်,ဖိုလ်,နိဗ္ဗာန်ရဘို့ပါဘဲ။

(၁၃) (လင်္ကာ) ပတိရူပ ပုဗ္ဗေကတာ သမာပဏိဓိ
သပ္ပုရိစက် လေးချက်ပြည့်စုံ လူ့နတ်ဘုံတွင်
စက်စုံဖြန့်မှီး အုပ်စိုး အာဏာ မင်းစကြာသည်
သံသရာတလျှောက် ရဘို့တည်း။

(၁)ပတိရူပစက်ဆိုတာ၊ ရုပ်နာမ်ခန္ဓာ ဓါတ် သစ္စာကို ကျင့်,ကျင့် နေကြသော ယောဂီများ နေထိုင်ရာဖြစ်သော ဒေသပါဘဲ။ (၂)ပုဗ္ဗေကတ၊ စက်ဆိုတာ

ရှေးရှေးသော ကပ်ကမ္ဘာက ပါရမီဖြည့်လာခြင်းပါတဲ။ (၃) သမာပဏ္ဏိမိ စက်ဆိုတာ၊ မိမိကိုယ်ကို ဆုမ္မ၍ ဓါတ်တရားကို အားထုတ်၍နေခြင်းပါတဲ။ (ပျော်ရာမှာမနေနဲ့၊ တော်ရာမှာသာ နေ)ဟူသကဲ့သို့စိတ်ချရသောတရားနှင့်နေခြင်းတည်း၊ (၄)သပ္ပုရိသူပနိဿယစက်ဆိုတာ၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့ကို ပြသနိုင်သော ဆရာသမားရှိသော အရပ်ပါတဲ။ ယခုပြတဲ့ (စက်)၄-ပါးနှင့် ပြည့်စုံလျှင်၊ ယောဂီဟာ စကြာမင်းလောင်းဖြစ်၍ တသံသရာလုံး စကြာမင်း၏ဘဝနှင့် လှလှပပ ရရသွားတော့မည်။ (ဓါတ်စက်)၄-ပါးရှိသော ယောဂီမှာမူကား အရိယာတို့နယ်မြေ၌ ဓမ္မစကြာ ရတနာကိုရ၍ လှလှပပနှင့် တသံသရာလုံး အရိယာဖြစ်၍ မဂ်ဖိုလ်ရ၍ နိဗ္ဗာန်အထိမြင့်ကာ မြင့်ကာနှင့် တက်တက်သွားတော့မည်။

| | | |
|---|---|---|
| (၁၄) | သဒ္ဓါမူကား မြသားပုံနေ<br>သီလကျင့်မြဲ ပုလဲမသွေ<br>သန္တာဆိုရ၊ သုတထွေထွေ<br>ပတ္တမြား မှတ်သား စာဂပေ၊ | ရင်းမြန်မာဂါထာအရ<br>သဒ္ဓါကို မြ, ရတနာနှင့်<br>ဥပမာပြု၏။ သီလကိုပုလဲ<br>နှင့်ဥပမာပြု၏။ သန္တာကို |

| | | |
|---|---|---|
| (၁၅) | ပညာထိန်တောက်၊ စိန်ကျောက်ရောင်ရှင်<br>ဟီရိဓါတ်ထုံး ဘော်တုံးအသွင်<br>ဩတ္တပ္ပကား ရွှေသားကြည်လင်<br>မြတ်ခနု မှတ်ကြဉာဏ်သိမြင် | ဗဟုသုတ အ<br>ဖြာ, ဖြာ နှင့်<br>ဥပမာပြု၏။<br>ပတ္တမြားကို |

စာဂနှင့်ဥပမာပြု၏။ ပညာကို စိန်ရတနာနှင့် ဥပမာပြု၏။ ဟီရိကို ငွေဘော်သားနှင့်၊ ဥပမာပြု၏။ ဩတ္တပ္ပကို ရွှေနှင့်ဥပမာပြု၏။

ဒါနဘဲပြုပြု၊ သီလဘဲလုလု၊ သမထဘဲရှုရှု၊ ဝိပဿနာဘဲပြုပြု ကုသိုလ်ပြုလျှင် ကုသိုလ်စိတ်ပါဘဲ။ ၎င်းကုသိုလ်စိတ်၌ စေတသိက် (၃၈)ပါးပါနေပါ၏။ ၎င်း(၃၈)ပါးထဲက (သဒ္ဓါ၊ သီလ သုတ၊ စာဂ ပညာ၊ ဟိရီ၊ ဩတ္တပ။) ဆိုတဲ့ စေတသိက်တွေဟာ အစဉ်အတိုင်း (မြ, ပုလဲ, သန္တာ, ပတ္တမြား, စိန်, ငွေ, ရွှေ)နှင့် ယှဉ်စပ်၍ယူရပါသည်။ နိဗ္ဗာန်အထိ ချမ်းသာရပါသည်။

(၁၆) (လင်္ကာ) ဟိရီကြေးငွေ ဩတ္တပ်ရွှေနှင့် နံ့မွှေးကြာပုံ
ခက်ရုံ သန္တာ၊ သုတဖြာ၍ သဒ္ဓါမျက်မြ သီလပုလဲ
စွန့်ကြဲဒါန၊ စာဂမဏိ ဗုဒ္ဓိဝရဇိန်၊ တောက်သိန်
ခုနှစ်ပါး၊ ဥစ္စားများကို၊ သူ့အားဝေငှ ဉာဏသူဌေး
ဉာဏ်လှူပေး၏၊ (၉)ခဏ်းပျို့မှ။

ဤ၌ ဟိရီဘရားကား ငွေပါဘဲ။ ဩတ္တပ္ပတရားကား ရွှေပါဘဲ။ သန္တာကား သုတပါဘဲ။ သဒ္ဓါကား မြရတနာပါဘဲ။ သီလကား ပုလဲပါဘဲ။ စာဂကားပတ္တမြားပါဘဲ၊ ပညာကားစိန်ရတနာပါဘဲ။ ပြုပြီးလင်္ကာနှင့် ယူပုံ့ဟောပုံ တူလှပါသည်။ (ဧသိ)နှင့် ဓါတ်ကိုရှုသော် တသံသရာလုံး ၎င်း ၇–ပါးကို ရရသွားပါလိမ့်မည်။

(၁၇) (လင်္ကာ) သဒ္ဓါ သတိ ဩတ္တပ္ပနှင့် ဟိရီ သုတ
လုလ္လ ပညာ ခုနှစ်ဖြာ မှတ်ပါ သူတော်ကောင်း

သဒ္ဓါတရား၊ သတိတရား၊ ဩတ္တပ္ပတရား ဟိရီတရား ဗဟုသုတ တရား ပညာတရား၊ ဝီရိယတရား ရှိရှိနေကြသောသူများဟာ၊ တကယ့်သူတော်ကောင်းအစစ်ပါဘဲ။ အဲဒါထက် ဓါတ်တရား

ကလာပ်တရား၊ ပရမတ်တရားနှင့် ပွါးများနေကြသော သူများကား၊အရိယာ သူတော်ကောင်းတို့ပါတဲ့။သူတော်ကောင်း ၂-စုံကိုသိကြပါလေ။

(၁၈) (လင်္ကာ) သီလ၊ ဟီရိ၊ သြတ္တပ္ပနှင့် ဗုဒ္ဓိ သဒ္ဓါ
စာဂါ သုတ ခုနစ်ဝ၊ မှတ်ကြ မြတ်ဥစ္စာ။

သီလတရား ဟီရိတရား၊ သြတ္တပ္ပတရား၊ ပညာတရား၊သဒ္ဓါတရား၊စာဂတရား ဗဟုသုတ တရား၊ ယင်း ၇-ပါးနှင့်ပြည့်စုံသူတို့ကား၊ သံသရာ၌ မဟာဓန ပေါပြည့်ဝကြသော၊ ဇောတိကပမာ မဟာသူဌေးကြီးတို့သာဘည်း။ ၎င်းထက်၊ ဓါတ်တရား ကလာပ်တရား၊ ပရမတ်တရားပွါးများနေကြသော၊ ယောဂီများကား အရိယာ လောကုတ္တရာသူဌေးပါတဲ့။

(၁၉) သဒ္ဓါပြည့်တင်း ရောဂါကင်း၊ ရှောင်ကွင်း ဝိမာယာ
ဝီရိယပါ၊ ကြီးပညာ ငါးဖြာပဓါနာ
ခုဘဝပင် နိဗ္ဗာန်မြင် ၄-အင် မဂ်ကိစ္စာ။

သဒ္ဓါတရားပြည့်ထားနေခြင်း။X ရောဂါကင်းရှင်းနေခြင်း။ လှည့်ပတ်သော မာယာဝီကင်းရှင်းရခြင်း။X ဝီရိယကြီးခြင်း။X ပညာရှိခြင်း။ ယင်းငါးပါးနှင့် ဓါတ်တရားကို ပွါးများ အားထုတ်သော်၊ ယခုဘဝပင် နိဗ္ဗာန်မြင်ရ၏။

(၂၀) ပတ္တမြားစစ် ထိန်သစ်ဖိုးတန်
ရွှံ့ညွှန်မြှုတ်နစ်၊ မညစ်ရောင်လျှံ
ကံညစ်ဘဝ၊ ရောက်ရဖြစ်ပြန်
သဒ္ဓါဝင်း ထိန်လင်းသူတော်မှန်၊

ပတ္တမြား စစ်, စစ်ကို ရွှံ့ နွံ့ ၌ မြှုတ်သော်လည်း မညစ်နိုင်ဘူးတဲ့၊ အဘိုးတန်ဆုံး

မို့ပါ။ ထို့အတူ အကုသိုလ်ကံကြောင့် မကောင်းဘဝ၊ ပြောင်းကြ ဖြစ်ရှာ။ သူတော်စွာ၌လဲ ဘယ်အခါမှ သဒ္ဒါတရားမမှိန်တော့ပါ။ သဒ္ဒါတရား တထိန်ထိန်နှင့် နိဗ္ဗာန်အိမ်အထိပင် မြင့်ကာ,မြင့်ကာ တက်ရမည်ဖြစ်၏။

(၂၁) { သူတော်ဆည်းကပ် တရားမြတ်၊ နာအပ်ဖန်ခါခါ
နှလုံးသွင်းမှန် ကျင့်ပြင်းထန်၊ လေးတန်အရိယာ။ }

(၁) ရုပ်နာမ်ကို ပြသကာနေသော သူတော်ကောင်းနှင့် ပေါင်းသင်း၍သာ နေရမည်။ (၂) ဓါတ်တရား၊ ကလာပ်တရား ပရမတ်တရားများကို နာကြားရမည်။ (၃) ယောနိသော မနသိ ကာရ ဖြင့်၊ နှလုံးသွင်းမှန်ကန်ရမည်။ (၄) အကျင့်ပြင်းထန်ရ မည်။ ဤအင်္ဂါ ၄-ပါးနှင့်ပြည့်စုံသော ယောဂီများဟာ မဂ်-၄ ပါး။ ဖိုလ် ၄-ပါးရကြတော့မည်တည်း။

| | | |
|---|---|---|
| (၂၂) | တစက္ကန့်နှင့်သိန်းတန်းကုဋေ | ဧသိ, ဧသိနှင့် ရှုပွါးသော် |
| | ရှုပွါး,ရှုပွါး၊ ရပြွားမသွေ | ဘစက္ကန့်မှာ ကုဋေ တသိန်း |
| | အကုသလ ပြာကျကိလေ | ၂-စက္ကန့်မှာ ကုဋေ ၂-သိန်း |
| | မဂ်စခမ်း ဖိုလ်နန်းစံဘို့ပေ။ | ခန့်ပါရမီ ကုသိုလ် တွေဟာ |

ဝင်ဝင်အားပေး၊ မြှောက်စား၍ နေပါသည်၊ ကျန်တဖက်ကလဲ တစက္ကန့်မှာကုဋေတသိန်း၊ ၂-စက္ကန့်မှာကုဋေ ၂-သိန်းခန့်မျှပင် အကုသိုလ်များ၊ ကိလေသာများ ကုန်းခမ်း ချုပ်ငြိမ်းရသည်။ (သင်္ခတဓါတ်ရှုလို့၊ အသင်္ခတဓါတ်နိဗ္ဗာန်မြတ်ကို ရတယ်ဆိုတာ ဤအတိုင်းပါဘဲ။ ဒီလိုနှင့် မဂ်,ဖိုလ်ကို ရရသွားပါသည်။)

(၂၃) တစက္ကန့်ထိန်း ကိုးသိန်းတင်းတွေ
ဆန်လုံးရေမျှ ရကြမသွေ
အကုသလ ပြာကျ ကိလေ
မဂ်စခမ်း ဖိုလ်နန်းစံဘို့ပေ။

သေိ, သေိနှင့် ရှုပွါး သော်၊ တ စက္ကန့် မှာ၊ ဆန် အတင်း ပေါင်း ကိုးသိန်း ထဲက ဆန်လုံးနှင့်အညီအမျှပါရမီဗီဇများတိုးတက်ဝင်လာသည်။အကုသိုလ်ကိလေသာများလည်း၊ တစက္ကန့်မှာဆန်အတင်းပေါင်း ကိုးသိန်းထဲက ဆန်လုံးနှင့်အမျှပင် ပြာကျ ကုန်ခမ်း ချုပ်ငြိမ်း ရသည်။ ဤ၌ သင်္ခတဓါတ်ကိုရှု၍၊ အသင်္ခတဓါတ်မြတ်လှသောနိဗ္ဗာန်ကို ရတယ်ဆိုတာ ဤနည်းအတိုင်းပါဘဲ။ တဆင့်,တဆင့် မဂ်၄-ဆင့် ဖိုလ် ၄-ဆင့်မြင့်လာပါပြီ။

(၂၄) အ,ဆဲ့နှစ်လုံး ရှုတုံးမှာဝင်
ကိလေ အကု ချုပ်မှုကိုပြင်
ရှုပွါး ရှုပွါး မဂ်ကားဝင်ဝင်
ဒုက္ခတုံး၊ လုံးလုံးနိဗ္ဗာန်ခွင်။

သေိ, သေိနှင့် ရှုပွါးတော့ တစက္ကန့်မှ (အ) တဆဲ့နှစ်လုံး ပါဝါဂုဏ်နှင့် ရရလာသည်။ ဝင်ဝင် လာသည်။ ပြည့်ပြည့်လာသည်။ တိုးပွါး,တိုးပွါး၍လာတော့သည်။ (အ) တဆဲ့နှစ်လုံးနှင့် ဝင်ဝင်နေတယ်ဆိုတာ၊ အစိန္တေယျအကျိုးများ အပ္ပမေယျအကျိုးများ၊ အသင်္ချေယျအကျိုးများ၊ အနန္တအကျိုးများ၊ အပ္ပရိမာဏအကျိုးများ၊ အပ္ပရိစ္ဆိန္နအကျိုးများ၊ အမြတ်ဆုံး၊ အမြင့်ဆုံး,အကြီးဆုံး အသာဆုံး အကောင်ဆုံး အဘိုးတန်ဆုံး အကျိုးများကိုရမည်။ ၎င်းနှင့်ဆန့်ကျင်ဘက်အကုသိုလ်အကျိုးများ၊ ကိလေသာအကျိုးများ ဈာပနပြာကြ၍သွားပိမ့်မည်။ဥပမာကုသိုလ်တပိဿာဝင်လျှင် အကုသိုလ်က တပိဿာပင်

ထွက်ရသကဲ့သို့ရင်း။ပါရမီတပိဿာဝင်လျှင် ကိလေသာတပိဿာ လောက်ထွက်ရသကဲ့သို့ရင်း။ အရာရာတိုင်း ဤနမူနာဖြင့်သိကြပါ။ (သင်္ခတဓါတ်ကို ရှုပွါးလို့အသင်္ခတဓါတ်နိဗ္ဗာန်မြင် ဝင်ဝင် နေပုံကိုလဲ သိထားကြပါလေ။

(၂၅) နှင်းတပေါက်က အံ့လောက်သမုဒ္ဒရာ
နှမ်းတလုံးက မြင့်ဆုံးမိုရ်ပမာ
ဇီးစေ့လောက်က အံ့လောက်စကြာဝါ
ကြောင်း,ကျိုးပြု ရမှုမဟာပွလာ။

(ကုသဂ္ဂေ ဒသ မဒါယ၊ သမုဒ္ဒ ဥဒကံ မိနေ၊ ဝေ မာနုဿိ ကာ ကာ မာ၊ဒိဗ္ဗကာမာနုသန္တိကေ။) ဟူသောဂါထာကို နမူနာယူ၍ နှင်း တပေါက်မျှ လှူလျှင်၊ သမုဒ္ဒရာရေပမာ၊ အကျိုးရ မည်တဲ့။X (တိလမတ္တံ ကတံပုညံ၊ ဉာဏေန၊သမ္ပယုတ္တကံ၊မေရုပမာဏံတံဖလံ နိဗ္ဗြာဓမိဝဗီဇကံ။) ဟူသောဂါထာကို နမူနာပြု၍ နှမ်းတလုံးမျှ လှူလျှင်၊ မြင့်မိုရ်တောင်ကြီးလောက် အကျိုးရမည်တဲ့။X (ဗဒရိ ဗီဇံကတ္တာန စက္ကဝါလဖလံတထာ၊ ဝေပုညံကတွာန၊ သဂ္ဂေ ဒေဝေ၊ သမ္ပတ္တိကာ။) ဟူသော ဂါထာကိုနမူနာယူ၍ ဇီးစေ့ လောက်လှူလျှင် စကြာဝဠာ ကြီးလောက် အကျိုးရမည်တဲ့။ ဘယ်လောက်များ အားရှိစရာကောင်းသလဲ၊ ဘယ်လောက်များ ဝမ်းမြောက်စရာကောင်းသလဲ။ ဘယ်လောက်များ အားတက် စရာ ကောင်းသလဲဆိုတာကို ကြည့်ကြစမ်းပါလား၊ ပရမတ်ဖြစ် သော ဓါတ်တရားကိုရှုပွါးတဲ့ ကုသိုလ်ဆိုလျှင် နှမ်းတလုံးမျှက မြင့်မိုရ်တောင်ကြီး၊ အသင်္ချေလောက် အကျိုးရမည်ဟု ဆို ဘို့ပါသဲ။

## (၂၆) ဘုရားအလောင်း ၆-ဌာနကြည့်ပါ

ဖွါးစမင်းသား၊ထိမ်းမြားထွက်လာ
ဒုက္ကရိနှင့် ဗောဓိပင်မှာ
လက္ခဏာနိမိတ် လေးရိပ်လေးဖြာ
ဓါတ်မတွေ့၊မှတ်ဟော့ဉာဏ်မလာ။

| | |
|---|---|
| ဖွါးစ | ၃၂၊၈၀၊၈၊၁၀၈ |
| မင်းသား | ၃၂၊၈၀၊၈၊၁၀၈ |
| ထိမ်းမြား | ၃၂၊၈၀၊၈၊၁၀၈ |
| တောထွက် | ၃၂၊၈၀၊၈၊၁၀၈ |
| ဒုက္ကရ စရိယာ | ၃၂၊၈၀၊၈၊၁၀၈ |
| ဗောဓိပင် | ၁ ။၈၀၊၈၊၁၀၈ |

ဤပုံစံကို သေသေချာချာ ကြည့်မိတော့ ဘုရားအလောင်း ဖွါးစဉ်လည်း (၃၂)ပါးသော လက္ခဏာတော်ကြီး (၈၀)သော လက္ခဏာတော်ငယ်များ (အသံတော် ၈-ပါး၊ တရာ့ရှစ်ကွက် စက်လက္ခဏာတော်ကြီးများ ပါရှိ၍လာပါပေသည်။ တာပေမဲ့ (ဘုရားဉာဏ်တော်ကြီးဟာမလာသေးပါဘူး။)ဖွါးစက ၁၆-နှစ် သားအထိမင်းသားဘဝ၌လည်း၊၃၂-၈၀-၈-၁၀၈-ပါးများဟာ ပါရှိ၍နေတာပါဘဲ။ ဤအခါလဲ ဉာဏ်တော်ကြီးဟာ မလာခဲ့ သေးပါဘူး။Xယသော်ဓရာနှင့် မင်းသားထိမ်းမြားပြီးပျော်ရွှင် စဉ်။ (၁၄)နှစ်လုံးမှာလဲ ၃၂-၈၀-၈-၁၀၈ များဟာရှိ၍နေတာ ပါဘဲ။ ဘုရားဉာဏ်တော်ကြီးများဟာ မလာ သေးပါဘူး။X ၂၉-နှစ်ရောက်တော့ တောထွက် လာခဲ့တယ်။ ဒီအခါ၌လည်း ၃၂-၈၀-၈-၁၀၈ များဟာ ရှိ၍နေတာပါဘဲ။ ဉာဏ်တော်ကြီး များဟာ မလာသေးပါဘူး။X ဥရုဝေဠ တောမြိုင်ကြီး ထဲမှာ

ဒုက္ကရစရိယာ အကျင့်နှင့် ၆-နှစ်လုံး ကျင့်ကြံ နေတုန်းမှာလဲ ၃၂-၈၀-၈-၁၀၈ များဟာ ရှိ၍နေတာပါဘဲ။ ဉာဏ်တော်ကြီး များဟာမလာသေးဘူးတဲ့။ Xဗောဓိပင်နှင့် ရွှေပလ္လင်ပေါ်ရောက် ၍ မာရ်နတ်နှင့်စစ်ထိုးကြတော့လဲ၊ ၃၂-၈၀-၈-၁၀၈ များဟာ ဝါလာရှိနေကြတာပါဘဲ။ တာတောင်မှဉာဏ်တော်ကြီးများဟာ မရောက်မလာကြသေးဘူးတဲ့။ (ခန္ဓာကိုယ်ထဲမှာ ဓါတ်ကိုရှုတော့ ကမှ၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးဟာ ရောက်လာပြီးတော့ ဂေါတမဗုဒ္ဓဟု မုဒ္ဓ၂ပင် ကျော်စော ထင်ရှား ပွင့်ထွန်းပေါ် ပေါက်၍လာပါတော့သည်။ ဓါတ်တရားမှ၊ ပညာဉာဏ်ကိုဖြစ်စေ နိုင်ပါတယ်ဟု ယုံကြည်ကြပါလေ။

(၂၇)
တိရစ္ဆာန်နဂါး၊ ပတ္တမြားပါလာ | နဂါး ဆို
ရွှေ,ငွေစိန်ကျောက် ထိန်တောက်နေတာ | တာ မျိုးဟာ
လိုရာရ၍ တဘဝ ချမ်းသာ | အ ကု သို လ်
ဓါတ်များရ ချမ်းမြ သံသရာ။ | ကံ ကြောင့်

နဂါးဖြစ်ထာပါ။ တာပေမဲ့ ကုသိုလ်ကံပါလာတာမို့ လည်ပင်း၌ ပတ္တမြားတလုံး ရရှိလာတော့သည်။ ထိုထိုနဂါးများဟာ၊ (၁) အဟိဘ်၊ (၂) ဒုဂ္ဂတိ၊ (၃) အပါယ်ဘုံသား၊ (၄) တိရစ္ဆာန်များဟု ၄-ဘွဲ့ရ၍ နေကြတယ်။ ၎င်းတို့ဟာ ပတ္တမြားတလုံး၏ တန်ခိုး ကြောင့်စိတ်ကလိုချင်တောင့်တတိုင်းပင်ရွှေပြဿာဒ်, ငွေပြဿာဒ် စိန်ပြဿာဒ်, မြပြဿာဒ်, ပတ္တမြားပြဿာဒ်တွေနှင့်နေကြရတယ်။ အစားအစာမှာလဲ နတ်သမင်း၊ နတ်ဟင်း၊ နတ်သြဇာ၊ နတ်

ယမကာတွေ စားသုံး၍ နေကြရပါတယ်။ ဝတ်ဆင်တော့လဲ နတ်များလိုပါဘဲ။အဲဒါဥပမာ,ဥပမေယျကား ငါတို့ဟာကုသိုလ်ကံကြောင့် လူဖြစ်ကြရတာပါ။ ကုသိုလ်ကံကြောင့် ခန္ဓာထဲမှာ (ဓါတ်ပတ္တမြားတွေ)ပါရှိ၍နေပါတယ်။ ဓါတ်ပတ္တမြား တလုံးနှင့်သုံးစွဲနေသော် ရုပ်နာမ်၂-ပါးပြဿဒ်နှင့် လက္ခဏာရေး-၃ ပါး ပြဿဒ်နှင့်၊ ပရိညာ ၃-ပါးပြဿဒ်နှင့်၊ သစ္စာ ၄-ပါး ပြဿဒ်နှင့်၊ ဝိသုဒ္ဓိ ၇-ပါး ပြဿဒ်နှင့်၊ ဗောဓိပက္ခိယတရား ၃၇-ပါးပြဿဒ်နှင့်ဉာဏ်စဉ် ၁၆-ပါးပြဿဒ်နှင့် မဂ်၄-ပါး ပြဿဒ်နှင့် ဖိုလ် ၄-ပါး ပြဿဒ်နှင့် နိဗ္ဗာန် ပြဿဒ်နှင့် ပရိနိဗ္ဗာန် စံသည်အထိပင် တသံသရာလုံး ဧဧ, မြမြ၊ ရွှင်ရွှင်,ပြပြ နေ၍ သွားရတော့မည်။ နတ်လိုဝတ်၊ နတ်များလို စားပြီး တိုးတိုး, ပွါးပွါးနှင့် ဆန်တက် ကြရတော့မည်။ ဝိပဿနာ ယောဂီများ အဆင့်ဆင့်နှင့် မြင့်မြင့်တက်အောင် ပို့ဆောင် ရေးသားသတိပေးသွားခြင်းပါ။ နှိပ်ထား,စက်ထားဟုမထင်ကြပါနှင့် ဉာဏ်ဝင်ကြပါလေ။

| | | |
|---|---|---|
| (၂၀) | အိန္ဒိယကုလား သားများအမွေ<br>တိုက်များပေး၍ စားစား,နေနေ<br>ငါတို့ဘုရား သားများအမွေ<br>ဓါတ်ကိုပေး ဧနိဗ္ဗာန်ပြည်။ | ၁၃၁၀-ခုနှစ် တန်<br>ဆောင်မုန်းလဆုတ်<br>တဆဲ့နှစ်ရက် နေ့<br>က ငါတို့ တစုဟာ |

ရန်ကုန်မှ ကလကတ္တားမြို့သို့ လေယာဉ်ပျံနှင့် ရောက်သွားတယ်။ ကလကတ္တားသို့ရောက်တော့ ကြည့်ရင်း သဘောပေါက် ဉာဏ်

ဆောက်လာပုံမှာကား ဩဒြ်ကုလားလူမျိုးတွေဟာ ၂-ထပ်တိုက် ၃-ထပ်တိုက်ကစ၍ (၁၁)ထပ် ၁၂-ထပ်တိုက်အထိ၊ တိုက်များ တည်ထောင်၍ အခမ်းငှါးပြီး (လခ)ကိုစား၍ ဧေ့မြမြ၊ မဟာ သုခနှင့်နေကြတယ်။ သား, သမီး, မြေး, မြစ်များကိုလဲငွေကိုအ မွေမပေးပါတိုက်တာများကိုသာအမွေပေးပြီး (မိဘ,သား,မြေး ဧေ့ပင် အဘူတကွ နေကြတယ်။) ၎င်းတို့ငှါးစားတဲ့ တိုက် တာများမှာတော့ ဈေးအနီးမှာပါတဲ။ ၎င်းတို့ဘာစုတရုံးထည်း နေကြဘာကတော့၊ မြို့အပြင် လေရ၊ မိုးရ မြေလေသန့်တဲ့ ဒေသ၌ ဝင်းခြံနှင့် ဥယျာဉ်နှင့် ပျော်ရွှင်စွာနေတတ် စားတတ် ကြပါပေရဲ့ အဲဒါဥပမာဘဲ။XX ဥပမေယျမှာ ငါတို့၏ခမည်း တော် ဘုရားကြီးဟာလဲ ငါတို့ကို ရုပ်နာမ် ၂ ထပ်တိုက်တွေ၊ လက္ခဏာရေး၃-ပါး ၃-ထပ်တိုက်တွေ၊ ပရိညာ ၃ ပါး ၃-ထပ် တိုက်တွေစသည်ဖြင့်၊သစ္စာ ၄-ပါး ၄-ထပ်၊ ခန္ဓာ၅-ပါး ၅-ထပ် ဓါတ်၆-ပါး ၆-ထပ်၊ ဝိသုဒ္ဓိ၇-ပါး ၇-ထပ်၊မဂ္ဂင် ၈-ပါး ၈-ထပ် လောကုတ္တရာ ၉-ပါး ၉-ထပ်၊ ပါရမီ ၁၀-ပါး ဆယ်ထပ်၊ သမ္မသနဉာဏ် ၁၁-ပါး ၁၁-ထပ်၊ အာယတန ၁၂-ပါး ၁၂-ထပ် အညသမန်း ၁၃-ပါး၁၃-ထပ်၊ တဆဲ့၄-ချက်ဓမ္မစက် ၁၄-ထပ် စရဏ ၁၅-ပါး ၁၅-ထပ်၊ဉာဏ်စဉ် ၁၆-ပါး ၁၆-ထပ်၊ ဗောဓိ ပက္ခိယ ၃၇-ပါး ၃၇-ထပ်စသော တိုက်တာများကို ပေးပြီး တသံသရာလုံး ဧေ့မြမြနှင့် နေထိုင်စေပါတယ်။ (ပုထုဇ္ဇနော ဥမ္မတ္တကော။) သား,သမီးများသာ တိုက်တာကိုမယူဘဲ ဆင်းရဲ နေကြပါသည်။

(၂၉) ဂဠုန်ရေခွဲ စားမြဲဥပမာ
ယောဂီများလဲ အားခဲဘာဝနာ
ရသည့်နေ့က မြေသံသရာ
ယှဉ်မရ တင်ပြ ဓါတ်ပါဝါ။

သမုဒ္ဒရာဆိုတာ အလွန် လဲ နက်နဲ လှပါ၏။ အလွန် လဲ ကျယ် ဝန်း လှပါ၏။ နက် နဲ ပုံ မှာ ယူဇနာအားဖြင့်(၈၄၀၀၀) အထိနက်နဲပါတယ်။ ကျယ်ဝန်းပုံမှာ နေဆိုဘာအလွန်လျှင်မြန်လှပေမဲ့ ၂၄ နာရီတပတ်နှင့် သမုဒ္ဒရာကိုပတ်မိအောင်ပြေးရတယ်။ ယူဇနာအားဖြင့်၃-သန်း ၇-သိန်းအထိကျယ်ဝန်းလှပါတယ်။နဂါးများကား သမုဒ္ဒရာရေထဲမှာဘဲ ကျက်စားကြပါတယ်။ နဂါးကို ရှာဖွေနေသော ဂဠုန်သည်၊ သမုဒ္ဒရာ ရေပြင်ကြီးကို အတောင် ၂-ဖက်ဖြင့် ရိုက်ခတ်ရာ ရေပြင်ကြီးဟာ ၂-ဖြာကွဲ၍ နဂါးတွေ ပေါ်နေသည်။ ရေပြင်ကြီး ၂ ဖြာကွဲစဉ်၌ လိုက်သွား၍ ဂဠုန်က နဂါးကိုသုတ်ယူလာသည်။ သစ်ပင်၌နား၍ နဂါး၏ အသားကို စားသုံးပါသည်။ အဲဒါဟာ ဥပမာပါဘဲ။XX ဥပမေယျကား ဂဠုန်နှင့် တူသော ယောဂီသည်၊သမုဒ္ဒရာဆိုတဲ့ ခန္ဓာကိုယ်၌ အတောင်၂ ဖက်ဆိုတဲ့ ရှုပ်နာမ် ၂-ပါးဖြင့်အားထုတ်ပုတ်ခတ်ရာ အဝိဇ္ဇာ တဏှာရေပြင်ကြီးကွဲ၍ ဒိဋ္ဌိနဂါးပေါ်နေသည်။ ယောဂီဂဠုန်ကြီးဟာ အကွဲထဲသို့ဆင်းပြီး နဂါးဒိဋ္ဌိကိုချီယူကာ၊ သမ္မာသင်္ကပ္ပ သစ်ပင်ပေါ်၌ စားသောက်လေသည်။နဂါးဒိဋ္ဌိဟာသေဆုံးရှာသည်။ (သမုဒ္ဒရာခန္ဓာ။Xရေက၊ အဝိဇ္ဇာတဏှာX ဂဠုန်က ယောဂီX အတောင် ၂-ဖက်ကရုပ်နာမ်Xရိုက်ခလ်ထာကဝိပဿနာရှုပွါးအားထုတ်နေ

တာX ရေကွဲတာက အဝိဇ္ဇာ တဏှာကွဲကွာတာX နဂါးကဒိဋ္ဌိX သေတာကအနုသယ ကုန်ခမ်း ချုပ်ငြိမ်းတာX သာသနာတော် မြတ်ကြီးနှင့် တွေ့ရတုန်းမှာ ယခုပြသော ဂဠုန်, နဂါးစား ဥပမာနှင့်တူစွာ အားထုတ်၍နေကြပါ။ တသံသရာလုံး ဧေ မြေ ချမ်းသာပြီး နိဗ္ဗာန်ကိုရကြမှာပါဘဲ။

## (၃၀) အာပေါမိုဃ်းရွာချ

ရုပ်ဓါတ်,နာမ်ဓါတ် ၂ရပ်ပို့တာ
သူ့ ဗီဇနှင့်ညီမျှစေတာ
ပြောင်း,စပါး၊ပဲ,ပိန္နဲပမာ
အာပေါဓါတ် မပြတ်ပို့ပေရှာ

| ပြောင်း | စပါး | ပဲ | ပိန္နဲ |
|---|---|---|---|
| စေ့ | စေ့ | စေ့ | စေ့ |

ရုပ်ဓါတ် နာမ်ဓါတ်

| သောတာ | သကဒါ | အနာ | ရဟန္တာ |
|---|---|---|---|
| ဗီဇ | ဗီဇ | ဗီဇ | ဗီဇ |

ဤဥပမာ ပုံစံနှင့် ဥပမေယျပုံစံ ၂-ခုကို သတိ ပြုကြပါ။ အာပေါဓါတ် မိုဃ်းကတော့ ဗီဇမျိုးစေ့တိုင်းကို ကျေးဇူးပြု၍ နေတာချည်းဘဲ။ မိုဃ်းရွာချတော့၊ ပြောင်းစေ့မှ ပြောင်းပင် စပါးစေ့မှစပါးပင်၊ ပဲစေ့မှပဲပင်၊ ပိန္နဲစေ့မှ ပိန္နဲပင်ပေါက်စေ၍ အဆုံးအထိ တိုးတက်ကြီးပွါး၊ စည်ကားစေသည်။ ဤအတူပင် ရုပ်ဓါတ်,နာမ်ဓါတ် ၂-ပါးက၊ သေို,ပူသိ, တင်းသိ, ကြပ်သိ, စသည်ဖြင့် ကျေးဇူးပြုတော့ သောတာပန်ဗီဇရှိသောယောဂီဟာ သောတာပန်ဖြစ်ရသည်။ သကဒါဂါမ်ဗီဇရှိသော ယောဂီဟာ သကဒါဂါမ် တည်သွားသည်။ အနာဂါမ်ဗီဇရှိသော သူဟာ အနာဂါမ်တည်သွားသည်၊ ရဟန္တာဗီဇရှိသောသူဟာရဟန္တာဖြစ်

သွားသည်။ ထို့ပြင် ပကတိသာဝက ဗီဇကြောင့် ပကတိသာဝက ရဟန္တာဖြစ်ရသည်။ မဟာသာဝက ဗီဇကြောင့် မဟာသာဝက ရဟန္တာဖြစ်ရသည်။အဂ္ဂသာဝကဗီဇကြောင့်အဂ္ဂသာဝကရဟန္တာ ဖြစ်ရသည် ပစ္စေကဗုဒ္ဓါဗီဇကြောင့် ပစ္စေကဗုဒ္ဓါဖြစ်ရသည်၊ သမ္မာသမ္ဗောဓိဗီဇကြောင့်ဘုရားများဖြစ်ရသည်။ ကျေးဇူးပြု၍နေတာကတော့၊ ရုပ်ဓါတ်၊ နာမ်ဓါတ် ၂-ပါးထဲပါဘဲ။ ထို့ကြောင့် ဘုရားရှင်ကြီးက နိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှာ (နာမရူပေ ပရိညာတေ အရိယသာဝကဿ၊နတ္ထိကိဉ္စိဥတ္တရိကရဏီယန္တိ။)ဟူ၍ တိုက်ရိုက်ဟောပြထားခဲ့ပါသည်။ နာမ်ရုပ်အပြင် ရှုစရာမရှိတော့ပါ။ ၎င်းရုပ်နာမ်ကိုဘဲ နိဗ္ဗာန်အထိ ရှုနေကြပါ။ ရှုရင်း ရှုရင်း ရောက်ရောက်သွားမှာပါဘဲတဲ့၊ ယုံကြည်ကြပါလေ။

## (၃၁) ၆ ဥဏှာမာဝိဒိဋ္ဌာ (စိတ် ဘုရင်) တိမိဝိဒ္ဓါညာ ၅

စိတ်ဘုရင်များ မှန်မှား ၂-ပုံ
ခြောက်ကပ် ငါးကပ် ၂-ရပ်၊ ၂-စုံ
ပုထု အရိ သိကြဗိုလ်ပုံ
များဓါတ်ကြ၊သတ်မှငြိမ်းရပုံ။

ဘုံ(၃၁)၌ ဖြစ်ဖြစ်သမျှသော လူ၊ နတ်၊ ဗြဟ္မာ၊ တို့ဟာ ဟိုအတိတ် သံသရာလဆန်း တ ရက် နေ့ကစပြီး၊ ယခုနေ့အထိပင် ခန္ဓာကိုယ်တိုင်းပြည်၌၊ စိတ်ဘုရင် စိုးစံနေသော်လဲ ထိုဘုရင် အနီးအနားမှာ ကပ်ကပ်ပြီး တိုက်တွန်းနှိုးဆော်နေကြသော မှူးမတ် ဗာလတွေဟာ အဝိဇ္ဇာ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ မာန တဏှာ၊ ဥပါဒါန် ၆-ပါးတို့ကြောင့် ခန္ဓာပူရတိုင်း

ပြည်ကြီးဟာဂွန်းထိုးမှောက်ခုံ၊ ကသောင်း,ကနင်း၊အဖြင်းဖြင်း နှင့်ဆင်းရဲကြွာရှည်ခဲ့ကြရသည်၊စိတ်ဘုရင်မှာ [ မြင်ရုံမျှ ကြားရုံမျှ နံရုံမျှ အရသာသိရုံမျှ ထိသိရုံမျှကြံစီရုံမျှသာရှိ၍ ရိုးရိုး,သားသား အားထားဘွယ်ကောင်းလှပါ၏။] တာပေမဲ့ စိတ်မှာ အဝိဇ္ဇာ ကပ်နေတော့ ဘာမသိ,ညာမသိချည်း ဖြစ်နေရသည်။ စိတ်မှာ ဒိဋ္ဌိက ကပ်ပြီးလှည့်စားထားတော့ ငါငါ,သူသူ၊ လူလူ,နတ်နတ် အမှားကပ်၍နေရသည်။ X စိတ်မှာ ဝိစိကိစ္ဆာကပ်တော့ အရာရာ ယုံမှားသကာ်ဒွိဟနှင့်သာနေလာရသည်။ X စိတ်မှာမာနကပ်ပြီး လှည့်စားတော့ငါမှ,ငါဘဲ၊ မာနကဲပြီး အလွဲလွဲဖြစ်၍နေရသည်။ စိတ်မှာတဏှာကပ်ပြီးလှည့်စားတော့ ဟိုဟာလိုချင်၊ ဒီဟာလိုချင် နှင့်ငြိကပ်၍နေရသည်။ စိတ်မှာ ဥပါဒါန်ကပ်တော့၊ မရလျှင် မနေနိုင်၊ စွဲလန်း၍သာ နေရတော့သည်။ အဲဒါ စိတ်ဘုရင်ကို မှုးမိုက်,ဗိုလ်မိုက် ကပ်ဆိုက်သဖြင့် ဒုက္ခများနေပုံတည်း။ (ဒုဂ္ဂတိ အဟိတ်ပုထုဇဉ်များ၊ သုဂတိအဟိတ်ပုထုဇဉ်များ၊ ဒွိဟိတ်ပုထုဇဉ် များ၊ တိဟိတ်ပုထုဇဉ်များ ဖြစ်နေပုံကိုယခုပြတဲ့ ပုံစံနှင့်ချွတ်ပြီး နှိုင်းယှဉ်ကာသိနှင့်ကြပါကုန်။

အရိယာများမှာတော့၊ ခန္ဓာကိုယ်က တိုင်းပြည်၊ စိတ်က ဘုရင်ပါဘဲ။ တာပေမဲ့၊ သတိ,သမာဓိ,ဝီရိယ,သဒ္ဓါ,ပညာဆိုတဲ့ ဗိုလ်ငါးပါး ဣန္ဒြေငါးပါးက၊ ကပ်ကပ်ပြီး၊ သြဝါဒပေးဆုမ္မ ပေး၍နေတော့၊ အမြင်မှန်၊ အကြားမှန်၊ အနံမှန်၊ အစားမှန် အတွေ့မှန်၊ အသိမှန်၍သာ သုစရိုက် ပုညကြိယာနှင့် သာနေ

တော့သည်၊ XX စိတ်ဘုရင်မှာပဌမ ခြောက်ပါး ကပ်တော့ အမှားဇာတ်ကို ကပြ၍နေပေသည်။ XX စိတ်ဘုရင်မှာ ဒုတိယ ငါးပါးကပ်တော့ အမှန်ဇာတ်ကို ကပြခင်းကျင်း၍သာ နေပေတော့သည်။ အဲဒါ ပဌမ ၆-ပါးကပ်တော့ ပုထုဇဉ်ပါဘဲ။ ဒုတိယ ငါးပါးကပ်ဘော့ အရိယာပါဘဲ။ ဓါတ်များဖြင့် သတ်ထားပါမှ အမှန်နှင့်နေကြရမည်။ ဓါတ်များနှင့်မသတ်ဘဲထားလျှင် တမှားထဲမှား၍သာနေတော့မည်။ (ဓါတုံခေါ်ဘိကျူ၊ အနိစ္စတော၊ ဇာနတော၊ပဿတော၊ အဝိဇ္ဇာပဟီယတိ၊ဝိဇ္ဇာဥပ္ပဇ္ဇတိ။) သဋ္ဌာယတနဝဂ္ဂသံယုတ် ပါဠိတော်အတိုင်း ပြုပြင်ပါလေ။

(၃၂) | ဂဟပတိ၊ ငွေးဘိရတနာ<br>မြေ့,ရေ လေ,မီး၊ ဓါတ်ကြီး ၄-ဖြာ<br>ရွှေတွေမြောက်များ ထင်ရှားပေါ်လာ<br>ဒါနဓါတ် ပေးအပ် မကုန်ပါ။ | စကြာမင်းကြီး ၏ အခြံအရံ၊ ရတနာ ၇-ပါး ထဲ က

ဂဟပတိ ရတနာ သူငွေးကြီးဆိုတာ တပါး ပါဝင်ရတယ်။ ၎င်းဟာ မြေမှ ရေမှ လေမှ မီးမှ၊ ဝါ၊ ဓါတ်ကြီး ၄-ပါးထဲမှ လိုသလောက် ရွှေအိုးကြီးတွေကို ထုတ်ဖေါ်၍ပေးနိုင်ပါတယ်။ အဲဒါဟာ (ဒါနဓါတ်အကျိုးပေးပုံကလေးပါဘဲ။) (ခ) သီလဓါတ်ကပေးလျှင် ဒါနဓါတ်ထက် အသချေမကတော့ပါ။ (ဂ) သမထဓါတ်ကပေးလျှင် သီလဓါတ်ထက် အနန္တမကတော့ပါ။ (ဃ) ဝိပဿနာဓါတ်သာပေးမယ်ဆိုပါလျှင် အနန္တ အပရိမာဏ နှင့်နိဗ္ဗာန်အထိပေးမည်ကား မလွဲတည်း။

(၃၃) ဒါ,သီ,ထ,ဝိ၊ လေးရှိပါကာ
လေးပုံလေး၀ လေးမျှညီညာ
ကျိ ,ပေးဖလ ညီချုံပုံဟာ
သခ်ျထိရ၏၊ ကျိုးဖလာ။

ယခုဟောကြပြော ကြသိကြ၊ နား လယ် ထားကြသော၊ ဇောတိကာ၊ ဇဋိလ၊ မေဏ္ဍကကာကဝလိယ၊ ပုဏ္ဏ၊ မနုဿယ စသော အမိတဘောဂသူဌေးကြီး ဘ၀မျိုးတို့ကို မူကား၊ ဒါနကံက အကျိုးဖြစ်ဖြင့် ပေးတာဘဲ။ (၂)စာတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ နိမ္မာနရတိ၊ ၀သ၀တ္တီနတ်တို့ ဘ၀မျိုးကိုမူကား၊ သီလကံက အကျိုးအဖြစ်ဖြင့် ပေးတာပါဘဲ။ (၃) ဗြဟ္မာ ပါရိသဇ္ဇာ ကစ၍ နေ၀သညာနာသညာ အထိ၊ (၂၀) တို့ကိုမူကား၊ သမထကံက အကျိုးအဖြစ်ဖြင့် ပေးတာပါဘဲ။ (၄)မဂ်ချမ်းသာ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ တို့ကိုမူကား၊ ဝိပဿနာကံက အကျိုးအဖြစ်ဖြင့်ပေးတာပါဘဲ။ယခုပြတဲ့ ဒါ,သီ,ထ,ဝိ၊ ၎င်းကျိုးပေးကို အဆင့်ဆင့်ခေပုံချသော် ဒါနကံအတွက် ဆယ်ကမ္ဘာ၊ကမ္ဘာတရာ တမ္ဘာတထောင်၊ ကမ္ဘာတသောင်း၊ ကမ္ဘာတသိန်းမျှ၊ စိတ်ချရသည်။ ၎င်းဥကထာအဖွင့်ဘေ့နှင့်ညှိ၍ ကြည့်ကြပါ။ (၂)သီလကံအတွက်မှာတော့ ကမ္ဘာတသန်း၊ကမ္ဘာကုဋေ ကမ္ဘာပကောဋိ ကမ္ဘာကောဋိပ္ပကောဋိ၊ ကမ္ဘာနဟုတ၊ ကမ္ဘာနိန္နဟုတမျှ အဆင့်ဆင့်စိတ်ချရပါသည်။ (၃)သမထကံ အတွက်မှာမူကား၊ ကမ္ဘာပေါင်း၊ အက္ခောဘနီ၊ ကမ္ဘာပေါင်းဗိန္ဒု၊ ကမ္ဘာအဗ္ဗုဒ၊ ကမ္ဘာနိရဗ္ဗုဒ၊ကမ္ဘာအဟဟ၊ ကမ္ဘာအဗဗ၊ ကမ္ဘာအဋဋ မျှစိတ်ချရပါသည်။ (၄) ဝိပဿနာ ကံကမူကား၊ ကမ္ဘာ သောဂန္ဓိက

ကမ္ဘာဥပ္ပလ၊ ကမ္ဘာကုမုဒ၊ ကမ္ဘာပုဏ္ဍရိက၊ ကမ္ဘာပဒုမ၊ ကမ္ဘာ ကထာန၊ ကမ္ဘာမဟာကထာန၊ ကမ္ဘာအသင်္ချေယျအထိ စိတ်ချ ရပါသည်။ ဤကား ဒါ,သိ,ထ,ဝိတို့၏အကျိုးပေးပုံကို အပဒါန် ပါဠိတော် အဋ္ဌကထာ ထေရဂါထာ ထေရီဂါထာ အဋ္ဌကထာ များ၌အကျိုးပေးပုံ၊ ဖွင့်ပြပုံကို နည်းယူ၍ ဝေဘန်ကာပြသခြင်း ဖြစ်ပါသည်။

ဘုံ၊ ပ၊ အာ၊ ဟာ၊ ပဋ္ဌာ၊ နာ၊ က၊ သော၊ ပုံစံ

(၃၄) ၂ ၂ ၂ ၂ ၂ ၂ ၂ ၂ ၂

ဉာဏ်မှာသက်တော့ ဖြစ်ပျက်ရုပ်နာမ်
ပျောက်များ ရောက်သွား၊ ဘုရားဖြစ်ပြန်
ကျန်ရှစ်စုလဲ နည်းပုံတန်တန်
ဓါတ်တရား ဆောင်သွားပြည်နိဗ္ဗာန်။

ဓါတ်တရားက ဆောင်ဆောင်ပို့ သွားတာမှာ တွေ့ ရတော့ ရုပ်နာမ် ဖြစ်ပျက် ရောက်သွားတာက ဘုရားအဖြစ်။ (၂)တွေ့ရတာက ရုပ်နာမ်ဖြစ်ပျက်ပါ၊ ရောက်သွားတာက ပစ္စေကဗုဒ္ဓါ။ (၃)တွေ့ရ တာကရုပ်နာမ်ဖြစ်ပျက်ပါ။ ရောက်သွားတာက အဂ္ဂသာဝကပါ။ (၄)တွေ့ရတာက ရုပ်နာမ်ဖြစ်ပျက်ပါ။ ရောက်သွားအာကမဟာ သာဝကပါ။ (၅)တွေ့ရတာက ရုပ်နာမ်ဖြစ်ပျက်ပါ။ ရောက်သွား တာက ပကတိသာဝကပါ။ (၆)တွေ့ရတာက ရုပ်နာမ်ဖြစ်ပျက်ပါ ရောက်သွားတာက ရဟန္တာ။ (၇)တွေ့ရတာက ရုပ်နာမ်ဖြစ်ပျက် ပါ။ ရောက်သွားတာကအနာဂါမ်ပါ။ (၈)တွေ့ရတာကရုပ်နာမ် ဖြစ်ပျက်ပါ။ ရောက်သွားတာက သကဒါဂါမ်ပါ။ (၉)တွေ့ရတာ က ရုပ်နာမ်ဖြစ်ပျက်ပါ။ ရောက်သွားတာက၊ သောတာပန်ပါ။

ဘုရားပုံစံ၌၊ (ခ)ကျန်တာ၌ရှုစ်မျိုး။ (ဂ)ဆင့်သိကြပါ။ရုပ်နာမ် ဖြစ်ပျက်ရှုလို့ အကုသိုလ် ကိလေသာတို့ အချုပ်အပျောက်အငြိမ်း တွေများများပြီး မြင့်ကာ, မြင့်ကာ ရောက်, ရောက်သွားပုံနှင့် သိထားကြပါ။

(၃၅) စက္ကူဘုရား တဲ့ထားကြရာ
ကမ္ဘာတလွှား အများစိတ်မှာ
ဂါရဝ,သက္ကစ္စ,နိဝါတ ဖြစ်လာ
ပညတ်ရှိ ဓါတ်မိထိုအရာ။

(ပညတ်ရှိရာ ဓါတ်သက်ပါ။) စကားပုံအတိုင်း ဘာမျှအဘိုးမထိုက်တန်သော၊ စက္ကူပေါ်မှာ ဘုရားရုပ်ပုံတော်ကို ရေးမယ်။ ပုံနှိပ်၍ထားမယ် ဆိုပါတော့၊ ထိုအခါ စက္ကူဟာ ဘုရား၏ရုပ်ပုံနှင့်(သဟဇာတ) ပစ္စယာဖြစ်လာလို့ ပုထုဇဉ် ၄-ဒု၊ အရိယာရှစ်စုတို့က။ ဝါ၊ကမ္ဘာ တလွှားမှာရှိကြတဲ့ လူ,နတ်,ဗြဟ္မာတွေက ဂါရဝပြုချင်တဲ့ စိတ်ထား၊ သက္ကစ္စပြုချင်တဲ့စိတ်ထား၊ နိဝါတပြုချင်တဲ့စိတ်ထားများ ဖြစ်ပေါ်လာစေပြီးတော့ ရှိခိုးကြ၊ ဦးချကြ၊ ပူဇော်ကြ၊ မြှတ်နိုးကြတော့သည်။ စက္ကူပင်ဘုရားနှင့်ပေါင်းတော့ အရိယာတို့၏ ခေါင်းပေါ်၌နေရတုံသေး၏။ ယောဂီတွေဟာ ပရမတ်ဓါတ်နှင့် ပေါင်းလျှင်၊ လူ,နတ်,ဗြဟ္မာ,တို့၏ခေါင်းပေါ်၌ တသံသရာလုံး နေသွားကြရမည်။ (သဟဇာတပစ္စယော)အထိ ပြုလုပ်ကြပါကုန်

(၃၆) သေတ္တာ ထင်းရှူး၊ တဲ့ပုံးဗီမှာ၊
ရှိသေကိုင်းညွှတ်၊ ဝတ်ပြုများစွာ
သဟဇာတ တဲ့ကပါဝါ
ဓါတ်သဘော လတ်တလောမြင့်တက်လာ

ဘာလောက်မှ အဘိုးမတန်သော ထင်းရှူး

သေတ္တာပင် ကျောက်ဆင်းတု စသော ရုပ်ပွါးတော် ထည့်၍ မိမိနေရပ်ဆီသို့ ယူလာပင့်လာခဲ့သော် ဘုရားရုပ်ပွါးတော် ထည့်ထားသောထင်းရှူးသေတ္တာပေါ်၌ မိမိမထိုင်ဝံ့တော့ပါ၊ မကျော်မလွှားတော့ပါ။ ချထားဦးတော့၊ မြင့်ရာဌာန၌ချထားရမည်။ အကြောင်းကား ထင်းရှူးသေတ္တာထဲ၌ ကျောက်ဆင်းတုဘုရား၊ ရုပ်ပွါးရှိနေလို့ပါ၊ နောက်နောင်လဲ ဘုရားရုပ်ပွါးထည့်ထားမိသောထင်းရှူးသေတ္တာမို့၊ မရိုမသေမလုပ်ဝံ့တော့ပါ။ ဘုရားဘို့ဆွမ်းချက်ရာ၌ထင်းပြု၍ ဖျောက်ဖျက်ပြစ်ရတော့မည်ဖြစ်သည်။ ယောဂီများလဲ မိမိခန္ဓာကိုယ်နှင့် (ဓါတ်ဘုရား) ကို အမြဲတမ်းရှုပွါး ကိုးကွယ်၍နေကြပါ။ (၃၁) ဘုံသားတွေက မိမိကို ရိုသေနေကြလိမ့်မည်။

(၃၇) အရှူး ၂ ပါး၊ ထူးခြားသိပါ
ဇာတကကု တစုပျောက်ရှာ
နောက်အရှူးကား တရားဓါတ်သာ
သုံးစားမှု လုံးဝနှပျောက်ကင်းမှာ။

လောက၌ အရှူးသည် (က) အရှူးကလေး။ (ခ) အရှူးကြီးဟူ၍ ၂-မျိုး ရှိ၏၊ ထိုဘွင်၊ အရှူးကလေး ဆိုသည်ကား၊ သည်းခြေပျက်၍ စိတ်ဟာ ကတောက်ကတတ်၊ သွက်သွက်လည်အောင် ရှူးသောသူကို၊ အရှူးကလေးဟုဆိုသည်။ အဘယ့်ကြောင့် နည်းဟူမူ စိတ်ဟာ သွက်သွက်လည်အောင် ရှူးငြားသော်လည်း၊ စိတ်ဖြစ်တိုင်း၌၊ မဝှက်မသို ဖြောင့်မတ်စွာ ဆိုသည့်ပြင်၊ မတော်တဆ ပါရာဇိကစသော အမှုကြီးများကို၊ ပြုမိ့လွန်ကျူး မိငြားသော်လည်း၊ မိမိပြုသောအမှုကို မကွယ်မထောက် ဖြောင့်မတ်စွာဆို

သဖြင့်၊ အပြစ်ကို ထင်စွာ ပြုခြင်းကြောင့် အပါယ်လေးပါး၊ အဝီစိစသော ငရဲကြီးများသို့ မကျရောက် နိုင်သောကြောင့် အရှုးကလေးဟု ဆိုရပါသည်။ (ခ) အရှုးကြီး သည်ကား၊ (ပုထုဇ္ဇနော ဥမ္မတ္တကော။ X ပုထုဇ္ဇနော အန္ဓော၊ X ပုထုဇ္ဇနော ဗာလော။) ဟူသည်တို့နှင့်အညီ၊ စိတ်ကိုမနိုင်မနင်းသော ပုထုဇဉ် ဟူသမျှတို့သည် အရှူးကြီးသာလျှင်မည်ကုန်၏။ အဘယ့်ကြောင့် နည်းဟူမူ စိတ်ကို မနိုင်နင်းသည်အတွက်၊ ကတောက်ကတက် နှုတ်က ထွက်ချင်ရာထွက်၍ ယုတ်ယုတ်မာမာ၊ ကြံချင်ရာကြံပြီး ပြုလိုရာ ပြုငြားသော်လည်း၊ သူတပါးအား ဟုတ်မှန်တိုင်းကို မပြောကွယ်ဝှက်ဖုံးလွှမ်းခြင်းတည်းဟူသော အလဇ္ဇီဓမ္မ မတော် တဆ၊ ပါရာဇိကအာပတ်သို့ ရောက်ငြားသော်လည်း၊ ကွယ်ဝှက် ဖုံးလွှမ်းခြင်း တည်းဟူသော၊ အလဇ္ဇီဓမ္မ၊ ရှိကြ၍ အကုသိုလ် ဆိုလျှင် တွင်တွင်ကြီး ပြုလုပ်ကြလျက် အပါယ်ငရဲ၊ အဝီစိထဲ တိုင်အောင် ဒုတ်ဒုတ်ထိ ကျနိုင်သောကြောင့် အရှူးကြီးဟုခေါ် ရပါသည်။

(က) အရှူးကလေးအတွက် အရှူးနာ ပျောက်စေနိုင်သော ဆေးသည်လည်း၊ ငြပ်ပိဘ်ချင်းစသော၊ ဇီဝက၏ဆေးတမျိုးဖြင့် ကုသပေးသော် ၅-ရက်အတွင်း (၁၅)ရက်အတွင်း၌ ပျောက် ကင်းစေနိုင်ပါသည်။ (ခ) အရှူးကြီး အတွက် ဆေးကား၊ မြတ်စွာဘုရား၏ သမထ ဝိပဿနာဆိုတဲ့ ဆေးဝါးဖြင့် ကုသပေးသော် (၅)ရက်အတွင်း (၁၅)ရက်အတွင်း၌ ပျောက် ကင်းစေနိုင်ပါသည်၊ (က)အရှူးကလေးကိုသာ ဇီဝက၏ဆေးမျိုး

ဖြင့် ပျောက်ကင်းစေနိုင်၍။ (ခ) အရှုးကြီးကိုတော့ ဇီဝကလဲ မနိုင်၊ သိကြားမင်းကနတ်ရေစင်ဖြန်း၍လဲမရနိုင်၊ ဗြဟ္မာမင်းကြီး၏၊ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊ ဈာန် စသော ဆေးမျိုးနှင့်လဲ မနိုင်တော့ပါ။ မြတ်စွာဘုရား၏ သမထ၊ ဝိပဿနာဓါတ်ဆေး နှစ်တိုက်ကျွေး ကုသမှသာ နိုင်ပါတော့သည်။ ဓါတ်ဆေးနှင့် ပျောက်ကင်းသော ပုဂ္ဂိုလ်များမှာ။ [ဘုရားတွေအနန္တ၊ ပစ္စေကဗုဒ္ဓါတွေအနန္တ၊ အဂ္ဂသာဝကတွေအနန္တ မဟာသာဝကတွေအနန္တ ပကတိသာဝကတွေအနန္တ၊ ရဟန္တာတွေ၊ အနာဂါမ်တွေ၊ သကဒါဂါမ်တွေ၊ သောတာပန်တွေ၊ ဘုရားတဆူတဆူလျှင် ပါပါသွားကြတဲ့ ၂၄-သင်္ချေ ကုဋေ(၆၀) ဗိုလ်ခြေတသိန်း တွေပါဘဲ။] ၎င်းတို့ဟာ ဓါတ်ဝိပဿနာဆေးနှင့် ကုသ၍ပေးမှ ပျောက်ကင်းနိုင်ပါတယ်။ သာဓကမှာ (သာဝကာဟိ၊ စတုန္နံ ဓါတူနံ၊ ဧကဒေသမေဝ၊ သမ္မသိတွာ၊ နိဗ္ဗာနံပါပုဏန္တိ။) မူလပဏ္ဏာသ အဋ္ဌကထာကြည့်ပါ။ (ပထဝီဓါတုညာ၊ အတ္တေနဝါ၊ အတ္တနိယေနဝါ။) ဆိုတဲ့။ မဟာဝေဒလ္လသုတ်တော်လဲ ကြည့်ကြပါ။ ထို့ပြင် ဓါတ်တရားနှင့်ဆိုင်သော ပါဠိပေါင်း(၃၀၀)ကျော်ကိုလဲ ကြည့်ကြပါ။ ဓါတ်နှင့် ကုသပေးမှပျောက်ကင်းမှာမို့၊ အကျိုးမျှော်ပြီး နှိုးဆော်တိုက်တွန်းအပ်ပါသတည်း။

(၃၈) ခန္ဓာဇရပ်ကြီး၊ တနည်းသာလာ
ကောင်းဆိုးရောရှ တဲ့ပြုခိုရာ
ခဏသာအောင်း ပေါင်းကြခဲ့ခွါ
ဇရပ်ပျက် ပြည့်နှက်တဲခိုရှာ။

လူ့ ခန္ဓာ ကိုယ်ကြီး၊ နတ် ခန္ဓာကိုယ်ကြီး၊ ဗြဟ္မာ့ ခန္ဓာ ကိုယ် ကြီး တွေ ဟာ

ရှာကြို့ ရှာကြွားကာ (သာသာယံ၊ ဇရပ်ကြီးပမာ) ဟုဘဲ။ ကောင်းတဲ့၊ လူတွေရော၊ မကောင်းတဲ့လူတွေရော၊ ယုတ်တဲ့လူတွေရော၊ မြတ်တဲ့လူတွေရော၊ အမျိုးမျိုး အဖုံဖုံ၊ အစုံစုံ အလင်လင် အမြဲပင်ထွက်ဝင်သွားလာ၊ တဲခိုရာ၊ ဇရပ်ကြီးနှင့်တူနေကြတော့၏ ၎င်းတို့ဟာ ခဏမျှသာခိုအောင်းကြပြီးတော့။ မကြာမီ၊ ပေါင်းသင်းရာမှ ခွဲခွါ၍သွားကြရသည်။ တဲကြ၊ ခိုကြ တုန်းမှာတော့ ဇရပ်ကြီးပေါ်မှာပြည့်နှက်၍၊ နေကြတာပါဘဲ။ ခွဲခွါ၍သွားကြတော့၊ ဇရပ်ကြီးဟာ ဘာမှမရှိတော့ဘဲ၊ ဟာလာ ဟင်းလင်းနှင့် ပျင်းစရာကြီး ကျန်၍ နေကြတော့သည်။ ခန္ဓာကိုယ်ကြီး မှာလဲ အကုသိုလ် စိတ် စေတသိက်တွေ၊ ကုသိုလ် စိတ် စေတသိက်တွေ ဝိပါက်စိတ် စေတသိက်တွေ၊ ကြိယာ စိတ် စေတသိက်တွေဟာ ရောကြိတ်ပြည့်နှက် တဲခိုပြီးနေကြတော့သည်။ ဥပါဒ်၊ ဌီဘင်စေ့ လျှင် ခွဲကြ၊ ခွါကြ၊ သွားကြ၊ ပြောင်းကြတော့သည်။ တဲတုံးလဲ မကောင်း၊ ခွဲခွါလဲမကောင်းတော့ပါ။ ပျင်းဖို့ငြီးငွေ့စရာကြီး ပါဘဲတကားဟု နိဗ္ဗိန္ဒဉာဏ် ဝင်နေပါစေသတည်း။

| | | |
|---|---|---|
| (၃၉) | ဒါန သီလ သမထသုံးဖြာ<br>စက်တက် ရှက်နှင့် သွားချက်တူစွာ<br>မဖြုတ် မနုတ်၊ ကျောက်ထုတ်ပမာ<br>သုံးဆဲ့တစ်၊ ရစ်ရစ်လယ်နေတာ | သံ သ ရာ တ ခွင်<br>လူနယ်ကမ်း၊ နတ်<br>နယ်ကမ်း၊ ဗြဟ္မာ့<br>နယ် ကမ်း မှ ဒါန |

လှေကြီး၊ သီလလှေကြီး၊ သမထလှေကြီး၊ သုံးစင်း၌ စီးနင်းကြပြီး ပါရမီဆယ်ပါး တက်များနှင့် စရိယာသုံးပါး တက်များ

နှင့်စုနှံ့ခြင်းကြီးငါးပါး တက်များနှင့် လှော်ကြ၊ ခတ်ကြ ထွက်ကြပါတယ်။ တာပေမဲ့၊ လူ၏ကမ်းမှ နတ်၏ကမ်းမှ ဗြဟ္မာ၏ကမ်းမှ၊တလှမ်းလောက်မျှ၊ ဒါ့သို့ထ လှေ၃-စင်းဟာ ခွါ၍ပင်မရသေးပါ။ ဟိုသံသရာလဆန်းကာရက်နေ့ကစ၍ ယခုနေ့အထိပင်ခွါ၍မရကြသေးပါ။ ဘာပြုလို့လဲဟု စစ်ဆေးကြည့်တော့ ကမှဒိဋ္ဌိကျောက်ကြိုးလဲမနှုတ်ကြရသေးလို့ပါ။ အဝိဇ္ဇာကြိုးလဲမဖြုတ်ကြရသေးလို့ပါ။ ဤပုံဥပမာရော၊ ဥပမေယျရော ပြကြပါလေ။ လူမှာ,နတ်မှာ,ဗြဟ္မာမှာဓါတ်အစုအဝေးပါ။ ဓါတ်နှင့်ကျောက်ကိုနှုတ်ပါ။ ဓါတ်နှင့်ကြိုးကိုဖြုတ်ပါ။ ဒီတော့ကမှ လိုရာဌာနသို့သွားနိုင်မှာ။ပုထုဇဉ် ၄-စုကား၊ ကျောက်မနှုတ်၊ ကြိုးမဖြုတ်လို့မသွားနိုင်ကြတာပါ။ အရိယာ ၄-စုကား၊ ကျောက်နှုတ်ကြိုးကိုဖြုတ်၍ သွားနိုင်ကြတာပါဘဲ။

(၄၀) လေးဝဓါတ်ကြီး တက်စီးတင်တင်
နိဗ္ဗာန်အောင်မြို့ သွားဘို့စီစဉ်
တက်ကြ စီးကြ၊ ခရီးကလျှင်လျှင်
ဒုက္ခတုံး လုံးလုံး နိဗ္ဗာန်ဝင်။

ဓါတ်ကြီး ၄-ပါး ဆိုတဲ့ သင်္ဘော နာဝါသို့၊ တက်ကြပါ။ စီးနင်းကြပါတော့။နိဗ္ဗာန်အောင်မြို့သို့ဆောင်ပို့ထွက်သွားပို့ထားဘို့ရန်စီစဉ်၍နေပါပြီ။ခရီးကလျှင်လျှင် မြန်မြန်မို့၊ အားသန်သန်နှင့်တက်ကြပါစီးကြပါကုန်။ ဒုက္ခတုံး၍ လုံးလုံးနိဗ္ဗာန်သို့ ဝင်စံကြရပါလိမ့်မည်။ခိုးသားကိုးရာ၊ခိုးသားခုနှစ်ရာ၊ခိုးသားငါးရာတို့ကိုကြည့်ကြပါတော့။ တနည်း၊ တန်ခိုးပြကျမ်း၌ရေးသားထားသော(ဝတ္ထု

၆၀)ကိုကြည့်ကြပါလေ။ စာတလုံးမှ၊ ပေတလုံးမှမတတ်ကြဘဲနှင့် မဂ်ဖိုလ်နိဗ္ဗာန်ရကြသောဝတ္ထု ၆၀–ကို တွေ့ကြရမည်သာတည်း။

(၄၁) သူဌေး ၄ ဦး မင်းမှူးတဖြာ
ဗိုလ်ငါးပါးဟု ခြားနားသိပါ
သူ့ဌာနကြ သူမှုဗိုလ်စွာ
ပေါင်းသင်းကြ ပြာကျကိလေသာ၊

မင်းကတပါး၊ သူဌေးသားက ၄–ဦး။ ရှင်ငါးဦးတို့ဟာ ကျောင်းနေဘက်သူငယ်ချင်းဖြစ်၍ လာခဲ့ကြသည်။ ယခုလဲ တပြည်ထဲ၌မိဘအမွေတွေကိုရ၍ စံစားကြသည်။ ရှင်ငါးဦးတို့ဟာ တောင်ထိပ်ပွဲလမ်းသဘင်ကြုံတော့ အချင်းချင်းကျွေးမွေးကြသည်။ ကျွေးမွေးပုံမှာ။ (၁)ပဌမ၌ မင်း၏နန်းတော်၌ စုရုံး ကျွေးမွေးကြရာ မင်းဟာ ထထ,ကြွကြွ ဒီဟာစားပါ။ ဟိုဟာစားပါနှင့် သူ့ကိစ္စသူ့အိမ်မို့ သူ၁င်ဝတ္တရား ဆောင်ရွက်နေသည်။ ၄–ဦးကား ဣန္ဒြေရနှင့်စားသုံးကြ၏။ ပညိန္ဒြေကိစ္စတည်း။ (၂)ဒုတိယနေ့၌ အရှေ့ပြင်သူဌေးအိမ်၌ ကျွေးမွေးတော့ မင်းနှင့် ၃–ဦးရောက်လာ၍စားသုံးကြသည်။ အရှေ့ပြင်သူဌေးကား ထထ,ကြွကြွနှင့် စားပါ၊သုံးပါနှင့်ကိစ္စပြုရသည်။ သဒ္ဓိန္ဒြေကိစ္စတည်း။ (၃)တတိယနေ့၌ တောင်ပြင်သူဌေးအိမ်၌ ကျွေးမွေးတော့၊ မင်းနှင့် ၃-ဦး ရောက်လာ၍ စားသုံးကြသည်။ တောင်ပြင်သူဌေးဟာ၊ ထထ,ကြွကြွနှင့်စားသုံးကြပါဟု ကိစ္စပြုနေရသည်၊ သတိန္ဒြေ၏ကိစ္စတည်း။ (၄)စတုတ္ထနေ့၌ အနောက်ပြင်သူဌေးအိမ်၌၊ ကျွေးမွေးတော့ မင်းနှင့် ၃–ဦးရောက်လာ၍ စားသုံးကြသည်။ အနောက်

ပြင်သူဌေးကား၊ ထထ့ကြွကြွနှင့်စားပါ သုံးပါဟု ကိစ္စပြု၍ နေရသည်။ သမာဓိန္ဒြေ၏ကိစ္စတည်း။ (၅) ပဉ္စမနေ့၌ မြောက်ပြင်သူဌေးအိမ်၌ ကျေးမွေးတော့၊ မင်းနှင့် ၃-ဦးတို့ ရောက်လာ၍ စားသုံးကြသည်။ မြောက်ပြင်သူဌေးကား ထထ့ကြွကြွနှင့် စားကြပါ သုံးကြပါဟု ကိစ္စပြု၍နေရသည်။ ဝီရိယိန္ဒြေ၏ကိစ္စတည်း။ ဤကားမင်းနှင့် သူဌေး ၄-ဦးတို့၏ကျေးမွေးပုံ ညွှိခံပုံကိစ္စပြုပုံဥပမာတည်း။ ယခုလဲ ပေါ်သိ ၃၈-ပါးသော ကုသိုလ်ထဲ၌။ (၁) ပညိန္ဒြေ။ (၂) သဒ္ဓိန္ဒြေ။ (၃) သတိန္ဒြေ။ (၄) သမာဓိန္ဒြေ။ (၅) ဝီရိယိန္ဒြေဆိုတဲ့ ဣန္ဒြေငါးပါးတို့ဟာ ထဂူထဲနေတဲ့၊ ခြင်္သေ့ငါးကောင်မဟုတ်ပါ။ လက်ငါးချောင်း ကဲ့သို့၊ ကိစ္စရှိလျှင် ကူညီလုပ်မည့်။ ဣန္ဒြေငါးပါးသာတည်း။ ပွဲတော်ငါးရက်နေ့မှာ ကျေးမွေးကြသော မင်းနှင့်သူဌေး၄-ဦးကဲ့သို့သူ့နေရာမှာသူပင် အဓိပတိသဘော ကြီးစိုးပြုလုပ်နေရပုံကို သိကြပါလေ။

၁၃၂၅-ခုနှစ်၊ ၁၃-လဆုပ်၊ ၁၂-၁၃-ရက်၊ ကော့ကရိတ်မှာရေးသည်။

(၄၂) သာသနာလာကြ၊ သာသနာ့အလုပ်ပါ<br>
လူ့ဘုံလာကြ လူမှုလုပ်ထာ<br>
လူလိုလုပ်လို့ လူရုပ်ပေါ်လာ<br>
မဂ်ဖိုလ်ရ လူ့ဘဝ အစစ်ပါ။

လူ့ဘုံသို့ ရောက်လာကြတဲ့လူတွေဟာ ဘယ်သူမဆိုလူ့အလုပ်ကိုသာ လုပ်ကြရသည်။ ထို့အတူပင် သာသနာထဲသို့ လာကြသော လူတွေဟာလဲ သာသနာ့ အလုပ်ကို စလုပ်နေကြဘို့လာခဲ့ကြတာပါ။ နမူနာလူ့ဘုံရောက်တဲ့ လူတွေဟာ လူလိုနေ လူလိုပြု၊ လူလိုပြော၊ လူ့သဘောနှင့်နေကြရသည်။

နတ်ဘုံသို့ရောက်နေကြတဲ့ နတ်တွေဟာလဲ၊ နတ်လိုနေ၊ နတ်လိုပြု နတ်လိုပြော၊ နတ်သဘောနှင့်နေကြရသည်။ ဗြဟ္မာ့ဘုံသို့ရောက်လာကြသော ဗြဟ္မာတွေဟာ ဗြဟ္မာလိုနေ ဗြဟ္မာလိုပြု ဗြဟ္မာလိုပြော၊ ဗြဟ္မာ့သဘောနှင့်နေကြရသည်။ [ယခုသာသနာတွင်းသို့ရောက်နေကြပါပြီ။သာသနာလိုနေ သာသနာလိုပြု၊ သာသနာလိုပြော သာသနာ့သဘောနှင့်နေကြ ထိုင်ကြမှသာလျှင် မဂ်ဖိုလ်ရ၍ နိဗ္ဗာန်သို့ကြွကြရပေမည်။ သတိပြုကြပါလေ။

(၄၃)

| | | |
|---|---|---|
| ကျင့်ရုံဓါတ်ဓမ္မ အာစာရအရိယာ | ကျင့် အာစာရ အရိယာ | သဗ္ဗညု ဘုရားက |
| များစွာသိဘတ် ဇာတ်ပုထုဇ္ဇာ | | |
| သဗ္ဗညုနှင့် ကြည့်ရှုတဲ့မှာ | ဝိ သု, ဘိ, ပိ, နိ, အင်္ဂါ ဓံ | |
| ဤ၂-ပါး ဉာဏ်အားဝေဘန်ပါ။ | ကလျာဏ ပုထုဇဉ်တဲ့ | |

ဤပုံစံကိုကြည့်သော် ဂိုဏ်းထောက်ကြီးတွေ၊ ဂိုဏ်းအုပ်ကြီးတွေ ဂိုဏ်းချုပ်ကြီးတွေ၊ ဆရာတော်ကြီးတွေ သာသနာပိုင်ကြီးတွေဟာ ဝိနည်းငါးကျမ်း၊ သုတ် ၃ ကျမ်း အဘိဓမ္မာ ၇-ကျမ်း ပိဋကတ် ၃-သွယ်၊ နိကာယ်ငါးဖြာ၊ အင်္ဂါ ၉-တန်၊ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) ကျမ်းကုန်အောင်တို့ကို ဘတ်သိ လိမ္မာ၍နေကြပါသော်လဲ သဗ္ဗညုတဘုရားအားလုံးက၊ ၎င်းတို့ကို ကလျာဏ ပုထုဇဉ်ဟု ခေါ်တွင်စေပါသည်။ ပုထုဇဉ် ၄-ပါးထဲ၌ ထည့်၍ထားပါသည်။X ဘာမှမတတ်ဘဲ၊ ဓါတ်တရားကို ကျင့်ယုံမျှနှင့်နေသောသူများကိုတော့၊ အာစာရ အရိယာ ဘွဲ့ဘော်ကြီးနှင့်

မှည့်ထားပါသည်။ ဘွဲ့ပေးသောသူတို့ကို ကြည့်တော့၊ သမုဒ္ဒရာဝါလုသဲစုမကတဲ့ ဘုရားကြီးတွေပါဘဲ စဉ်းစားကြပါ။ ဘာမှမတတ်ဘဲ၊ ကျင့်ယုံမျှ ကျင့်နေကြတဲ့ သူများကိုတော့ အာစာရအရိယာဘွဲ့တော်ကြီးနှင့် ချီးမြှင့်၍ ထားပါသည်။ စာတတ်, ပေတတ်,ကျမ်းတတ်, ဂန်တတ်ကြီးများကိုတော့ သဗ္ဗညုဘုရားအားလုံးတို့က ကလျာဏပုထုဇဉ်ဟုပုထုဇဉ် ၄ ပါးနယ်ထဲ၌ထည့်၍ ဘွဲ့ပေးခဲ့ပါသည်။ မဟာဂရုဏာနှင့် မဟာမေတ္တာနှင့် ဟောခဲ့တာပါဘဲ။ အဲဒါကို မိမိဉာဏ်ကျယ်သလောက် ဝေဘန်ကြပါကုန်၊ စဉ်းစားကြပါကုန်။

(၄၄)
ဝိပဿနာခိုင်း လုပ်တိုင်းအပေါ်မှာ
တဏှာခိုင်းတော့ လုပ်တိုင်းအောက်မှာ
(၃၁)ဘုံသား လုပ်အားကြည့်ပါ
ကိုယ့်အိမ်ကြီး ကိုယ်မီးရှို့နေတာ။

ဝိပဿနာက ခိုင်းတိုင်းပင် ထထပြီး ပြုလုပ်ကြသော ၂၄-သင်္ချေ ကုဋေ (၆၀) ဗိုလ်ခြေတသိန်းတို့ဟာ အရိယာဘဝနှင့် အထက်တန်းမှာ နေနေသွားကြသည်။ တဏှာက ခိုင်းတိုင်းပင် ထ,ထပြီး ပြုလုပ်ကြသော ပုထုဇဉ်တို့ကား၊ အောက်တန်းမှာဘဲ နေကြရသည်။ (၃၁)ဘုံသားတို့ကိုအကဲခတ်ကြည့်သော် ကာမဘုံသားတွေလဲ ကာမတဏှာက ခိုင်းတိုင်းလုပ်နေကြရသည်။ ရူပဘုံသားတွေလဲ ရူပတဏှာက ခိုင်းတိုင်းလုပ်နေကြရသည်။ အရူပဘုံသားတွေလဲ အရူပတဏှာကခိုင်းတိုင်း လုပ်နေကြရသည်။ တဏှာအရှင် တဏှာသခင်၏၊ကျေးတွေ ကျွန်တွေသာဖြစ်ကြရသည်

တကျော့ ၃-ပါးက ခိုင်းတိုင်းပြုလုပ်မိသော်၊ မိမိ၏ခန္ဓာအိမ်ကြီးကိုမိမိကပင် ကိလေသာမီးတွေနှင့်ရှို့နေသည် မဟုတ်ပါလော။

| | | |
|---|---|---|
| (၄၅) | သန္ဓေထောင်ကျ ဆယ်လလွန်ကြာ<br>ဘဝထောင်ကျ နှစ်ကတရာ<br>ဓါတ်တရားနှင့် လွတ်သွားအောင်သာ<br>ရှုပါမှ မုချ မဂ်ဖိုလ်လာ။ | ဒါန, သီလ,<br>သမထ ကြောင့်<br>လူ့ ပြည် သို့<br>ရောက် လာ ပြီး |

တော့၊ အမိ၏သားအိမ်ထဲမှာ ၉-လ ၁၀-လမျှကွေးကွေးကလေးနှင့်နေလာခဲ့ရသည်။ မညောင်း, မညာဘူး ထင်ပြီးတော့ ၉-လမှ ၁၁-လ ထောင်ကျ၍ နေကြတာကို တွေးတောကြည့်က သိကြရမည်တည်း။

မိခင်၏ ရင်တွင်းမှ သက်ဆင်း၍လာတော့ လူ့ဘဝမှာပင် အနှစ်တရာမှ ထောင်ကျ၍ နေကြရပြန်သည်။ နတ်မှာ နတ်အလျောက် အနှစ် ၉-သန်းမျှ စာတုမဟာရာဇ်ဘုံမှာX၃-ကုဋေနှင့် ၆-သန်းမျှ၊ တာဝတိံသာဘုံမှာX ၁၄-ကုဋေ ၄-သန်းမျှ ယာမာဘုံမှာX ၅၇-ကုဋေ ၆-သန်းမျှ။ တုသိတာဘုံမှာX ၂၃၇ ကုဋေ ၄-သန်းမျှ။နိမ္မာဘုံမှာX၉၂၁ ကုဋေ ၆-သန်းမျှ။ ဝသဝတ္တိဘုံမှာ ထောင်ကြ၍နေကြသည်။Xဗြဟ္မာတို့၌လည်းအချို့အန္တရကပ် ၂၃-မျှ။ (လ)အချို့ မဟာကပ်ပေါင်း (၈၄၀၀၀) မျှ ထောင်ကျ၍နေကြသည်။ (၃၁)ဘုံထောင်ထဲက မလွတ်ကြသေးပါ၊ ဓါတ်တရားကို ရှုပွါးမှသာ ၃၁-ဘုံထောင်မှ ကျွတ်ကြလွတ်ကြမည်ဟုသိကြပါလေ။

(၄၆) ဒါနထောင်တွင်း ကျဆင်းတရာ
သီလထောင်တွင်း ကျဆင်းထောင်ပါ
သမထထောင်းတွင်း ကျဆင်းသိန်းပါ
ဝိပဿနာမှ လွတ်ရနိဗ္ဗာန်တာ။

ဝဋ္ဋဒါန ပြုမိကြသော ပုဂ္ဂိုလ်များ ဟာ လူတို့ ဘုံဆိုတဲ့ ထောင်တွင်း၌ ကမ္ဘာတရာမျှ ကျကျနေကြရပါသည်။ ဝဋ္ဋသီလ ပြုမိကြသော ပုဂ္ဂိုလ်များဟာ နတ်ပြည်၌ကမ္ဘာပေါင်း တထောင်မျှ ထောင်ကြ၍နေကြရပါသည်။ သမထပြုမိကြသော ပုဂ္ဂိုလ်များဟာ ဗြဟ္မာ့ဘုံထောင်ထဲ၌ ကမ္ဘာပေါင်း (တသိန်းမျှ ကျ၍နေကြရပါသည်။ ဓါတ်ဝိပဿနာကို ရှုမှသာလျှင် နိဗ္ဗာန် မဂ်,ဖိုလ်သို့ ရက်တိုတိုနှင့် လွတ်မြောက်ပြီး ရောက် ကြရမည်။ ဝိပဿနာဓါတ်တရားကို ကြိုးစားကြပါလေ။

(၄၇) သံသာမြစ်ကြော စုံမျောရောက်လာ
ပရိယတ်ဟု သိမှတ်အဖြာဖြာ
နိုးရာကမ်းသို့ ကူးသန်းတက်လာ
ပဋိပတ် သိမှတ်ခြားနားတာ။

ဥပမာ ရောင်တော် မြစ်ထဲ၌ အစက စ၍ လှေနှင့်စုံမျော လာသော သူဟာ ဝိနည်းငါးကျမ်းမြို့။ သုတ် ၃ ကျမ်းမြို့။ အဘိဓမ္မာ ၇ ကျမ်း မြို့။ ပိဋကတ် ၃-ပုံမြို့။ နိကာယ်ငါးရပ်မြို့။ အင်္ဂါ ၉ တန်မြို့။ ဓမ္မက္ခန္ဓာ ၈၄၀၀၀ မြို့တို့ကို လှေစီးရင်းပင် မြင်မြင်, တွေ့တွေ့ပြီး သွားကြသည်။ တမြို့မှမကပ်, မဆိုက်ခဲ့ပါပေ။ စုံမျော, စုံမျော နှင့်ပင်၊ ပင်လယ်ထဲသို့ရောက်သွားတော့သည်။ အဲဒါဥပမာပါဘဲ သံသရာမြစ်ထဲ၌ စုံမျောမိသောလှေရှင်များဟာ ယခင် ဥပမာပင် မြို့တွေ၊ ရွာတွေကိုမြင်မြင်သွားပေမဲ့၊ တမြို့တရွာသို့မှ မဝင်ခဲ့ပါ။

မကူးခဲ့ပါ။ မကပ်ခဲ့ပါ။ မဆိုက်ခဲ့ပါ။ တာနှင့်ဘဲ သေပြီးဘဝ တွေသာကူးပြောင်းခဲ့ရသည်၊ တဖက်ကမ်းသို့မငင်ခဲ့ပါ။ X ပဋ္ဌိပတ် သမား ယောဂီများကား စုံမျှောခြင်းမပြုတော့ဘဲ၊ နိဗ္ဗာန်ကမ်းသို့ ကူးသန်း၍ နေထိုင်တော့သည်။ အဲဒါဟာ ပဋ္ဌိပတ် အကျင့်မြတ် ၏သဘောပင်တည်း။

(၄၈)
ဝိဇ္ဇာမျက်စိ မရှိမပါ
မျက်မှန်တပ်လဲ သတ်သတ်မမြင်ပါ
ဝိဇ္ဇာမျက်စိ ရှိတဲ့သူသာ
မျက်မှန်တပ် ၄-ချပ် မြင်သစ္စာ

လောကမှာ အမိဝမ်း တွင်း ကပင် မျက်စိမပါ လာသောသူကန်း ကို မျက်မှန်, မှန်ပြောင်း အစားစားတို့ဖြင့် တပ်ဆင် ကြည့်ရှု စေသော်လည်း၊ ဘာကိုမျှပင် မမြင်တော့ပါ။ (ပကတိ, မူလ, ဘူဘ, ဗင်္ကိုအတိုင်း) ကန်းမြဲ ကန်း၍ နေတော့သည်။ X အမိဝမ်းတွင်းကပင် ထွက်၍လာကတဲက မျက်စိပါ၍ လာသော ပုဂ္ဂိုလ်ကိုမူကား မျက်မှန်တပ်လဲပို၍မြင်။ ဥပမာ-တန်မှန်ပြောင်း တပ်လဲသာ၍မြင်၊ တထောင်တန်၊ တသောင်းတန်၊ တသိန်းတန် တသန်းတန်၊ တကုဋေတန် မှန်ပြောင်းတပ်လဲ ပိုသည်ထက် ပိုပိုမြင်ရတော့သည်။ အဲဒါဥပမာပါဘဲ။ ဤဥပမာအတူပင် ဓါတ် ကိုတွေ့၍ ဝိဇ္ဇာမျက်လုံးရှိပြီးသား ပုဂ္ဂိုလ်ကား ဝိနည်း၊ သုတ္တန် အဘိဓမ္မာ၊ ပိဋကတ်၊ နိကာယ်၊ အင်္ဂါ ဓမ္မက္ခန္ဓာ၊ မျက်မှန်တွေ မှန်ပြောင်းအဆင့်ဆင့်ဘွေ တပ်တပ်ပြီးကြည့်သော်၊ မြင်ထက်မြင် သာထက်သာ၊ ပိုထက်ပို၍မြင်, မြင်လာမည် (မူလပင်ရင်း) ကိုယ်က အားလဲမထုတ်ရသေးဘဲနှင့် ဓါတ်ကိုမှမတွေ့ရသေးဘဲနှင့် ဝိနည်း

သုတ္တန်၊ အဘိဓမ္မာ၊ ပိဋကတ်၊ နိကာယ်၊ အင်္ဂါ၉-တန် ဓမ္မက္ခန္ဓာ ၈၄၀၀၀-မျက်မှန်တွေတပ်၍ပေးသော်လည်း၊ စာတတ်လေ၊မာန ကြီးလေ၊စာတတ်လေ ဘဝင်မြင့်လေနှင့် (လောဘ,ဒေါသ,မောဟ,)တရားတွေပါးလျှားအောင် စာသင်၍တတ်ကာမှ (ရောဂါ ပိုသပြီး)ငန်းတွေ၊ မန်းတွေ၊ အန်းတွေ ထ,ထနေတာကို အချို့ သော ပုဂ္ဂိုလ်ချျားအတွက် မျက်မြင်ပင်ဖြစ်ရကာ စာမျက်မှန်တပ် လေ ခက်လေ,မမြင်လေဖြစ်၍နေခဲ့ပြီဟုဆိုရတော့လိုလိုဖြစ်၍ နေတာကို မြင်စေချင်ပါတယ်။ (မှားအစဉ် ပြင်ခဏပါဘဲ,ကွဲ.။

(၄၉)
သဘာဝ သာမည နှစ်ဝ လက္ခဏာ
ဝိပဿနာငစ် အားသစ်ရှုပါ
နက်နဲမျှားပြား တရားတွေဟာ
အပ္ပနာ့ မုချမရောက်ပါ။

ဝိပဿနာ အစစ် တရားဆိုတာ (၁) သဘာဝလက္ခဏာ (၂)သာမညလက္ခဏာ ၂-ပါးကိုဘဲဆိုလိုပါတယ်။(၁)သဘာဝလက္ခဏာဆိုတာပူ‌ဇ တေဇော၊တောင့်တင်း ပထဝီ၊ လှုပ်ရှားဝါယော၊ ယိုစီးအာပေါ၊ သဘောမျိုးကိုဆိုပါသည်။ (၂)သာမည လက္ခဏာဆိုတာ ထိုထို ဓါတ်ကြီး ၄-ပါးထဲက သဘာဝလက္ခဏာ အပြင် အနိစ္စ,ဒုက္ခ အနတ္တလက္ခဏာများကိုဆိုပါသည်။ ဝိပဿနာဆိုတာ ဓါတ်ကြီး ၄-ပါး၏လက္ခဏာနှင့် အနိစ္စ,ဒုက္ခ,အနတ္တလက္ခဏာမျှသာတည်း။ ၎င်းထက်သာ၍ ခွဲခွဲနေလျှင် ဉာဏ်လဲမမှီနိုင် သမာဓိလဲမရဘဲ။ (နက်နဲခြင်းမျှားပြားချင်းကြောင့် ဘာဝနာသဘောဖြင့် ရှုသော် လည်း၊ အပ္ပနာသမာဓိအတန်းသို့ပင် မရောက်တော့(ဆအနုသ တိ။)ဗုဒ္ဓါနုဿတိ၊အရာဖွင့်ပြထားသည်ကိုသ တိမူကြရမည်။ဘုရား

သခင်ကိုကလဲ ကောဓမ္မော ဘိက္ခဝေ၊ ဘာဝိတော၊ ဗဟုလီကတော၊ အဘိညာယမ္မောဓါယ နိဗ္ဗာနာယသံဝတ္တတိ။) ပါဠိတော်နှင့်လည်း၊ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ပါသည်၊ ထို့ကြောင့် (သော့ပ္ပုသိ)စသော တဒ္ဓါရဋ္ဌ ဖြစ်သောတရားနှင့် တက်ကြပါ။

### နှစ်နှစ်နာနာကြီးမရှုံးစေချင်လျှင်ယခုပြသော တရားကို စဉ်းစားပြီး ယူကြပါရန်

| | | |
|---|---|---|
| (၅၀) | ငါးသိန်းဘုရား၊ သုံးပါးတွဲလာ<br>အချစ်ဆုံးမို့ ကောင်းဆုံးပေးထာ<br>ဓါဟ်အမွှေပေး ဧဒ့သာသာ<br>အမြဲပြုံး အဆုံးနိဗ္ဗူတာ။ | ငါတို့၏ ဘုရား<br>လောင်း ရယ်၊<br>ယသော်ဓရာ ရယ်<br>သားတော် ရာဟု |

လာရယ်။ ဤအိမ်ထောင်သည် ၃-ဦးဟာ တွဲ တွဲ လာလိုက်ထာ ယခုဘဝမှတွဲမိကြတာ မဟုတ်ပါပေ။ ဘုရားပေါင်း(၅၁၂၀၂၉) ငါးသိန်း၊ တသောင်း၊ ၂-ထောင်၊ နှစ်ဆဲ့ကိုးဆူသော ဘုရားတွေပွင့်စဉ်ကပင် ၎င်းတို့ ၃-ဦးဟာတွဲကာတွဲကာလာခဲ့ကြတယ်။ သရုပ်ခွဲပြပါဟုဆိုလျှင် ဟိုလွန်ပြီး၇-သင်္ချေအတွင်းက ဗြဟ္မဒေဝဘုရားကစ၍ဘုရားပေါင်း(၁၂၅၀၀၀)ပွင့်ကြစဉ်ကလဲ၊၎င်း၃-ဦးဟာ တွဲကာတွဲကာနေလာကြတယ်။ တဖန် ၉-သင်္ချေအတွင်းက ပေါရာဏ ဂေါတမဘုရားကစ၍ ဘုရားပေါင်း (၃၈၇၀၀၀)တို့ပွင့်ကြစဉ်ကလဲ၊ ၎င်း ၃-ဦးဟာ တွဲကာတွဲကာနေလာကြတယ်၊ တဖန် ၄-သင်္ချေအတွင်းကလဲဒီပင်္ကရာဘုရားစသောဘုရား(၁၂)ဆူသောဘုရားတို့ပွင့်ကြစဉ်ကလဲ ၎င်း၃-ဦးဟာ တွဲကာ, တွဲကာနေလာကြတယ်။ တဖန်၊ ကမ္ဘာတသိန်းအတွင်းကလဲ၊ ပဒုမုတ္တိုရ်

ဘုရားအစရှိသော ဘုရားပေါင်း (၁၇)ဆူတို့ ပွင့်ကြစဉ်ကလဲ ဂုင်း၃-ဦးတို့ဟာ တွဲကာ,တွဲကာနေ၍လာခဲ့ကြတယ်။ စုစုပေါင်း လိုက်တော့ကမ္ဘာအသင်္ချေပေါင်းအသင်္ချေ၂၀-နှင့်ကမ္ဘာတသိန်း အတွင်းမှာ ဘုရားပေါင်းလဲ (၅၁၂၀၂၉)တို့ ပွင့်စဉ်တိုင်းမှာပင် ဂုင်းတို့၃-ဦးဟာ တွဲကာ,တွဲကာ လာလာနေကြတယ်။ဂုင်းအထဲ က ဘုရားအလောင်းဟာ ထူးချွန်ပြီးတော့ (မြတ်စွာဘုရား) အဖြစ်သို့ရောက်၍လာတယ်။ (၃၁)ဘုံမှာ အတုမရှိ ဗုဒ္ဓဘွဲ့ကြီး ကိုရရလာတော့သည်။ အဲဒီအခါမှာ ယသော်ဓရာက သားတော် ရာဟုလာအား ရသင့်ရထိုက်သော အမွေတော်ကြီးကို ဘုရားထံ မှာတောင်းစေပြန်တယ်။ (ဘုရားက)သားတော်ရာဟုလာအား ယသော်ဓရာအား ဓါတ် ၄-ပါးအမွေတော်ကြီး အကောင်းဆုံး ကိုပေးတော်မူဘယ်။ ပေးတဲ့ပုဂ္ဂိုလ်ကပေးပုံကိုဂုင်း။ ယူတဲ့ပုဂ္ဂိုလ် ကယူပုံကိုဂုင်း။ ပေးအပ်တဲ့ဓါတ်ကြီး ၄ ပါးကနိဗ္ဗာန်အထိပို့ပုံကို ဂုင်း၊တဘဝလုံးအမြဲတမ်းစဉ်းစားကြည့်ကြပါတော့တောကြပါ။

(၁)ပေးတဲ့ပုဂ္ဂိုလ်က ဘုရားဘဂဝါ
(၂)ယူတဲ့ပုဂ္ဂိုလ်က သားရာဟုလာ
(၃)ရတဲ့အမွေက ဓါတ်ကြီးလေးဖြာ
(၄)ဓါတ်ကပို့ပေးတာကနိဗ္ဗူတာ။

ကဲကဲ စဉ်းစား၍ ကြည့်ကြပါစို့ (၁) ပေးတဲ့ ပုဂ္ဂိုလ်ဟာ ဘုရား ဘဂဝါဆို တော့ သဗ္ဗညုတရွှေဉာဏ်တော်ကြီးနှင့် ကြည့်ပြီးမှပေးတာမို့ အမြင့်ဆုံး အကောင်းဆုံးပေးခြင်းဖြစ်၏။ (၂) ယူတဲ့ပုဂ္ဂိုလ်ကသား ရာဟုလာဆိုတော့(၃၁)ဘုံမှာဖြင့်အမြင့်ဆုံးဘုရားသားမို့အမြင့် ဆုံးပစ္စည်းကို ပေးနေတာပါဘဲ။ (၃)ရတဲ့ပစ္စည်းကလဲ ပဌမတန်း

ပစ္စည်းပါဘဲ၊အကောင်းဆုံးပစ္စည်းပါဘဲ၊နိဗ္ဗာန်အထိပို့ပေးနိုင်တဲ့ပစ္စည်းပါဘဲဒီလိုဆိုတော့(၃၁)ဘုံမှာဘယ်ပစ္စည်းဟာအကောင်းဆုံးလဲဟုမေးသော် ဓါတ်၄-ပါးပစ္စည်းဟာအကောင်းဆုံးပါဘဲ

## အကောင်းဆုံးဓါတ် ၄-ပါးကို သားတော် ရာဟုလာအား ပေးပုံ

[ပထဝီဓါတုံခေါ ရာဟုလ၊အနိစ္စတော၊ဒုက္ခတော၊အနတ္တော ဇာနတော၊ ပဿတော၊ သက္ကာယဒိဋ္ဌိ ပဇဟာတိ၊ဝိစိကိစ္ဆံပဇဟာတိ အဝိဇ္ဇာပဟီယျတိ၊ ဝိဇ္ဇာဥပ္ပဇ္ဇတိ။] (မဟာရာဟုလော ဝါဒသုတ်တော်)ချစ်သားရာဟုလာရယ်။(၁)ပထဝီဓါတ်ကိုရှုနေပါ။(၂)ပထဝီဓါတ်ထဲမှအနိစ္စတွေ့မယ်၊(၃)ပထဝီဓါတ်ထဲမှဒုက္ခကိုတွေ့မယ် (၄)ပထဝီဓါတ်ထဲမှ အနတ္တကိုတွေ့မယ်။(၅)ပထဝီဓါတ်ကိုရှုရင်း ဇာနတောသိမယ်၊တဆဲ့၄-ချက်ဓမ္မစက်ရယ် တရားတော်ဂုဏ်-၆ ပါးရယ်။သာသနာ့အံ့ဘွယ်ရှစ်ပါးရယ်။ဓါတ် ၄-ပါးပေါ်ပုံ-၃၂ ပါးရယ် ၇၂-ပါးရယ် (၆) ပထဝီဓါတ်ကိုရှုပွါးတော့ပဿတော မြင်သိမယ်၊ ဉာဏ်စဉ် ၁၆-ပါးပါဘဲ။ (၇) ပထဝီဓါတ်ကြောင့် သက္ကာယဒိဋ္ဌိတွေကွာမယ် ၂၀၊ ၂၇၊၅၊၁၅၊ ၂၆၅၊၃၂၊၄၂၊၆၆၊၉၆၊၃၊ ၁၀၊၁၀၊၆၂ ၉၆ (၈) ပထဝီဓါတ်ကြောင့် ဝိစိကိစ္ဆာ၈-ပါး။၁၆-ပါး ဇ္ဇာ ၄-ပါး၊ ၈-ပါး။ဝိပ္ပလ္လာသ ၁၂-ပါးကွာမယ်။ (၉) အဝိဇ္ဇာ ၄-ပါး၊ ၈-ပါးကွာမယ်။ (၁၀) မဂ်ဝိဇ္ဇာ ၄-ပါး၊ဖိုလ်ဝိဇ္ဇာ ၄-ပါး နိဗ္ဗာန်ဝိဇ္ဇာဘာပါး ရမယ်။ အဲဒါ တွေဟာ ပထဝီဓါတုံခေါ တပုဒ်ထဲနှင့်ကိစ္စပြီးစီးပုံဘုရားဟောခဲ့တာပါဘဲ။

(၅၁)

အက္ခရာတပုဒ်မျှ ဗုဒ္ဓတဆူပါ
သိက္ခာပုဒ်ကား ထောင်ထားပါဝါ
ဓါတ်ဘခုကား ကျိုးသွားအနန္တာ
ပါးနုပ်မှ ရကြသာသနာ။

(အက္ခရံကေမေကဋ္ဌ၊ ဗုဒ္ဓရူပသမံ သိယာ။) ဆိုတဲ့ ဂါထာနှင့် အညီ အက္ခရာတလုံး တလုံးဟာ ဘုရားတဆူ့ တဆူနှင့် တန်ဘိုးချင်း ညီဘူပါ၏။ တဂါထာမှာ ဘုရားဘယ်လောက် ပါဋ္ဌိတပုဒ်မှာ ဘုရားဘယ်လောက်ဟု၊ ရေတွက်ပြီးတော့၊ အကျိုးကို သိထားကြပါတော့၊ ရွတ်ကြ ဖတ်ကြပါလေ။ XX သိက္ခာပုဒ် တခု့တခုကား၊ ဘုရားပေါင်း တထောင်၊ တထောင်နှင့် တန်ဘိုးညီပါသည်။ ရှင်မှာဆိုလျှင် ၁၀-ပါးသီလ၊ လိင် ၁၀-ပါး၊ ဒဏ် ၁၀-ပါး ခုဒ္ဒသ ခန္ဒက၊ သေခိယ ၇၅-ပါးမို့ စုပေါင်းသော်(၁၀၉)ပါးမို့ တထောင်စီနှင့်ပင်မြှောက်ပွါးပြီး (၁၀၉၀၀၀) သောဘုရားတွေ ဟာဝင်၍နေပါပြီ။ အားရစရာပါဘဲ။ XX ရဟန်းတော် များမှာ (၂၂၇) သွယ်မို့ တထောင်နဲ့မြှောက်သော်ကား (၂၂၇၀၀၀) သော ဘုရားများကိုရပါပြီ။ တဖန်၊ ရဟန်းတော်များမှာ မူလပင်ကိုက၊ (၉၁၈၀ ၅၀၃၆၀၀၀)ရရနေတာမို့ (၁၁၀၁)နှင့်မြှောက်သော် (၉၁၈၀၅၀၃၊ ၆၀၀၀၀၀၀) မျှသော ဘုရားတွေဟာ ပိုမိုတိုးတက်ပြည့်နှက်၍ လာတော့သည်။ အဲဒါဟာ တစက္ကန့်၌ ရရသွားပုံတည်း။ XX တဖန်၊ ဓါတ်တရား ပေါ်သဖြင့် ရှုရှုနေနေရတော့ တစက္ကန့်မှာဓါတ်တခုအတွက် အသင်္ချေယျ၊ အနန္တမျှ တိုးတက်၍လာတော့သည်။ ပါးနုပ်လိမ္မာသော လူ့ရှင့်ရဟန်းတို့သည်၊ ဤ၃-တန်းအုထိရအောင်ယူနေကြတော့သည်။

| | | |
|---|---|---|
| (၅၂) | ခန္ဓာရုပ်ကား ဓါတ်များလက်ခံ<br>ခန္ဓာနာမ်ကား ဓါတ်များမခံ<br>ရုပ်နာမ်ဓါတ်ကြောင့် ဆပ်ဆပ်နိဗ္ဗာန်<br>ဓါတ်မရှု လယ်မှုသံသာရံ။ | ဒါသီထဖြင့်ခန္ဓာ<br>ကိုယ် ကြီး ကို ရ<br>အောင်ပြုကြသည်<br>ဒါသီထ ဖြင့်ထည့် |

သောဓါတ်များကိုရုပ်ကလက်ခံထားသည်။နာမ်စိတ်ကပါ ဓ တ် ကိုလက်ခံသော် အရိယာပါဘဲ။ ယခုမှာ ရုပ်ကဓါတ်ကို လက်ခံထားသော်လည်း၊ နာမ်စိတ်က လက်မခံသဖြင့် တသံသရာလုံး ပုထုဇဉ်ဘဝနှင့်သာနေသွားရသည်။ အရိယာမဖြစ်သေးပါ။နာမ်ကပါဓါတ်ကို လက်ခံပါမှ အရိယာဖြစ်မယ်။

| | | |
|---|---|---|
| (၅၃) | ဘုရားဟောပြ ဓမ္မပါဝါ<br>မြေမှအဏ္ဏနိဋ္ဌ ဖိတ်ဖိတ်ပုံပါ<br>ရဘနာ ၇-ပါးပေးငြားခါခါ<br>မမှိငြား ဤကား ကျိုးဖလာ | ဟောတဲ့ ဘုရားများကို<br>ပဋ္ဌာန်းစွာစစ်ဆေးကြည့်<br>ကြစမ်းပါ။ (ယေစဗုဒ္ဓါ<br>အတီဘာစ၊ သမ္ဗုဒ္ဓါဝ လု |

ကူမာ၊ဒါနိ၀ အာဒိ ကတ္တာ၊ သမ္ဗောဓိဥ္စလဘန္တိတေ။) အပဒါန် ပါဠိတော်ကြီးမှ ဂါထာတော်ကြီးပါဘဲ၊ ရှေးအတိတ်ကပ်ကမ္ဘာ တုန်းက ပွင့်ပွင့်သွားကြသော သမ္မာသမ္ဗုဒ္ဓ ဘုရားကြီးတွေဟာ သမုဒ္ဒရာလေးစင်းထဲကသဲလုံးပမာဖြင့် ပွင့်ကာ,ပွင့်ကာဘုရားဖြစ်ကြပါတယ်။ ဘုရားကြီးတွေကိုက။ အစိန္တေယျ၊ အပ္ပမေယျ၊ အသင်္ချေယျ၊ အနန္တ၊ အပရိမာဏ၊အပရိစ္ဆိန္နတွေမို့၊ထိုထိုဘုရားကြီး တွေ၏ ရွှေအာဂမုဘ်မှ မိန့်ထုတ်တဲ့ တရားတော်ကြီးတွေဟာလဲ ထို အတူပင် (အစိန္တေယျ၊ အပ္ပမေယျ၊ အသင်္ချေယျ၊ အနန္တ၊ အပ္ပရိမာဏ၊ အပရိစ္ဆိန္န လောကအဘိုးအနဋ္ဌ ထိုက်တန်လှပါပေ

သတည်း။ ဘုရားနှင့်တရားနှင့်သံဃာနှင့် စပ်သော တရားပေစာ အက္ခရာတွေဟာလဲ အက္ခရာတလုံး လျှင် ဘုရားတဆူကြထားပြီး အတိုးထားကြပါ။ ရွတ်ကြပါ၊ ဖတ်ကြပါလေ။ (စာ) တလုံး ဘုရားတဆူမို့၊ ရွတ်ကြ, ဖတ်ကြ, သင်ကြ,အံကြသော ယောဂီ ဥ္ဗလဲဘဲ၊ တန်ဘိုးထားသော် လူ့ပြည်တခွင် မြေအပြင်က၊ ဟို အက္ကနိဋ္ဌ၊ ဗြဟ္မာတို့ဘုံအထိပင် ငွေကတပုံ့ ရွှေကာတပုံ ပုလဲကတပုံ, ကျောက်မျက်ရဲကတပုံ, သန္တာကဘပုံ, ဝဇီရာကတပုံ, ပတ္တမြား ကဘပုံ အားဖြင့် ရတနာ ၇–ပုံကိုရသောသူနှင့် နှိုင်းယှဉ်သော်၊ စာတလုံးဘုရားတဆူ ရွတ်ဖတ် ကြံစီတာကိုမမှီတော့ပါ။ အကျိုး ဖလ မိုးမျှမကပါ။

| | | |
|---|---|---|
| (၃၄) | သာရဒဟု၊ နာမကျော်ညာ | ဟိုရှေးအတိတ် |
| | ပန်နှင့်ဂါရဝ ပူကြသချော | တ သ ချေ် နှင့် |
| | တထောင်သိကြား ထောင်ကားစကြာ | ကမ္ဘာ တသိန်း |
| | ကိလေသ ရှိကြ ပေးနိုင်တာ။ | တုန် း က အ |

နောမဒဿီ ဘုရားပွင့်ပါတယ်။ သာရဒရသေ့ကြီးဟာ ဘုရားကို ပန်းဖြင့် ပူဇော်တယ်။ ဂါရဝဖြင့် ပူဇော်တယ်။ ဤကောင်းမှု ကြောင့်ပူဇော်တဲ့ကုသိုလ်ရှင် ရသေ့ကြီးဟာ တသချေ်နှင့်ကမ္ဘာ တသိန်းတွင် သိကြားမင်း၏ဘဝက၊ (အကြိမ်ပေါင်းတထောင်တဲ့ စကြာမင်း၏ဘဝကလဲအကြိမ်ပေါင်းတထောင်တဲ့ဗျား၊ သူဌေး, သူကြွယ်, ပဒေသရာဇ်, ဧကရာဇ်ဘဝတွေဟာ အကြိမ်ပေါင်း အသချေ်ဓိ၊ ခံစား,စံစားရသတဲ့၊ ထေရအပဒါန်ကျမ်း ၌ တွေ့ရ ပါတယ်။ စစ်ဆေးကြည့်တော့ ဘုရားအား ပန်းလှူတာ ဂါရဝ

ပြုဘာဝဟာ (အဝိဇ္ဇာ, တဏှာ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ) စသော ကိလေသာတို့ကို မခွါရသေးပါ၊ မကြည့်ရသေးပါ၊ ရောရော, ထွေးထွေး အညစ်အကြေးနှင့် ကုသိုလ်မျိုးပါ။ အဲဒါတောင်မှ ဟောပြတဲ့အတိုင်း အကျိုးကျေးဇူးကို ပေးနိုင်တာကို သိရပါပြီ ဓါတ်နှင့်ကိလေသာကိုခွါပြီး ပန်းလှူမယ် ဂါရဝ ပြုမယ်ဆိုပါလျှင် တာထက်ပင်အသင်္ချေမကဘဲ အကျိုးရကြဦးမည်ဟုသိနိုင်ပါပြီ။

## နာမရူပ မူလဋ္ဌိကာ အနုဋ္ဌိကာမှအဆက်

(ဆောင်ပုဒ်ကဗျာ မြန်မာဂါထာ)

(၅၅) သခွါးယာခင်း မင်း၏ပါဝါ
စည်းစိမ် ၂-ခု ယှဉ်ပြုပညာ
ဒါသီထနှင့် ရူကြဝိပဿနာ။
ဤ ၂-ခု ယှဉ်ပြုဝေဘန်ပါ။

နာမရူပ မူလဋ္ဌိကာ၊ အနုဋ္ဌိကာတွင် ရေး သား ထား သောအချက်မှာ(နာမ်ရုပ်)ကို အားလုံးထက်၊ အထူး ဂရုပြုဘို့ အားထုတ် ကြဘို့ကိုသာ ညွှန်ကြား ထားပါသည်။ သို့ပါလျက်၊ (နာမ်ရုပ်)ကို အားမထုတ်မိကြလျှင်၊ အနစ်နာဆုံး အရှုံးဆုံးနှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။ (ဒါ,သီ,ထ,ဝိ)၄-ဆင့် ရှိရာဝယ်နာမ်ရုပ်ကား ဝိပဿနာနယ်ထဲကမို့(သေရေး,ရှင်ရေး) သမျှ သဘောထား၍ အားထုတ်သင့်တော့သည်။ (ဒါ,သီ,ထ)မျှ ကိုသာ အားထုတ်၍ ဝိပဿနာ နာမ်ရုပ်ကို အားမထုတ်လျှင် ယခုပြမည့် ဥပမာနှင့် လုံးဝ တူတော့မည်။ [ဥပမာကား တောင်သူကြီးဟာ မိမိ၏ယာခင်း၌ သီးနေတာတွေကို အလွန့်

အလွန်အာရုံပြု၍ ဇောကျ၍နေစဉ် သိန်ခိုမင်းဟာ ဆာလောင် မွတ်သိတ်လှသဖြင့် မတောင်းဘဲ၊ ခွင့်မပန်ဘဲ၊ သခွါးသီးကို ခူး၍စားမိတော့သည်။ တောင်သူကြီးက ငါနှစ်သက်နေတာ ကိုမှ ဝင်၍ရှုပ်ရာသလောဟု ရိုက်ပုတ်၍ ဆုမ္မလိုက်ရာ တချက် ထဲနှင့် ဘုရင်ကံကုန်တော့သည်။ အမတ်တဦးက ဘုရင်ကိုရှာ ဖွေရာ ဘုရင်စီးသောမြင်းဟာ ယာခင်းဝ၌ ရှိနေ၍ ကောန်ပင် ယာခင်းထဲ၌ ဘုရင်ရှိနေပြီဟု၊ အထင်နှင့် ဝင်လာသည်။ တောင် သူကြီးက ခုတင်ကတဦးသေရှာပြီ။ ယခုတဦးဟာ သေချင်ပြန်ပြီ လောဟုကြုံးဝါးတော့၏။

အမတ်က။ ။အသင်ဟာ ဘုရင်ကို သတ်သည်။သို့အတွက် ပုဂံပြည်၌ ဘုရင်လုပ်ရမည်ဟု ပြောတော့။

တောင်သူကြီးက။ ။ငါဟာဘုရင်မလုပ်ချင်ပါ၊ငါ့ယာခင်း နှင့်ငါ့အသီးတွေနှင့်ပင်ပျော်ပိုက်ပါတယ်ဟု ငြင်းဆန်၍နေသည်၊ ယခုလဲ နာမ်ရုပ်ကိုရှုပြီး အာစရိယာ၊ ဒသနအရိယာ၊ လိင်္ဂအရိယာ၊ ပဋိဝေဓအရိယာ လုပ်ပါတော့ဟု ပြောပြပါလျှက် အရိယာတော့ မဖြစ်ချင်ပါ။ ဒါ့သိ့ထနှင့်ပျော်ပြီး ပုထုဇဉ်နဲ့သာ နေချင်သည်ဟုပြောပြသလို ဥပမာရနေတော့သည်။ (၁)ဒါ့သိ့ ထ့နှင့် ဝိပဿနာရုပ်နာမ်ဟာ ကွာခြားလှပါတယ်။ (၂)တောင် သူကြီးဘဝနှင့်ဘုရင့်ဘဝဟာ ကွာခြားလှပါတယ်။ မသိအဝိဇ္ဇာ သိဝိဇ္ဇာ၊ မသိတော့ထင်ရာ၊ သိတော့ပညာ စာနာကြပါဦး။ သတိ×သတိ။

## လုလင်ပျိုနှင့်လုလင်ပျိုမတို့ မဟာဒုက္ခ

(ဆောင်ပုဒ်ကဗျာ မြန်မာဂါထာ)

(၅၆) လုလင်ပျိုမ လှပလှူပျို
ပေးစား့ထိမ်းမြား တောင်းဗြာဒ်းအလို
မိဘတို့က နှစ့်လ့ဆိုင်းဆို
ဒုက္ခမျိုး တိုးထက်တိုးလို့ပို။

လုလင်ပျိုနှင့် လုလင်ပျိုမ–၂ ဦးတို့ဟာ ဘဝဆုတောင်း ပတ္ထနာ ဟောင်းကြောင့်၊ အကြောင်း ဆက်လက် မိကြပြီးတော့ နှစ်သက်စုံမက် မြတ်နိုးကြသည်။ ၎င်းတို့ ၂–ဦး မောင်မယ်စုံ ကြည်နူးအောင် မိဘ ၂–ပါးထံ အသနားခံကြသည်။ စုလျားရစ်ပတ်ပြီး၊ လက်ထပ်မင်္ဂလာပွဲ၍ ပေးကြပါဟု ဆိုလိုသည်။ မိဘ ၂–ပါးကား ကိုယ်ချင်းစာနာမှုမပြုကြဘဲ၊ နင်တို့ကို တနှစ့်၆–လ ကာကျော်လွန်မှ ပြုလုပ်ပေးမည်ဟု ဟန့်တားထားလျှင် ၎င်းတို့ ၂ ဦးဟာ ရှူးရတော့မလောက် မဟာဒုက္ခရောက်ကြရတော့မည် မဟုတ်ပါလော။ ယခုလဲ ယောဂီတို့ဟာ ဂေါတမ ဘုရား၏ သာသနာတော် အတွင်းမှာတော့၊ အာစာရအရိယာ။ ဒဿန အရိယာ။ လိင်္ဂအရိယာ။ ပဋိဝေဓအရိယာသို့ရောက်အောင် ပြုကြ နှင့်၊ မကျင့်ကြနှင့်ဦး၊ ဒါ့သိ့ထနှင့်သာနေကြပါဦး။ နောင်ခါပွင့် မည့် အရိမေတ္တေယျဘုရား၏ လက်ထက်တော်အခါကြမှ ယခင် ကပြုတဲ့လေးဝ အရိယာဘွဲ့ဟာကို ယူကြတော့ ရုပ်နာမ်ကို ရှုကြ တော့ဟု၊ မပြောသော်လဲပြောရာသို့ရောက်၏။ မဆိုသော်လည်း ဆိုရာသို့ရောက်၏။ အကြောင်းကား အရိယာ ၄–ပါးအနက်

တပါးပါးမှရ၍မထားကြပါလျှင် ရေကြီးက(၈)ထပ်။ ရေငယ်က (၁၂၈)ထပ်၊ ပြိတ္တာ အသူရကာယ်နယ်၌သွား၍ နေကြဦး။ ဒုက္ခ အတူးထူးနှင့်အရှုးထပြီးနေကြတော့ဟု ဆိုရာရောက်တော့သည်။

ဂတိသို့လိုက်မိလို့ မချိဘဲအဟိုက်မိပုံ

| | | |
|---|---|---|
| (၅၇) | (၁)ဒါသီထကား ဦးထားငညာ | အမျိုးရော |
| | (၂)ဝိပဿီဓါတ်ကား နန်းမျှားငညာ | တန်ခိုးရော စည်း |
| | (၃)သစ္စာဂတိ ထားဘိသတ္တဝါ | စိမ်ရော၊ ဉစ္စာရော |
| | (၄)မင်ဖိုလ်လှဲ ရေကြာတော့မှာ။ | ရုပ်ရေ ရူပကာယ |

ရော၊ တူမျှလှသော လုလင်ပျိုနှင့် မိမ္မပျိုတဦးရှိကြတယ်။ ၎င်းတို့ ၂-ဦးဟာ အထူးပင် ချစ်ခင်စုံမက် မြတ်နိုးကြသဖြင့်၊ လုလင်ပျို ကိုမိမ္မပျိုက မောင်အကယ်၍ ကံဆုံသဖြင့် မယ့်ထက် ဖူလုံလှ သော။ သတိုးသို့မီးတဦးနှင့် ရေစက်ဆုံလျှင်၊ မယ့်ကိုအကြီးနေရာ ထားမလား၊ အငယ်နေရာ၌ ထားမလား၊ ယခုကပင် သဘော ထားပြောကြားစမ်းပါဟု အချစ်ကိုစမ်းတော့သည်။

လုလင်ကလည်း ရှေးနောက်အပြင် မဆင်ခြင် မစဉ်းစား တော့ဘဲ။ အမိရယ် မောင်၏မေတ္တာဟာ ခိုင်မြဲပါတယ်။ မယ်က ပြောတဲ့အတိုင်း ဖြစ်အုန်းတော့ မယ့်ကိုပင် အကြီး၏နေရာ၌ ထားပေးပါမည်ဟုပြောသည်။

လုလင်ပျိုမက ဒါဖြင့်စိတ်ချရန် သစ္စာဂတိပြု၍ ထားပါဆို တော့လုလင်ဟာမစဉ်းမစားတော့ဘဲ၊မယ့်ကိုဖင်အကြီးနေရာက ထား၍ သွားပါမည်ဟု သစ္စာဆို၍ သစ္စာရေသောက်၍ ထားမြို

တဲ့။××တနေ့သောအခါဝယ် ဘဝါ ဘဝက ကမ္မဖလကြောင့် လုလင်ထံသို့ မှူးကြီး,မတ်ကြီးများ ရောက်လာကြတော့သည်။ ရောက်လာကြောင်းကို မေးမြန်းတော့ မှူးကြီး, မတ်ကြီးများက ဒီလိုပါ လုလင်ပျိုရဲ့၊ ငါတို့၏ဘုရင်မင်းမြတ်မှာ သွီးတော်တပါး သာရှိ၍သားတော်မထွန်းကားပါ။(သွီးနှင့်သမက်)ကိုလက်ထပ် ပြီးထီးနန်းကိုအပ်ချင်လို့တဲ့ကွဲ့။ အဲဒီတော့အမောင်လုလင်သည် ဤမျှလောက်လှပသော မင်းသွီးကိုယူ၍ ထီးဖြူမိုးအုပ် မင်းလုပ် ချင်သော် ယခုနေအချိန်မှာ ရနိုင်ပါကြောင်း၊ ကောင်းသော စိတ်ထားနှင့်လာခဲ့ပါတယ်။

(လုလင်) ဒီလိုပါ ဦးမင်းတို့ရယ်၊ ကျွန်တော့မှာ အရင် ကနဦးက စူးထားတဲ့ ဂတိစကားရှိ၍နေပါတယ်။ ကျွန်တော်၏ ရိုးစားက သူ့ကို အကြိုးတားပါဟု သစ္စာရေသောက် ဂတိ လှော်က်၍ ထောင်ချောက်ထဲ၌ချ၍ထားပါတယ်။×× ဘုရင့်သွီး ကိုယူပြီးမြောက်နန်းတင် ကျွန်တော်၏ ပဌမရိုးစားကို တောင် နန်းတင်သော် ရနိုင်ပါမည်လားဦးမင်းရဲ့။

(မှူးမတ်များက) မောင်ရင်ရယ်၊ မောင်ရင်၏ စကားက (၁)ဒါ,သီ,ထ,ဘော်ရုံလှပြီ ပစ္စည်း၊ ဓနု, အာဏာ, ပါဝါ, မရှိ မရှိဘာကိုတော့ ထိဘ်မှာထားမယ်။× ရုပ်နာမ်ဓမ္မ ရှုလုလ္လနှင့် ဝိပဿနာနတ်သွီးကိုတော့ အောက်တန်းကထားမယ် ဆိုတာဟာ ဘုရားကလဲ လက်ခံမည်မဟုတ်။ (၃၁)ဘုံကလဲလက်ခံမည်မဟုတ် ပါ။ ယခုလဲ နတ်သွီးလိုလှပ၊ ဘုရင့်သွီးတော်လဲဖြစ်ရ၊ အာဏာ ပါဝါအစုံရနေတဲ့ မင်းသွီးကိုတော့ မြောက်နန်းမှာ ထားမယ်။

ဆင်းရဲမျိုး, ဆင်းရဲနွယ်, ဂုဏ်မကြွယ်, ပစ္စည်းမထယ်၊ ပါဝါ, အာဏာကွယ်တဲ့။ပဌမရိုးစားဦးကိုမှ တောင်နန်းတင်မယ်ဆိုတာ (လောကကြောင်း, ဓမ္မကြောင်း, ရာဇကြောင်း အကြောင်း ၃-ပါးနယ်မှလွတ်နေပြီကွဲ့ ဒီလိုတော့မဖြစ်နိုင်ပါ။ ထုံးတမ်းစဉ်လာ၊ကမ္ဘာရိုးရာအတိုင်းသာ ဖြစ်နိုင်ပါတယ်။××

မှူးမတ်တဦးက။ ။မောင်ရင် ဒီ လို လုပ် ပါ လား ကွယ်။ မင်းသမီးကိုယူတောင်ညာထား ပဌမရိုးစားကို မြောက်နန်းတင်။ ၎င်း၏ဆွေစဉ်မျိုးဆက်တွေကို ရာထူးဌာနန္တရပေး၊ ရိုးစားဦးကိုလဲ ပစ္စည်းစုံပေး၍ ထေားသော် မူလထက်ပင် အလွန်လျှင်သာနေလို့ ကျေနပ်သွားမည်ထင်ပါရဲ့ဟု နည်းပေးသည်။

လုလင်ပျိုကား ဂတိစကားအတိုင်း အကြီးနေရာ၌ထားရမှသာ ယူနိုင်မည်ဟု ဂတိစကားကို လေးစားထားမိရာ မင်းသမီးလဲမရ ထီးနန်းလဲမရ ပစ္စည်းလဲမကြွယ်ဝ၊ ပဌမ ရိုးစားနှင့်ပင် တနေ့ဝင်, တနေ့ထွက် အလုပ်လက်မအား၊ ဒုက္ခတွေများပြီး မယားတလှည့်, လင်တလှည့်နှင့် မကျမ်းမမာ ရောဂါထူးပြား အပြေးအလွှားနှင့်ချေးငှါးရောင်းဝယ်၊မထယ်မဝါ၊ဂုဏ်မှာကင်းကင်း၊ ဆင်းဆင်း, ရဲရဲ၊ မွဲမွဲ, တေတေ၊ အရွယ်သာ ကုန်ရချေတော့သည် ။(ယခုလဲ ဒါ,သီ,ထနှင့်ဂတိသစ္စာမိ၍(ဝိပဿနာမင်းသမီးကို)မယူဘဲ ဘဝကုန်မိရာ အပါယ်ဘုံမှာများများ နတ်သားကား တခါတရံ ကာပြန်လို့ ခဏ,ခဏကျ မဟာခေါ်တဲ့ ဒုက္ခနှင့်မုချပင် ခံစားကာ နေကြရသော သတ္တဝါ အနန္တတို့ကို

ယခုမြင်နေကြရပါပြီ။ ။ဒေလာကာ၌ ဒီလိုဂတိသစ္စာမျိုးကိုထား အပ်ပါသလေ။ ဒီလိုဂတိသစ္စာကြောင့် ယခုဘယ်လိုဒုက္ခမျိုးနှင့် နေကြရပါသလဲ၊နဖူးလက်တင် ပညာရှင်တို့ဆင်ခြင်စမ်းပါလား။

## မြတ်စွာဘုရားကားတက်သွားဘို့ သာသနာထားတာပါ

(ဆောင်ပုဒ်ကဗျာ မြန်မာဂါထာ)

(၃၈)
ကိုးအင်ဈာန သောဋ္ဌဉာဏ်စဉ်
နတ်ခွင်ဆဋ္ဌ တက်ကြဘို့ပင်
မြတ်ဘုရားက တက်သွားစေချင်
သာသနာ့ ဒါမှနိဗ္ဗာန်ဝင်

ဥပမာ ဈာန်ကိုး ဈာန်ရှိနေရာ ပဋ္ဌမဈာန် နှင့် တော် ပြီ၊ ဒုတိယ ဈာန် နှင့် တော် ပြီ ဟု ဂတိသစ္စာ မပြုကောင်းပါ၊ ဈာန်ကိုးဈာန်ရှိရာ တက်နိုင်သမျှ တက်ကြဘို့သာ သာသနာကြီးထားခဲ့တာပါ။××တနည်း၊ နာမရူပ ပရိစ္ဆေဒဉာဏ်ကစ၍၊ပစ္စဝေက္ခဏာအထိ၁၆-ဉာဏ်အဆင့်ဆင့် ရှိနေပါသည်။ ပဋ္ဌမဉာဏ်နှင့်သာ နေတော့မည်ဟု၊ ဂတိသစ္စာ မဆိုထားရာ ဉာဏ်စဉ် ၁၆-ပါး ဆုံးအောင် တက်ကြဘို့သာ၊ သာသနာကြီး ထားခဲ့တယ်။××တနည်း နတ်ပြည်၊ ၆-ထပ်ရှိရာဝယ်၊ စာတုမဟာရာဇ်နတ်ပြည်၌သာ နေတော့မည်ဟု ဂတိသစ္စာ မပြုရာ၊နတ်ပြည် ၆-ထပ် ဗြဟ္မာ-၂၀၊ကုန်အောင်တက်မည်ဟုသာ သာသနာကြီး ထားခဲ့တာပါ။ အချို့ကား ဂိုဏ်းထဲဝင်မိပြီး၊ ဂိုဏ်းဆရာက ပုတီး ၂-သောင်း အပတ်ပေါင်း စိပ်ရမည်ဟု သစ္စာပြုခိုင်းသည်။ တသည့်ကလဲ သစ္စာပြုမိတာမို့ ၂-သောင်း မပြည့်မချင်း အကောင်းဆုံး ဓါတ်တရားကို မရှုနိုင်တော့ပါ။

သစ္စာပေါက်မှာ စိုးရိမ်လို့တဲ့။ (ကပ်ပြီးနစ်နာပုံ) အထက်သို့ တက်လှမ်း တာမျိုးဟာ သစ္စာတန်ခိုးကို တိုးတက် စေသည်။ သစ္စာကိုဖျက်ပြီး၊ အောက်သို့သက်သော်ငြား။ သို့မဟုတ်အောက် သို့မသက်ပေမဲ့ ပုတီးစိပ်ကို ဖျက်၍သော်ငြား၊ ဒါမျိုးကို့ပြုမှ သစ္စာပေါက်ထာပါ။ သစ္စာပျက်ထာပါ။ ပုတီးစိပ် ၂-သောင်းကို ဖျက်၍ ဓါတ် ၂-သောင်းကိုရှုသော် သစ္စာဆိုမိတာလဲ တန်ခိုး တိုးရော၊ မိမိမှာလဲအကျိုးများရော ဆိုတာကိုစျာန်နှင့်ဉာဏ်နှင့် နတ် ၆-ထပ်ပြည်နှင့်ဥပမာပြုပါ။ ကျတာမဟုတ် ရပ်ထာမဟုတ် တက်သာဖြစ်ရင် ပြုလုပ်ကြပါလေ၊ အပြစ်မရှိပါ။

(၅၉) ဒါ,သီ,ထ,ဝိ၊ လေးရှိပြစရာ
လက်မှတ် ၄-ပါး ဘုရားထားရှာ
ပြ၍နေကြ လေးဝသတ္တာ
မပြကြ လားရ အပါယ်ရွာ။

သဲလုံးအမျှပွင့်ကုန် ကြ သော ဗုဒ္ဓ မြတ် စွာတို့ဟာ၊ (၃၁) ဘုံ သားတွေကို၊ လက် မှတ်ကြီး ၄-စောင်၊ ၄-ပါးကိုထုတ်၍ ထုတ်၍ ပေးထားပါတယ် လက်မှတ် ၄-ပါးဆိုတာကတော့၊ (၁)ဒါနလက်မှတ်။ (၂)သီလ လက်မှတ်။ (၃)သမထလက်မှတ်၊ (၄)ဝိပဿနာလက်မှတ်အားဖြင့် ၄ ပါးပါဘဲ။ မသေမှီကဖြစ်စေ၊ သေခါနီးကာလဖြစ်စေ၊ ကံ, ကမ္မ, နိမိတ်, ဂတိ, နိမိတ်ထင်အောင် လက်မှတ်တခုပြ၍ ဘဝကူး ရမှာပါဘဲ။ (၁)ဥပမာ လူဘဦးဟာ ဘဝကူးခါနီးလာတော့ သေမင်းကို ဒါနလက်မှတ်ပြလိုက်တယ်။ ဒါနလက်မှတ်ပြနိုင်လို့ လူ့ပြည်သို့ပို့လိုက်သည်။ ဆယ်ဆင့်တွင် တဆင့်ဆင့်၌ နေရသည်။

(၂) လူတဦးဟာလဲ ဘဝကူးခါနီးလာတော့၊ သေမင်းအား သီလလက်မှတ်ကို ပြလိုက်တယ်။ သီလလက်မှတ်ပြလို့ နတ်ပြည်သို့ ပို့တော့သည်။ ၆-ဆင့်တွင် တဆင့်ဆင့်၌နေရသည်။ (၃)လူတဦး ကား၊ ဘဝကူးခါနီးတော့၊ သေမင်းအား သမထလက်မှတ်ကိုပြ လိုက်တယ်။ သမထလက်မှတ် ပြနိုင်လို့ ဗြဟ္မာ့ပြည် (၂၀)သို့ပို့ တော့သည်။ အဆင့်(၂၀)တွင် တဆင့်ဆင့်၌နေရသည်။ (၄)လူ တဦးဟာလဲ ဘဝကူးခါနီးတော့၊ သေမင်းအား ဝိပဿနာဓါတ် လက်မှတ်ကိုပြလိုက်တယ်။ ဝိပဿနာဓါတ်လက်မှတ်ကို ပြနိုင်လို့ လောကုတ္တရာ နယ်ဖြစ်တဲ့ မဂ်ပြည် ဖိုလ်ပြည် နိဗ္ဗာန်ပြည်သို့ပို့ ထားတယ်။ ပကတိသာဝကအဆင့်၊ မဟာသာဝကအဆင့် အဂ္ဂ သာဝကအဆင့်၊ပစ္စေကဗောဓိအဆင့်၊ သမ္မာသမ္ဗောဓိအဆင့်တွင် တဆင့်ဆင့်၌ထားသည်။တဖန်၊သောတာပန်အဆင့်၊သကဒါဂါမ် အဆင့်၊ အနာဂါမ်အဆင့်၊ ရဟန္တာအဆင့်တွင် တဆင့်ဆင့်၌ ထားတယ်။ ၂၄-သင်္ချေ၊ ကုဋေ(၆၀) ဗိုလ်ခြေတသိန်းသော အရိယာတို့ကိုသာ သက်သေပြကြပါတော့။ (၅)ကျန်တစုကား ဘဝကူးခါနီးတော့ သေမင်းနှင့်ရင်ဆိုင်တွေ့ပြီး၊ဒါနလက်မှတ်လဲ မပြနိုင်ပါ။ ၎င်းတို့ဟာ သီလလက်မှတ်ကိုလဲ မပြနိုင်ပါ။ သမထ လက်မှတ်ကိုလဲမပြနိုင်ပါ။ ဝိပဿနာဓါတ်လက်မှတ်ကိုလဲမပြနိုင် ပါ၊မပြနိုင်လို့လက်မှတ်မယူသောသူတို့၏နေရာဖြစ်သော အပါယ် ၄-ဘုံသို့ပို့၍ ထောင်ချကာ ထားရတော့သည်။အပါယ်ထောင်၌ အကျမခံကြပါနှင့်ထောင်မကျစေရန် ယခုကပင်လက်မှတ် ၄-ပါး ထဲက တပါးပါးကို အရယူထားကြပါကုန်။

(၆၀)
သတိနှင့်ဓါတ် လက်မှတ်ရလျှင်
သစ္စာ၄-ပါး တရားဝင်ဝင်
ဉာဏ်စဉ်တက်၍ မဂ်ဖိုလ်အစဉ်
နိဗ္ဗာန်ရောက်ရ အမြဲပင်။

လူနပ်, လူပါး များမှာ တော့၊ ငါတို့ဟာ ဒုလ္လဘ ကြီး နှင့် ကြုံရတန်း မှာ ထိပ် တန်း က နေနေသွားရအောင် သတိနှင့်ဓါတ်ကိုတွဲပြီး မြဲမြဲကြီးလက်မှတ်ယူ၍နေသည်။ ဤလူမြတ်,လူနပ်,လူပါး၊ အထက်တန်းစားတို့ဟာ သစ္စာ ၄-ပါးတွေဟာ ရေလိုဝင်,လေလိုဝင်၍ ဉာဏ်စဉ်တွေပါ တက်တက်ပြီး၊ မဂ်,ဖိုလ်,နိဗ္ဗာန် အရသန်သန်နှင့် ပိုပို,လျှံလျှံ သဏ္ဌာန်,လှလှ၊ စည်းစိမ်,ဝဝနှင့် ငြိးထိမ်ကာ ပပြီး၊ ကျကျ,နန ရှင်ရှင်,ပြပြ ဘဝကြကြနှင့် အထင်ကရ အသွင်လှပြီး ယှဉ်မရအောင်နေကြရသည်။ ဤအထက်ဆုံးကို မျက်လုံးဖြင့်မမြင်နိုင် ဉာဏ်ဖြင့်သာမြင်နိုင်ကြရသည်။

(၆၁)
လူနေ,လူစား လူသွား,လူလာ
လူဆို,လူပြော လူဇောကြပါ
လူလိုကျင့်မှ လူနှင့်တူမှာ
လူမှန်က ရောက်ရနိဗ္ဗူတာ။

ပဌမလူ ၃-ပါးကို သိ၍ထားပါ။ (စာ ပေ မှာ လဲ)(သုံးလူသနင်းဘုရားမင်း။)ဟု၊ လင်္ကာ ရှိ ပါ သည်။ လင်္ကာတပုဒ်လဲ ထုတ်၍ပြပါဦးမည်။ [လောကသုံးဖြာ လူတို့ရွာတွင်၊ လူလာဖြစ်ရ ခဲယဉ်းလှ၏၊ ထိုမှတဖြာ လူဖြစ်လာလည်း၊လူရာသို့ရောက် လူခေါ်လောက်အောင် ဖြစ်မြောက်နိုင်ဘဲ အလွန်ခဲသည်၊ လူလဲဟုတ်မှ သင့်ချိန်သော်။ (သာယာဝတီ ဦးညေယျ။) ဤ၌ လူ ၃-ဖြာ၊ တနည်းကို ခွဲပြပါမည်။

(၁)လူးက ၄-မျိုး။ (၂)လူ့က ၃၅-မျိုး။ (၃)လူက ၁၆-မျိုး ဟူ၍ ၃-စုရှိနေပါသည်။ ၎င်းအထဲက (၁) လူးဆိုတာတွေဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ် ၄-ဘုံသားတွေ ပါဘဲ။ အမြဲလူးနေသည်။ (၂) လူ့ဘုံ-၃၅ ဆိုတာ ဒါန၊ သီလ၊ သမထ၊ သုစရိုက်၊ ပုညကြိယာ၊ ရသေ့ပြု ရှင်ပြု၊ ရဟန်းပြု၊ စူဘင် ဆောင်၊ ပိဋကတ်ဆောင်၊ စာပေပို့ချ၊ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ် ပဌမဈာန် ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန် အာကာသဈာန်၊ ဝိညာဏဈာန်၊ အာကိဉ္စညာဈာန်၊ နေဝသညာ ဈာန်၊ ပါရမီ၊ စရိယာ၊ စွန့်ခြင်းကြီးငါးပါး၊ ၇-သင်္ချေကျင့်၊ ၉ သင်္ချေကျင့်၊ ၄-သင်္ချေကျင့်၊ ကမ္ဘာတသိန်းကျင့်၊ ဗျာဒိတ်ရ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဥပေက္ခာ(၃၅)ပါးတည်း။ (လူ၁၆-ဆင့် ဆိုကာဟာ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသန ဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာ ဉာဏ် အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဆိုတဲ့ ၁၆-ပါးပါဘဲ။ ၎င်းဉာဏ်တွေနှင့်နေနိုင် မှသာ တသံသရာလုံး တလူလူနှင့် ဖြူဖြူ့စင်စင် ယဉ်ယဉ်, ကျေး ကျေး၊ နေထိုင်ရမှာပါ။ တနည်း၊ လူ ၃-ပါး ပြပြန်သည်မှာ (လူ×နတ်×ဗြဟ္မာ)ဤသုံးစုဟာ လူ ၃-ပါးပါဘဲ။ (သုံးလူ့ဘ မြတ်စွာ စိန္တေယျာသည်။)ဟူသော ရှေးအသုံးကိုထောက်ထား ကြပါ။ လူဟူရာ၌ (ကာရဏာ၊ ကာရဏံ၊ မနတိဇာနာတီတိ မနုဿော။)သဒ္ဒါကြီးအကြောင်း ဟုတ်သည်၊ မဟုတ်သည်ကို

သိတတ်သောကြောင့်လူတဲ့ဗျ။ (အတ္တာအတ္တ မနုတိဇာနာတိတိ မနုဿော။ သဒ္ဒါကြီးအကျိုးရှိတာ၊ အကျိုးမရှိတာကို သိတတ်သောကြောင့်လူတဲ့ဗျ။ (မနောဉဿန္န၊ ဝေဿန္တိမနုဿာ။) ဋ္ဌိကာကျော် မြင့်မြတ်သော စိတ်ရှိသောကြောင့် လူပါဘဲဗျ။ (သေိ)၌အောကြောင်း,သိအကျိုး၊ အကြောင်းအကျိုးကို သိပြီ တွေ့ပြီ ရှုရပြီသို့အတွက် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရကြသောယောဂီများဟာ တလူလူနှင့် တသံသရာ ကာလပတ်လုံး နေနိုင်ပြီမို့ လူအစစ်ပါဘဲ၊ မဂ်ပုဂ္ဂိုလ်, ဖိုလ်ပုဂ္ဂိုလ်များကိုတော့၊ ဆိုဖွယ်ရာပင် မလိုတော့ပါ။(လူထက်လူ)ဘဲဟုသင်ကြပါလေ။

| | | |
|---|---|---|
| (၆၂) | ဝိဇ္ဇာဓရ ရကြဇော်ဂျီ<br>မီးရပ်နာဆေး အရေးတောင်းပြီ<br>မဂ်,ဖိုလ်ရရေး ဆေးများပါသည်<br>မတောင်းတတ် သောင်းရပ်တစီစီ | ဥပမာပြရပါလျှင်<br>လူ တ ယောက် ဟာ<br>ကံကောင်း ထောက်<br>မ သ ဖြင့် ဇော် ဂျီ |

ဝိဇ္ဇာဓိုရ်နှင့် တွေ့သည်။ ထိုလူဟာအကယ်၍ ပါးနပ် လိမ္မာပါမူကား ဇော်ဂျီထံမှ ဝိဇ္ဇာဓိုရ်ထံမှ၊ ရွှေ, ငွေ, ပုလဲ,ကျောက်မျက်ရှိ,သန္တာ,ဝဇီရာ,ပတ္တမြား,ရတနာ ၇-ပါးကို တဘာတောရအောင် တောင်းမည်။ဝိဇ္ဇာဓိုရ်,ဇော်ဂျီကလဲပေးမည်၊ ယခုမှာ ၎င်းလူဟာ (အ,တီး၊အ,တ၊န,တီ၊န.တ၊ နုံနုံ,ချာချာ၊ ပညာမရှိသူမို့ ရတနာ ၇-ပါးကို တောင်းရမည့်အစား မိမိ၏မယားအတွက် မီးယပ်နာပျောက်ဆေးကိုသာ တောင်းနေပါသတဲ့ဗျား။ အဲဒါဥပမာပါဘဲ။ ယခုဒုလ္လဘခေတ် ကြုံရဖြစ်ရသော ဗုဒ္ဓဘာသာတွေဟာလဲ

(ဘုရားထံမှာ တရား သံဃာ၊ သာသနာထံမှာ။)မင်္ဂိုလ်နိဗ္ဗာန်ကိုသာတောင်းဘို့အခါတည်း၊တာပေမဲ့(အ,တီး၊အ,တာ၊ နှ,တီး နှ,တာ၊ နုံနုံ့ချာချာ ပညာမရှိသူများဖြစ်စေရကား၊ လူ့စည်းစိမ် ဖြုဟ္မာ့ စည်းစိမ်လောက်ကိုသာ မရမက တောင်းနေကြသည်။ အားလုံးဟာ ဝဋ္ဋချည်းပါဘဲ။ ၎င်းအနုံအချာ ပညာနည်းပါး ပုဂ္ဂိုလ်များဟာ ယခုကစ၍ ဟိုသံသရာအထိ× သံသရာကစ၍ ယခုအထိ ပြည့်ပြည့် ဝဝပြုမိကြတဲ့အကုသိုလ်ကံ၊ ကိလေသာတွေ စုမိရုံးမိ အပုံကြီး ပြည့်လာပြီမို့ အောက်မှာ ယူဇနာတသောင်း ကျယ်တဲ့၊ အဝီစိငရဲနယ်မှ ထယ်လဲနှင့် တရှုံရှုံ တစီစီ ခံကြရဦး တော့မည်သာတည်း။

(၆၃) မဆုံးတရား သုံးပါးဒါ သီ
လေးဆယ် သမထ ရောက်ကြလောကီ
အဆုံးတရား ဓါတ်သားမှန်သည်
ဓါတ်ချူမှ မဂ္ဂရောက်နိုင်သည်။

သုံး ဆဲ့ တဘုံမှာ (၁) မ ဆုံး သော တ ရား နှင့် (၂) ဆုံး သော တရားဟူ၍ ၂-စား ရှိနေပါတယ်။ မဆုံးသော တရားဆိုတာ ဒါန၊သီလ၊သမထ ၃-စုတို့ပါဘဲ။ ဆုံးသောတရား ဆိုတာဓါတ် ဝိပဿနာပါဘဲ။(၁)ဒါန၊သီလ၊သမထဆိုတာမျိုးဟာ အဓိသီလ နယ်၊အဓိစိတ္တနယ်မျှသာရှိပါသေးသည်။အဓိသီလကား ဝီတိက္ကမ ကိလေသာကို တဒင်္ဂပဟာန်ဖြင့် ရှောင်ကြဉ်ရုံ မျှသာတည်း။ အဓိစိတ္တကား ပရိယုဋ္ဌာန ကိလေသာကို ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်ရှားရုံမျှသာတည်း။အနုသယကိလေသာတဆင့်နှင့်သမုစ္ဆေဒ

ပဟာနကျန်ပါသေးသည်။ ထို့ကြောင့်(ဒါ,သိ,ထ)ကား၊ မဆုံးသေးသော တရားပါသဲ။ (ဓါတ် ဝိပဿနာကား၊ အနုသယကိလေသာကို၊ သမုစ္ဆေဒပဟာန်ဖြင့်သတ်သော အမိပညာအမြင့်ဆုံးတန်းတည်း။ ဓါတ်ဝိပဿနာမှ သာလျှင် ဆုံးသောတရားဖြစ်ပါသည်။

(၆၄)
အဆန်းတရား ဓါတ်သားမှန်သည်
ရိုးရိုးဓမ္မ ထနှင့်ဒါ,သိ
သုံးဆဲ့တဘိုလုံး တရိုးရိုးရှာပြီ
ဓါတ်မတွေ့ မှတ်ဟော့ချာချာလည်၊

ပြုပြီးသော မြန်မာဂါထာကဲ့သို့ပင် ဒါ,သိ,ထ, ၃-ပါးဟာ ရိုး ရိုး တ ရားပါသဲ။ ဝီတိက္ကမကိလေသနှင့် ပရိယုဋ္ဌာန ကိလေသာတို့ကိုသာ ရှောင်ရှား ဖယ်ကြဉ် ထားပါသည်။ (ကိလေသာတမျိုး ကျန်ရှိသေးပါ၏။)ဓါတ်ဝိပဿနာကား အဆန်းတရားပါသဲ။ အထယ်ဒြပ်၊ ပုံစံ၊ သဏ္ဍာန်မပါသဲ၊ သဘောမျှသာ ရှိပါသည်။ ဓါတ်ဝိပဿနာမှသာလျှင်၊ အနုသယကို သမုစ္ဆေဒနှင့်သတ်ရပါသည်။

(၆၅)
အားထုတ်ကြမှ မဂ္ဂပွိုတာ
ဓါတ်ဘရားဟု အများသိပါ
ဒါ,သိ,ထ,ကား ၃-ပါးပွိုရှာ
ဗြဟ္မာ,နတ်, လူရပ်သုံးပါးပါ

ဓါတ်တရား ဆိုတာသူ့ကို အား ထုတ် ကြသော သူ များ ကိုသာ မဂ်,ဖိုလ်,နိဗ္ဗာန်, သွင်ပွိုပွိုနေပါသည်။လူတိုင်းသိကြပြီးသားပါသဲ။ဒါ,သိ,ထ,၃-ပါးကားလူ,နတ်,ဗြဟ္မာဆိုတဲ့သုံးဆဲ့တဘုံထဲ၌သာ ပွိုပွိုနေပါသည်။ ပွိုတဲ့ယာဉ်ကိုကြည့်ကြည့်စီးကြပါ။ ဆိုလိုတာကား ဒါနက, လူ့ပြည်

သို့ပို့တယ်။ သီလကနတ်ပြည်သို့ပို့တယ်။ သမထကား ဗြဟ္မာ ၂၀- သို့ ပို့တယ်။ ဝိပဿနာကား မဂ်,ဖိုလ်,နိဗ္ဗာန်,သို့ပို့တယ်။ သူ့ယာဉ်နှင့် သူ့ဘုံအစုံအစုံထားပါလျက်ကယ်နှင့်အချို့က ဒါနဟာ လူနတ် ဗြဟ္မာ မဂ်,ဖိုလ်ပါပို့တယ်ဟု ပြောကြသေးတယ်ကွဲ။

၁၃၂၅-ခုနှစ်၊ ၁၃-လဆုပ်၊ ၁၂-၁၃-ရက်၊
ကော့ကရိတ်၌ ဟောနေစဉ်ရေးသည်။

ဓါတ်ပေါ်ဓါတ်ရ နတ်ကြွဂရုံ ခန္ဓာမှာ
(၆၆) ရေစက်ချနှင့် ထုတ်ပြဝေဘန် သတိထား
ကျောင်းတလင်းရှင်း နတ်မင်းဖြစ်ဟန် တော့ခန္ဓာ
သပိတ်သွတ် စိတ်ညွှတ်နတ်ပုံစံ ထဲမှာ ဧ့ပူ

လှူပ်ရှ စသော ဓါတ်များပေါ်လာသည်၊ ၎င်းဓါတ်ပေါ်လာတာ ဟာ သာမန်မဟုတ်ပါ။ နတ်ပြည် ဗြဟ္မာ့ပြည်၊ မဂ်ပြည်၊ ဖိုလ်ပြည် နိဗ္ဗာန်ပြည်၌(ဂရုံ)ရပြီးမှ၊(ဂရုံ)ရကြောင်းဖြင့် နိမိတ်ပြတာပါ။ (ဂရုံ) ရသွားပြီဟု ဓါတ်ပေါ်တာမြင်၍ သိထားကြပါလေ။ ဥပမာ (၁) ရေထမ်းသမားတဦးကို မြို့ပိုင်တဦးက ထိထိုးရန် ဆွယ်သဖြင့် အားနာပါးနာနှင့် (၁၅-ကျပ်)ပေးပြီးထီတစောင် ထိုးထားသည်။ ၎င်းရေထမ်းသမားဟာ ဩဘ်ငါ့မှာ ထီပေါက် ဘို့အဝေးသားဘဲ။ ကုန်သယ်တွေ၊ သူဌေးတွေ၊ မြို့ပိုင်ဝန်ထောက် တွေ ထီထိုးတာတောင်မှမပေါက်ဘဲကလားဟု ကြံမိ၍အားပျက် ကာ၊ အမှုမဲ့,အမှတ်မဲ့ နေသည်။ နဲ့နဲ့မှသတိမထားတော့ပေ၊ ဒါပေ မဲ့(၇) လလောက်ကြာတော့ မြို့ပိုင်ရယ် ပုလိပ် ၄-ယောက်ရယ်

ရှာသူကြီးရယ်၊ဆယ်အိမ်ခေါင်းရယ်၊ ၎င်းတို့ဟာရေထမ်းသမား ၏၊အိမ်သို့ရောက်လာပြီး။ထိုလက်မှတ်ကိုကြည့်ကြသည်။ အင်္ဂလန် မှာထိပေါက်လို့၊ ၎င်းတို့ရောက်လာခြင်းဖြစ်သည်။ တကုဋေနှင့် တသောင်းထိပေါက်သဖြင့် ဌေးသွားပါသည်။ ဆိုချင်တာကား အင်္ဂလန်မှာထိပေါက်သဖြင့် သံကြိုးရိုက်၍။ ၎င်းတို့ဟာ ရေထမ်း သမား၏အိမ်သို့စောင့်ရှောက်ရန် ရောက်လာခြင်းဖြစ်သည်။ ယခု လဲ နတ်ပြည့်,ပြဟ္မာပြည့်,မင်္ဂဖိုလ်နိဗ္ဗာန်၌ (အရိယာဂရုံ)၏ မိမိ ခန္ဓာကိုယ်၌ ပေါ်ပြူပူပေါ်ပြခြင်းဖြစ်ထာကိုအထူးယုံကြည်ကြ ပါ။ (၂)တနည်းမှာ၊ နန္ဒိယဟာကျောင်းဆောက်ပြီး ရေစက်ချ သည်။ ရေစက်လဲချရော နတ်ပြည်၌ ဗိမာန်လဲပေါက်ရော အဲဒါ ကိုဆောက်၍ယုံကြည်ကြပါကုန်။ (၃)တနည်းမှာ ကဿပဘုရား ၏လက်ထက်တော်က ကပ္ပိယတဦးဟာကျောင်းတလင်းရှိသမျှကို နေ့စဉ်ပင် အားရှိသမျှ မျက်ပေါက်သုမ်သင်ပုံထား သယ်ပြစ်ပြု၍ နေသည်။ မျက်သုမ်သင်စဥ်ပင် နတ်ပြည်၌ ဗိမာန်ပေါက်၍ နတ် သမီး ငါးရာနှင့်စောင့်နေကြသည်။ ယခုပြုယခုဗိမာန်ပေါက်ထာပါ ဘဲ၊ဝိပဿနာ၌ယခုအားထုတ် ယခုပင်ငါးဌာန၌ဂရုံရသည်။ယခု ပင် ဓါတ်ပေါ်လာသည်။ (၄)တိုင်းသိ,ပြည်သိတခုမှာ၊လူတဦး ဘဝကူး၍သွားလျှင် သက်ပျောက် ဆွမ်းသွတ်ခြင်း၊ မြေချဆွမ်း သွတ်ခြင်း၊ ရက်လယ်ဆွမ်းသွတ်ခြင်း၊ အလေ့အထပြုကြသည်။ ဝတ္ထု-၅၀ ကျော်၌ ခုဒ္ဒါနပြု၊ ခုဘဲအမျဝေ၊ ခုဘဲပြိတ္တာဘဝမှ နတ် ဖြစ်၍နတ်စည်းစိမ်နှင့်ချမ်းသာရသည်။ဓါတ်ပေါ်လာတာဟာ ယ ခုပြတဲ့ ၄-မျိုးနှင့်ယှဉ်၍အားတက်ကြပါကုန်၊ ဝမ်းမြောက်ကြပါ

ကုန်၊ စတုကအင်္ဂုတ္တိုရ်ပါဠိတော်၌၊ လူ့ပြည်ကဝိပဿနာအားထုတ်လျှင်၊ သေတာနှင့်နတ်ပြည်ပါဘဲ၊ မဂ်ဖိုလ်နိဗ္ဗာန်ပါဘဲ။ အဲဒါပသမဗျာဒိတ်ပါ။ (၂) ဝိပဿနာအားထုတ်၍ သေလျှင် နတ်ပြည်ရောက်၊ နတ်ချင်းသတိပေး မဂ်ဖိုလ်ရရော။ (၃) ဝိပဿနာ အားထုတ်၍ ဘဝကူးသော် နတ်ပြည်ရောက်၏။ နတ်တပါးကတရားဟောတော့။ ၎င်းမှာ မဂ်ဖိုလ်နိဗ္ဗာန်ရရော။ (၄) ဝိပဿနာ အားထုတ်၍ ဘဝကူးသော်၊ နတ်ပြည်ရောက်ရော၊ ဗြဟ္မာဖြစ်စေ အရိယာရဟန်းဖြစ်စေ၊ တရားဟောသဖြင့်၊ ၎င်းမှာ မဂ်ဖိုလ်နိဗ္ဗာန်ရရောတဲ့။ အဲဒီဗျာဒိတ် ၄-ချက်နှင့်ပင် ဝမ်းသာစရာကြီးဖြစ်၍နေပါပြီ။ (၅) ဝိပဿနာကို အားထုတ်လျှင် ၇-နာရီနှင့်ရဟန္တာ။ ၇-ရက်နှင့်ရဟန္တာ၊ ၇-လနှင့်ရဟန္တာ၊ ၇-နှစ်နှင့်ရဟန္တာ။ ၇-ဘဝနှင့်ရဟန္တာဖြစ်ရပုံကို လူငါးခုဖြင့် ပြခဲ့ပြန်ရောပေါ့တော့တခုခုရပြီမလွဲတော့ပြီဟု ပါဠိပေါင်း ၉၅၀-ဖြင့်၊ ရွှင်ရွှင်ပြပြ ပီတိသောမနဿ သဘော ကြကြ၊ မနော့မြမြ၊ ဇောဗလဝနှင့် တလော့ထတော့မည်တည်း။

ဥက္ကလာပ၊ ကျောက်ရေတွင်း ဉာဏစာဂီတိုက်ခွဲ၌
ရေးသည်။ ၂၅-ခု၊ ၈-လ၊ ၁၁-ရက်။

## ဓါတုဋ္ဌိကာနိဒါန်း

(၆၇) ကမ္ဘာ့ဓမ္မတရား၊ ရေးသားစီမံ၊ လူတိုင်း လူတိုင်း ကူဝိုင်းကြရန်၊ သားနှင့်အမိ ဂတိမှန်ကန်၊ ကမ္ဘာ့ဓ ဓါတ်ဆေး သောက်ကြအမြန်။

(၆၈) ကမ္ဘာ့မိဘ၊ သိကြမြန်မြန်၊ သူ့ဘို့ ကိုယ့်ဘို့၊ အဘို ၂-တန်။ မိဘတိုင်းက နှိုင်းဆစီမံ၊ ကမ္ဘာ့ဓ ဓါတ်ဆေးသောက်ကြအမြန်။

(၆၉) ကမ္ဘာ့လက်နက် ထက်မျက်ပုံဟန်၊ ကိုယ့်ဘေး၊ သူ့ဘေး ခုတွေးအမြန်၊ တွေးကြည့်၊ တွေးကြည့် ဆေးရှိအမှန်၊ ကမ္ဘာ့ဓ ဓါတ်ဆေးသောက်ကြအမြန်။

(၇၀) ဘုရား၊ တရား အများသံဃာ၊ ဘယ်ပုံရှယ်စူးကျေးဇူး ဆပ်မှာ၊ ပေါ်သို၊ ပေါ်သို၊ ပွါးဘိသင်္ကာ၊ ဓါတ်တွေ့ကြ မှချ ဆပ်ခြင်းပါ။

(၇၁) ဘုရားဂုဏ်ထူး ကျေးဇူးကိုရှာ၊ ဘယ်လိုနည်းနှင့် အပြီးဆပ်မှာ၊ ပရိယတ်နှင့်ပဋိပတ် ၂-ဖြာ၊ မပြတ်ပွါး၊ ဆပ်ပြေး ကျေးဇူးသာ။

### ဘုန်းကံကြီး၍ အံ့ချီးထိုက်သောပုဂ္ဂိုလ် ၆-ဦး

(၇၂) ဗုဒ္ဓဥက္ကဋ္ဌ ထုတ်ပြသာသနာ၊ နေဝါလဝန်း ထွန်းလင်းရှိန်ဝါ၊ ကံတော်ပို့ခိုက် ကြုံကြိုက်သာသနာ၊ ဘုန်းကံကြီး အံ့ချီးမဆုံးဗ ါ။

(၇၃) သုံးဆယ်နှစ်ဝ ထွန်းပလက္ခဏာ၊ရှစ်ဆယ်မငြိး အံ့ချီး ဘွယ်ရာ။ ရောင်ခြည်ခြောက်ဝ ဖူးရပေတာ၊ ဘုန်းကံကြီး အံ့ချီး မဆုံးပါ။

(၇၄) အသံတော်ရှစ် မိန့် လှစ် ဟောရှာ၊ ကရဝိက် နှင့် အဟိတ်ကြိုးကြာ၊ ဗြဟ္မာသံမျှ မကကြွားရှာ၊ ဘုန်းကံကြီး အံ့ချီးမဆုံးပါ။

(၇၅) ရုပ်နာမ်နှစ်ဝ သစ္စခန္ဓာ၊ အာယတနဓါတ် ပရမတ် အရာ။သိမေး,နာသိ အသိတွေပ ါ၊ ဘုန်းကံကြီး အံ့ချီးမဆုံးပါ။

(၇၆) ကိုယ်မှာပေါ်လတ် ရုပ်ဓါတ်နာမ်ပါ၊ အနိစ္စနှင့် ဒုက္ခ,အနတ္တာ၊ တွေ့ချိစိဘ်ပြောင်း အပေါင်းဗိုလ်ပါ။ဘုန်းကံကြီး အံ့ချီးမဆုံးပါ။

(၇၇) မိမိကိစ္စစိတ်ကသချော၊ ဓါတ်ကလာပ်နှင့် ဉာဏ်ထပ် ပေရှာ။ ဒေသနာစည်းကြီး ခပ်တီးပေရှာ၊ ဘုန်းကံကြီး အံ့ချီး မဆုံးပါ။

(၇၈) အမိ,အဖ နှမ,အကို၊ သမီးသားနှင့် မြေးများထိုထို။ မတော်ဘူးသည့် မရှိအဆို၊ စတုတ္ထ ဗုဒ္ဓမိန့်ဟောဆို။

(၇၉) အနမဘဂ် သုတ်ဟွက်ဟောဖေါ်၊ စတုတ္ထသုတ် နှုတ် နှုတ်ပြသော်။ ဗုဒ္ဓမိန့်ခွန်း ချိမ့်မွန်းကျော်ကျော်၊ ချစ်ခင်ကြ (မ,စ) ပါစေသော်။

(၈၀) စေတနာထား သင်ကြားဆရာ၊ ပါရမီပြည့် ရဘိ သချော။ ယခုဘဝ လှုကြခန္ဓာ၊ ထက်တန်းကြ ဖြစ်ရ သံသရာ။

ကမ္ဘာဦးအစ၊ မဟာသမတမင်းကစ၍ မင်းစဉ်မင်းဆက်နှင့် လာခဲ့ရာ ဥက္ကာကရာဇ်မင်းအထိ၊ သတ္တဝါများ၌ သုံးမျိုးသာ ရှိသည်။ (၁)လိုချင်တဲ့လောဘရောဂါ။ (၂) ဆာလောင်မွတ်တဲ့ ဇိဃစ္ဆရောဂါ။ (၃) အိုမင်းရင့်ရော်တဲ့ ဇရာရောဂါ။ ဒီ ၃-မျိုးသာ သတ္တဝါများမှာ ရှိသည်။ ၎င်းရောဂါ ၃ မျိုးကို ယခုကာလ၌ ရောဂါဘဲဟူ၍ပင် မခေါ်ကြတော့ပါ။ ဥက္ကာကရာဇ် မင်း၏ လက်ထက်ကြတော့ မိစ္ဆာဒိဋ္ဌိပုဏ္ဏားတွေဟာ လာဘ်လာဘကို မက်မော၍၊ သား, ငါးကိုသတ်ပြီး ယဇ်နတ် ပူဇော်ကြသည်။ အသားကိုစားကြသည်။ ဤအခါကစ၍ (၉၆)ဖြာ ရောဂါများ (၉၈)ဖြာ ရောဂါများပေါ်လာသည်။

(၈၁) လိုချင်, ဆာမွတ်, ယိုရွတ်ဇရာ၊ ရောဂါခေါ်ပြား ထင်ရှားလူ့ရွာ။ သတ်စား ဖြတ်စား ထင်ရှားထိုခါ၊ ကိုးဆယ် ရှစ် အသစ်ပေါ် ရောဂါ။

(ဓါတုဣကာ နိဒါန်းကားပြီး၏။)

## ဓါတုဣကာတရားတော်

ဓါတ်တရားခန္ဓာထဲ၌ရှာ၍ အရိယာ ၄-မျိုးအထိ တက်လာကြပုံနမူနာ

| | | |
|---|---|---|
| (၈၂) | ခန္ဓ,သတိ,ဓါတ်မိအောင်ရှာ<br>သမာဓိရ ပါဠိအလာ<br>အာစာရဟု ခေါ်ကြအရိယာ<br>တံခါးပိတ်ကင်းဆိတ်အပါယ်ရွာ | မိမိ၏ခန္ဓာကိုယ်၌<br>သတိထားပါ။ သမာ<br>ဓိရရလာမည်။ ခန္ဓာ<br>ထဲ က ဓါ တ် များ |

မပေါ်သေး၊ မတွေ့ရသေးပေမဲ့ ကျင့်ကြံအားထုတ်၍နေသော

ကြောင့်၊ အာစာရအရိယာဘွဲ့ရပါပြီ။ သမဏ နတ်သားကဲ့သို့ အပါယ်တံခါးပိတ်၍ တသံသရာလုံး နိဗ္ဗာန်အထိဆန်တက်နေပါတော့သည်။

(၇၃)
ရှရှ,သဲသဲ၊ မစဲခန္ဓာ။
အပ်နဲ့ထိုးဆွ ရိုးရှတွေ့တာ
ဒဿနဟု ခေါ်ကြအရိယာ
တံခါးပိတ် ကင်းဆိတ် အပါယ်

ခန္ဓာထဲမှ ရှရှ,မွမွ
သဲသဲနှင့်၊မစဲဘဲ၊ ဓါတ်
ပေါ်မည်။ အပ်နဲ့ထိုး
ဆွသလိုရိုးရှတွေ့မည်။

၎င်းကို ဒဿနအရိယာဟု ခေါ်ရသည်။ အပါယ်တံခါးပိတ်၍ တသံသရာလုံး ဘုံစဉ်စံကာ မြင့်တက်၍နေတော့သည်။

(၇၄)
စိတ်ပြောင်း ကိုယ်ပြောင်း၊ အပြောင်း များစွာ။
ဓါတ်အပြောင်းနှင့်၊ ဉာဏ်ပြောင်း ဖြာဖြာ။
အသွင်လိင်၊ ခေါ်ကြအရိယာ။
တံခါးပိတ် ကင်းဆိတ် အပါယ်ရွာ။

ဓါတ်များပေါ်သဖြင့်၊စိတ်ပြောင်း,ကိုယ်ပြောင်း အပြောင်းများစွာပင်ဖြစ်၍နေသောသူကို၊ လိင်အရိယာဟုခေါ်ကြရသည်။ အပါယ်တံခါးပိတ်၍ တက်သွားတော့သည်။

(၇၅)
မဂ်ဉာဏ် ဖိုလ်လှ ဖြစ်ထထိုခါ။
သင်္ခါရများ ချုပ်သွားကြခါ။
ပဋိဝေဓ ခေါ်ကြအရိယာ။
တံခါးပိတ် ကင်းဆိတ်အပါယ်ရွာ

မဂ်ဉာဏ်ရ၊ ဖိုလ်
ဉာဏ်ရ၍ ဓါတ်
များပင် ရပ်နား
သွား တော့ သည်။

၎င်းကိုပဋိဝေဓအရိယာ၊ မဟာသောတာပန်ဟု ခေါ်ကြသည်။

အပါယ်တံခါးပိတ်၍ ဆန်တက်လေသည်။ အဲဒါ အရိယာ ၄-မျိုး တက်လာစဉ်တည်း။

(ပဋ္ဌမ မူလ ပဘာဝ၊ အာဒိကမ္မိကကျင့်ရပုံပြီး၏။)

(၈၆) ဓာတ်တရားလောက်တန်ခိုးကြီးတာမရှိပါ

ဣဒ္ဓိဝ ဣဒ္ဓိမန္တာနံ၊ ဓါတုဗ္ဗေဒယံပကာသိတော။
နာနာအဗ္ဘုတံ၊ ဝတ္ထုဂ္ဂီ၊ အနေကတ္ထာဟိ၊ ဓါတဝေါ။
သဒ္ဒါငယ်အစောင်(၃၀)ထဲက ဂါထာပါဋ္ဌိ။

ဣဒ္ဓိမန္တာနံ၊ တန်ခိုးတော်ဇော် အာနုဘော် ကြီးမားထက်မျက်လှသော ပုဂ္ဂိုလ်ကြီးတို့၏။ ဣဒ္ဓိဝ၊ တန်ခိုးတော်ဇော်အာနုဘော်ကဲ့သို့။ အယံဓါတုဗ္ဗေဒ၊ ဤဓါတ်အနက် သဘာဝကို။ ပကာသိတော၊ ဥပမာထင်အောင် ယူဆောင်ကာပြသအပ်ပေ၏။ ဓါတုယော၊ ဓါတ်တို့သည်။ နာနာအဗ္ဘုတံ၊ အထူးထူးသော အနက်သဘောတို့၌။ ဝတ္ထုဂ္ဂီ၊ ဖြစ်ကြကုန်၏။ (ဟိ) ဓါတ်တရားကား များပြားစွာ တန်ခိုးရှိတယ်ဆိုဘာ မှန်လှ၏။ ဓါတဝေါ၊ ဓါတ်တို့သည်။ အနေကတ္ထာ သချေ့ သချော ချေကာမရ များပြားလှသော အနက်သဘော ရှိ၍နေကြကုန်၏။ ။ဤဂါထာပါဋ္ဌိ လာရှိသည်ကို ဉာဏ်ဖြင့် မှီသမျှနိုက်ယူကြပါလေ၊ အသချေမကသောအကျိုး သွား၊ သဘောတရားရှိ၍ နေပါတော့သည်။

(၈၇) အရာရာတိုင်း၌ ဓါတ်သာပဓါနဖြစ်သည်

ဗုဒ္ဓေါကို၊ ဗုဓဓါတ်နှင့် တည်ရသည်၊ ဓါတ်သာပဓါနပါ။ X

ဓမ္မောကို၊ ဓရဓါတ်နှင့် တည်ရသည်၊ ဓါတ်သာပဓါနပါ။X သံဃောကို သံပုဗ္ဗ ဟနဓါတ်နှင့်တည်ရသည်၊ဓါတ်သာပဓါနပါ။ ပုရိသောကို၊ ပုရဓါတ်နှင့်တည်ရသည်ရင်း။Xဣတ္ထိကို၊ ဣသုဓါတ် နှင့်ဘည်ရသည်ရင်းပင်၊ အရာရာတိုင်း ဤပုံစံနှင့်ပြ အကျယ်ခဲ့၍ သိကြပါလေ။ ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်ကို (လောကဓါတ်)ဟု ခေါ်ကြသည်။ လောက၌ ရှိနေသမျှတွေ ဟာ(ဓါတ်)ချည်းဘဲဟု သိထားကြပါလေ။ မဟာဓါတုပကာ သနိဋ္ဌိကာ (ပ)(ဒု)၌ ပါဠိ(၃၀၀)ကျော်နှင့်လဲ သိထားကြပါ ဦးတော့။

## (၈၈)] ဓါတ်တလုံးထဲနှင့် နိုင်ငံလှည့်၍ကယ်ဆယ်နေပုံ

ဓါတ်ကြီးလေး၀၊ဗုဒ္ဓအမွေတော်။
တိုင်းသူပြည်သား၊ရငြားစေမျှော်
နယ်ကိုလှည့်၍ တည့်တည့်ဟောဖေါ်၊
စိတ်တိုင်းကြ၊ ရကြပါစေသော်။

ဘုရားရှင်သည်၊ ဓါတ်ကြီး ၄-ပါးပြ၍ သားတော် ရာဟုလာ အားဗုဒ္ဓအမွေတော်ကို ပေးသည်။ ဤနည်းအတိုင်း ဉာဏစာဂိမဟာထေရ်သည်လည်း ဓါတ်ကြီးလေးပါးယူထားကြပါဟု တိုင်းသူ့ပြည်သားတို့အား ရစေဘို့ ခံစားစေဘို့၊ နယ်ကိုလှည့်၍ဘည့်တည့်ကြီးဟောခဲ့သည်၊ ဓါတ်ဘရား၊ ကလာပ်တရား၊ ပရမတ်တရားကိုရမှ တသံသရာလုံး စိတ်ဘိုင်းကြရ၍ သွားမည်၊ အရိယာအဖြစ်နှင့် တက်တက်သွား လိမ့်မည်၊ ကြိုးစားကြပါလေ။

## (၇၉) ဓါတ်လက်မှတ်ယူပြီး မဂ္ဂင်ရထားစီး၍ သွားကြပါရန်

ဓါတ်ကြီး ၄-ရပ်၊ လက်မှတ်အသင်္ချေ
မဂ်ပြည့်ဖိုလ်သွား၊ ရထားမဂ္ဂေ
နိဗ္ဗာန်မြတ်နန်း၊ ကက်လှမ်းဝေဝေ။
ဒုက္ခဘေး၊ ကင်းဝေး၊ အသင်္ချေ။

သင်္ဘောစီးများ၊ မီးရထားစီးများ၊ ဓါတ်ရထားစီးများ၊ လေယာဉ်ပျံစီး များဟာ တက်စီးပြီးလိုက်သွားနိုင်ကြရန် ဦးစွာလက်မှတ်ကို ဝယ်ထားကြရသည်။ လက်မှတ်ပြ၍စီးမှ စိတ်ချ၊ လက်ချ၊ ဧ့မြမြ သွားရသည်။ မဂ္ဂင် ၈-ပါးဟာ သင်္ဘော၊ မီးရထား၊ ဓါတ်ရထား၊ လေယာဉ်ပျံနှင့်တူ၍၊ ဓါတ်တရားဟာ လက်မှတ်နှင့်တူသည်။ ယောဂီများဟာ သံသရာခရီးသည်များနှင့်တူသည်။ မြို့ကြီးများကား မဂ်၊ ဖိုလ် နိဗ္ဗာန်နှင့်တူသည်။ ဓါတ်ရမှ ဒုက္ခဘေးတွေအသင်္ချေမှလွတ်သွားပါလိမ့်မည်။

## (၈၀) ဓါတ်မှာကပ်ပါတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟာအစစ်ပါ

ဓါတ်မှာကပ်တဲ့၊ အနတ္တသာ
ချိန်ခါ့အား၊ ရှုပွါးလေပ
ငါတို့ဘုရား ချစ်သားကိုမှာ
ဓါတ်တွေက မှချနိဗ္ဗူတာ

ပထဝီဓါတုံခေါရာဟုလ၊ အနိစ္စတော (ပ) ပထဝီဓါတုံခေါ ရာဟုလ၊ ဒုက္ခတော၊ (ပ) ပထဝီဓါတုံခေါရာဟုလ၊ အနတ္တတော (ပ) သီခတနာပိရုပ္ပတိ၊ ဥကျေနာပိရုပ္ပတိ စသော၊ ပဋ္ဌ ၄-ပုဒ်ဖြင့် မြတ်စွာဘုရားက သားတော်ရာဟုလာအား အမွေပေးပါသည်။ ၎င်းဓါတ်တရားမပြတ်ပွါးတော့ ဓါတ်ထဲမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ

လက္ခဏာရေး ၃-ပါးတွေ့မည်။ အဲဒါမှ သက္ကာယဒိဋ္ဌိ ခွါ၍၊ ဝိစိကိစ္ဆာခွါ၍၊ အဝိဇ္ဇာခွါ၍ သောတာပန်ဖြစ်စေမည်။ သောတာပန်တည်လျှင် မဂ်, ဖိုလ်,နိဗ္ဗာန်,ပါဝင်ပြီးဖြစ်၍ နေတော့သည်။

## (၉၁) အနတ္တမှဗုဒ္ဓသာသနာ အစစ်အမှန်ပါဘဲ

| | |
|---|---|
| အနတ္တမှ ဗုဒ္ဓသာသနာ<br>သာသနာပ မလုပ်ကြရာ<br>အကယ်၍ကား လုပ်ငြားမိရှာ<br>ဒေဝိလ ကြည့်ကြ ဤပမာ။ | (အနတ္တလက္ခဏံ ဝိနာဗုဒ္ဓုပ္ပါဒါ၊ နပညာယတိ၊ ဗုဒ္ဓုပ္ပါဒေယေဝ၊ ပညာယတိ။) ဝိဘင်း အဋ္ဌကထာ နံ ပါ တ် (၃၄) |

ကြောင်းရေ ၁၀။ ဇမ္ဗူမှ။ ။သာသနာတော်ရှိမှ၊ အနတ္တ လက္ခဏာပေါ်လာသည်။ အနတ္တပင်သာသနာအစစ်ပါ။ ဓါတ်အနတ္တ သာသနာကိုထား၍ တရားမလွဲ ကြပါစေနှင့်၊ အကယ်၍ဓါတ် အနတ္တမဟုတ်ပါဘဲလျက် ပညတ်အနတ္တနှင့် ဘဝဆုံးသွားလျှင် ဝိဇ္ဇာရ၊ အဘိညာဉ်မှ၊ သမာပတ်ရ ဈာန် ၉-ဈာန်ရသောကမ္ဘာ ကျော် ဒေဝိလရသေ့၊ အာဠာရရသေ့၊ ဥဒကရသေ့များလို သာသနာပ၍ ပုထုဇ္ဇနနှင့် အပါယ်မလွတ်ဘဲ ဝဋ် ၃-ပါးလည်၍ နေကြရပါမည်။

## (၉၂) တေဇောဓါတ်မီးက သတ္တိပြသွားပုံ

| | |
|---|---|
| ဘုရား၊ ဗုဒ္ဓ၊ ကာယခန္ဓာ၊<br>တေဇောဓါတ်မီး၊ လောင်မီးကျရာ<br>ဓါတ်တော်အများ၊ ပေါက်ပွါးပေါ်လာ<br>အဆုံးရှု၊ ဓါတုနိဗ္ဗာန်ပါ။ | ဓါ တ် ကြီး လေး ပါးထဲက တေ ဇော မီး ဓါတ် ဟာ ဘယ် မျှသတ္တိ အာနုဘော် |

ကြီးသလဲဆိုလျှင် မြတ်စွာဘုရားဟာ ကုသိနာရုံပြည်၊ မလ္လာမင်း တို့၏ အင်ကြင်းစုံဥယျာဉ်တော၌ ပရိနိဗ္ဗာန်ပြုပြီး၍ အလောင်း တော်ကြီးကျန်ရစ်ခဲ့စဉ်က ထိုအလောင်းတော်ကို (၁)တေဇော ဓါတ်မီးလောင်၍ တကိုယ်လုံး ပျောက်ကွယ် သွားရပါတယ်။ (၂) ဓါတ်တော်များ ထားခဲ့ပါတယ်။ (၃) သာသနာတော် ငါးထောင်လုံး ဓါတ်တော်, ဓါတ်တရားဖြင့် ကျွတ်လွတ်ကယ် တင်နေပါတယ်။ (၄)အဆုံး၌ ဓါတုပရိနိဗ္ဗာန် ပြုသွားပါတယ်။ အဲဒါဓါတ်တရားကပြုသွားပုံပါဘဲ။

## (၉၃) ဗောဓိငါးပါးနှင့်အရိယာ ၈-ဦး ဓါတ်ကမြှင့်တင်ပုံ

> ဗောဓိငါး၀၊ အရိယရှစ်ပိုလ်
> ဓါတ်ကိုပွါးမှ ရငြွားအဆို
> ပုထုဇန ပြာကျနဂိုရ်
> ဓါတ်ချုမှ ဓါတ်ကနိဗ္ဗာန်ကို၊

ပကတိသာဝကတွေ အားလုံး မဟာ သာဝကတွေ အားလုံး၊ အဂ္ဂသာဝကတွေ အားလုံး၊ ပစ္စေက ဗုဒ္ဓါတွေ အားလုံး၊ သမ္မာ သမ္ဗောဓိဘုရားကြီးတွေ အားလုံးဆိုတဲ့ ဗောဓိကြီး ငါးပါး၊ ငါးစုတွေဟာ နည်းတာမဟုတ်ပါ။ အတိတ်သံသရာက ၈၍၊ ပစ္စုပ္ပန်, အနာဂါတ်, ကာလ ၃-ပါးခေတ်အားလုံး၌ သမုဒ္ဒရာ သဲလုံးနှင့်မျှမက၊ မြစ်ကြီးငါးသွယ်ထဲက သဲလုံးမျှမက၊ မြစ်ငယ် ငါးရာထဲကသဲလုံးမျှမက ကမ္ဘာမြေပေါ်မှာ ရှိနေတဲ့ (ဆဟာရ သဲကန္တာရထဲက သဲလုံးမျှမက× ဂိုဘီသဲကန္တာရထဲက သဲလုံးမျှ မက။) (ဂူဇရပ်ဟဲကန္တာရထဲက သဲလုံးမျှမကသော၊ ဗုဒ္ဓ ၄-မျိုး။

ဗုဒ္ဓငါးမျိုးတို့ကို ဓါတ်တရားကပင်၊ မဂ်,ဖိုလ် နိဗ္ဗာန်သို့ ပို့ပို့နေပါတယ်။ ဒါတွင်မက၊ မဂ်ပုဂ္ဂိုလ်၄-စု၊ ဖိုလ်ပုဂ္ဂိုလ်၄-စုဆိုတဲ့အရိယာ ရှစ်ယောက်ကိုလဲ ဓါတ်တရားကပင် မဂ်,ဖိုလ်,နိဗ္ဗာန်သို့, ပို့ပို့နေပါတယ်။ ဓါတ်တရား၏သတ္တိ,ဗျတ္တိတန်ခိုးတော်ဇော် အာနုဘော်ကို သိသွားကြပါလေ။

## (၉၄) အကုသိုလ်ကိလေသာကို ဓါတ်မီးမှပြာချနိုင်ပုံ

အနန္တမြူ သွား ဗုံးများထိုသို
မြို့,ရွာ,ပြည်ဖျက်၊ လက်နက်အဆို
လူများသိန်းသောင်း၊ သေကြောင်းပင်ကို
အကုကြ မရ၊ ပိုသက်ပို။

ယခုကာလ မျက်မြင်, နား, ကြား, ကမ္ဘာ က သိထား ကြသော သေနတ်, ရိုင်ဖယ်,ဗြ-လုံးပြူး၊ ၂-လုံးပြူး၊စက်သေနတ်၊စတင်းဂန်း၊ဘရင်းဂန်း၊အော်လီဂန်း၊ကာဗိုင် မော်တာ၊ စက်အမြောက်၊ ၂၅-ပေါင်တာ အမြောက်၊ တန်ဘမူ ဗုံး၊ တန်တမတ်ဗုံး၊ ဝန်ငါးမူးဗုံး၊ တန်ဘကျပ်ဗုံး၊ အနုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံး၊ ဂြိုဟ်တုစသော ကမ္ဘာဘိုက်ဖျက်တဲ့ လက်နက်ကြီး တွေဟာ၊ လူများသိန်းသောင်းကိုဉင်း၊ မြို့ရွာကျေးလက် ကိုဝင်း။ ဖျက်ဆီးနိုင်ကြတယ်။ ××ဟိုသံသရာ လဆန်းတရက်နေ့ကစ၍ ယခုအထိစိတ်၌ရှိနေသော အကုသိုလ်များ၊ ကိလေသာများကိုတော့ သေဘို၊ ကြေဘို့ကို ထားဘိ အုန်း၊ နာဘို့တောင် မဘတ်နိုင်ကြပါကုန်။ ထိုလက်နက်များကြောင့် အကုသိုလ် ကိလေသာတွေဟာ ပိုမိုများပြား တိုပွါးစီးကား၍သာနေပါတော့သည်။ ။ဓါတ်တရားနှင့်ပြာချပြစ်မှာ

စျာပနပြာကျရတော့သည်။ ဘုရား ပစ္စေကာ၊ သာဝကတွေဟာ ဓါတ်လက်နက် ထက်ထက်, မျက်မျက် ဖြင့်သာလျှင်သုံးစွဲ၍နိဗ္ဗာန် ထဲဆောက်ကြပါသည်။

## (၉၅) ဆိုးသွမ်းဟော့ရမ်း ပုဂ္ဂိုလ်ကြမ်းကြီးများ ဓါတ်နှင့်ချွတ်ပုံ

ဆိုးသွမ်း,ဟော့ရမ်း၊ ကြမ်းထမ်းပုဂ္ဂိုလ်
ခြောက်ဆယ်ကျမ်းပြ အနန္တထိုထို
ဓါတ်တရားကြောင့် နတ်သားမဂ်,ဖိုလ်
အဆုံးကြ ရုံးကြွ နိဗ္ဗာန်ကို။

ဓါတ်ဘုရား ဆိုတဲ့ ဧကောဓမ္မော၊ ဧကောယနော၊ ဧကဂ္ဂတာ၊ မဇ္ဈိမ ပဋိပဒါ ကြောင့် ကျွတ်ကြ၊ လွတ်ကြသော လူဆိုး,ဘီလူးဆိုး,တိရစ္ဆာန်ဆိုး, ပြိတ္တာဆိုးများကို ထုတ်၍ပြရပါမူ။ (၁)ခိုးသားကိုးရာ။ (၂)ခိုးသားခုနှစ်ရာ။ (၃)ခိုးသားငါးရာ။ (၄)အင်္ဂုလိမာလ။ (၅)အာဠာဝကဘီလူး။ (၆)ကာဠီယက္ခိနီဘီလူးမ။ (၇) သုစိလောမဘီလူး။ (၈)ခရလောမဘီလူး။ (၉) ဟေမဝတာရဘီလူး။ (၁၀)သာတာဂီရိဘီလူး။ (၁၁)ပိယင်္ကရပြိတ္တာမ။ (၁၂) ရင်းသားပုနဗ္ဗသုက။ (၁၃)ရင်းသမီးမိနာ။ (၁၄) ဇမ္ဗုဒိတ်လင်းနို့သားငါးရာ။ (၁၅) သီဟိုဠ်ကျွန်းလင်းနို့သားငါးရာ။ (၁၆) ဖါးနတ်သား။ (၁၇) နွားနတ်သား။ (၁၈) ဆင်နတ်သား။ (၁၉) မြင်းနတ်သား။ (၂၀) မျောက်နတ်သား။ (၂၁) ဇီးကွက်။ (၂၂) နွားကျောင်းသား အာဇီဝက။ (၂၃) ကြက်မ။ (၂၄) ဥပါလိဒိဋ္ဌိ။ (၂၅) သုသီမ။ (၂၆) ဗြဟ္မဒေဝတစု။ (၂၇) ဆတ္တမာဏဝတစု။ (၂၈) ဇမ္ဗု့ကတစု။ (၂၉) ဘုဏဗြဟ္မဏတစု။ (၃၀) ဓနဉ္စာနိဒိဋ္ဌိပုဏ္ဏား။ (၃၁) အဂ္ဂိဒတ္တတစု။

(၃၂)သဟာယဝဂ္ဂတစု။(၃၃)ကာလသူဌေးသား။(၃၄)ခေမကသူဌေးတူ။(၃၅)ဂရဟာဒိန္န။(၃၆)မိဂါရသူဌေးဒိဋ္ဌိ၊(၃၇)သုမနသူဌေးဒိဋ္ဌိ။(၃၈)ဥဂ္ဂသူဌေးတစု။(၃၉)ပြဟ္မယုတစု(၄၀)ပေါက္ခရသာတိဘစု။ (၄၁)တာရုက္ခတစု။ (၄၂)ဒါရုစီရိယတစု။(၄၃)မဏိအက္ခနဂါးညီနှောင်။(၄၄)သစ္စဗန္ဓဒိဋ္ဌိတစု။ (၄၅)ဥပကဒိဋ္ဌိ(၄၆)ဆာဝါဒိဋ္ဌိ။ (၄၇)ဝင်းသားသုဘဒ္ဒဒိဋ္ဌိ။ (၄၈)ပဏ္ဍုမြင်းတစု။ (၄၉)ရဇ္ဇုမာလာတစု။ (၅၀)သာရိပုဏ္ဏေးမတစု။ (၅၁)ဖျာရှုပုဏ္ဏားတစု။ (၅၂)ပဥ္စဂ္ဂပုဏ္ဏားတစု။ (၅၃)စူဠပန်၊(၅၄)သောပါကတစု။(၅၅)ပေါတလိယပုရိဗိုဇ်။(၅၆)နိဂြောဓပုရိဗိုဇ်(၅၇)တမ္ဗဒါဌိက သူသတ်မှုးကြီး။ (၅၈)တံငါအရိယ။ (၅၉)ကုဏ္ဍလ္လမိတ္တမုဆိုးနှင့် သားသမီးတဆဲ့ရှစ်ဦး။ (၆၀)သာကီဝင်ဒိဋ္ဌိတစုစသော(၆၁)ကျော် ဝတ္ထုများကိုကြည့်လျှင် ကောယနောခေကာခမ္မော၊ ကေဂ္ဂဘာ၊ မဇ္ဈိမပဋိပဒါ။ ဓါတ်တရား၊ ကလာပ်တရား၊ ပရမတ်တရားတို့၏ သတ္တိ ဗျတ္တိ၊ တန်ခိုးတေဇော် အာနုဘော် ကိုသိနိုင်ပါသည်။

## (၉၆) ဓါတ်တရားကြောင့်(၆၇)ဆင့်ဖြင့် မြင့်တက်သွားပုံကား

| | |
|---|---|
| ပိတ်,ပြတ်,စံရ, အနုတ္တဓါတ်ဆောင်<br>(၆၇)ဆင့် တန်းမြင့်မဂ်ဘောင်၊<br>ဓါတ်ကိုချုပြား ကြွားကြွား,ပြောင်ပြောင်<br>ဓါတ်တွေ့က အမတ နိဗ္ဗာန်သောင်။ | ဓါတ်တရား ပရမတ်တရား၊ကလာပ်တရားကို ရှုပွါးကာနေမိလို့ အပါယ် တံ |

ခါးပိတ်သွားပုံ ဆင်းရဲသံသရာ ပြတ်သွားပုံ။ ဘုံစဉ်စံသွားပုံ။

သိဒ္ဓိကြီးကိုးတန် ရသွားပုံ။ (၆၇) ဆင့်နှင့် မြင့်ကာ, မြင့်ကာ တက်သွားပုံမှာ [စတုန္န ဓါတူနံ၊ အညတ္တတ္တ ၊ ပထဝီဓါတုယာ၊ အာပေါဓါတုယာ၊ တေဇောဓါတုယာ၊ ဝါယောဓါတုယော၊ နတ္တေဝဓမ္မေ၊အဝစ္စပသာဒေန၊သမ္ပန္နာဂတော၊အရိယသာဝကော နိရယံဝါ၊ တိရစ္ဆာနယောနိယံဝါ၊ ပေတ္တိဝိသယံဝါ ဥပပဇ္ဇိဿ တီတိ။]တိကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်၊နံပါတ်-၁၁၈၊ ကြောင်း ရေ-၁၊ ဟံမူဒွိဂုင်း၊ ထို့ပြင် [သာဝကာဟိ၊ စတုန္န ဓါတူနံ၊ ကေဒေသမေဝ သမ္မသိတွာ၊ နိဗ္ဗာနံပါပုဏန္တိ။] မူလဋီကာသ အဋ္ဌကထာ စသော၊ ဓါတ်နှင့်ဆိုင်ရာပါဠိသာဓက(၃၀၀)ကျော် တို့ကိုထောက်၍သိကြရန်မှာ၊ (၁)သူဌေးဘဝအနန္တ (၂)သူကြွယ် ဘဝအနန္တ။ (၃)ထို့အတူပင်ပဒေသရာဇ်။ (၄)ကေရာဇ်။ (၅) စကြာဝတေး။ (၆)မန္ဓာတ်။ (၇)စာတုမဟာရာဇ်။ (၈)တာဝတိံ သာ။ (၉)ယာမာ။ (၁၀)တုသိတာ။ (၁၁)နိမ္မာနရတိ။ (၁၂) ပရနိမ္မိတဝသဝတ္တီ။ (၁၃)ဗြဟ္မာပါရိသဇ္ဇာ။ (၁၄)ဗြဟ္မာပုရော ဟိတာ။ (၁၅)မဟာဗြဟ္မာ။ (၁၆)ပရိတ္တာဘာ၊ (၁၇)အပ္ပမာဏာ ဘာ။ (၁၈)အာဘဿရာ။ (၁၉)ပရိတ္တာသုဘာ (၂၀)အပ္ပမာဏာ သုဘာ။ (၂၁)သုဘကိဏှာ (၂၂)ဝေဟပ္ဖိုလ်(၂၃)အသညသတ် (၂၄)အဝိဟာ။ (၂၅)အတပ္ပါ။ (၂၆)သုဒဿာ။ (၂၇)သုဒဿီ။ (၂၈)အကနိဋ္ဌာ။ (၂၉)အာကာသာ။ (၃၀)ဝိညာဏာ။ (၃၁) အာကိဉ္စညာ။ (၃၂)နေဝသညာ၊ (၃၃)ဝိဇ္ဇာရ၊ (၃၄)အဘိညာဉ်ရ (၃၅)သမာပတ်ရ။ (၃၆)ဈာန်ရ။ (၃၇)ပဋိသမ္ဘိဒါရ။ (၃၈)မဂ် ရ။ (၃၉)ဖိုလ်ရ။ (၄၀)နိဗ္ဗာန်ရ။ (၄၁)အပါယ်တံခါးပိတ်ခြင်း။

(၄၂)ဆင်းရဲသံသရာပြတ်ခြင်း။(၄၃)ဘုံစဉ်စုံခြင်း။ (၄၄)သိဒ္ဓိကိုးတန်ရခြင်း။(၄၅)လှချင်တိုင်းလှ၊(၄၆)ချောချင်တိုင်းချော။(၄၇)ပေါချင်တိုင်းပေါ၊ (၄၈)ငွေးချင်တိုင်းငွေး။ (၄၉)ချေင်းတိုင်းချေ။ ၅၀)တိုးချင်တိုင်းတိုး။ (၅၁)တက်ချင်တိုင်းတက်။(၅၂)မြင့်ချင်တိုင်းမြင့်။(၅၃)ကြွယ်ချင်တိုင်းကြွယ်။(၅၄)ကမ္ဘာ့သခင်။(၅၅)ကမ္ဘာ့ဘုရင်။ (၅၆)ကမ္ဘာ့အရှင်။ (၅၇)ထာဝစဉ်ရွှေမိုယ်း, ငွေမိုယ်းရွာ။ (၅၈)ရွှေအိုး, ငွေအိုးပေါ်။ (၅၉)ရွှေတောင်,ငွေတောင်ပေါက်(၆၀)ရွှေပဒေသာ ငွေပဒေသာရောက် (၆၁) အစိန္တေယျအကျိုး။ (၆၂) အပ္ပမေယျအကျိုး။ (၆၃)အသင်္ချေယျအကျိုး။ (၆၄) အနန္တအကျိုး။ (၆၅) အပ္ပရိမာဏအကျိုး။ (၆၆) အပရိစ္ဆိန္နအကျိုး။ (၆၇)ကိုးရာငါးဆယ်သောဗျာဒိတ်တော် အကျိုးအားဖြင့် ၆၇-မျိုး အဆင့်ဆင့် မြင့်တိုး၍ နိဗ္ဗာန်အထိ တိုးတက်ဆန်သွားကာ၊ လွတ်မြောက်ကြ ရပါလိမ့်မည်ဟူလို။

(၉၇) လက်နက်ကြီး ၄-ပါးနှင့်ဓါတ်ကြီး၄-ပါး

ဝေဿဝဏော ဟာမော၊ သက္ကာ၊ အာဠဝကတို့ (၁)ထာဝရလက်စွဲ ရဲရဲလျှံမောင်း၊ သံချောင်းစကြာ၊ လောဟာဝုဓ။ (၂) ဒေါသထောင်းထောင်း၊မာန်ချောင်းချောင်းနှင့်၊ဦးခေါင်းငဲ့လှည့်စောင်း၍ကြည့်က၊ မြည့်မြည့်ကြေမွ၊ ပြာကျလောင်မြိုက်၊ ကမ္ဘာမီးတိုက်သကဲ့သို့၊ ပြိုက်ပြိုက်ပျက်ရှုံး၊ ဘဝဆုံးရသော မျက်လုံးလက်နက်။(၃)အမျက်မာန၊အာဃာတဖြင့်။ဝါးဝနတ်၊ပတ်ပတ်လှည့်ချစ်၊ လွတ်၍ပစ်က၊ ထစ်ထစ်ရိုက်ခြိုး၊ ဖြုန်းဖြုန်းကျွဲပြို မြင်း

မိုရ်သတ္တာ၊ ရဟ္ဘန်၊ မဟာဏ်သိန္ဓု၊ အဏာမြူလောက်၊ ကောက်ရှမ်ရေ ပျောက်ရှစင်ကွာ၊ ပြင်းထန်စွာသော၊ မဟာဝရဇိန်၊ ထိန်ထိန်လျှံ လက် စက်အာဝုဓ။ (၄)(အဟမသ္မိအာဋ္ဌာဝကော။) မြေကြော လျှံမောက် ငါဟဲ့ပေါက်လျှင်၊ တောင်လောက်မကာ၊ ငွါးငွါး ထလျက်၊ကေလာသတောင်ထွဋ်မြေသိရှိသွတ်လှူအောင်၊တချက် လွှတ်ခုန်နင်း၊ တောင်ထိပ်ဗွေအတွင်း၊ လကျာခြေခင်းပြီးမှ၊ တ ဟုန်ခြင်းပစ်လိုက်လျှင်၊မြစ်သမုဒ်လေးဆိုင်၊ ခုနစ်အိုင်ခမ်းခြောက် မီးထိန်ထိန် လောင်တောက်၍၊ ကျရောက်သော မြေပြင်တွင် ဆဲ့နှစ်နှစ်ကြာတင်အောင်၊ မြက်တပင်မပေါက်၊ ကောင်းကင်သို့ မြှောက်လိုက်လျှင်၊ ဝင်းဝင်းတောက် တပြောင်ပြောင် ဆဲ့နှစ်နှစ် မိုဃ်းခေါင်သော၊စက်လောင်မီးမကာ၊ ဒုက္ကူလ ဘွဲ့ဖြူတန်းခိုးရောင် လူပြီးလျှင်၊ ဝှန်ဆူညီ ညီး၊ လက်နက်ကြီးတခု....။

ဦးပုညမေတ္တာစာ၊ မောင်အိဘုန်းကြီးပင့် မေတ္တာစာ ၄၄၊ ၁၉-ကာဝိမူမှ။ ။ယခုဘုရားပွဲမှာတော့နတ်ပြည်မှာရှိသောလက် နက်ကြီးလေးပါး၊ ငါတို့လူ့ပြည်မှာရှိသောလက်နက်ကြီးအမျိုး မျိုး အစားစားတွေနှင့် ဓါတ်ကြီးလေးပါး လက်နက်ကြီးကို ဘယ်လက်နက်က ထက်မျက်တယ်၊ ပိုတယ်၊ သာတယ်ဆိုတာကို တကယ့်အချက်၊ တကယ်အကွက်မို့၊ သွက်သွက်ကြီး လက်လက် ကြီး နက်နက်ကြီး ဟောပြရလိမ့်မည်။....(မှန်ပါ့အဲဒီတရားမျိုး ကိုဘဲ၊ နာချင်လှပါသည်ဘုရား။)

ယခုဟောပြမဲ့လက်နက်ကြီး ၄ပါးဆိုတာသံယုတ်အဋ္ဌကထာ ပဋ္ဌမအုပ် အာဋ္ဌာဝကသုတ်ထဲကထို့ပြင် သုတ္တနိပါတ် အဋ္ဌကထာ

ပဌမအုပ် အာဋ္ဌာဝကသုတ်ထဲက၊ ထို့ပြင် ဦးပုည မေတ္တာစာတွင် ခုဒင်ကရွတ်ပြတဲ့မောင်အိဘုန်းကြီးပင့် မေတ္တာစာထဲက၊ ထို့ပြင် ကြောင်ပန်းဓမ္မကထိက၊ ဦးတိဏ္ဏ ရေးသောကျမ်းထဲက (၁) သိကြားမင်း၏ဝရဇိန်လက်နက်ကြီး။ (၂)ဝေဿဝဏ်နတ်မင်းကြီး၏၊ ချွန်းတောင်းလက်နက်ကြီး။ (၃)ယမမင်း၏ မျက်လုံးလက်နက်ကြီး။ (၄)အာဋ္ဌာဝကဘီလူးကြီး၏ ဘွဲ့ဖြူလက်နက်ကြီးရယ်လို့ ရာဇဝင်မှာ စာတင်ခြင်းခံရတဲ့ လက်နက်ကြီး၄-ပါးရှိပါတယ် အဲဒီအထဲက(၁)နတ်တို့သနင်းသိကြားမင်းကြီးဟာ မာန်မူတင်းလျက် အမျက်ထွက်၍ ဒီဝရဇိန်လက်နက် မိုးကြိုးစက်ကြီးကို အကယ်၍ မြင်းမိုရ်တောင်ထိပ်၌ ပစ်ချလိုက်ငြားအံ့၊ ထိုမြင်းမိုရ်တောင်ကြီးသည်။ဖရိုဖရဲ ပြိုကွဲလျက် မှုန့်မှုန့်ညက်ညက် ကြေမွပြီး အကုန်မြေ၌ကျရောက်လာရသတဲ့ဒကာရဲ့။ (တယ်ပြီးလဲ ပြင်းထန်ထက်မျက်ပါကလား အရှင်ဘုရား။)

(၂) ဝေဿဝဏ် နတ်မင်းကြီးဟာလဲ မာန်မူဘင်းလျက် အမျက်ထွက်၍ ဒီချွန်းတောင်း လက်နက်ကြီးကို အကယ်၍စေလွှတ်ပစ်ခတ်လိုက်ငြားအံ့၊ ယက္ခိုက်ပေါင်းတထောင်တို့၏ ဉကွှောင်းသည်၊ ထောင်းထောင်းပြတ်ကြွေ အကုန်သေ၍ မြေ၌ကျစေပြီးမှ ထိုလက်နက်ကြီးဟာ-မိမိထံသို့ရောက်လာရသတဲ့။

(၃) ယမမင်းကြီးဟာလဲ မာန်မူတင်းလျက် အမျက်ထွက်၍ ဒီမျက်လုံးလက်နက်ကြီးဖြင့် တချက်ထဲလှည့် စောင်းငဲ့၍ ကြည့်လိုက်ပြန်လျှင် ကုမ္ဘဏ်တထောင် နတ်မျိုးကောင်တသင်းတို့သည်

အိုးကင်းပူ ထောင်းထောင်း၌ ထည့်လောင်း၍ လှော်အပ်သော တဖျတ်ဖျတ် တဆွဲ့ဆွဲ့ နှမ်းစေ့တို့ပမာ တဖျစ်ဖျစ်သာမြည် တစီစီတသဲသဲ နေအောင် ဖရိုဖရဲနှင့် ပြိုကွဲပျက်ကြွေ၍ သေကြေ ပျက်စီးကြရကုန်သတဲ့။

(၄) အာဋ္ဌာဝက ဘီလူးကြီးလဲ ဒေါသအမျက် ချောင်း ချောင်းထွက်၍ ဘွဲ့ဖြူလက်နက်ကြီးကို ကောင်းကင်၌ ဖြန့်ကြက် စေလွှတ်လိုက်မယ်ဆိုလျှင် တဆဲ့နှစ်နှစ်ကာလပတ်လုံးမိုးဆည် တလုံးတခုပေါက်မျှ မရွာချနိုင်တော့ဘူး။ မြေကြီးပေါ်သို့ ဘွဲ့ဖြူ လက်နက်ကြီးကို ချပြန်သော်၊ မြက်သစ်ပင်များဟာ အညွန့်အ ညှောက်မပေါက်နိုင်တော့ဘူးတဲ့၊ ဘွဲ့ဖြူလက်နက်ကြီးကိုသမုဒ္ဒရာ ထဲသို့ချလိုက်ပြန်သော်သမုဒ္ဒရာရေတွေဟာမကြာခဏပင်ရေမခြင် ခန်းပျောက်၍ သွေ့သွေ့ ခြောက်ခြောက် ဖြစ်သွားနိုင်တယ်။ ဘွဲ့ဖြူလက်နက်ကြီးဖြင့်မြင်းမိုရ်တောင်ကြီးကိုပစ်ခတ်လိုက်သော် မြင်းမိုရ်တောင်ကြီးဟာလဲဖရိုဖရဲဆန်ကွဲကြသလိုတခဏထဲမှုန့်မှုန့် ညက်ညက် အပိုင်းပိုင်း၊ အပြတ်ပြတ် အထပ်ထပ် နေအောင်ဖြစ်၍ သွားစေနိုင်တယ်တဲ့ ဒကာရဲ့....(မှန်လှပ တယ်လဲပြင်းထန်စူးရှ တဲ့ လက်နက်ကြီးတွေပါကလားဘုရား။)

ဝရဇိန်လက်နက်၊ ထက်မျက်ဒေဝါ။
ဝေဿဝဏ်သံချောင်း၊ ချွန်းတောင်းတဖြာ။
မျက်စိလက်နက်၊ ထက်မျက်ယမာ။
ဘွဲ့ဖြူထား ထူးခြားအာဋ္ဌာဝကာ။

လက်နက်ကြီး ၄-ပါးတို့ ထက်မျက် ထန်ပြင်း ထူးခြား ပုံကို

ယခုရွှတ်ပြတဲ့မြန်မာဂါထာ၊ သိတံဆောင်ပုဒ်အရ ကျက်၍ထား ကြပါကုန်။

(ဒကာအောင်) ဒီလက်နက်များထက် ထက်မျက်ထန်ပြင်း သောလက်နက်များဟာလောကဌ်ရှိပါသေးရဲ့လားအရှင်ဘုရား။

ရှိဘာပေါ့ ဒကာအောင်ရ ဒီလက်နက်တွေက သိကြား၊ ယမ၊ အာဠဝက၊ ဝေဿဝဏ္ဏဆိုတဲ့ နတ်မျိုး, နတ်နွယ်တို့ အမြဲ ကိုင်ဆောင်ထားတဲ့ လက်နက်များသာ ဖြစ်ပါသေးတယ်။

(၉၈) မီး,ရေ,လေ ကမ္ဘာဖျက်လက်နက်ကြီး ၃ ပါး

ကပ္ပဝိနာသက မြွတာလက်နက်ကြီး ၃-ပါးဆိုတာ မီးရယ် ရေရယ်, လေရယ်လို့ ၃-ပါးပင်ရှိပါသေးတယ်၊ အဲဒီကမ္ဘာဖျက် လက်နက်ကြီး၃-ပါးကတော့ (လေးကျွန်းတမြင်းမိုရ်စကြာဝဠာ တခုဟု ခေါ်ပါတယ်။) ထိုစကြာဝဠာကြီး တခုကို ယူဇနာဖွဲ့၍ ကြည့်တော့ ကိုးမိုင်ကို တယူဇနာထား၍ ၎င်းယူဇနာပေါင်း (၃၇၀၀၀၀၀) သုံးသန်း ခုနစ်သိန်းဟာ အလျားယူဇနာပါဘဲ။ (၁၂၀၃၄၅၀) တသန်း ၂-သိန်း သုံးထောင် လေးရာ ငါးဆယ် ကတော့ အနံယူဇနာပါဘဲ။ အဲဒါစကြာဝဠာတခုပေါ့၊ အဲဒီလို စကြာဝဠာပေါင်းက ကုဋေတသိန်း စကြာဝဠာပေါင်း တသောင်း ရှိတဲ့ ဇာတိခေတ်ကျောက်ဖျာကြီးပေါင်းက ဆယ်ကုဋေ၊ စကြာ ဝဠာကိုခံ၍ ထားတဲ့ မဟာပထဝီမြေကြီး အထုက (၂၄၀၀၀၀) မဟာပထဝီမြေကြီ ကိုခံသားတဲ့ ရေအထုက(၄၈၀၀၀၀)၎င်းရေ ထုကိုခံ၍ထားတဲ့ လေအထုကြီးက (၉၆၀၀၀၀) ၎င်းလေအထု

တည်နေတဲ့ ကောင်းကင်ကြီးက အနန္တ၊ အဲဒီကမ္ဘာ့တန်းဆာ အခြေခံ အမာခံကြီးဟာ မီးဖျက်တဲ့ကမ္ဘာမှာ တေဇောဓါတ်ဆိုတဲ့ မီးဓါတ်ကြောင့် အကုန်လုံး မီးလောင် ပျက်စီး၍ ဇနလိုက်ထာများ သံဝဋ္ဋအသင်္ချေယျကပ်တခုလုံး လောင်၍နေပါတယ် အဲဒီကမ္ဘာ့တန်းဆာတွင် မကသေးဘဲ တေဇောဆိုတဲ့မီးဓါတ်ကြောင့် အပါယ်က ၄ ဘုံ လူပြည်ကတဘုံ၊ နတ်ပြည်က ၆ ဘုံ၊ ဗြဟ္မာ့ပြည်ကပဌမဈာန် ၃-ဘုံအားဖြင့် (၁၄) ဘုံတောင် ပျက်စီးရသေးတယ်၊ ဒကာအောင်ရ။

(ဒကာအောင်) ဒါဖြင့် တပည့်တော်များ အားထုတ်လို့ တွေ့ရတဲ့ မီးဆိုတဲ့ တေဇောဓါတ်ဟာသိတ်ပြီးထက်မျက်ပြင်းထန်လှပါကလား အရှင်ဘုရား၊ ထိုတေဇောဓါတ်မီးလောင်လို့ စကြဝဠာပေါင်းက ကုဋေတသိန်း၊ ကျွန်းကြီး ၄-ကျွန်းပေါင်းကလဲ ကုဋေ ၄-သိန်း၊ မြင်းမိုရ်တောင်ကြီးပေါင်းကလဲ ကုဋေတသိန်း မဟာပထဝီမြေကြီးကလဲ (၂၄၀၀၀၀)ရေအထုကလဲ(၄၈၀၀၀၀) လေအထုကလဲ (၉၆၀၀၀၀)ကောင်းကင်ကလဲအနန္တတို့ကိုစုပြုံပြီး တေဇောဓါတ်မီးလောင်၍ ပြစ်လိုက်ထာ ကုန်ပါရောတဲ့၊ သိတ်အားရှိစရာပါဘဲ။ သိတ်ငမ်းသာစရာပါဘဲ၊ သိတ်အားတက်စရာပါဘဲနော်။

ကဲကဲခရဆိုတဲ့ အာပေါဓါတ်က ကမ္ဘာကြီးကို ဖျက်ပြစ်လိုက်ပုံကတော့ စကြဝဠာပေါင်း ကုဋေတသိန်း ကျွန်းကြီးများက ကုဋေ ၄-သိန်း၊ မြင်းမိုရ်တောင်ကြီးတွေကကုဋေတသိန်း၊ မဟာပထဝီမြေကြီးက(၂၄၀၀၀၀) ရေအထုက(၄၈၀၀၀၀) လေအထု

က (၉၆၀၀၁၀)ကောင်းကင်က အနန္တတို့ကို ရေဆိုတဲ့ အာပေါ ဓါတ်က ကုန်ခမ်းချုပ်ပျောက် ကင်းငြိမ်းစေတယ်။ ထို့ပြင်လဲ အပါယ်၄-ဘုံ၊ လူ့ဘုံ နတ် ၆ ဘုံ၊ ပြဟ္မာက ပဌမစျာန် ၃-ဘုံ၊ ဒုတိယစျာန် ၃-ဘုံအားဖြင့် ၁၇-ဘုံကိုရေဆိုတဲ့ အာပေါဓါတ် ကကုန်ခမ်း ချုပ်ပျောက် စေနိုင်ပါတယ်။(ဒကာအောင်) သြော် ဒါ့ကြောင့် မီးစောင်းထက် ရေစောင်းကထက်တယ်လို့ ရှေးရှေး က ဘိုးဘွားများပြောကြားခဲ့ဒါကိုး အရှင်ဘုရား။ယခုမှဘဲသဲကွဲ နားလယ်ပါတော့တယ်။

ကဲကဲ-လေဆိုတဲ့ ဝါယောဓါတ်က ကမ္ဘာကြီးကို ဖျက်ဆီး လိုက်ပုံကဘော့ စကြာဠာပေါင်း ကုဋေတသိန်း ကျွန်းကြီး ပေါင်းကုဋေ ၄-သိန်း၊ မြင်းမိုရ်တောင်ပေါင်း ကုဋေတသိန်း မဟာပထဝီမြေကြီးက (၂၄၀၀၁၀) ရေအထုက (၄၈၀၀၀၀) လေအထုက(၉၆၀၀၀၀)ကောင်းကင်က အနန္တတို့ကို လေဆိုတဲ့ ဝါယောဓါတ်က ကုန်ခန်းချုပ်ငြိမ်းစေတယ်။ ထို့ပြင်လဲ အပါယ် ၄-ဘုံ၊ လူ-ဘုံ၊နတ် ၆-ဘုံ ပြဟ္မာက ပဌမစျာန်၃-ဘုံ၊ဒုတိယစျာန် ၃-ဘုံ၊ တတိယစျာန် ၃-ဘုံအားဖြင့် ဘုံပေါင်းလဲ (၂၀)အထိ ပျက်စီး ကုန်ခန်းချုပ်သွားရတယ် ဒကာရဲ့....

(ဒကာအောင်) မှန်ပြီ, မှန်ပြီ မီးစောင်းထက် ရေစောင်း ထက်၊ ရေစောင်းထက် လေစောင်းထက်တယ်ဆိုတာ ယခုမှ သဘောပေါက်ပါတော့တယ်ဘုရား။

ဒကာအောင်ရေ.. ဘုရား။

ယခုဟောပြတာက မီးဓါတ်, ရေဓါတ်, လေဓါတ်ကြောင့်

ကမ္ဘာပျက်တဲ့ ဥပမာသာရှိသေးတယ်၊ ထိုမီးဓါတ်, ရေဓါတ်, လေဓါတ်ကြောင့် ခန္ဓာကိုယ်ထဲက ကိလေသာဓါတ်တွေ ပျက်ထာကို ဥပမာ-ဥပမေယျ ဆက်စပ်၍ ဟောရအုန်းမယ်၊ ဒကာအောင်ရ၊

(ဒကာအောင်) ဟောတော်မူပါအုန်း အရှင်ဘုရား။ ဒါမှ ဝိပဿနာကို သိတ်ပြီး ကြိုးစားအားထုတ်ကြမှာပါဘုရား။

ကဲကဲ-ဥပမာ ဥပမေယျဆက်စပ်၍ပြနတော့မယ်၊နားသောတဆင်ကြတော့။ (၁)မီးဆိုတဲ့တေဇောဓါတ်ကြောင့် ကမ္ဘာတန်းဆာကြီးနှင့်တကွအပါယ် လူ နတ်၊ ဗြဟ္မာ ၁၄ ဘုံပျက်စီးရတာလို ငါတို့၏ခန္ဓာကိုယ်၌မီးဆိုတဲ့ ပူခြင်း, ခြင်း,တေဇောဓါတ် ပေါ်လာတော့ ပုထုဇဉ်ကမ္ဘာဆိုတဲ့ အကုသိုလ် စေတသိက်၊ ကိလေသာဘရား(၁၄)ပါးဟာကုန်ခန်း ချုပ်ငြိမ်းငင်းဝေးလွှင့်စင်သွားရပါတော့တယ်။ သိတ်အားရစရာကြီးပါဘဲ။ (၂)ရေဆိုတဲ့ အာပေါဓါတ်ကြောင့် ကမ္ဘာ့တန်းဆာကြီးနှင့်တကွ၊ အပါယ် လူ,နတ် ဗြဟ္မာ(၁၇)ဘုံ ပျက်စီးပြိုကွဲကုန်ခန်း ချုပ်ငြိမ်းရတာလို ငါတို့၏ခန္ဓာကိုယ်၌ စီးထန်းထန်း အရေယိုခြင်းဆိုတဲ့ အာပေါဓါတ်များပေါ်၍လာတော့ ပုထုဇဉ်ကမ္ဘာဆိုတဲ့ စိတ္တုပ္ပါဒ်ကိလေသာတရား(၁၇)ပါး ဟာ ကုန်ခန်းချုပ်ငြိမ်း ကင်းဝေးလွှင့်စင်သွားရပါတော့တယ်။ သိတ်ပြီးဝမ်းမြောက်စရာပါဘဲ။ (၃)လေဆိုတဲ့ ဝါယောဓါတ်ကြောင့် ကမ္ဘာ့တန်းဆာကြီးနှင့်တကွ အပါယ် လူ,နတ်,ဗြဟ္မာ ဘုံပေါင်း(၂၀)တို့ဟာကုန်ခန်းချုပ်ငြိမ်းရတာလို ငါတို့၏ ခန္ဓာကိုယ်၌ လှုပ်ရှား ထောက်ကန်ခြင်းဆိုတဲ့ ဝါယော

ဓါတ်များပေါ်၍ လာတော့ ပုထုဇဉ် ကမ္ဘာဆိုတဲ့ သက္ကာယဒိဋ္ဌိ (၂၁)ဟာလဲ ကုန်ခန်းချုပ်ငြိမ်း ကင်းဝေးလွင့်စင် သွားရပါတော့တယ်။ လွတ်ပြီ မြောက်ပြီ၊ ကျွတ်ပြီ၊ အေးပြီနေဘ်–အဲဒါကို မဒမ္မ မပျောက်ရအောင် ကျက်ထားကြရန် ဂါထာကား။....

မီးဓါတ်ဆဲ့လေး၊ ရေအေးဆဲ့ခွန်
နှစ်ဆယ်လေဓါတ်၊ ကင်းပြတ်အလွန်။
ကမ္ဘာပျက်ရိုး၊ သုံးမျိုးကိုညွှန်။
ဓါတ်လက်နက်–ထက်မျက်လွန့်၊ အလွန်။

တကာအောင်ရေ (ဘုရား)ယခုဟောပြတဲ့ ကမ္ဘာ့နိယာမ ကပ္ပဝိနာသကဆိုတဲ့ မီးဓါတ်၊ ရေဓါတ်၊ လေဓါတ် သုံးပါးတို့ဟာ ကမ္ဘာ့တန်းဆာကြီးများနှင့်တကွ(၁၄–ဘုံ)(၁၇–ဘုံ)(၂၀)ဘုံတို့ အထိပျက်စီး ပြိုကွဲ မွမွကြဲရတယ်ဆိုတာကတော့ ကမ္ဘာဟောင်းကြီးပျောက်ပြီးတဲ့နောက် ကမ္ဘာသစ်ကြီး ပြန်၍၊ပြန်၍ ပေါ်ပေါ်လာရသေးတယ် ဒကာရဲ့။.... ယခု ဒကာအောင်တို့ အားထုတ်နေကြတဲ့ ဓါတ်ကြီး ၄–ပါး၊ ပုထုဇဉ်ဖျက်တဲ့ ဝိပဿနာဓါတ်ဘုရားကတော့ဓါတ်တရားကြောင့်သူနှင့်ဆိုင်ရာ ကိလေသာကို ကုန်ခန်းချုပ်ငြိမ်းလျှင် နောက်ထပ်တဖန် ပြန်၍ပေါ်လာရိုးမရှိအောင်(အနုပ္ပါဒနိရောဓ)မျိုးဖြင့်ချုပ်ငြိမ်းရတယ်ကွဲ့။

(၉၉) ဓမ္မတာဓါတ်နှင့်ဘာဝနာဓါတ်ကွဲပြားပုံမှာ

ကမ္ဘာကိုဖျက်တဲ့ မီးဓါတ်၊ ရေဓါတ်၊ လေဓါတ်၊ တို့ဟာ ဘယ်လောက်ပင်ထက်မျက်လှပါတယ်လို့ဆိုရစေကာမူအနန္တရကပ်ပေါင်း(၂၅၆)ကပ်လောက် ကြာကြာရှိတဲ့ ကမ္ဘာ့တန်းဆာနှင့်

ဘုံပေါင်း (၁၄-၁၇-၂၀) ကိုသာ ဖျက်ဆီး နိုင်ကြပါတယ်၊ နောက်နောင်လဲ ကမ္ဘာသစ်ကြီ ဟာ ပြန်၍ပေါ်လာ ပါသေးတယ်ကွဲ့။ ယခုဒကာ အောင်တို့ အားထုတ်တဲ့ဓါတ်တရား ဘာဝနာတရား၊ ပါရမီဘုရားကတော့ ဟိုအစမထင်နိုင်တဲ့ သံသရာလဆန်းတရက်နေ့ကစပြီး တွယ်ကပ်၍ လာတဲ့ ပုထုဇဉ်ကမ္ဘာကိလေသာ (၁၅၀၀)အကုသိုလ်များကို အပြန်မရှိအောင် ချုပ်ငြိမ်းစေနိုင်ပါတယ်။ အဲဒါကို မပျောက်မပျက်စေရန် မြန်မာဂါထာတပုဒ် ကျက်ဘို့ရန်ဘား။

ပထဝီ့အာပေါ၊ တေဇော,ဝါယုံ။
အရိယာလက်၊ ထက်မျက်အဟုန်။
ကိလေပစ်ခွင်း၊ စင်းစင်းသေကုန်။
မဂ်ဖိုလ်နန်း စံမြန်းနိဗ္ဗာန်ဘုံ။

ကဲကဲ....ယခုကာလ၌ ခေတ်စားနေကြတဲ့ လက်နက်ကြီးနှင့်နှိုင်းယှဉ်၍ပြပါဦးမည်။ ယခုပြီးခဲ့တဲ့ ဒုတိယကမ္ဘာ့စစ်ပွဲကြီးမှာဆင်နွှဲသုံးဖြုန်းကြသော (၁)ရိုင်ဖယ် ဗြ လုံးပြူး၊ စတင်းဂန်း၊ ဘရင်းဂန်း၊ ဘော်မီဂန်း၊ အော်လီဂန်း စသော သေနတ် အစားစားတွေ။ (၂)မော်တာ၊ စိန်ပြောင်း ၂၅-ပေါင်တာ စသော အမြောက်အစားစားတွေ(၃)တန်ဘူး၊ တန်တမတ်၊ တန်ငါးမူး တတန်စသော ကြဲဗုံး၊ ရေမြှုပ်ဗုံး အစားစားတွေ၊ (၄) အနုမြူဟိုက်ဒရိုဂျင် စသော လက်နက်ကြီးတွေဟာ ကြောက်စရာ၊ လန့်စရာ၊အသဲထိတ်စရာတွေဟူ၍ အသိအမှတ်ပြုကြပါတယ်။ ။အဲဒီလက်နက်တွေဟာ လူကိုသာ သေစေတတ်ပါတယ်။

အကုသိုလ်တို့ ကိလေသာတို့ ဒုစရိုက်တို့၊ ဒုရာဇီဝတို့၊ အာသဝ ဩဃ ယောဂ၊ ဂန္ထ၊ ဥပါဒါန်၊ နီဝရဏ၊ အနုသယ၊ သံယောဇဉ် ကိလေသာတို့ကိုတော့မသတ်နိုင်ကြပါကုန်။ အလွန်တရာကြောက် စရာကောင်းလှသောငရဲကြီးရှစ်ထပ်က ဒုက္ခများ၊ ငရဲငယ်(၁၂၈) ထပ်ကဒုက္ခများ၊ အသုရကာယ် ဒုက္ခများ၊ တိရစ္ဆာန်ဒုက္ခများ၊ ပြိတ္တာဒုက္ခများကိုတော့ မသတ်နိုင်၊ မဖြတ်နိုင်ကြပါ။ သေနတ် အမြောက်၊ ဗုံးစသော လက်နက် တို့ ဟာ လူကိုသတ်နိုင်တယ်၊ သေစေနိုင်ဘယ်လို့ ဆိုရစေကာမူ၊ လူအကုန်လုံးကို မသတ်နိုင်ကြ ပါ။ သူတို့နှင့်နီးစပ်ရာက လူကိုသာသေစေနိုင်ပါတယ်။ (ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော)ဆိုတဲ့ အရိယာတို့၏ လက်နက်ကြီး များကတော့တသံသရာလုံးက ရရှိထားတဲ့အကုသိုလ် ကိလေသာ တွေကိုရော၊ ရှိရှိသမျှ အာသဝ၊ ဩဃတို့ကိုပါ၊ နောက်ထပ် လဲမလာရ၊ ယခုလဲသေရအောင်၊ အဆုံးစွန်ခြေမှုန်း၍လုံးလုံးကြီး ကွယ်ပျောက်စေ၍ ဈာပန ပြာချပြီး ရှာမရအောင် သတ်နိုင် ကြပါတယ်။ အဲဒါကိုအမှတ်ရအောင်ဟာ မြန်မာဂါထာဆောင် ပုဒ် ရေးရဦးမည်။

သေနတ်အစားစား၊ ဗုံးများသွယ်သွယ်။
စိန်ပြောင်းအမြောက်၊ အံ့လောက်စဖွယ်။
အဏုမြူလက်နက်၊ ထက်မျက်ကြောင်တယ်။
ကမ္ဘာလုံး ပျက်ပြုန်းကွယ်တော့မယ်။

လက်နက်ကြီး ၄-ပါးနှင့် ဓါတ်ကြီး ၄-ပါး တရား တော် ကြီးပြီး၏။ ။

## (၁၀၀) ကောင်းကင်ပျံတရားတော်

ယခုတရားပွဲမှာတော့၊ ကောင်းကင်ပျံတရားကို ဟောပြရ ပေမယ်။ ယခုကာလဝိပဿနာ၏ ရှေးတော်ပြေးနိမိတ် ပေါ်နေ တာကို ဒကာအောင် သတိထားမိပါရဲ့လား။.... (မထားမိပါ ဘုရား)လေယာဉ်ပျံတွေ ဒကာအောင်ရ။ အဲဒီလေယာဉ်ပျံတွေ ဟာ (၁) တန်ချိန်ပေါင်း များစွာရှိနေတဲ့ ဝန်လေးကြီးကိုပင် သယ်ယူပို့ဆောင်၍နေကြတာ၊ လူတိုင်းမြင်သာဘဲကွယ်။....(၂) လျှင်မြန်လိုက်ထာလဲမပြောပါနဲ့တော့၊ ရန်ကုန်နဲ့ကလကတ္တားကို ၄-နာရီလောက်နှင့် အရောက် ပို့နိုင်ပါတယ်။ (၃) မြေလမ်း ရေလမ်းပြုပြင်၍မပေးရဘဲနှင့် ကောင်းကင် လဟာပြင်လမ်းဖြင့် ပျံသန်းနိုင်ပါတယ်။ ။အဲဒီလေယာဉ်ပျံဟာ ဘုရားမှန်းလဲမသိ၊ တရားမှန်းလဲမသိ၊ သံဃာမှန်းလဲမသိ၊ ဘာကိုမှမသိ၊ ဒါနလဲမပြု သီလလဲမစု၊သမထလဲမရှု၊ဝိပဿနာလဲမလု၊အဲဒါတောင် ဝန်လေး ကြီးကို သယ်ယူနိုင်ခြင်း၊ လျှင်မြန်ခြင်း လမ်းပြုပြင်မပေးရခြင်း ငြိမ်ဆိပ်ခြင်း၊ ခန်းနားကြီးကျယ် သပ်ယပ် ပါဝ ါရှိလှခြင်းတို့ဖြင့် လူမြင် သူမြင် ရှေးတော်ပြေး အသွင်ဖြင့် ပေါ်ထင် နေတယ် မဟုတ်လား။

တန်ချိန်များပြား၊ ရထားလေယာဉ်။
ဓါတ်ရှိန်အားဖြင့်၊ ပျံသွားအမြင်။

ဤမျှလောက်ခရီးရောက်လှတဲ့ လေယာဉ်ပျံဟာ၊ဘာ့ကြောင့် ဝန်လေးကြီးကို သယ်ယူ၍သွားနိုင်သနည်း။ ဘာ့ကြောင့် လျှင် လျှင်, မြန်မြန် ဖြစ်ရသနည်း။ ဘာကြောင့် မြေလမ်း, ရေလမ်း

မပြုရဘဲနှင့်လိုရာဌာနသို့သွားနိုင်သနည်းဟုစစ်ဆေး၍ကြည့်တော့ လေယာဉ်ပျံ၏ ကိုယ်အထယ်ကြီးဟာ ပထဝီဓါတ်ပါဘဲ။ ဓါတ်ဆီ စက်ဆီကဘော့အာပေါဓါတ်ပါဘဲ။ ပလပ်မှ မီးတောက်နေတာ ကတော့ တေဇောဓါတ်ပါဘဲ။ ပန်ကာလယ်၍ လေကိုရနေတာ က ဝါယောဓါတ်ပါဘဲ။ ဤလိုဓါတ်ကြီး ၄-ပါး ဆုံစည်းမိလို့ ဝန်လေးကိုထမ်းနိုင်ခြင်း၊ လျှင်မြန်ခြင်း၊ လမ်းမပြုရဘဲ သွားနိုင် ခြင်း စသည်တို့ကိုဆောင်ရွက်နိုင်တာ၊ ထို့ပြင်လဲ သတ္တဝါတိုင်း တို့ဟာ ဓါတ်ကြီး ၄-ပါးညီညွတ်မျှတ၍နေတဲ့အခါ၊ သွားလိုက် လာလိုက် လုပ်လိုက် ကိုင်လိုက်နှင့် ထင်တိုင်းပေါက်၍နေကြတယ် ဓါတ်၄-ပါးထဲကတပါးပါးချို့တဲ့ရင်ဘဲ မှိုင်ကုပ်ကုပ်နဲ့ တွေတွေ ဝေဝေနဲ့မလုပ်နိုင် မကိုင်နိုင်၊ လဲ၍လဲ၍သာ နေရရှာတော့သည်။

ဤဥပမာလိုပင် လူ့,နတ်,ဗြဟ္မာ,သတ္တဝါတွေဟာလဲ၊ ပထဝီ ဓါတ် အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်ဆိုတဲ့ဓါတ် ကြီး၄ ပါးကို ရှုပ္ပါးနေလျှင် ထိုထိုဓါတ်ကြီး ၄-ပါး၏တန်ခိုး ကြောင့် စူဠသောတာပန်ဖြစ်ခြင်း၊ မဇ္ဈိမသောတာပန် ဖြစ်ခြင်း မဟာသောတာပန်ဖြစ်ခြင်း၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်၍လူ့ပြည်မှာဖြစ်စေ၊နတ်ပြည်မှာဖြစ်စေဗြဟ္မာပြည်မှာဖြစ်စေ နိဗ္ဗာန်မကူးရသေးမီ၊ ချမ်းချမ်း, သာသာ၊ လန်းလန်း, ဖြာဖြာ ဝမ်းပန်းသာသာကြီးရ၍ နေကြရပါသည်။ ဘုံစဉ်စံဘဝလဲရနိုင် ပါတော့သည်။

ဓါတ်ကိုရမှ၊ လှလှဘုံစဉ်။
အမြန်သွား-ခံစားနိဗ္ဗာန်ခွင်။

ဤလိုနှင့် ဓါတ်ကြီး ၄-ပါးရ၍ ကျွတ်သွား ကြတာများ ၂၄-သင်္ချေ ကုဋေ(၆၀)ဗိုလ်ခြေတသိန်းတို့ဟာ ဘုရားနှင့်ပါ၍ သွားကြပါပြီ။ ဓါတ် ၄-ပါးရှုပွါးကြပါကုန်။

တန်ချိန်များပြား၊ ရထားလေယာဉ်။
ဓါတ်ရှိန်အားဖြင့်၊ ပျံသွားအမြင်။
ဓါတ်ကိုရမှ၊ လှလှဘုံစဉ်။
အမြန်သွား-ခံစားနိဗ္ဗာန်ခွင်။

ပြီး၏။ ။

## (၁၀၁) ပရမတ်အစစ်နှိမ့်နှေ့ခဏ်း

ပရမတ်ဆရာကြီး ဦးရွှေလူသည် ဉာဏစာဂီထံသို့ရောက်လာပြီး ကိုယ်တော်ဟာ၊ တပည့်တော်တို့ အဖွဲ့သားတွေကို ပညတ်သွားတွေဘဲဟု ပြောတယ်ဟု စကားထွက်နေပါတယ်ဘုရား။

ဂီ။ ။ပုဂ္ဂလဓိဋ္ဌာန်နှင့် မပြောရပါတကား ဆရာကြီးရယ်။ ဓမ္မဓိဋ္ဌာန်နှင့်တော့ ပြောမိချင်ပြောမိပါလိမ့်မည်။

လူ။ ။ဘယ်လိုများ ကိုယ်တော်က ဟောသလဲ။

ဂီ။ ။ဟောတဲ့တရားကတော့ ဒီလိုပါ။ ။(၁)သဘောက ပရမတ်။ (၂)အပြောက ပညတ်XXအဲဒါလိုတော့ ဟောမြဲပါဘဲ။

လူ။ ။တပည့်တော်တို့ပြသနေတာဟာ သဘောပရမတ်ဘဲ မဟုတ်ပါလားဘုရား။

ဂိ။ ။ပြောပြစမ်းပါဦးဗျာ။

လူ။ ။ပထဝီဓါတ်တခုကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်နဲ့ခွဲပြတယ်၊ သဘောအရကို သိစေပါတယ်၊ အာပေါဓါတ်တခုကို ၎င်းနည်းပါဘဲ။ ။နာမ်ပိုင်း ပြသတော့လဲ မြင်စိတ်ကြားစိတ်၊ နံစိတ်၊ လျှက်စိတ်၊ ထိသိစိတ်၊ ကြံသိစိတ်၊ တခုခုဒ္ဓလဲ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်နဲ့ ပြသနေပါတယ်၊ သဘောကြ၍နေစေပါတယ်။ အဲဒါဟာ သဘောပရမတ်ဘဲ မဟုတ်ပါလားဘုရား။

## ပရမတ်အစစ် ဓါတ်အနှစ်တွဲ

(ပရမတ်အစစ်ဟာ ဓါတ်အနှစ်ပါဘဲ) ဆရာကြီးရယ်။ တနည်း (ပရမတ်အစု၊ ဓါတ်အနှ)။ ။ဓါတ်ကို အတွေ့ရှု၍ ဌာနနဲ့ပေါ်၊ သဘာဝနဲ့ပေါ်၊ ပမာဏနဲ့ပေါ်၊ ကလာပနဲ့ပေါ်၊ ပဟာနနဲ့ပေါ်၊ ဉာဏနဲ့ပေါ်၊ အာနုဘာဝနဲ့ပေါ်၊ အပေါ်ရေကပေါ်၊ အတွင်းရေကပေါ်၊ အသားထဲကပေါ်၊ အကြောထဲကပေါ်၊ အရိုးထဲကပေါ်၊ ရိုးတွင်းချင်ဆီကပေါ်၊ နိဒရာချုပ်၍ပေါ်ဆိုတဲ့(တဆဲ့လေးချက်၊ ဓမ္မစက်)နဲ့ပေါ်တာကိုမှ(ပရမတ်အစစ်ပေါ်တာ၊ တွေ့ဘာဟု) ဆိုဖြတ်မြဲပါဗျား။

### တဆဲ့လေးချက်ဓမ္မစက် နာမ်နဲ့တွေ့ရပုံမှာလဲ

[ဆန္ဒောစိတ္တာ၊ မုပေက္ခာစ၊ သဒ္ဓါပဿဒ္ဓိပီတိယော၊ သမ္မာဒိဋ္ဌိစ၊ သင်္ကပ္ပေါ၊ ဝါယမော၊ ဝိရတိတ္တယံ၊ သမ္မာသတိ၊ သမ္မာဓိတိ၊ စုဒ္ဒသေတော၊ သဘာဝတော၊ သတ္တတိံသ၊ ပဘေဒေန

သတ္တဓါ၊ တတ္တသင်္ဂဟော။ ] သင်္ဂြိုဟ်ပါဠိ၊သမုစ္စည်းပိုင်း။ နံပါတ် (၈၆) ကြောင်းရေ-၁၁။ ၉ မှုမှာပြထားပါသည်။ [ ဆန္ဒ စိတ် ဥပက္ခော၊ သဒ္ဓါ၊ ပဿဒ္ဓိ၊ ပီတိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ ဝီရိယ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာသတိ၊ သမ္မာ သမာဓိ။ ] ဤတဆဲ့လေးပါးကား နာမ်ဘက်က (တဆဲ့လေး ချက် ဓမ္မစက်ဖေါ်ပုံပါဘဲ။)

ခန္ဓာထဲမှ ဓါတ်ပေါ်ပုံ ၈၂-မျိုး

ပထဝီဓါတ်ပေါ်ပုံ ၁၃-မျိုး၊ အာပေါဓါတ်ပေါ်ပုံ ၂-မျိုး တေဇောဓါတ်ပေါ်ပုံ ၆-မျိုး၊ ဝါယောဓါတ်ပေါ်ပုံ ၁၁-မျိုး အားဖြင့် ၃၂-မျိုးပေါ်ရမည်။

စက္ကဝတ္တိဒါယာဒ ကျမ်း၌ရေးခဲ့သော ၇၂-မျိုးနှင့်ဓါတ်ပေါ် ရမည်။

တရားဂုဏ်တော် ၆-ပါးနှင့်ဓါတ်ပေါ်ရမည်။

သာသနာ့အင်္ဂါရှစ်ပါးနှင့် ဓါတ်ပေါ်ရမည်။

ရူပါ အနိစ္စာ၊ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ ခယဓမ္မာ၊ ဝယဓမ္မာ ဝိရာဂဓမ္မာ၊နိရောဓ ဓမ္မာ၊ဝိပရိဏာမဓမ္မာနှင့် ၇-ပါး၊၉-ပါး ဓါတ်ပေါ်ရမည်။

ဥပမာ ဓါတ်ပေါ်ပုံ နမူနာပြမည်

(လေ) ဓါတ်ခန္ဓာ၌ လာထိတော့ ပါလာတာက အဠက လာပ် ၈-ပါးဘဲ။

(ညှော်) ဓါတ်ခန္ဓာ၌ လာထိတော့ ပါလာတာက အဠက လာပ် ၈-ပါးဘဲ။

(အသံ) ဓါတ်ခန္ဓာ၌ လာထိတော့ ပါလာတဲ့က အဋ္ဌက လာပ် ဂ-ပါးဘဲ။

(အနံ့) ဓါတ်ခန္ဓာ၌ လာထိတော့ ပါလာတာက အဋ္ဌက လာပ် ဂ-ပါးဘဲ။

ယခုပြတာတွေဟာ ခန္ဓာထဲမှ ဓါတ်အနှစ်၊ ပရမတ် အစစ် ပေါ်ပုံတွေပါဘဲ။

**ဦးရွှေလှုက ပုဂ္ဂလဓိဋ္ဌာန်နှင့်သက်သေပြသည်မှာ**

ဘယ်ဆရာဘော် ဘယ်ပုဂ္ဂိုလ် ဘယ်ကမ္မဋ္ဌာန်းပြ ဆရာနှင့် သူ၏ဘက်ကသက်သေရအောင် ပြောပြနေသည်မှာ ဆရာပေါင်း (၆၀)ကျော်မျှ ရှိတော့သည်။ ထိုအခါဉာဏစာဂိ မဟာထေရ်က ဆရာကြီးဘုန်းကြီးဟာ ပုဂ္ဂလဓိဋ္ဌာန်နှင့်မဟောပြပါ။ ယခုဆရာ ကြီးကားပုဂ္ဂလဓိဋ္ဌာန်ကိုသာ အားကိုး,အားထားပြုပါပေသည်။

၁၂၆၄-ခုနှစ် လောက်က မြေလပ်နယ် ဆင်ခေါင်းရွာတွင် အရှင်ဣန္ဒာသဘ ရဟန်းတော်က ပရမတ်အစစ် ဓါတ်အနှစ်ကို ဟောပြနေသည်။ ပညတ်သန်သော ရဟန်းတော်များ တစုကား (ကေသာ၊ လောမာ) စသည်ဖြင့် ၃၂-ကောဋ္ဌာသကို ဟော ပြောကြသည်။ ဤပုံ ၂-မျိုး၊ ၂-ဘက် ၂ ဂိုဏ်း ဖြစ်၍နေတော့ ပရမတ်သန်သော အရှင်ဣန္ဒာသဘ ရဟန်းတော်က စာချိုးသည် မှာXX [ညတ်နယ်မှာထိန်၊ မတ်နယ်မှာတမှိန်မှိန်နှင့် ထေရ်ကဝိန် ရေတိန်နစ်သော်လဲ၊ ဇမ်မြစ်မှာ တပေါ်ပေါ်မို့၊ မဟော်ဓါတ် ရင်းXXဟာလိုက်လျှင် အူမအကုန်မြင်ရဲ၊ တူတယ်ပင် ထင်မသေး ပါနှင့်ကွယ် ရှေးကသိရင်း။] ဟူ၍ရေးစပ်လေသည်။

[ကောသာ လောမ စသည်ဖြင့်၊ ပညတ်မှာထိန်၍ ပရမတ်မှာ မှိန်လှသော ထေရ်ကဝိန်တွေဟာ ရေတိန်မှာ နှစ်မျောကြလေပြီတဲ့။ ]××ပရမတ်ဇစ်မြစ်ကား ခန္ဓာကိုယ်ထဲမှ ပူပူသဘောအေးသဘော၊ တောင့်တင်း၊ ညောင်းညာသဘောများဟာ အထယ်မပါ၊ ဒြပ်မပါ၊ ပုံစံမပါ၊ သဏ္ဍာန်မပါဘဲ တပေါ်ပေါ်နဲ့ပေါ်ပေါ်နေသဖြင့် မဟော်လိုယ်ပေမဲ့ ကြီးလှသော (သိန်းဒေဝိန်း၊ ကာမိန်း၊ ပကုဿ၊) တို့အပေါ်က အမြဲပင် နေတာသာကြည့်ကြပါတဲ့။ (မါတ်ရင်းသဘော) (ပူပူ့,အေး နွေ့နွေး,ရှိန်ရှိန်) တထိန်ထိန်ပေါ်ပြတဲ့ ပရမတ်ဂုဏ်သိရ်ကို ဖမ်းကြပါ။ (ပရမတ္ထဓမ္မာ၊ သဏ္ဍာန၊ ရဟိတာ။)အဋ္ဌကထာပါဠိ လာရှိသည်နှင့်အညီ ပရမတ်သဘောဆိုတာ [အထယ်၊ ဒြပ် ပုံစံ၊ သဏ္ဍာန်] မရှိရပါသဘောမျှသာတဲ့။

(နိုင်ငံကျော်မာန်လည်ဆရာတော်အချိုးလဲကြည့်ကြပါ)

(မါတ်မသိတာမို့ဟော့) ဟတ္ထိယုန် ငယ်ထင်ထင့်၊ ကိုတောခွင် ငါးဇင်ယိုင်းငယ်တို့။ ငါးသိုင်းတွေ အညာမဆန်ရအောင်ပတ်ငါလန် ရွှေလည်ကွေ့ဆီက၊ တခါပြန် ဆန်မငေ့ှရအောင်၊ ဘေးတွေစေ သိမ့်သိမ့်တုံ။ မစုံရသည် တိုင်းဟု အချိုကို ရေးသားသည်။ (မါတ်မသိတာမို့ဟော့) အဲဒါကို သတိပြုကြပါ။

| | | |
|---|---|---|
| | ဝိသာခါဟု၊ ဇမ္ဗူ့ပြည်ကျော်။ | ဇမ္ဗူ ဒီပါ |
| (၁၀၂) | မါတ်မရတော့၊ ကြပ်လှသနော်။ | တကျွန်းလုံး |
| | ဘုရားနဲ့တွေ့၊ မါတ်ငွေ့လာပေါ်။ | ကျော် တိုင်း |
| | လမ်းစဉ်များ၊ ထင်ရှားပေါ်ထက်ပေါ်။ | ကြီးခြောက်တိုင်း |

ပြည်ကြီး ၁၆-ပြည်တွင် ကျော်စောလှသော မဇ္ဈိက သူဌေးကြီး၏ခမြးမကလေး ဓနဥ္စယသူဌေးကြီး၏သမီးကလေးဖြစ်သော ဝိသာခါဟာ (၆)နှစ်သမီးအရွယ်အထိ မိမိ၏ခန္ဓာကိုယ်ထဲ၌ ဓါတ်တရားကို မတွေ့ရသေးလို့ (၂-၃-၃-၄-၇-၃၇ ၁၆-၄-၄-နိ)ဆိုတဲ့မဂ်လမ်းစဉ်များ မပေါ်ရသေးပါ မရသေးပါ။ (၇)နှစ်သမီးအရွယ်တွင်ဘုရားနဲ့တွေ့၍ တရားပြမှုဓါတ်ကိုရသဖြင့် ရုပ်နာမ်-၂ ပါး။ လက္ခဏာရေး ၃-ပါး။ ပရိညာ ၃-ပါး။ သစ္စာ ၄-ပါး။ ဝိသုဒ္ဓိ ၇-ပါး။ ဗောဓိပက္ခိယတရား ၃၇ ပါး။ ဉာဏ်စဉ် ၁၆-ပါး မဂ်,ဖိုလ်,နိဗ္ဗာန်အထိ မဂ်လမ်းစဉ်ကိုရရှိပါတော့သည်။ (၁)ဓါတ်မပေါ်မှို့ (၂)ဓါတ်ပေါ်ပြီးတိုးတက်ပုံသိမှါ။

ဒိ

(၁၀၃) | ခန္ဓာကိုယ် | —|—၀၀၊၀၀၀၀၀၀၀၀၀၀

အကျိုး (ပြတ်) အကြောင်း

ကြောင်းကျိုး ၂-ရပ်၊ ဆက်စပ်ဖြစ်ထ။
ဒိဋ္ဌိကပ်လို့၊ ဆက်စပ်ကြတာ။
ဓါတ်တရားမိ ဒိဋ္ဌိပြာပမာ။
ကြောင်းကျိုးပြတ် ရပ်၏သံသရာ။

ဤပုံစံ၌ ခန္ဓာကိုယ်ကြီးဟာ အကျိုးတရား× တဘဝ၊ ဆယ်ဘဝ၊ တကမ္ဘာ ဆယ်ကမ္ဘာ၊ ကမ္ဘာတရာ၊ တကမ္ဘာထောင်၊ ကမ္ဘာတသောင်း ကမ္ဘာတသိန်း၊ ကမ္ဘာတသန်း၊ ကမ္ဘာကုဋေ၊ ကမ္ဘာအသင်္ချေ၊

ဟိုသံသရာအစ၊ ကမ္ဘာတွေကလိုက်လာကြသော အကုသိုလ်တွေ ကိလေသာတွေကား အကြောင်းတရားပါ။ ဤလိုအကြောင်းနှင့် အကျိုးဆက်စပ်ပြီးနေကြလို့သာ။ ပဋိစ္စသမုပ္ပါဒ်ဖြစ်ပြီး သံသရာထဲမှ မထွက်မြောက်ရဘဲ၊ တဝဲလည်လည်နှင့် ရှည်ကြာကာ နေရတာပါ။ (ဂဟေစပ်)သော ဒိဋ္ဌိကြိုးကို ဓါတ် ၄-ပါး ပွါးများ၍ ဖြတ်ပြတ်သော်။ အကြောင်းနှင့် အကျိုးရပ်၍ သံသရာပြတ်ပါတော့သည်။ သံသရာပြတ်ထာ နိဗ္ဗာန်ပါဘဲ။ [ပထဝီဓါတုံခေါ ရာဟုလ၊ အနိစ္စတော ဒုက္ခတော၊ အနတ္တတော၊ ဇာနတော၊ ပဿတော၊ သက္ကာယဒိဋ္ဌိ ပဇဟတိ၊ ဝိစိကိစ္ဆံ ပဇဟတိ၊ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာဥပ္ပဇ္ဇတိ။] ဓါတ်နဲ့ဖြတ် ဒိဋ္ဌိ, ဝိစိ, အဝိဇ္ဇာပြတ်ပြီး ဝိဇ္ဇာ ဂ-ပါးကိုရ၍ သံသရာပြတ်ပါတော့သည်။ တနည်း (ဓါတုံခေါ ဘိက္ခု၊ အနိစ္စတော၊ ဇာနတော၊ ပဿတော၊ ဘိက္ခုနော၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာဥပ္ပဇ္ဇတိ။] ပါဠိကြည့်ပါ။ သံသရာဖြတ်ပုံ ဟော ပြထားပါသည်။

(၁၄၄) ဓါတ်တရားကား ဖြတ်ထားသံသရာ။
ကြောင်း,ကျိုး ၂-ရပ်၊ မစပ်တော့ပါ။
ဓါတ်မီးပြာချ ဈာပနသောခါ။
ကြောင်း,ကျိုးပြတ် ရပ်၏သံသရာ။

| | | | |
|---|---|---|---|
| ဓ | ဓ | ဓ | ဤပုံစံ၌ လောဘ အကြောင်း |
| လောဘ | ဒေါသ | မောဟ | ကြောင့်ပြိတ္တာအကျိုးဖြစ်ရသည်။× |
| ပြိတ္တာ | ငရဲ | တိ သူ | ဒေါသ အကြောင်းကြောင့် ငရဲ အ |

ကျိုးဖြစ်ရသည်။ Xမောဟအကြောင်းကြောင့် တိရစ္ဆာန်နှင့်အသူရကာယ်အကျိုးဖြစ်ရသည်။ ဤလိုအကြောင်း အကျိုးစပ်နေတာကို ပဋိစ္စသမုပ္ပါဒ်။ သံသရာလည်၍ နေသည်ဟုဆိုကြ၏။ မိမိ၏ခန္ဓာထဲမှာပေါ်တဲ့ ဓါတ်ကိုရှုပွါးတော့၊ အကြောင်းပြတ်၍အကျိုးပါချုပ်သွားသည်။ ဓါတ်ကြောင့်အပါယ်တံခါးပိတ်သွားသည်။ သံသရာပြတ်သည်။ (စတုန္န ံ ဓါတူနံ၊ အညတ္တတ္ထ ံ၊ ပထဝီဓါတုယာ အာပေါဓါတုယာ၊ တေဇောဓါတုယာ၊ ဝါယောဓါတုယာ၊ နတ္တေဝဓမ္မေ အဝစ္စ၁သာဒေန၊ သမ္ပန္နာဂတော၊ အရိယသာဝကော နိရယံဝါ တိရစ္ဆာနယောနိရာဝါ၊ ပေတ္တိဝိသယံဝါ၊ ဥပပဇ္ဇိဿတီတိ။ (တိကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော် နံပါတ်-၁၁၁၊ ကြောင်းရေ-၁ ဟံမူ။ အပါယ်သံသရာပြတ်သွားပုံပြသည်။

(၁၀၅)
ရှောင်ခြင်း ပယ်ခြင်း၊ ၂-စည်းသိပါ
ဒါ,သီ,ထ,မင်း ရှောင်ခြင်းမျှသာ။
ဓါတ်တရားမှ ပြာချသတ်ထာ။
ကြောင်း,ကျိုးပြတ် ရပ်၏သံသရာ။

| လောဘ | ဒေါသ | မောဟ |
|---|---|---|
| ဒါန | သီလ | သမထ |

မ



လောဘ ဒေါသ မောဟ

ဝေရမဏီ ရှောင်တာ

ပဟီယတိ သတ်ထာ

လောဘကို ဒါနနဲ့ သတ်တယ်၊ ဒေါသကိုသီလနဲ့သတ်တယ် မောဟကို သမထနဲ့ သတ်တယ်ဟု၊ တနိုင်ငံလုံးက ထင်မြင်နေကြတယ်။ သတ်ထာ

ကားမဟုတ်ပါ။ (ဝေရမဏိ)ရှောင်ကြဉ်တာပါ။ ×× လောဘ, ဒေါသ,မောဟကို ဓါတ်နှင့်သတ်ထာမှ (ပဟီယတိ)သတ်ထာပါ မီးရှို့တာပါ၊ သတိ။

## မီး ၃-ပါးရပ်၊ မီးရပ်သယ်တွေ

ဘုရားအားလုံး,ပစ္စေကဗုဒ္ဓါအားလုံး, အဂ္ဂသာဝကအားလုံး မဟာသာဝကအားလုံး, ပကတိသာဝကအားလုံး၊ ၎င်းငါးစုကို ဗောဓိကြီးငါးပါးဟုခေါ်ပါသည်။ မဂ်ရ ၄-ပါး၊ ဖိုလ်ရ ၄-ပါး ၎င်းကို အရိယာရှစ်ပါးဟု ခေါ်ပါသည်။ ဘုရားတဆူ,တဆူ ပွင့်တော့ ပါပါသွားကြသောသူများကား။ ၂၄-သင်္ချေ ကုဋေ (၆၀)ဗိုလ်ခြေတသိန်း။ ၎င်းတို့ဟာ (မီးရပ်သယ်) တွေပါဘဲ။ လောဘဥ္စ-၅၀၀×ဒေါသဥ္စ ၅၀၀×မောဟဥ္စ-၅၀၀×ပေါင်း မီး ၃-ပါးဥ္စ-၁၅၀၀ ကိလေသာမီးများပါ။ပွါးရင်း,ရှုရင်းနှင့်မီးတွေ ငြိမ်းသွားပါသည်။ မီးရပ်သော ပုဂ္ဂိုလ်မြတ်တို့ပါဘဲ။

(၁၀၆)
ပိန္နဲမီးဖုတ်၊ ငြိမ်းပြုတ်သံသရာ။
ပိန္နဲရေပြုတ် ဆုံးချုပ်အစဉ်ပါ။
ကြောင်း,ကျိုးပြတ်မှ ရပ်ကြသံသရာ၊
ပြန်မဖြစ် မှန်စစ်နိဗ္ဗာန်ပါ။

သံသရာပြတ်၍ နိဗ္ဗာန် ရောက်ကြပုံကို ဥပမာပြရပါမူ ပိန္နဲစေ့ကိုမီးဖုတ်ပြီး မြေချ ရေဖြန်း အလင်းရသော်လည်း။ ၎င်း ပိန္နဲစေ့မှ အညွှောက်၊ ပင်တန်၊ အရွက်၊ အကြော၊ ပင်လုံး အခွန် အကာ၊ အခေါက်၊ အပွေး၊ အခွကြီး၊ ကိုင်းကြီး၊ ကိုင်းလတ်၊ ကိုင်းငယ်၊ အခက်၊ အလက်၊ အရွက်၊ အပွင့်၊ အသီးနုရင့်ဆူး၊ အခွန်၊ အသား၊ ကြွက်သား၊ အိမ်၊ အချို၊ အနံ့၊ အစေ့

အမြေးစသော ဖြစ်သင့်, ဖြစ်ခွင့်, ဖြစ်ထိုက်သော အရာများဟာ မဖြစ်ရတော့ပါ။ ဘေဇော ဓါတ်မီး၏ အာနုဘော်ကြောင့် ချုပ်ရ၊ ငြိမ်းရ၊ ကုန်ရ၊ ခမ်းရ၊ ကင်းရ၊ ရှင်းရ၊ ပျောက်ရတော့သည်။ ပိန္နဲစေ့ကို မီးမဖုတ်သော် ယခုပြဘာတွေဟာကြောင်း ကျိုးဆက်၍ ဖြစ်ပျက်ကာနေဦးမည်။ ပိန္နဲစေ့ကို မီးဖုတ်တော့ တေဇော ဓါတ်ကြောင့် အညှာကျကာစ၍ မျိုးစေ့အထိ ချုပ်ငြိမ်းရသည်။ သုံးသရာပြတ်ရသည်။ ပိန္နဲစေ့ကို ရေပူနှင့် ပြုတ်ရာ၌ ဤနည်း သဘောသွားပါဘဲ။

| | | |
|---|---|---|
| (၁၀၇) | ပြည်ပသို့သွား ရောက်ငြားရန်ကုန်။<br>လောကုတ်သို့သွား ရောက်ငြားဓါတ်ဘုံ။<br>ဓါတ်မရောက်က အနတ္တမကုန်။<br>ဓါတ်ရောက်မှ ရောက်ကြနိဗ္ဗာန်ဘုံ။ | (၃၁) ဘုံမှ ပြင်ပဖြစ် သော မဂ် ဖိုလ်, နိဗ္ဗာန် |

သို့သွားကြရာ ဥပမာဖြင့် သိစေပါအံ့။ ဥပမာ ဗမာပြည်၌ အမြို့မြို့သို့သွားချင်သော် ရန်ကုန်သို့မလာဘဲ ခွင့်မတောင်းရဘဲနှင့် သဘောအတိုင်း မြို့တိုင်းသို့သွားလာနိုင်ပါသည်။ အချုပ်အချယ် မရှိပါ။ဗမာပြည်မှ ပြင်ပဖြစ်သောအိန္ဒိယ၊သီဟိုဠ်၊ ကမ္ဘောဒီးယား လာဝို၊ ဗီယက်နံ၊ ယိုးဒယားစသော တိုင်းပြည်များသို့သွားချင်သော်မူကား ရန်ကုန်သို့လာရတော့သည်။ ရန်ကုန်မြို့၌ ဗီဇာလုပ်ရသည်။ပတ်စပို့ယူရသည်၊ကျမ္ဘာရေး,စစ်ဆေးခံရသည်။ ငွေသွင်းရသည်။ ရန်ကုန်သို့မလာဘဲ အပြင်ပနိုင်ငံများသို့ မသွားလာနိုင်ပါ××ဤဥပမာလိုပင် (၃၁)ဘုံမှ ပြင်ပ မဂ်,ဖိုလ်,နိဗ္ဗာန်သို့

သွားချင်သော် ဓါတ်ဘုရားဆီသို့ လာရမြဲတည်း။ ဓါတ်တရားကို တွေ့ပါမှ ရုပ်နာမ် ၂-ပါး၊ လက္ခဏာရေး ၃-ပါး၊ ပရိညာ ၃-ပါး သစ္စာ ၄-ပါး၊ ဝိသုဒ္ဓိ ၇-ပါး၊ ဗောဓိပက္ခိယတရား (၃၇)ပါး။ ဉာဏ်စဉ် ၁၆-ပါး။ မဂ် ၄ ပါး။ ဖိုလ်၄ ပါး။ နိဗ္ဗာန်အထိပရမတ် အစစ်အမှန်ဖြစ်ရတော့သည်။ စကားပုံမှာ (ပရမတ်အစစ်, ဓါတ် အနှစ်)တဲ့ဗျား။

(၁၀၈)
ချောင်း,မြောင်း,မြစ်များ၊ စုထားယမုံ။
သမုဒ်တွင်းသို့ စုဆင်းကြကုန်။
တရားအားလုံး စုရုံးဓါတ်ဘုံ။
ဓါတ်ရောက်မှ ရောက်ကြနိဗ္ဗာန်ဘုံ။

ကမ္ဘာမြေကြီးပေါ်မှာရှိနေကြသောရေစီး ကြောင်း၊ ချောင်း, မြောင်း, မြစ်ငယ်, မြစ်လတ်, မြစ်ကြီးများမှ စုထားသော ရေအားလုံးဟာ တခုမကျန်ပင်။ သမုဒ္ဒရာထဲသို့ သာလျှင်စုကြ ဆင်းကြရတော့သည်။ မြတ်စွာဘုရားဟောကြား ထားသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ ပိဋကတ် ၃-သွယ်။ နိကာယ်ငါးဖြာ၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)နှင့် တကွသော ရုပ်နာမ်၊ ခန္ဓာ၊ ဓါတ်၊ သစ္စာ၊ အာယတန၊ စသော တရားများဟာလဲသမုဒ္ဒရာနှင့်တူသော (ဓါတ်တရား) ထဲသို့ဝင် လာကြရပါတော့သည်၊ ဓါတ်ရောက်မှ အနတ္တပါ၊ ဓါတ်ရောက် မှသာသနာပါ။ ဓါတ်တရားဟောမှပင် ဝိပဿနာပါ။ ဓါတ် တရားသာလျှင် အရဟတ္တဖိုလ်နိဗ္ဗာန်နှင့်နီးကပ်၍နေတော့သည်၊ ဤဓါတ်၌ ပါဠိသာဓကများကို အထက်၌ ပြပြသွားပါအံ့ သတည်း။

ဓါတ်ရောက်မှ ဧကောဓမ္မောပါ ကောယနေ့ာပါ၊ ကေဂ္ဂတာပါ။ မဇ္ဈိမပဋိပဒါပါ။ နောက်နောင်ချွဲရှိသာဓကနှင့် ပြသွားပါမည်။

(၁၁၉)
ဇာန ပဿ တက်ကြနာဝါ။
အာသဝက္ခယ မဂ်ရမည်သာ။
ငါတို့ဘုရား ထင်ရှားမိန့်မှာ။
စီးပါကြ ရောက်ရနိဗ္ဗုတာ။

[ဇာနတောဟံ ဘိက္ခဝေ၊ ပဿတော၊ အာသဝါနံခယံဝဒါမိ၊ နောဇာနတော၊ နောပဿတော အာသဝါနံ၊ခယံ နဝဒါမိ။] သဗ္ဗာသဝသုတ်တော်မှ။ ။ချစ်သားတို့ ခန္ဓာကိုယ်ထဲမှ ဓါတ်တရားကို ကိုယ်တွေ့ရှုပွါး သိနေသော ယောဂီအားရင်း။ ဉာဏ်စဉ် ၁၆-ပါးဖြင့် သိနေသော ယောဂီအားရင်း။ အာသဝတရားကုန်ရာဖြစ်သော နိဗ္ဗာန်ကို ငါဘုရားက ဟောတော်မူပါတယ်။ ကိုယ်တွေ့မတွေ့သေးသော သူအားရင်း။ ဉာဏ်စဉ် ၁၆-ပါးဖြင့် မမြင်ရသေးသော သူအားရင်း။ အာသဝတရားတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို ငါဘုရားက ဟောတော်မမူပါတဲ့။

(၁) ဇာနတော၊ ကိုယ်တွေ့သိမှ မဂ်ဖိုလ်နိဗ္ဗာန်ကိုရမည်တဲ့။
(၂) ပဿတော၊ ဉာဏ်စဉ်ဖြင့်သိပါမှ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရမည်တဲ့။

(ဇာန၊ ပဿ) သာဓကမှာ [ဓါတုံခေါ်ဘိက္ခု၊ အနိစ္စတော ဇာနတော၊ ပဿတော၊ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာဉပ္ပဇ္ဇတိ။] သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်။ နံပါတ်-၃၂၊ ကြောင်းရေ-၂၊ ဟုံဆိုမှ

ချစ်သားရဟန်း ဓါတ်တရားကို သဘာလျှင် အနိစ္စအားဖြင့် ကိုယ်တွေ့သိသောသူအား၊ ဉာဏ်ဖြင့်မြင်သော သူအား အဝိဇ္ဇာ ကိုပယ်နိုင်၏၊ ဝိဇ္ဇာဖြစ်ပေါ်နိုင်သည်။ [ပထဝိဓ ်တုံခေါရာဟုလ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော၊ ဇာနတော၊ ပဿတော သက္ကာယဒိဋ္ဌိံ ပဇဟာတိ ဝိစိကိစ္ဆံ ပဇဟာတိ အဝိဇ္ဇာဥ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ၊] ရာဟုလောဝါဒသုတ်တော်မှ။ ။ချစ်သားရာဟုလာ ပထဝီဓါတ်ကိုသဘာလျှင် အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် ကိုယ်တွေ့ သိသောသူအား၊ ဉာဏ်ဖြင့်မြင်သောသူအား၊ ဒိဋ္ဌိ, ဝိစိ, အဝိဇ္ဇာ ပြာကျ၍ဝိဇ္ဇာများဖြစ်လာတော့၏။ (ဇာနပဿဋ္ဌိကာစာစောင်) ဉာဏစာဂီမှု၌ အကျယ်တွေ့ကြရမည်။ ရင်းကိုရှာကြံ၍ ကြည့်ကြ ပါတော့။ ယခုမခွဲတော့ပြီ။

(၁၁၀) လောကဓါတ်ဟု ဘုံချပ်ကျေညာ။
တိုင်းသူ့ပြည်သား အများသိပါ။
ခန္ဓာများလဲ ဓါတ်သားစုတာ၊
ရှုကြည့်ကြ ဘဝလွှန်ချမ်းသာ၊

ယခုကာလခေတ် သမယ၌ ရှိနေကြသော အာရှတိုက်၊ အာဖရိကတိုက်၊ ဥရောပတိုက်၊ ဩစတေးလျတိုက်၊ တောင်အမေရိကတိုက်၊ မြောက်အမေရိကတိုက်ဆိုတဲ့ ၆-တိုက်ရှိလူအားလုံးကပင် (လောကဓါတ်) ဟူ၍ တညီတညွတ်တည်း၊ ခေါ်နေကြသည်။ [လောက ၃-ပါး မှာ ဓါတ်တရားသာရှိနေတယ်၊ ဓါတ်ချည်းဘဲ] ဟူ၍၊ ဓါတ်တခု ထဲဖြစ်ပါမှ ကောဓမ္မော၊ ကောယနော၊ ကေဂ္ဂတာ မဇ္ဈိမပဋိပဒါ ဘုရားဟောနှင့်ညီမည်။ လူတိုင်း, လူတိုင်းကလဲ လူ၊ နတ်၊ ငြဟ္မာ သတ္တဝါတို့၏ ခန္ဓာကိုယ်မှာ (ဓါတ်အစုအဝေး) ပ ်ဟု သုံးစွဲ

နေကြပါသည်။ (၁)ဓါတ်ကိုရှုမှ လောက ၃-ပါးမှ လွတ်မည်။ (၂)လောက ၃ ပါးက ထွက်မြောက်ချင်လျှင် ဓါတ်ကိုသာရှုဟု အဓိပ္ပါယ် ကောက်ယူကြသည်။

(၁၁၁)
တေဇောဓါတ်မီး ငြိးငြိးလောင်တာ။
ချန်ကာချွင်းဘော့ ဓါတ်မင်းတွေပါ။
ငါးထောင်သာသနာ့ ဓါတ်ရယူပါ။
နိဗ္ဗာန ဓါတ်မျှ ဆုံးသတ်ထာ။

မြတ်စွာဘုရားသခင် ကြီးဟာ ပရိနိဗ္ဗာန်ပြုသွားတော့၊ ဥတုဇရုပ်ကလာပ် အလောင်းကြီးကျန်ရှိနေသည်။ ၎င်းအထယ် ဒြပ်ပုံစံ၊ သဏ္ဍာန်၊ ပျောက်အောင်ဟာ တေဇောဓါတ်မီး လောင်ပြပါတယ်။ ယခုလဲဓါတ်ရှုမှ အထယ်၊ ဒြပ်၊ ပုံစံ၊သဏ္ဍာန်ပျောက်၍ ဒိဋ္ဌိ၊ ဝိစိ၊ အဝိဇ္ဇာကွာမည်။ တေဇောဓါတ်မီးလောင်ပြီးတော့လဲ (ဓါတ်တော်တွေကိုထားခဲ့ပါတယ်။ ဉာဏ်ရှိကြပါ။ ဓါတ်တော်တွေက ကယ်နေတယ်။ သာသနာ ငါးထောင်ဟာလဲ ဓါတုသာသနာပါဘဲ (၅၀၀၀)စေ့တော့လဲ ဓါတုပရိနိဗ္ဗာန်ပြုဦးမည်။ ဤလေးဌာနဌ်ဓါတ်ကို ၄-ကြိမ်သုံးစွဲ၍ပြခဲ့ပါသေးသည်။

(၁၁၂)
သင်္ခတာ သင်္ခတ(ဓါတ်မ)တွေသာ
ဓါတ်ရှု၊ ဓါတ်ရ၊ မှတ်ကြသူငါ။
ထည့်၊ ရှိ၊ ရှာ၊ တွေ့၊ ရှုလေ့၊ ပို့တာ
အမတ ဓါတ်မျှ နိဗ္ဗာန်ပါ။

ဒုက အင်္ဂုတ္တိုရ်ပါဠိ၌ [ဒွေဓါတုယော သင်္ခတဓါတုစ၊ အသင်္ခတဓါတုစ။] သင်္ခတဓါတ်ဘပါး၊အသင်္ခတဓါတ်တပါးဟူ၍ ၂-ပါးရှိပါသည်။ သင်္ခဘဓါတ်ကိုရှုမှ အသင်္ခတဓါတ် နိဗ္ဗာန်ကို ရမည်

တဲ့ဗျား။XXဒါနနဲ့ ခန္ဓာကိုယ်မှာထည့်ထားတာဘာလဲ (ဓါတ်) ပါဘဲ။ ခန္ဓာကိုယ်မှာ ရှိနေတာကော (ဓါတ်ပါဘဲ။) ရှာရမှာကော(ဓါတ်ပါဘဲ။) ရှာတော့ တွေ့မှာကော (ဓါတ်ပါဘဲ။) တွေ့လို့ ရှုရမှာကော(ဓါတ်ပါဘဲ) ရှုတော့ ပို့မှာကော (ဓါတ်ပါဘဲ။)ပို့တော့ ရောက်မည့်ဌာနကော (အသင်္ခတဓါတ်ပါဘဲ။) အကျဉ်းမှာ သင်္ခတဓါတ်ကို ရှုပါမှ အသင်္ခတဓါတ် နိဗ္ဗာန်ကို ရမည်ဟူ၏။

(၁၁၃) အာရုံ ၆-ပါး၊ဓါတ်သားတွေပါ၊
ဝိညာဉ်ခြောက်ဝ ဓါတ်မှသိပါ၊
ဓါတ်မှတပါး တခြားမပါ၊
ဓါတ်ရှုမှ ရောက်ရစည်တိုင်းသာ၊

ဝိ သ ယ ဧ ခ တ်၊ စကြဝဠာ အနန္တ နယ်ကြီးထဲမှာ အာရုံ ၆-ပါးလဲ ဓါတ်ပါဘဲ။ ဝိညာဉ် ၆-ပါးလဲဓါတ်ပါဘဲ။ ဝီထိ ၆-ပါးလဲဓါတ်ပါဘဲ ဝတ္ထု၆-ပါးလဲဓါတ်ပါဘဲ။ သစ်ပင်၊ တော၊ တောင်၊ရေ၊မြေ သမုဒ္ဒရာ၊ သီဒါ၊ တောင်စဉ်များလဲ ဓါတ်ပါဘဲ။ ဓါတ်မှတပါး အခြားဟာမရှိပါ။ဓါတ်ရှုမှ နိဗ္ဗာန်ဓါတ်ကိုရမည်ဟုသိ။

(၁၁၄) သက်ရှိ၊ သက်မဲ့၊ ဓါတ်နဲ့နေတာ၊
ဓါတ်မှတပါး တခြားမပါ၊
(၃၁)နှင့်ဖြစ် ဖြစ်စကြဝဠာ၊
အားလုံးဓါတ် ဆုံးသတ်မှတ်ကြပါ

(၃၁)ဘုံမှာ ရော စကြဝဠာ အနန္တမှာရော သက်ရှိရော သက်မဲ့ရော၊ အားလုံးဟာဓါတ်ချည်းဘဲ အဆုံးသတ်နိဗ္ဗာန်လဲ ဓါတ်ပါဘဲ။ သင်္ခတ ဓါတ်ကိုရှုမှ အသင်္ခတဓါတ်၊ နိဗ္ဗာန်မြတ်ကို ရမှာပါဘဲဗျား။

(၁၁၅)
နိဗ္ဗာန်ကြွသွား ဘုရားမြတ်စွာ
ကိုယ်တော်အစား ထားခဲ့ပေရှာ
ပရမတ်စစ် ဓါတ်နှစ်ကိုရှာ
အဲဒါမှ မုချတို့ဗုဒ္ဓါ။

ငါတို့၏ကျေးဇူး
တော်ရှင် ဓမ္မရာဇာ
ဘုရင် သခင် ဘုရား
ကြီးဟာ ကုသိနာ၌

အင်ကြင်းစုံ၌ ပရိနိဗ္ဗာန်ပြုသွားတော့ ကိုယ်တော်စား ထားခဲ့ပါတယ်။ (၁)ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ ပိဋကတ်၊ နိကာယ်၊ အင်္ဂါဓမ္မက္ခန္ဓာဆိုတဲ့ ဒေသနာပညတ် တရားတော်ကတမျိုးပါ။ (၂) မိမိခန္ဓာကိုယ်ထဲ၌ ရှိနေတဲ့ စိတ်, စေတသိက်, ရုပ်တရားဆိုတဲ့ ပရမတ္ထဘာဝနာ တရားတော်က တသွယ်ပါ။ အဲဒါလို ၂-မျိုးထားခဲ့ရာဝယ်။ (၂)ပရမတ္ထဘာဝနာကို အရ အမိကျင့်ပြီး ဘော့ (၁) ဒေသနာပညတ် မှတ်ကျောက်နှင့် တင်ကြည့်ပါ။ ကိုက်ကြည့်ပါ။(သွက္ခာတော)ပါဘဲ။ အဲဒီဘာဝနာနှင့်ဒေသနာကား ဗုဒ္ဓကိုယ်စား ဘုရားအစစ်ပါဘဲ။ ရှုပွါးကာ ဖူးမျှော်၍ နေကြပါ။ မဂ်,ဖိုလ်,နိဗ္ဗာန်ကေန်ပင်ရပါလိမ့်မည်။

ပရမတ်အစစ်ဟာ ဓါတ်အနှစ်ပါဘဲ×ဝါ၊ ဓါတ်အနှစ်ဟာလဲ ပရမဘ်အစစ်ပါဘဲ။ [တတ္တဓါတု ဝသေနကထိတံ၊ ဝိပဿနာကမ္မဋ္ဌာနံ ဟောတိ။] ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ နံပါတ်-၁၉၈၊ ကြောင်းရေ ၁၅ ဟံ။ (ဓါတ်ဘုရားဟာ ဝိပဿနာပါဘဲတဲ့။) [ဆဋ္ဌဓါတုယောတိ အရဟတ္တဿပဒဋ္ဌာနဘူတံ။] ဥပရိပဏ္ဏာသ အဋ္ဌကထာ။ နံပါတ်-၁၉၇၊ ကြောင်းရေ-၇ × နံပါတ်-၁၉၇၊ ကြောင်းရေ ၁၃။× နံပါတ်-၁၉၇၊ ကြောင်းရေ-၁၈ ဇ မှု။

၃-ကြိမ်ပြ၏။ဓါတ်တရားဟာ အရဟတ္တဖိုလ်,နိဗ္ဗာန်နှင့် အနီးဆုံးတဲ့။ [ သာဝကာဟိ၊ စတုန္န ၊ ဓါတူနံ၊ ကေဒေသမေဝ၊ သမ္မသိတွာ နိဗ္ဗာနံပါပုဏန္တိ။ ] မူလပဏ္ဏာသအဋ္ဌကထာ ဓါတ်တရား တစိတ်တဒေသကို ရှုပွါးလျှင် နိဗ္ဗာန်သို့ ရောက်ပါရောတဲ့၊ သာကေစုံ ကြည့်ပါလေ။

(၁၁၆) လယ်ယာ,ကျွဲ,နွား၊ အိမ်များရတနာ<br>
သွီး,သားနှင့် မြီးများတဖြာ<br>
ဘဝပြောင်းတော့ အပေါင်းမပါ<br>
ဓါတ်ဓမ္မ မှတ်ကြ သူမှပါ။

လူတို့ဘုံသို့ စု ပြုံ၍လာကြရာ၌ အမိက အချက် ကြီးကား အပါယ်တံခါးပိတ်ဘို့ ဆင်းရဲသံသရာပြတ်ဘို့၊ ဘုံစဉ်စံကြဘို့၊သိဒ္ဓိကြီးကိုးတန်ရကြဘို့ (၆၇)ဆင့်နှင့် မြင့်မြင့်ပြီး တက်ရောက်သွားကာ နိဗ္ဗာန်စံကြဘို့သာ (အမိက) ဖြစ်ပါတော့သည်။ (ဒုလ္လဘကြီး) ငါးပါးနှင့် ကြည့်ပါသိသာပါမည်။ ဒီလိုဖြစ်ကြပေမဲ့၊ (အဝိဇ္ဇာ၊တဏှာ မာန၊ဒိဋ္ဌိ၊ဝိစိ။)ဟသော ပပဉ္စတရား၊ဂါဟတရား မညနာတရား၏ ဖိနှိပ်ခြင်းကို ခံစားရှိနေကြသော လူများမှာ ပပဉ္စ၊ဂါဟမညနာ ကမ္ဘာ့ရောဂါ ဝေဒနာကြီးက ဘင်တိုင်းဖိစီးထားသဖြင့်(အမိက)အချက်ကို သက်သက်မျှမတွေးမိတော့ချေ။ ကမ္ဘာ့နာ ရောဂါဆေး၊ အနာအိုကြီးက ငန်းမိ၊ အန်းမိ၊ မန်းပါမိနေသဖြင့်ရောဂါဝေဒနာပြင်းထန်စွာဝက်နေရကား၊လူ့ဘဝကို ရတယ်ဆိုလိုချင်ဘဲ၊ လယ်ယာများစွာရဘို့၊ ယာများစွာပိုင်ထားဘို့၊ ကျွဲ,နွားဆင်မြင်း,ကျေး, ကျွန်သင်းပင်းများနေဘို့၊ ရတနာ

များ တိုက်နဲ့ထားနိုင်ဘို့၊ သွိမ်း,သားနှင့်မြီးများလဲ၊ ပြည့်ဝနေဘို့ ဂုဏ်ရှိဘို့ ဂက်ရှိဘို့၊ ကျော်စောဘို့၊ ထင်ပေါ်ဘို့၊ ကြီးကျယ်ဘို့၊ ခမ်းနားဘို့တွေနှင့်ရက် ကိုလစား၊ လကိုနှစ်စား၊ ကြီးမားရင့်ရော်၍ အိုမင်းကာလာပြီး မရဏမင်းနိုင်ငံသို့ မြိုင်မြိုင်နှင့် စံနေသွားရတော့သည်။ အစကပြခဲ့သော၊ လယ်ယာ ကျွဲ နွား၊ အိမ်များ ရတနာများ၊ သွိမ်း သားနှင့်မြီးများ၊ အားလုံးဟာ အဟောင်းတွေမို့ ဘဝပြောင်းဘော့ခပါသွားကြဘဲ။ (ဆင်းရဲသားဘဝနှင့်ကုသိုလ် မရှိ ငုံ့တိဘိနှင့် အပါယ်လေးဘုံ၌ငြိကပ်၍နေတော့သည်။) ခန္ဓာ မှာရှိတဲ့ဓါတ်တရားကို မပြတ်ပွါးများမှ (နတ်၊ ဗြဟ္မာ၊ မဂ်၊ ဖိုလ် နိဗ္ဗာန်ငါးရွာသို့ရောက်မည်။ ဘောန်ပင်တည်း။

| | | |
|---|---|---|
| | ဓါတ်သဘောကြီး၊ မြစ်ကြီးကူးရန် | (၁၁) ဘုံက လူ |
| (၁၁၇) | ပုထုဘမ်းမှ ရိကမ်းဆိုက်ရန် | နတ်၊ ဗြဟ္မာများ |
| | ဒုက္ခ သုက္ခ မုက္ခ၂ လွတ်ပြန် | ဟာ ၂-စု၊ ၂-ဘို့ |
| | ချမ်းသာခြင်း လွန်မင်းနိဗ္ဗာန်စံ။ | ကွဲပြားခြားနား |

၍ပင်နေကြသည်။ ၎င်းတို့ ၂-စု၌ အလယ်တိတိမှာ၊ မြစ်သံသရာ ကြီးခြား၍နေကြသည်။ ပုထုဇဉ်ကား ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ် တိဟိတ်အားဖြင့် ၄-မျိုး၊ ၄-တန်းရှိကြသည်။ ၎င်း ၄-မျိုးလုံးဟာ၊ ဓါတ်သဘောကြီးကိုစီးပြီး၊ သံသရာမြစ်ကြီးကို မကူး,မသန်းကြသဖြင့်၊ ပုထုဇဉ်ဤမှာဘက်ကမ်း၌၊ ပင်ပန်းနွမ်း ဟိုက် ကတိုက် အရိုက်နှင့် အပူတိုက်ရင်း၊ ဘဝကုန်ကြရသည်။ အပါယ်ဘုံသို့ စုံဆင်းခံစားရပြန်သည်။ X အရိယာ ၈-မျိုးတို့ကား ဓါတ်သဘောကြီးကို စီးနင်းပြီးတော့ သံသရာမြစ်ကြီးကို ကူး

နိုင်ကြ၍အပါယ် တံခါးပိတ်ရခြင်း၊ ဆင်းရဲသံသရာ ပြတ်ရခြင်း ဘုံစဉ်စံဘဝနှင့်နေရခြင်း၊ သိဒ္ဓိကြီးကိုးတန်ကိုရရှိခြင်း။ (၆၇) ဆင့်ဖြင့်မြင့်ကာ မြင့်ကာတက်၍နိဗ္ဗာန်အထိရောက်ခြင်းကြောင့်ဒုက္ခ သုက္ခများမှ မုက္ခ၂ လွတ်၍ရှင်ပြချမ်းသာကာနေကြရတော့သည်

(၁၁၈)
ပြဟ္မာ့လူ့နတ် သုံးရပ်သတ္တဝါ၊
အဝိဇ္ဇာမင်း ဖိနှင်းနေတာ
လယ်ယာမြေမိုး အဆိုနဲ့သာ
ပိတ်ဖုံးထား မဂ်များမလာ၊
ဓါတ်ရှုမှ မုက္ခ၂ မဂ်ဖိုလ်လာ။

(၃၁)ဘုံက၊ လူ့နတ်ပြဟ္မာ့ သတ္တဝါတွေဟာ၊ မိုက်တိမိုက်ကဏ်း ဗရမ်း၊ ဗတာ ကျန်းထန်း၍ နေကြတာတဲ့၊ အဝိဇ္ဇာမင်းက၊ ဖိနှင်း၊ ဖုံးအုပ်ထားသဖြင့် (ဒုလ္လဘငါးပါး)ကို လား၊လားမှ သတိမရကြပါ။ (အမိက)အချက်ကို သက်သက်ပင် နားမလည်ကြပါ။ ၎င်းတို့ဟာ လယ်ယာမြေမိုး၊ အဆိုးတွေနဲ့သာ တဘဝ၊ တသံသရာကြီး ကြာလာခဲ့ရပါတယ်။ လယ်ယာမြေမိုး အဆိုးတွေကိုစုရင်း၊ စောင့်ရင်းနှင့် ကံကုန်၍ အပါယ်ဘုံ၌စုကြရပါတယ်။ ဓါတ်တရားကို မပွါးမိ၍ မဂ်များ မလာတော့ပါ။ X ကလျာဏမိတ္တ၊ အဆွေကောင်းနှင့် ပေါင်းမိကြသူများသာလျှင် ဓါတ်ချ၍ မဂ်ဖိုလ်နိဗ္ဗာန်ကြပါသည်။

(၁၁၉)
ပြဟ္မာ့၊လူ့၊နတ်၊ ပူးကပ်တဏှာ၊
ဇွာ၊ဒိဋ္ဌိကြောင့် မချမ်းရှာ၊
စားလုပ်ရိုက်ပုတ် နွားယုတ်ပမာ
သံသာချွဲ ဒါနဲ့ကြာခဲ့တာ၊
ဓါတ်ရှုမှ မုက္ခ၂ နိဗ္ဗူတာ။

လူ့ဘုံ၊လူ့ ဌာနသို့ အာရုံပြု စိတ်ကူး ပြီး ကြည့်လိုက်တော့ လူတွေဟာ သခင် ကဲ့သို့ ဖြစ်၍၊ ကျွဲ နွား၊ဆင်

မြင်းဟာ၊ ကျန်ကဲ့သို့မနေမနား၊ ခိုင်းတိုင်းပြုကြရသည်။ လူတွေက ကျွဲ၊နွား၊ဆင်၊မြင်းတွေကို အမြဲတိုင်း ခိုင်းနေကြသည် ခိုင်းတာမပြုလျှင် ရိုက်ပုတ်ထိုးဆွပြီးခိုင်းကြသည်၊ ကျွဲ၊နွား၊ဆင်၊မြင်းတို့ခံနေရတာဟာ၊ တဲစုတ်၊ သစ်ပင်အောက်၊ ကွင်းပြင်မှာနေကြရသည်။ စားတော့လဲကောက်ရိုးမျက်စိမ်း ဝါးစို ငှက်ပျော၊ ညောင်ခွံတို့ သာစားကြရသည်။ ဒါနဲ့ဘဲ ရက်၊လ၊နှစ်ဘဝကုန်ကြရသည်။ ဤပမာလိုပါဘဲ။ ၁၁-ဘုံသားတို့၏ သခင်ကား အဝိဇ္ဇာ တဏှာ မာန၊ ဒိဋ္ဌိ၊ ဝိစိတို့ပါဘဲ၊ ကျွဲ၊နွား၊ဆင် မြင်းနှင့်တူသူတို့ကား(၁၁) ဘုံသား၊လူ၊နတ်၊ဗြဟ္မာ၊တွေပါဘဲ။ လူ နတ် ဗြဟ္မာတွေဟာ ကျွဲနွား ဆင် မြင်းနှင့်လုံးဝတူပါသဖြင့်။ အဝိဇ္ဇာ တဏှာ မာန ဒိဋ္ဌိ ဝိစိတို့ ကပူးကပ်၍ခိုင်းတိုင်းပင်ပြုပြင် လုပ်ကိုင်၍နေကြရသည်။ ဒါနဲ့ဘဲ သံသရာကြီးဟာ ရှည်လျား၍ ကြာညောင်း လာခဲ့ပါသည်။ သတိထားကြပါလေ။

| | | |
|---|---|---|
| (၁၂၀) | ဒါန သီလ သမထသုံးဖြာ<br>ဒိဋ္ဌိလှော်ပဲ့ စောင်းရွဲ့နေတာ<br>ဝိဇ္ဇာပဲ့မှ တဲ့တဲ့ရောက်မှာ<br>နိဗ္ဗာန်နန်း စံမြန်းအလွယ်ပါ | သံသရာဆိုတဲ့သမုဒ္ဒရာ<br>ကြီးထဲမှာ ဒါန လှေကို<br>စီးသွား ကြတယ်၊ သီလ<br>လှေကိုစီးသွားကြတယ်၊ |

သမထလှေကို စီးသွားကြတယ်။ ဒီလိုစီးသွား ကူးသန်း၍နေကြပေမဲ့၊ ယခုအထိပင် ယခု လူ၊ နတ်၊ ဗြဟ္မာတွေဟာ မဂ် ဖိုလ် နိဗ္ဗာန်ကမ်းသို့ မရောက်ကြသေးပါဘူး။ ဘာကြောင့် ယခုအထိ မရောက်ကြသေးပါသနည်းဟု မေးမြန်း စုံစမ်း၊ တွေးတော

ကြည့်တော့ကာ၊ ဒါန, သီလ, သမထ လှေသုံးစုမှာ ဒိဋ္ဌိက ပဲ့ သွားလုပ်၍ ပါရမီ ၁၀-ပါး၊ စရိယာ ၃-ပါး၊ စွန့်ခြင်းကြီးငါး ပါးက လှော်သွားအဖြစ်နှင့် လှော်ခပ်၍နေသောကြောင့်။ သံသ ရာကြောဦမြုပ်ကမျော နစ်မျော တဝဲလည်လည် ကမ်းမရောက်ဘဲ နေကြဘယ်။ အဲဒါသံသရာလယ်နေပုံသိကြဘို့ပါဘဲ။ ။သံသ ရာမှ ထွက်မြောက်ကြဘုံမှာတော့၊ ဒါနလှေ သီလလှေ၊ သမထလှေ သုံးမျိုး၌တက်စီ ပြီး ပါရမီ ၁၁-ပါး၊ စရိယာ ၃-ပါး၊ စွန့်ခြင်း ကြီးငါးပါးတို့က လှော်ကြပါဘယ်။ ဓါတ်ဝိဇ္ဇာ မဂ်ဖိုလ်ဝိဇ္ဇာတို့ ကပဲ့တက် ကိုင်ကြပါတယ်။ လူ နတ် ဗြဟ္မာ သတ္တဝါ ခရီးသည် တို့က စီးကြပါဘယ်။ ဤလိုအင်္ဂါစုံလို့၊ မဂ်ဘုံ ဖိုလ်ဘုံ နိဗ္ဗာန်ဘုံသို့ အစုံအစုံရောက်ကြပါတယ်။ ရောက်တဲ့လူတွေကား၊ ဘုရားတွေ ပစ္စေကတွေ၊ အဂ္ဂတွေ၊ မဟာတွေ၊ ပကတိတွေ၊ ရဟန္တာ၊ အနာဂါမ် သကဒါဂါမ် သောတာပန်တွေ ၂၄-သင်္ချေ ကုဋေ (၆၀) ဗိုလ်ခြေ တသိန်းတို့ပါဘဲ။ သံသရာလည်သူနှင့် ထွက်မြောက်သူကို ခွဲသိ ကြဘို့ပါဘဲ။

(၁၂၁) | မပိုင်အစိုး၊ အားကိုးမမြင်၊ မအပ်မစပ်၊ သတ်သတ်အပြင် |
| ပြုမရ၊ စုမရ၊ ဥပေက္ခာပုံသွင်၊ အနတ္တမှတ်ကြဆယ့်တစ်ပင်။ |

ဤမြန်မာဂါထာအရ၊ ဓါတ်ပေါ်တာ ၃၂ မျိုးနှင့် တရား တော်ဂုဏ် ၆-ပါးနှင့် သာသနာ့အုံဩဘယ် ရှစ်ပါးနှင့်ဝိပဿနာ ၃-ပါးနှင့် ၇-ပါးနှင့် (၁၀)ပါးနှင့် ၇၂-မျိုးနှင့်တဆဲ့လေးချက် ဓမ္မစက်ရုပ်ပေါ်နှင့် တဆဲ့လေးချက်ဓမ္မစက် နာမ်ပေါ်နှင့် တွေ့ ကြရ၊ ရှုကြရ အားထုတ်ကြရာ၌ ၄င်းဓါတ်တရား ကလာပ်တရား

ပရမတ်တရားတွေဟာ အနတ္တချည်းဘဲ၊ ဖြစ်၍နေတော့တယ်။ အနတ္တသဘောသာဖြစ်ကြပုံမှာ (၁) မိမိမပိုင်ရ၊ ဘယ်သူမှမပိုင်ရသောကြောင့် အနတ္တပါ။ (၂) ဘယ်သူကမှ အစိုးမရသောကြောင့်အနတ္တပါ။ (၃)အားကိုးလို့ပင်မရသောကြောင့် အနတ္တပါ။ (၄)လူမျက်စိ နတ်မျက်စိ ဗြဟ္မာမျက်စိနှင့်ပင် မမြင်ရသောကြောင့်အနတ္တပါ။ (၅)ဘယ်သူမှမအပ်၊ (၆) ဘယ်သူနဲ့မှမစပ်မဆိုင်သောကြောင့်အနတ္တပါ။ (၇)အပြင်ကနေသောကြောင့် အနတ္တပါ။ (၈)တသတ်စီဖြစ်၍နေသောကြောင့် အနတ္တပါ။ (၉)ပြုမရသောကြောင့်အနတ္တပါ။ (၁၀)စုမရသောကြောင့်အနတ္တပါ။ (၁၁)ဥပေက္ခာထားရပါသောကြောင့် အနတ္တပါ၊ အနတ္တ,သုညအာကာရ၊ ၂-ပါး၊ ၄-ပါး၊ ၆-ပါး၊ ၈-ပါး၊ ၁၀-ပါး၊ ၁၂-ပါး ၄၂-ပါးစီရှိသောကြောင့်အနတ္တပါ။ ဥပမာပြရပါလျှင်(၁)လေ (၂) ညှော်၊ (၃)အနံ့။ (၄)အသံကဲ့သို့၊ သူ့သက်သက်ဖြစ်သောကြောင့်ပါဘဲ။

| | | |
|---|---|---|
| (၁၂) | ဆီရှိ,နှမ်းကား ကံ ဆန်းပမာ၊<br>ဆုံနှင့်ကြိတ်မှ ယိုဖိတ်ထွက်လာ၊<br>ပါရမီများ နှမ်းလားပမာ<br>ဝိနဲ့ကြိတ် ယိုဖိတ်မဂ်ထွက်လာ။ | လောက ဥပမာနှင့်ပြရပါလျှင်၊ နှမ်းတွေထဲ၌ဆီဟာရှိ၍ နေပါတယ်၊ဆီရှိပေမဲ့ နှမ်း |

ထဲကဆီးဟာ ထွက်၍မလာသေးပါ။ ဆုံထဲထည့်ပြီး ကြိတ်မှပင်ဆီဟာယိုဖိတ်၍ထွက်လာပါတယ်။ ဆီကိုလိုရာ၌သုံးစွဲရပါတယ်။ လူမှာလဲ ကံနှင့်ပါရမီဆီဟာ ရှိ၍နေပါတယ်။ သူ့အလိုလိုမထွက်သေးပါ။ ဝိပဿနာဆုံထဲထည့်ပြီးသတိနဲ့ကြိတ်၊ သမာဓိနဲ့ကြိတ်

ပါမှမက်ဆီ ဖိုလ်ဆီ၊ နိဗ္ဗာန်ဆီ၊ ဉာဏ်ဆီများဟာထွက်လာပါတယ် ထွက်လာမှပင် မဂ်ပုဂ္ဂိုလ်ဘဲ ဖိုလ်ပုဂ္ဂိုလ်ဘဲ၊ နိဗ္ဗာန်ရဘဲဟု သုံးစွဲ ရပါသည်။ဥပမာနှင့်သိကြပါလေ။အာဝဇ္ဇန်းကောင်းသလောက် ချွံ၍ ဟောပြောပြသကြပါကုန်။

(၁၂၃)
ဝိပဿနာစစ် ဓါတ်နှစ်မှတ်ပါ၊
ဝိသုဒ္ဓိမဂ် မိန့်မြွက်အလာ၊
ဓါတ်ကိုမရ သမထမှတ်ပါ၊
ဒါမသိယောင်တိယောင်ခြာခြာ

လယ်တီ၊ မြဝတီ မာန်လည်၊ စသော နိုင်ငံကျော် ဆရာတော် ကြီးများက၊ (ဝိပဿနာအစစ်၊ ဓါတ်အနှစ်)ဟူ၍ သိသိသာသာကြီး မိန့်ဆို တော်မူကြသည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ်-၁၅၉၊ ဟံမူမှာ လည်း၊ [တတ္ထဓါတုဝဝေသန ကထိတံ၊ ပိပဿနာ ကမ္မဋ္ဌာနံ ဟောတိ။]ဟူ၍ပင် တိတိကြကြ၊ မိမိရရ၊ ပြခဲ့ပါသည်။ ဓါတ် သဘောတွေ့ပြီးရှုမှ ဟောပြောမှသာလျှင် ဝိပဿနာ အစစ်ဟု ပါရှိပါသည်။ ဓါတ်မရောက်သေးဘဲ၊ ဖြစ်၍နေသော်၊ ဒေသနာ နည်း၊ပညတ် သမထမျှရပ်နေမည်။

(၁၂၄)
အရဟတ္တဓါတ်မှ နိုးတာ၊
ဓါတုဝိဘင် ထုတ်ပြသချာ၊
ဥပရိပဏ္ဏာ ဟန်ကြဒေသနာ
ဖိုလ်အရဟတ် လိုအပ်ဓါတ်ကိုရှာ။

ဓါတ်တရားဆို တာအရဟတ္တဖိုလ် နှင့် အနိုးဆုံး အာ ကပ်ဆုံးဟုကျမ်း၌ ဆိုထားပါပြီ။ ဆဓါတုယောတိ(လ)အရဟတ္တဿပဒဋ္ဌာနဘူတံ။

ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ ဓါတုဝိဘင်္ဂသုတ်ဖွင့်။ နံပါတ်-၁၉၇၊ ကြောင်းရေ ၁၃ မှာ ကြည့်ကြပါ။ ဓါတ်တရား မဟုတ်လျှင်၊ အရဟတ္တဖိုလ်နှင့်ဝေးလှကွာလှသေးသည်ဟု ဗျတိရေကနည်းဖြင့် သိကြပါလေ။

(၁၂၅)
ဓါတ်ကိုရှုမှ ဓါတုနိဗ္ဗာန်
ဓါတ်မရှုပြား ဝေးသွားဧကန်
ဒုကနိပါတ် ကျမ်းမြတ်ထုတ်ပြန်
ဓါတ်ရှုကြမူ ပဘာရာမှန်။

[သင်္ခတဓါတု၊ အသင်္ခတဓါတု] ဒုကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌ ပါရှိပါတယ်၊ သင်္ခတဓါတ်ကိုရှုမှ အသင်္ခတဓါတ် မြတ်လှသော နိဗ္ဗာန်ရမည်ဟု ဆိုပါသည်။ သင်္ဂြိုဟ်၌ စိတ် စေတသိက် ရုပ်၊ နိဗ္ဗာန်ဟု ပရမတ္ထတရား ၄-ပါးကိုပြဆိုတယ်၊ စိတ်၊ စေတသိက်၊ ရုပ် ပရမတ် ၃ စုကား၊ သင်္ခတဓါတ်ပါတဲ့။ ၎င်းကိုရှုမှသာ အသင်္ခတဓါတ်ကို ရပါသည်၊ မြဲမြဲမှတ်ကြပါလေ။

(၁၂၆)
ပူ ဧ လှုပ် ရှ လက္ခဏာအင်္ဂါ
ဝိပဿနာစစ် မိန့်လှစ်သချာ
ဥပရိ ဏ္ဏာ ဟန်ကြံဒေသနာ
ဖိုလ်အရဟတ် လိုအပ်ဓါတ်ကိုရှာ

ပူ ဧ စသောဓါတ်ကြီး ၄-ပါး တို့၏၊ ဝိပရိဏာမ ဖေါက်ပြန်မှုကြောင့်ပူခြင်း ခြင်း၊ လှုပ်ခြင်း ရှုခြင်း စသောလက္ခဏာ ရှုနှ၊ သဘောများကို တွေ့ရသည်။ အဲဒါဟာ ဝိပဿနာ အစစ်အမှန်၏။ ။လက္ခဏာ အင်္ဂါများပါတဲ့။ ဒါကိုရှုပွါးလျှင် ဉာဏ်စဉ်တက်၍ မဂ်ရမည် သာတည်း။ [ဆခါဘုဒေယာတိ (လ) ဝိပဿနာ လက္ခဏာမေဝ။]

ဥပရိပဏ္ဏာသအဋ္ဌကထာ နံပါတ်-၁၉၇၊ ၉ မှုဒ္ဒ ကြည့်ကြပါလေ။ ဝိပဿနာစစ်မှ မဂ်ရမည်ဆိုတာ သိကြသွားပါဘဲ။

(၁၂၇)
ပူ ဧ လှုပ် ရွ သုညတလက္ခဏာ
ဓါတုဝိဘင်္ဂ ထုတ်ပြသေချာ
ဥပရိပဏ္ဏာ ဟန်ကြဒေသနာ
ဖိုလ်အရဟတ် လိုအပ်ဓါတ်ကိုရှာ။

ဓါတ်ကြီး၄-ပါးတို့၏၊ ဖေါက်ပြန်မှုကြောင့်၊ ပူခြင်း၊ ဧခြင်း၊ လှုပ်ခြင်း၊ ရွခြင်း၊ သုညတ လက္ခဏာသဘောကပြသည်။ သုညတသဘောဆိုတာဟာ(အနတ္တ)အစစ်ပါဘဲ။ [ဆဓါတုယောတိ(လ)သုညတလက္ခဏမဝ။] ဥပရိပဏ္ဏာသအဋ္ဌကထာ၊ နံပါတ် ၁၉၇၊ ၉ မှုဒ္ဒပြသည်။(သုညတ၊အနတ္တ၊ ဓါတ် ဝိပဿနာ။)အတူတူပါဘဲ။

(၁၂၈)
ပူ ဧ လှုပ် ရွ စူးရှဖြာဖြာ
ဓါတ်တန်ခိုးပြ သုညအနတ္တာ
လာလာလိုက်ခဲ့ ကြိုက်တဲ့နေရာ
ရထားဆိုက် ပုံကိုက်ဥပမာ။

ခန္ဓာ ကို ယ် ထဲ မှ ပူခြင်း ဧခြင်း လှုပ်ခြင်း ရွ ခြင်း စူး ရှ ခြ င်း စသောရုပ်နာ၊ဖေါက်ပြန်မှု အဖြာဖြာတွေဟာ၊ ဓါတ်ကတန်ခိုးပြပြနေတာ၊ သုညတွေပါ။ အနတ္တတွေပါ။ ၎င်းတို့က လာပြီးခေါ်ပါတယ်။ လာဟေ့ယောဂီတို့ လာလိုက်ခဲ့ပါ။ ယောဂီကိုကြိုက်တဲ့နေရာဌာနသို့ ပို့ထားပါမည် ဟုဆို သကဲ့သို့လာပြောသကဲ့သို့ဖြစ်ပါတယ်။ ဥပမာ (အလောင်းမှန်လို့ ရထားဆိုက်ထာပါ။) ဇနကာမင်းသား ပမာဖြင့်သိကြပါ။ (ဘုန်းကံအလျှောက်၊ စကြရောက်ထာပါ။)ဝိဇိတာဝီ၊ စသော စကြမင်းများ၊ ဥပမာဖြင့် သိကြပါ။ ခွဲထွင်၍ ဟောကြပါ။ ပြောကြပါလေ။

(၁၂၉) ပကတိချ၊ မူလ၊ ဘူတာ
ရေသောက်ပင်ချင်း ဓါတ်မင်းမှတ်ပါ
အောက်ခြေလွှတ် ဝဋ်လဲပြတ်မှာ
အရိယ ကျင့်ကြလမ်းစဉ်ပါ။

အရိယာတို့၏ ကျင့်စဉ် လမ်း မှာ(ဓ-၂-၃-၃ ၄-၇ ၃၇-၁၆-၄-၄ နိ)ပါဘဲ။ ဓါတ်တရား၊ ရုပ်နာမ် ၂-ပါး၊ လက္ခဏာရေး ၃-ပါး၊ ပရိညာ ၃-ပါး၊ သစ္စာ ၄-ပါး၊ ဝိသုဒ္ဓိ ၇-ပါး ဗောဓိပက္ခိယ ၃၇ ပါး၊ ဉာဏ်စဉ် ၁၆-ပါး၊ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး နိဗ္ဗာန် အားဖြင့် ကျမ်းတိုင်းကလမ်းစဉ်ပြ၍ထားပါသည်။ ဓါတ်ကိုရှုချင် လမ်းစဉ်အတိုင်း တက်၍သွားပါတယ်။ ဓါဟာ ပကတိ အနက်ပါ။ မူလအနက်ပါ၊ ဘူတအနက်ပါ၊ ရေသောက်မြစ်ပါ ပင်ချင်းပါ၊ ဓါတ်မင်းပါ၊ ဓါတ်ဘုရင်ပါ၊ ဓါတ်အဓိပတိကို အောက်ခြေခိုင်တဲ့ တရားပါ။ အောက်ခြေမလွှတ်သော ဓါတ်ပါ ရှုမှ ဝဋ်ပြတ်မည်၊ အရိယာဖြစ်မည်။ ကျင့်စဉ်မှန်မည်။

(၁၃၀) အမျှော်ပေါင်းစု ကောင်းမှုသမာ
ဘုရားဓမ္မ ပေါင်းထဓါတ်သာ
အားအင်ပြည့်ဝ သိကြတွေ့လာ
ဖမ်းကာချုပ် အယုတ်ပြာချရှာ။

ဥပမာပြမည်၊ နွားကျန်းနွားရိုင်းကြီး တကောင်ဟာရှိနေတယ်။ ဘုရင် က ဆင်းရဲသားကိုခေါ်၍ ဟောဒီမှာ လျှော်မျှင် တပုံကြီးရှိတယ်။ ဟောဒီနွားကျန်း၊ အရိုင်းကောင်ကြီးကို ရတဲ့နည်းနဲ့ ဖမ်းထားသေ။ ဖမ်းနိုင်သော် သင်၏ဉာဏ်စွမ်း သတ္တိအတိုင်း၊ ရာထူးအပ်မည်ဟုစေခိုင်းသည်။ ဆင်းရဲသားသည်၊ ပဌမဦး လျှော်မျှင်နှင့်ချည်တုပ်သည်၊ နွားကအားနဲ့ရုန်းတော့၊ ပုံးကနဲပြတ်သွားသည် သို့ဖြစ်

၍။ ၎င်းလျှော်မျှင်တို့ကို လက်သန်းလုံးခန့် ကြိုးများ ဖြစ်အောင် ဆယ်ချောင်းကျစ်ပြီးမှ၊ ၎င်းကြိုးဆယ်ချောင်းကို စုပေါင်းပြီး ကြိုးကျစ်ရာ လက်ကောက်ဝတ်ခန့်မျှ ကြိုးတချောင်းထဲဖြစ်လာသည်။ ၎င်းကြိုးနှင့် နွားရိုင်းကြီးကို ချည်နှောင်ပြီး တိုင်နှင့်တုပ်ထားရာ၊ နွားရိုင်းကြီးဟာ မလှုပ်နိုင်၊ မရုံးနိုင်ဘဲ၊ ဖြစ်ရသည်။ ဤကား နွားရိုင်းကြီးကို ဖမ်းချုပ်ထားသော ဥပမာတည်း။

ထို့အတူတသံသရာလုံး ရိုင်းပြလာသော စိတ်ကို၊ ဝိနည်းနဲ့ သုတ္တန်နဲ့၊ အဘိဓမ္မာနဲ့၊ ပိဋကတ်နဲ့၊ နိကာယ်နဲ့၊ အင်္ဂါနဲ့ ဓမ္မက္ခန္ဓာနဲ့ တခုစီနှင့် ချည်နှောင်သော်၊ နွားရိုင်းကြီးဟာ၊ ရုံး ကန် ဖြတ် တောက်၍သာ နေတော့သည်။ ၎င်းဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ ပိဋကတ်၊ နိကာယ်၊ အင်္ဂါ ဓမ္မက္ခန္ဓာ တို့ကိုစုပေါင်း၍ (ဓါတ်ပါဘဲ ဟူ၍) ကြိုးတချောင်းထဲဖြစ်အောင်ကျစ်ပြီး (စိတ်)ကိုဓါတ်ကြိုးနဲ့ ဖမ်းပြီးရှုပွါးသဖြင့် လမ်းစဉ်အတိုင်း၊နိဗ္ဗာန်ကိုရတော့သတည်း။

| | | |
|---|---|---|
| (၁၃၁) | မရှိကွယ်ပျောက် အရှိရောက်လျှင်၊ | နာမည်မှည့်ထား |
| | ငါသူတပါး၊(မွ)(ကျား)မမြင်၊ | တဲ့၊တကယ်မရှိတဲ့ |
| | သုခ, ဒုက္ခ, မုက္ခ၂ လှင့်စင်၊ | အထင် သာ ရှိတဲ့ |
| | ပူမငွေ့ မှူ၍နိဗ္ဗာန်ဝင်။ | ပ ည တ် ပျော က် |

အောင်ဟာX တတယ်ရှိတဲ့ ဓါတ်တရားကိုရှုပွါးရမည်။ ဓါတ်တွေ့လျှင် (မရှိပညတ်ဟာ ကွယ်ပျောက်၍X အရှိပရမတ် ဓါတ်ဟာ ပေါ်ပေါက်တော့သည်။ ဓါတ်ပရမတ်၌ ငါမရှိ, သူမရှိ, တပါး မရှိ၊ မိမ္မမရှိ၊ ယောကျ်ားမရှိ၊ မမြင်၊မတွေ့ရတော့ပါဘူး ထိုအခါ

မိမ္မ ယောဇကျါးကြောင့်ဖြစ်သော ချမ်းသာ,သုခ,ဆင်းရဲဒုက္ခဟာ မုက္ခ၂ ဘဲ ကင်းလွှတ်၍လာပါတော့သည်။ ထိုအခါဝယ် ပူပူ ဆူဆူ ကိလေသာမတွေ၊ ပူမငွေ့တော့ဘဲ မူ၍ပင်နိဗ္ဗာန်သို့ ဝင်စံပျော်ပိုက်ရတော့သည်။

(၁၃၂)
အကုသိုလ်တရား၊မျှားပြားသွယ်သွယ်၊
ဒိဋ္ဌိပယ်ရှား မလားအပါယ်၊
ဒိဋ္ဌိပြုတ်ဇဘော့ နတ်လုပ်နေမယ်၊
မဂ်ဖိုလ်မျှား တိုးပွါးနိဗ္ဗာန်နယ်။

လူနတ်ပြဟ္မာ တိုင်းဟာ၊ ဟိုသံသရာက အသင်္ချေကာ၊ ကမ္ဘာကုဋေက ကမ္ဘာတသန်းက၊ ကမ္ဘာတသိန်းက၊ ကမ္ဘာတသောင်းက၊ ကမ္ဘာတထောင်က၊ကမ္ဘာတရာက၊ကမ္ဘာတဆယ်က တကမ္ဘာက၊ ဆယ်ဘဝက၊ တဘဝကဖြစ်လာတဲ့၊ အကုသိုလ်မျှား ကိလေသာမျှားဟာ၊ စကြဝဠာပြည့် ဝိသယခေတ်ပြည့် ရှိနေကြသည်။ အကုသိုလ်ကိလေသာတို့ဟာ၊ ဒိဋ္ဌိကိုဓါတ်နှင့် ပြာချသဖြင့် ကုန်သွားတော့သည်။ ဒိဋ္ဌိကုန်ဘော့ အပါယ်မလား တော့ပါ၊ ဒိဋ္ဌိပြုတ်တော့ကာ နတ်လုပ်၍ ပြဟ္မာလုပ်၍နေရသည်။ မဂ်,ဖိုလ်မျှားလဲ တိုးပွါးတက်ရောက်၍ လာတော့သည်။ နိဗ္ဗာန်နယ်သို့ ရောက်နေတော့သည်။

(၁၃၃)
နိဗ္ဗာန်တံခါး ဖွင့်ထားပေရှာ၊
ငါးထောင်အတွင်း ပိတ်ခြင်းမလာ၊
မဝင်ကြလို့ လည်ကြသံသရာ၊
ဘယ်သူ့ပြစ် မှုသစ်ရှာကြပါ။

မြတ်စွာဘုရားဟာ၊ သာသနာငါးထောင်အတွင်း၌ နိဗ္ဗာန်တံခါးမကြီးကို ဖွင့်၍ အမြဲထားပါသည်။ ငါးထောင်အတွင်း၌

မပိတ်တော့ပါ။ လူ့,နတ်,ဗြဟ္မာ,တွေဟာ ဓါတ်လက်မှတ်ယူ၍မဝင်ကြပါ။ ဒါကြောင့် သံသရာလည်နေကြရတာ။ (၁)မြတ်ဘုရားက နိဗ္ဗာန်တံခါးနှစ်ငါးထောင်လုံးဖွင့်ပြီးထားပါလျက်နှင့်။ (၂)လူ့, နတ်,ဗြဟ္မာတွေက နိဗ္ဗာန်သို့မဝင်ကြဘဲ။ နေကြတာဟာ ဘယ်သူ့ရဲ့အပြစ်ပါလဲ။ နိဗ္ဗာန်တံခါးဖွင့်ပြီးထားတဲ့ ဘုရားရဲ့အပြစ်လား။ သို့မဟုတ်မဝင်ကြဘဲနေတဲ့။ လူ့,နတ်,ဗြဟ္မာ,သတ္တဝါတွေရဲ့ အပြစ်လားဆိုတာ၊ အမှုရှာကြပါလေ။

(၁၃၄)
အင်္ဂုလိနှင့် မိုက်သည့်အာဠဝ၊
ကိုးရာ ခုနှစ်ရာ့ ငါးရာ့စောရာ၊
ခြောက်ဆယ်ဝတ္ထု ကြည့်ရှုသောခါ၊
နိဗ်တံခါး ဖွင့်ထားဟင်းလင်းပါ။

မြတ်စွာဘုရားသခင်က သာသနာငါးထောင်းပတ်လုံး နိဗ္ဗာန်တံခါးဖွင့်ထားသဖြင့်၊ ထိုတံခါးဖြင့်ဝင်၍ အရိယာ လုပ်နေကြသောပုဂ္ဂိုလ်တို့ဟာ၊ အင်္ဂုလိမာလ၊ အာဠဝက၊ ခိုးသားကိုးရာ ခိုးသားခုနှစ်ရာ၊ ခိုးသားငါးရာ၊ စသောအားဖြင့် ဝတ္ထုပေါင်း (၆၀)မျှထုတ်ပြပါသည်။ ဤမျှမိုက်မဲ့, ရမ်းကား ဆိုးဝါးသောပုဂ္ဂိုလ်(၆၀)ပင်၊ နိဗ္ဗာန်သို့ဝင်နိုင်ကြသေး၏။ လိမ်လိမ်, မာမာ၊ ယဉ်ယဉ်,ကျေးကျေး ရှိကြသော ဗုဒ္ဓဘာသာတို့ကား၊ နိဗ္ဗာန်တံခါးဖြင့် ဝင်ကြပါလျှင် ကေန်ရမှာပါဘဲတဲ့။ သတိပြုကြပါ။

(၁၃၅)
ဘုရားလှမ်းသွား လမ်းများဖုံဖုံ၊
ခန္ဓာတွင်းက ပြခြင်းစုံစုံ၊
သူတိုင်ငါတို့ လှမ်းစို့ဗိုလ်ပုံ၊
ဒုက္ခတုံး လုံးလုံးနိဗ္ဗာန်ဘုံ။

သဲ လုံး အ မျှ ပွင့်တော်မူကြတဲ့ဘုရားတွေဟာ ဓါတ်လမ်း ဖုံဖုံ လမ်းဖြင့် တက်

ရောက်လှမ်းကြွကြကုန်၏။ဘုရားများရော၊ ပစ္စေကာတွေရော၊ အဂ္ဂသာဝကတွေရော၊ မဟာသာဝကတွေရော ပကတိသာဝကတွေရော၊သောတာပန်တွေ သကဒါဂါမ်တွေ၊ အနာဂါမ်တွေ၊ရဟန္တာတွေ၊ ၂၄-သင်္ချေကုဋေ(၆၀) ဗိုလ်ခြေတသိန်း အားလုံးတို့ဟာသွားသွားနေတဲ့ ဓါတ်လမ်းမကြီး ဖုံဖုံကိုသာ ငါတို့လဲလှမ်းကြွဘို့သင့်သည်။ လှမ်းကြွလျှင် နိဗ္ဗာန်သို့ရောက်မှာပါဘဲ။

(၁၃၆) နှာမ်မှာကပ်ကြ မှတ်ရစရာ၊
ရုပ်မှာကပ်ကြ မှတ်ရစရာ၊
ရုပ်နှာမ်မှာကပ် ထပ်ထပ်လွှာလွှာ
သံသာရ ဝဋ္ဋဒုက္ခကြာ။

(၁)နှာမ်၌ကပ်၍ နေကြသော ဘေးရန်များ ကား (ကဘေးကြီး) မောဟ အဟိရိက၊ အနောတ္တပ္ပ ဥဒ္ဓစ္စ၊ လောဘ၊ဒိဋ္ဌိ၊မာန၊ဒေါသ၊ဣဿာ မစ္ဆရိယ၊ကုက္ကုစ္စ ထိန၊မိဒ္ဓ၊ဝိစိကိစ္ဆာ၊(ခဘေးကြီး)ရာဂ၊ဒေါသ မောဟ၊ ကောဓ၊ ဥပနာဟ၊ မက္ခ၊ ပလာသ၊ ဣဿာ၊ မစ္ဆရိယ မာယာ၊ သာဌေယျ၊ ထမ္ဘ၊ သာရမ္ဘ၊ မာန၊အတိမာန၊မဒ၊ပမာဒ (ဂဘေးကြီး)အာသဝ-၄၊ ဩဃ-၄၊ယောဂ-၄၊ဂန္ထ-၄၊ဥပါဒါန်-၄၊ နီဝရဏ-၆-ဂ၊ အနုသယ-၇၊ သုတ္တန်သံယောဇဉ်-၁၀ ပါး။ အဘိဓမ္မာသံယောဇဉ် ၁၀ ပါး၊ ကိလေသာ ၃-ပါး၊ ၁၀-ပါး -၁၅၀၀။ (ဃဘေးကြီး) သက္ကာယဒိဋ္ဌိ-၂၀-၂၆-၂၅၆-၅-၁၅-၃၂-၄၂ ၆၆-၉၆ အခက်,အလက်ဒိဋ္ဌိများ၊၃၀-၁၀-၁၀-၆၂-၉၆။ ဝိစိကိစ္ဆာ-ဂ-၁၆။ ဝိပ္ပလ္လာသ-၁၂။ အဝိဇ္ဇာ ၄-ဂ၊ အကုသိုလ် ၁၂-၁၄-၂၇-ပါး။ တဏှာ(၁၀ဂ)သင်္ကြီး ငါးပါးတို့တည်း။X

(၂) ရုပ်မှာကပ်သော ဘေးရန်များကား အန္တရာယ် ၆-ပါး ငရဲ ၁၀ ပါး။ ဝိပတ္တိ ၄-ပါး။ ဗျသန ငါးပါး။ ရန်သူမျိုး ငါးပါး ဒါဏ် ၁၀-ပါး။ ရုပ်ပြစ် ၈-ပါး။ ဥပဒ္ဒဝေါ ၁၆-ပါး။ ဘေးကြီး ၂၅-ပါး။ ကံကြမ္မာ ၃၂ ပါး။ ရောဂါ-၉၆၊ ငရဲ ၉၈-ပါး။ ပိုးမျိုးကုဋေ(၈၀) ငရဲကြီး ၈-ထပ်။ ငရဲငယ်(၁၂၈)ထပ်။ ငရဲ ၂၆-ထပ်။ ပြိတ္တာအသူရကာယ် ၂၂-မျိုးစီ။ ရေနေ တိရစ္ဆာန် ဆယ်ကုဋေ။ ကုန်းနေတိရစ္ဆာန်ကိုးကုဋေ၊ ကွဲဘေး၊ မွဲဘေး၊ ငဲ့ဘေး ပူးဘေး၊ ဘောင့်တဘေး၊ ကြောင့်ကြဘေးတို့တည်း၊ XX ရုပ်နာမ် ၌ကပ်၍နေကြသော ဘေးများကား လုပ်မှုတွေအရာရာ၊ ကိုင်မှု တွေအရာရာ၊ ပြောမှုတွေအရာရာ၊ ဆိုမှုတွေအရာရာ၊ ရောင်းမှုတွေ အရာရာ၊ ဝယ်မှုတွေအရာရာ၊ ပေါင်းမှုတွေ၊ စားမှုတွေ၊ သောက် မှုတွေ၊ လှူဒါန်းမှုတွေ၊ ကျင့်ကြံမှုတွေ၊ ဆက်ဆံမှုတွေ၊ ရှာဖွေ မှုတွေ၊ စောင့်ရှောက်မှုတွေ၊ ကူပံ့မှုတွေ၊ ဖေးမမ,စ မှုတွေ၊ ကယ်ဆယ်မှုတွေအရာရာတို့တည်း၊ အဲဒါတွေနှင့် အချိန်ကုန်ကြရ ရက်ကုန်, လကုန်, နှစ်ကုန်, ဘဝကုန်, သံသရာပါ ကုန်ခဲ့ကြရပြီ တကား။ ဘယ်တော့များ ထွက်လမ်းကို ရှာကြမှာလဲ ဒီလိုနှင့်ဘဲ (ကရွတ်ကင်းရှောက်) သွားနေကြတော့မှာလား။ ဗုဒ္ဓဘာသာ သူတော်စွာတို့ရယ်။ နှိုးဆော်စာ (တကဲ့မေတ္တာ) တကဲ့ကရုဏာ နှင့်မို့ ရေးမိသမျှ ပြောဟောမိ သမျှကို ခွင့်ပြုကြပါလေ။ (မသိသူကျော်သွား,သိသူဖါစား)စကားပုံအလား၊ စဥ်းစား ဝေဘန်၍ ခပ်မြန်မြန် ဖြုတ်ကြပါတော့။ သူတော်ကောဇ်း များရယ်။

(၁၃၇) ကိုယ်လုပ်ကြံကျင့် အသင့်ရှိသူ၊
တိုင်းသူအများ ညွှာတွားဝိုင်းကူ၊
အမြဲနိစ္စ ဖေးမပြည်သူ၊
တချပ်အများ စကားပုံတိုင်းယူ။

ဥပမာရွှာတရွာ ၌ လူတဦးဟာ သား ကို ရှင် ပြု မယ်ဟု၊ တိုင် ပင်သော် အမျိုးသားလုလင်တစုကရင်း။ အမျိုးသမီးတစုကရင်း။ ကြီးလတ်ငယ်များကရင်း။ ထိုကိစ္စပြီးအောင်ဝိုင်းဝန်း၍ ကူကြ ညီကြ ဖေးမကြသည်။ မျက်မြင်ပါတဲ့။ ထို့အတူ ကိုယ်ကောင်း အလုပ်ကောင်း အကြံကောင်း၊ အကျင့်ကောင်း စုံလင်စွာနှင့် အသင့်ရှိနေသူများကို တိုင်းသူ ပြည်သားအများက၊ ညွှတ်တွားကာဖြင့် ဝိုင်းဝန်း၍ ကူညီကြမြဲတည်း။ အမြဲနိစ္စပင် ပြည်သူ ရပ်သူ ရွာသူများက ဖေးမကြသည်။ အဲဒါ တရပ်များ၏ စကားပုံတည်း။ ဝိပဿနာ ကျင့်ကြံသောသူကို ဘုရားစသော (၁၃)ဌာနတို့က ဝိုင်းမကြည့်ရှု ဖေးမ မြင့်တင် မြှောက်စားကြသဖြင့်၊ အရိယာဘဝနှင့်နေကြသည်။

(၁၃၈) ဒါန သီလ သမထ ထိုထို၊
ဘာဝနာလမ်း တက်လှမ်းမင်ဖိုလ်၊
ကံလမ်း၊ဈာန်လမ်း၊ဉာဏ်လမ်း၊ဝိဇ္ဇာထိုရှိ
အသိပြ၊ ဇိနတက္ကသိုလ်။

မြတ် စွာ ဘုရား၏၊ ဒေသ နာ တော် အတိုင်း၊ ဒါန သီလ၊ သမထ၊ ဝိပဿနာဟူ၍ရင်း။ ကံလမ်း၊ ဈာန်လမ်း၊ ဉာဏ်လမ်းဟူ၍ရင်း။ အစားစားရှိရာ။ ဒါန သီလကား ကံလမ်း၊ ကမ္မပစ္စယောဘည်း။ (ကမ္မဝိပါကောအစိန္တိယော။)ဟူသည်နှင့်အညီ

ကံ၏အကျိုးပေးကား အစိန္တေယျ၊ အပ္ပမေယျ၊ အသင်္ချေယျ၊ အနန္တ၊ အပ္ပရိမာဏ၊ အပ္ပရိစ္ဆိန္န၊ အကျိုးကို ပေးနိုင်ပါ၏။ (၂) သမထကား စျာန်လမ်းသည်း။ (ဂူဒ္ဓိဝိသယော၊ အစိန္တိယော။) ဟူသည်နှင့်အညီ၊ သမထနယ်၊ သမာဓိလမ်း စျာန်စခမ်းလည်း။ ထို့ထက်ပင် အစိန္တေယျ၊အပ္ပမေယျ၊အသင်္ချေယျ၊ အနန္တ၊ အပ္ပရိမာဏ အပ္ပရိစ္ဆိန္နသာတည်း။ (၃) ဝိပဿနာကား၊ ဉာဏ်လမ်းတည်း။ ၎င်းကား ကံ့စျာန်ထက်ပင် မနှိုင်းယှဉ်လောက်သော အစိန္တေယျ၊ အပ္ပမေယျ၊ အသင်္ချေယျ၊ အနန္တ၊ အပ္ပရိမာဏ၊ အပ္ပရိစ္ဆိန္နသော အကျိုးတို့တည်းဟု ခွဲ၍သိထားကြပါလေ။ သမ္မာဒိဋ္ဌိ ငါးမျိုး၌ ၁၉-၁၆-၁၃-၄-၅ အားဖြင့် ပြပြီး ဖြစ်၍ မခဲ့ပြီ။

| | | |
|---|---|---|
| (၁၃၉) | အာ,ဥ,က,သ, ရဋ္ဌ ရှင်ကြည်၊<br>ကြိုးစား တိုးပွါး မိုးသိကြာပုံမှီ၊<br>အပါယ်ကလွတ် ဝဋ်ပြတ်တည်ကြည်၊<br>မင်္ဂဖိုလ်နန်း စံမြန်းနိဗ္ဗာန်ပြည်။ | သမ္ပဒါ ၄-ပါး<br>မှာ၊ ရပ် ရွာ ဘို့<br>သာသနာ ဘို့ ဟု<br>၂-မျိုး ခွဲရ့မည်။ |

(၁)အာ၊ အာရက္ခသမ္ပဒါဆိုတာ မိမိရရှိပြီးသော ပစ္စည်းဥစ္စာကို အဝင်နှင့်အထွက် ချိန်၍စောင့်ရှောက်ရမည်။ (၂)ဥ၊ ဌာနသမ္ပဒါ မရသေးသော ပစ္စည်းများကို ရရှိအောင် ဟာ ထကြွ လုလ္လ ဉဿာဟ၊ ဝီရိယရှိရမည်။ (၃)ကလျာဏမိတ္တဆိုတာ၊ မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းသင်း၍ နေရမည်။ (၄) သမ္မဇီဝိတာ၊ မိမိအတန်းနှင့် မျှတသော အသက်မွေးမှု ရှိနေရမည်။ ဤကား

ရပ်ဘို့ ရွာဘို့ပစ္စည်းဥစ္စာ ကြွယ်ဝ တိုးတက်မည့် သမ္ပဒါတည်း။ သာသနာ့ဘက်၌ကား (၁) ဥဋ္ဌာနသမ္ပဒါ၊ ဓါတ်တရား၊ ကလာပ်တရား၊ ပရမတ်တရားများကို မရလျှင်မနေ၊ ရရှိအောင်ဟာ ဝိရိယ လုလ္လဥဿာဟဖြင့်၊ ထထ ကြွကြွ၊ ကြိုးစားရမည်။ (၂) အာရက္ခသမ္ပဒါ၊ မိမိရရှိပြီးသောတရားများကို မပျက်မပျောက်ရအောင်စောင့်ရှောက်ရမည်။ (၃) ကလျာဏမိတ္တဆိုတာ၊ ရုပ်နာမ်ဓမ္မသမ္ပါရကို ပွါးနေသူ ဟောပြသူ၊ ရနေသူများနှင့်သာအတူနေရမည်။ (၄) သမဇီဝိတာသမ္ပဒါဆိုတာ ယောဂီနှင့်တူအောင်နေပါ၊ စားပါ၊ ပြောပါ၊ ကျင့်ပါ၊ ရှောင်သင့်တာလိုရှောင်ကြပါ။ ပွါးသင့်တာကိုပွါးကြပါ။ အဲဒါမျှသော အသက်မွေးခြင်း ပါတဲ့ အဲဒါလေးပါးကို သမ္ပဒါခေါ်သည်။ ရပ်ရွာသမ္ပဒါမှာ ဘောဂစည်းစိမ်ပြည့်ဝ၊ တိုးတက်ဘို့သာဖြစ်၏။ သာသနာ သမ္ပဒါမှာ၊ မဂ်ဖိုလ်ရဘို့ သာဖြစ်၏။ X သတိ။

(၁၄၀)
သံသရာဘေး မျှော်တွေ ဖန်ဖန်၊
မိတ်ကောင်း ဆွေကောင်း အပေါင်းရှာရန်
ဒုလ္လဘမို့ ကြုံရခဲရန်၊
တချက်လွဲ ငရဲမှောင်မပြန်။

ယခုအခါ၊ သာသနာ့ ဒုလ္လဘနှင့်ကြုံ၍နေကြရပြီ။ သံသရာဘေးကို မျှော်တွေးပြီး၊ မိတ်ကောင်း ဆွေကောင်း၊ အပေါင်းအသင်း အမြတ်ရအောင် ရှာကြပါ။ တချက်လောက် အပေါင်းအသင်း လွဲသွားလျှင် ငရဲကျပြီး၊ ငရဲသဲမှ လူ့ပြည်သို့ ပြန်လာဘို့ နတ်ပြည်သို့ ပြန်လာဘို့ကို စိတ်မကူးကြနှင့်တော့၊ တသံသရာလုံး၌ ပွါးမိသော အကုသိုလ်

ကိလေသာကြောင့်၊ တခုပြီးတခုနှင့် ငရဲ၌ ခံရမှာမို့ လွတ်ရက်ကို မတွေ့နိုင်တော့ပြီ။ ဓါတ်တခုဟာ တကဲ့မိတ်ဆွေကောင်းပါဘဲ။ လူဆိုးကြီးများဝတ္ထု (၆၀) ကြည့်လျှင်။ ဓါတ်ကြောင့် မဂ်ဖိုလ် နိဗ္ဗာန်ကိုရကြပါပြီ။ သတိပြုကြပါ။

| | | |
|---|---|---|
| (၁၄၁) | သေမင်းလက်ထဲ ရုပ်လဲအပ်ရှာ၊ | လူ့ဘုံက |
| | သေမင်းလက်ထဲ နာမ်လဲအပ်ရှာ၊ | လူ အား |
| | သုဿာန်သင်းချိုင်း အလောင်းတိုင်းအပ်ရှာ၊ | လုံးတို့ကို |
| | နောင်ဘဝ အပ်ရအပါယ်ရှာ။ | ဉာဏ်ဖြင့် |

ကြည့်သော်ပဋိသန္ဓေနေသည်ကစ၍သေသည်အထိပင်မိမိရုပ်အစုကြီးကို သေမင်း၏လက်ထဲ၌အပ်ထားပါသည်။ ဒါကိုမသိ၍ပျော်ရွှင်နေကြတာပါ။ ပဋိသန္ဓေနေသည်ကစ၍သေသည်အထိပင်၊မိမိ၏ စိတ်စေတသိက်နာမ်စုကြီးကိုသေမင်း၏လက်ထဲ၌ အပ်ထားပါသည်။ အဲဒါကိုမရိပ်မိလို့မာနတက်၍နေကြတာပါ၊ သေတော့ အလောင်းကောင်ကြီးကိုလဲ သုဿာန်သင်းချိုင်း၏ လက်ထဲသို့ အပ်ထားပါသည်။ မသိကြလို့ပျော်ပါးမော်ကြွား နေကြတာပါ၊ အဲဒီလိုသာ မေ့မေ့လျော့လျော့နှင့် ပေါ့ပေါ့ ဆဆ နေသွားလျှင်၊ ဒုတိယ ဘဝကစ၍ တသံသရာလုံးလဲ မိမိဖြစ်ရမည့် ဘဝကို အပါယ်ဘုံသို့ အပ်ထားသည်၊ မည် ဗါ သ တည်း။ အပါယ်လေးဘုံမှ ထွက်မြောက်အောင် ဓါတ်အား ထပ်ထားကြပါလေ။

(၁၄၂) | အပါယ်ချောက်ကြ ရောက်ရအနန္တာ၊ အကုသိုလ်နှင်း ကြဆင်းသံသာ၊ ဒီလိုဒုက္ခ မုက္ခ၂ ကြုံလာ၊ ဓါတ်မတွေ့ မှတ်ပေ့ တခြာခြာ။ | လူ နတ် ပြဟ္မာ သတ္တ ဝါ တို့ကို ညာဏ် ဖြင့် မြင် သော်၊ တ ဘ ဝ

ဆယ်ဘဝ၊ တကမ္ဘာ၊ ဆယ်ကမ္ဘာ၊ ကမ္ဘာတရာ၊ ကမ္ဘာတထောင် ကမ္ဘာတသောင်း၊ ကမ္ဘာတသိန်း၊ ကမ္ဘာတသန်း၊ ကမ္ဘာကုဋေ ကမ္ဘာအသင်္ချေ၊ ဟိုသံသရာ ဘဝတွေတုန်းက မိုက်မိ မှားမိ ပြုမိ လုပ်ခဲ့မိသော အကုသိုလ်တွေ၊ ကိလေသာတွေကို၊အပါယ်ဘဝနှင့် စာနာချိန်ဆ၍ ကြည့်သော် အပါယ်လေးပါး ချောက်နက်ကြီး ထဲသို့ ကျကျပြီး၊ ရောက်ရမည့်ဘဝအနန္တတို့ကိုသိမြင်၍လာတော့ သည်။ အကြောင်းကို ရှာသော် တစက္ကန့် အချိန်ကလေး၌ပင် အကုသိုယ်ကိလေသာပေါင်း ကုဋေတသိန်းဝင်၍နေတော့သည်။ (ဝီတိက္ကမကိလေသာ၊အတန်းသို့မရောက်သေးကာမူ၊ ပရိယုဋ္ဌာန အဘန်းသို့မဆောက်သေးကာမူ။) အနုသယကိလေသာတန်းကမူ တားမရဘဲဝင်နေ,ဆီးမရဘဲဝင်နေသဖြင့် ဘဝပေါင်းအပါယ်မှာ ကုဋေတသိန်းမျှ တစက္ကန့်အတွက် ခံစားရတော့မည်၊ ဒီလိုဆိုလျှင် တသံသရာလုံး ဒီလိုအပါယ်ဒုက္ခနှင့် မုက္ခ၂ တွေ့ကြုံရတော့မည်။ မြတ်စွာဘုရားက သားတော်ရာဟုလာကို ကိလေသာ,အကုသိုလ် ဖြတ်ဘို့ ဓါတ်ဘရားပေးထားသည်။ ဓါတ်တရားနဲ့ ဖြတ်ပြစ်မှ ရှင်းရှင်းပြတ်မည်ကို၊ ယုံကြည်ပါလေ။

(၁၄၃)



လူနှင့်ငရဲ ယှဉ်တွဲအောင်ဟာ၊
ဒိဋ္ဌိကြိုးနှင့် ထုတ်ပိုးနေတာ၊
ချည်နှောင်ချုပ်ထား လုပ်မှားတကျာ၊
ဓါတ်ဖြေမှ မြေနိဗ္ဗူတာ။

ဤပုံစံကို နာနာကြည့်ပါ၊ လူဆိုးကို ဖမ်းထားပြီးတော့၊ ကားစဉ်၌တင်ထား၍ လက် ၂-ဖက် ကြိုးချည်တုပ်ထားသည်။ ခြေ ၂ ဖက်ကြိုးချည်ပြီးတုပ်ထားသည်။ ခါး၌လည်း၊ ဝါးတန်း ချည်၍ ကြိုးချည်ပြီးတုပ်ထားသည်။ (ပဉ္စဗန္ဓန)အဖွဲ့ငါးမျိုးဖြင့် ချည်နှောင်တုပ်ထားသဖြင့် မလှုပ်နိုင်၊ မရှားနိုင်ဘဲ၊ ရိုက်သမျှ ထုသမျှ၊ ထိုးသမျှ၊ သတ်ဖြတ်သမျှကို အလူးအလိမ့် ခံရသည်။ အဲဒါဥပမာပါဘဲ။ ဥပမေယျမှာတော့ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ များကို (၃၁)ဘုံဆိုတဲ့ ကားစင်၌ ဒိဋ္ဌိငါးပါးကြိုးဖြင့် ယှဉ်တွဲ ချည်နှောင်ကာ ချုပ်ထားသဖြင့်၊ လူနှင့်ငရဲ၊ လူနှင့်တိရစ္ဆာန်၊ လူနှင့်ပြိတ္တာ၊ လူနှင့်အသူရကာယ်ကိုလဲ၊ ဒိဋ္ဌိကြိုးနှင့် တုပ်ပိုးချည် နှောင်ကာထားသဖြင့်၊ ငါငါ၊ သူသူ၊ လူလူ၊ နတ်နတ်၊ ထင်မှတ် ယူမှား ဖေါက်ပြားရသည်။ တကျာက ထပ်မံပြီးတော့ ငါ့ဥစ္စာ ငါ့ဟာနှင့် မှားရှင်းရပြန်သည်။ ဓါတ်နဲ့ဖြေမှသာပြေမည်တည်း။

(၁၄၄)

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ် ညတ်ပါ၊
ဒိဋ္ဌိဖယ်ရှား တရားငါးဖြာ၊
ဒါကိုတွေ့မှ အရိယာနယ်ပါ၊
ဒုက္ခတုံး လုံးလုံးနိဗ္ဗူတာ။

ဝိပဿနာတရားကို အား ထုတ် တော့ ခန္ဓာ ထဲ မှ ဧ ပေါ် သိ ပေါ်၊ ရှူ ပေါ်

လက်၌ ပေါ်တာဟုသိခြင်း၊ အဲဒီ(သေိရှုလက်) များ၌ ငါ့သူ လူ့ နတ် ဆိုတဲ့ အမှားများ ချုပ်ခြင်း၊ ကင်းခြင်း၊ ငြိမ်းခြင်း သဘောများကိုသာတွေ့ရသည်။ ခွဲကြည့်တော့(၁)ကေား ရုပ်ပါ ဘဲ၊ (၂)သိကား စိတ်ပါဘဲ၊ (၃)ရှုခြင်းကား စေတသိက်ပါဘဲ (၄)လက်ဘဲ၊ ခြေဘဲကား၊ ပညတ်ပါဘဲ၊ (၅)သေိရှု၌အမှားချုပ် တာ၊ ငြိမ်းတာ၊ ကင်းတာဟာ နိဗ္ဗာန်ပါဘဲဟူ၍ တွေ့လဲတွေ့လျှင် သိလဲသိလျှင် ဤငါးချက်ကြောင့် ဒိဋ္ဌိကိုဖယ်ရှားနိုင်၍ ဒိဋ္ဌိကွာ သွားပါပြီ၊ ဒီငါးပါးကိုတွေ့လျှင် အရိယာပါဘဲ၊ မတွေ့သေးလျှင် ပုထုဇဉ်ပါဘဲ၊ အရိယာဖြစ်လျှင် ဒုက္ခတုံး၍ လုံးလုံးလျှားလျှား နိဗ္ဗာန်သို့ တစ တစနှင့် ဝင်ဝင်သွားနေပါတော့သည်။ ဒါကိုသိ ထားကြပါလေ။

(၁၄၅)
နှစ်ဆယ်လေးရှိ ကောဋ္ဌိခြောက်ဆယ်၊
ဗိုလ်ခြေဘသိန်း ကေိန်းဂုဏ်ကြွယ်၊
ဓါတ်တရားမှ မှတ်သားဆောင်တယ်
သံသရာ၊ ကုန်း(ထ)နိဗ္ဗာန်နယ်။

ပြခဲ့ပြီးသော (၁၄၄) နံပါတ်အတိုင်း၊ စိတ်စေတသိက် ရုပ် နိဗ္ဗာန် ပညတ် ငါးပါးကိုတွေ့ထား၊ ရှုပွါး ခွဲခြားကာနေသော် ထိုဒေယာဂီဟာ အရိယာနယ်၌ရောက်တည်၍၊ ဒုက္ခမှလွတ်မြောက် တော့သည်။ ဒီလိုကျွတ်ကြ၊ လွတ်ကြသည်မှာ ဘုရားတဆူပွင့်လျှင် ၂၄-သင်္ချေ၊ ကုဋေ၆(၆၀) ဗိုလ်ခြေဘသိန်း ကျွတ်ကြ၍ကေိန်းနှင့် ကြုံရ၊တွေ့ရ၊ ဂုဏ်ကြွယ်ရသည်။ ဓါတ်တရားကဆောင်ပို့လို့ပါဘဲ၊ သံသရာနယ်ထဲက ကုန်းကုန်းထပြီး အဆုံးနိဗ္ဗာန်သို့ ကွကြ ဝင် ကြ၊ နေကြပါသည်။

(၁၄၆) ဒလဝါတ်ဆောင်သွား လှေများဆန်ကာ၊
လှေဒရော့,လူရော သောသောညံတာ၊
မျက်မြင်ကိုယ်တွေ့ သိဟေ့နောင်လာ၊
ရေတဏှာ လေမှ နိုင်တော့တာ။

ဘုရားဖူး သွား မည့် လူတစုဟာ လှေတစင်း ကိုငှါးပြီးစီးကြသည်။ ရန်ကုန်ဆိပ်ကမ်းမှထွက်ကြသည်။ တာပေမဲ့ လှေဟာရေကစီးပြီး၊ ရေကဆွဲသွားသဖြင့်အညာသို့မဆန်တော့ဘဲ အောက်သို့စုံမျောနေသည်။ ခရီးသွားများကဆူပူတော့ လှေသွား တွေဟာ လှုပ်လှုပ်,ရွရွနှင့် (၁)ရွက်တိုင်ထူကြသည်။ မျောတုံးပင် (၂)ရွက်လက်တပ်ကြသည်၊ မျောတုန်းပင်။ (၃)ရွက်ဖွင့်ကြသည်၊ မျောတုန်းပင်။ (၄)ထို့နောက်မှ(လေဓါတ်)လာသဖြင့် လှေဟာ တဟဲဟဲ၊ တရှဲရှဲနှင့် ရေကိုရန်ပြု၍ ဆန်တက် သွားတော့သည်။ (လေ၊ ဝါယောဓါတ်ကြောင့် ဆန်တက်သည်။)ဟု ဆိုးဖြတ်ကြ ပါတယ်။ ယောဂီများလဲ၊ ဝါယောဓါတ်ကိုရှုမှ မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆန်တက်မှာပါဘဲဟူ၏။ ဥပမေယျနှင့် ယှဉ်ပြရလျှင် (၁) ရေ ကား တဏှာပါ။ (၂)လှေကား ခန္ဓာကိုယ်ပါ။ (၃) မြစ်ကား သံသရာပါ။ (၄)စီးသူများကား ယောဂီတွေပါ။ (၅)ရွက်တိုင် ကား သတိပါ။ (၆)ရွက်လက်ကား ဝီရိယပါ။ (၇)ရွက်ကား သမာဓိပါ။ (၈) လေကား ဝါယောဓါတ်ပါ။ (၉)ဆန်တက် တာကား ဉာဏ်စဉ်တက်တာ။ (၁၀)မြို့စဉ် ရောက်,ရောက်သွား တာကား မဂ် ၄-ပါး,ဖိုလ် ၄-ပါးရောက်တာပါ။ (၁၁)ဘုရား ရှိသောမြို့ကား နိဗ္ဗာန်ပါဟု၊ ဥပမာရော,ဥပမေယျရော ယှဉ်၍ ပြကြပါ။

(၁၄၇)
ဓါတ်တရာကား မလားအပါယ်၊
ဆင်းရဲတွင်းက လွှတ်ကင်းတကယ်၊
(၆၇)ရောက် ဖြစ်စံဘယ်၊
လက္ခဏာ တက်ကြွ နိဗ္ဗာန်နယ်။

ဓါတ်တရားကို ရှုပွါးကာ နေပါမူ အပါယ် တံခါး ပိတ် သွားပါပြီ၊ ဆင်းရဲ သံသရာလဲပြတ်သွားပါပြီ၊ (၆၇)ဆင့်ဖြင့်မြင့်မြင့်ဆန်တက်သွားပါပြီ။ ဘုံပဥ်စံဘဝရ၍ ဧ မြမြ၊ ရွှင်ရွှင်,ပြပြနှင့် ရောက်တော့မည်၊ ဓါတ်တရားထဲက အနိစ္စ, ဒုက္ခ, အနတ္တ,လက္ခဏာရေး ၃-ပါးကို ရှုနေခြင်းကား မဂ်,ဖိုလ်,နိဗ္ဗာန်သို့ သွားသွား နေတာပါဘဲ သတိ၊ဓါတ်ကြောင့်အပါယ်တံခါးပိတ်ပုံမှာ (စတုန္နံ ဓါတူနံ အညတ္တတ္တ ပထဝီဓါတုယာ၊ အာပေါဓါတုယာ၊ တေဇောဓါတုယာ၊ ဝါယောဓါတုယာ၊ နတ္တေဝဓမ္မေ၊ အဝစ္ဆပသာဒေန၊ သမ္ပန္နာဂတော၊ အရိယသာဝကော၊ နိရယံဝါ၊ တိရစ္ဆာနယောနိယံဝါ၊ ပေတ္တိဝိသယံဝါ ဥပပဇ္ဇိဿတီတိ။)တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် နံပါတ် ၁၁၈၊ကြောင်းရေ-၁၊ဟုံမူ၍ကြည့်ကြပါလေ။ ဓါတ်ကြောင့် ဆင်းရဲသံသရာပြတ်ပုံမှာ(ဓါတုံခေါဘိက္ခု၊ အနိစ္စတော၊ ဇာနတော၊ ပဿတော၊ ဘိက္ခုနော၊ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာဥပ္ပဇ္ဇတိ။)သဠာယတန ဝဂ္ဂသံယုတ်ပါဠိတော်၌။ ။ဓါတ်ကြောင့် အဝိဇ္ဇာကွာပြီး၊ ဝိဇ္ဇာရ၍ (အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်ဘဝ၊ ဇာတိ ဇရာ၊မရဏ သောကပရိဒေဝ ဒုက္ခ၊ဒေါမနဿ၊ဥပါယာသ ဒုက္ခက္ခန္ဓသ၊ (၁၉)ပါးသော ပဋိစ္စသမုပ္ပါဒ် စက်ကြီး ပျက်ပြိုလောင်မီးကျ၍ ဆင်းရဲသံသရာမှ လွတ်မြောက်သည်။ ဓါတ်

ကြောင့် ဘုံစဥ်စံရတယ်ဆိုတာဟာ (ဝိပဿနာ သမ္မာဒိဋ္ဌိ၊ သတ္တဘဝေဒေတိ။)ဟူသော ဘော အင်္ဂုတ္တိုရ် အ ဋ္ဌ က ထာ ပါဠိ နှင့် (အဋ္ဌမမာဒိယန္တိ)ဟူသော ပါဠိတော်များစွာကို ထောက်ထား၍၊ သိနိုင်ကြပါသည်။ (၆၇)ဆင့်ဖြင့်မြင့်မြင့်ပြီး ဆန်တက်သွားရတယ် ဆိုတာ၌(ဓါတုဋ္ဌီကာတရားတော် ပဌမတွဲ၌ရေးခဲ့ပါပြီ။) လက္ခဏာရေး ၃-ပါးရလို့ နိဗ္ဗာန်သွားတယ်ဆိုတာ၌ (နိဗ္ဗာနပ္ပူရံ ပါပေသိ ယာနတ္တယေန သောဇိနော။)ပါဠိဖြင့်သိနိုင်ပါသည်။

(၁၄၈)
မူလ သဘာဝ ပိတ်ကြပါယ်ရှာ၊
တရားသာမည အနိစ္စတွေပါ၊
မဂ်ပြည့်ဖိုလ်သွား ရထားယာဥ်သာ၊
နိဗ္ဗာန်နန်း စံမြန်းအမြန်ပါ။

မဟာ ရာဟု လောဝါဒ သုတ် တော်၌ (၁)ပထ ဝီဓါတုံခေါ်ရာဟုလ။ (၂)အနိစ္စတော။ (၁)ပထဝီဓါတုံခေါ်ရာဟုလ။ (၂) ဒုက္ခတော။ (၁) ပထဝီဓါတုံခေါ်ရာဟုလ။ (၂)အနတ္တတော၊ဤပါဠိ ၃-ပုဒ်ကိုကြည့်ဘော့။ (၁)ပထဝီဓါတုံခေါ်ရာဟုလ၊သုံးပုဒ်ကား မူလသဘာဝ ခေသောက်မြစ်၊ ပကတိ၊ ပင်ရင်းကို ပြပါသည်။ ရင်းကို ရှုနေလျှင်၊ အပါယ်တံခါးပိတ်မည်။ ဆင်းရဲသံသရာပြတ်သည်၊ဘုံစဥ်စံရသည်။ သိဒ္ဓိကြီးကိုးတန်ကိုရသည်။ (၆၇)ဆင့်ဖြင့် မြင့်ကာ,မြင့်ကာတက်သည်။ သာဓကမှာ (၈၁)၌ ပြခဲ့သော စတုန္နံ ဓါတူနံ ပါဠိပင်တည်း။ (၂)အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ပါဠိကား၊ သာမညလက္ခဏာကို ပြသည်။ ရင်း သာမညဖြင့်၊ မဂ်,ဖိုလ်,နိဗ္ဗာန်ရသည်။ သာဓကမှာ ပြခဲ့ပြီးသော

(နိဗ္ဗာနပ္ပရံပါပေသိ၊ ယာနတ္တယေနသောဇိနော။) ပင်တည်း။ တနည်း (သီတေနာပိရုပ္ပတိ×ဥဏှေနာပိရုပ္ပတိ။) ဆိုတဲ့ ခန္ဓာဝဂ္ဂ သံယုတ် ပါဠိတော်ဘည်း။ (၁) သီတေနာပိ၊ ဥဏှေနာပိဖြင့် သဘာဝလက္ခဏာကိုပြသည်၊ ×ရုပ္ပတိ ပုဒ်ဖြင့်၊ သာမညလက္ခဏာ ကိုပြသည်။ သဘာဝလက္ခဏာဖြင့် အပါယ်တံခါး စသည်တို့ ပိတ် ရသည်၊ သာမညသက္ခဏာဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကိုရသည်။ မတူကြ ပါလေ။

(၁၄၉) ရေထု, လေထု, ကျောက်ထု, ဒါး, လှန်၊
မီးကျိ;, ပြာမိုး, သံမိုး တဖန်၊
ညွန့်ပြောင်း မှောင်ထု တခုဒုသာ
လက်နက်များ ဆယ်ပါးပြစ်တဲ့ရန်။

ကမ္ဘာကျော် အာဠဝက ဘီလူးကြီး ဟာ မြတ်စွာဘုရား ကိုရင်း။ သတ္တဝါများကိုရင်း။ စိတ်ဆိုးလျှင်လက်နက်ကြီး ဆယ် ပါးဖြင့်ပြစ်၍သတ်ဖြတ်ပါတယ်။ လက်နက်ကြီး ဆယ်ဗါးဆိုတာ (၁)ရေထုကြီး။ (၂)လေထုကြီး။ (၃)ကျောက်ထုကြီး။(၄) ဒါးများ။ (၅)လှန်များ။ (၆)မီးကျိုးမိုး။ (၇)ပြာပူမိုး။ (၈) သံမိုး။ (၉)ညွန့်ပြောင်းမိုး။ (၁၀)မှောင်ထုမိုး။ (၁၁)ဒုသာ ခေါ်သော ဘွဲ့ဖူလက်နက် ၁၁-ပါးတည်း။ (ဘွဲ့ဖူလက်နက် တခါဘရံ အရေးကြီးမှ သုံးစွဲပါသည်။ ယောဂီများလည်း၊ ကိလေသာ အကုသိုလ် ရန်သူနှင့်တွေ့လျှင်၊ ဝိပဿနာဉာဏ်စဉ် (၁၀-ပါး)လက်နက်ဖြင့် ဈာပန ပြာချပြစ်ကြပါသည်။ တဘာဝ နိုင်တာနှင့် တသံသရာလုံး နိုင်တာ,ခွဲသိပြီး သုံးစွဲကြပါလေ။

(၁၅၀) ခန္ဓာစိတ်ချ အနိစ္စကိုယ်မှာ၊
ခန္ဓာမုက္ချ ဒုက္ခကိုယ်မှာ၊
ခန္ဓာဓါတ်မျ အနတ္တကိုယ်မှာ၊
ပရမတ် ဆဘ်ဆဘ်ပြနေတာ။

လူ့,နတ်,ဗြဟ္မာသတ္တဝါတို့၏။ ခန္ဓာကိုယ်မှာ အမြဲတမ်း ပြ့,ပြ နေတာကတော့ အနိစ္စဟာ စိတ်ချရအောင် ခန္ဓာ၌ပြပြနေပါတယ်။ ဒုက္ခဟာ မုချပင် ခန္ဓာ၌ပြပြနေပါတယ်။ အနတ္တဟာဓါတ်မျှဖြင့် ခန္ဓာ၌ပြပြနေပါတယ်။ အဲဒီလိုပရမတ်ဟာ ဆတ်ဆတ်ပင်ခန္ဓာ၌ပြပြနေပါတယ်။ ပရမတ်,အနိစ္စ,ဒုက္ခအနတ္တ ၃-ပါးပြပြနေတာကိုမသိကြ၍ ၎င်းတို့ကိုရောဂါဘဲ။ ဝေဒနာဘဲ၊ ဖျားတာဘဲ၊ ကိုယ်ပူတာဘဲ၊ မကျမ်း မမာတာဘဲ။ ရောဂါသည်ဘဲစသည်ဖြင့် အမှားဒိဋ္ဌိကြီး ကပ်ကပ်နေကြသည်။ မပေါ်ကြလို့မဟုတ်ပါ။ မတွေ့ကြလို့မဟုတ်ပါ။ အသိမှားအမြင်မှား၊ အမှတ်မှား၊ အယူမှားနေကြလို့ပါ။ ယခုပြတဲ့ အတိုင်း ပရမတ်ဘဲဟုသိမည်။ အနိစ္စ ဒုက္ခ အနတ္တဘဲဟု၊ သိမည်ဆိုပါလျှင် လမ်းစဉ်တက်ရောက်၍ မဂ် ဖိုလ် နိဗ္ဗာန်ကို ရကြမည်သာတည်း။

(၁၅၁) ဒါ,သီ,ထ,ဝိ လေးရှိနာဝါ
အကုသိုလ်များ ပယ်ရှားစွန့်ခွါ
သူ့အင်,သူ့အား ယူသွားကယ်ရှာ
ဓါတ်ဓမ္မ မှတ်ကြ နိဗ္ဗူတာ။

ဥပမာ၊ မြစ်၏တဖက် ကမ်း ၌ သဲပုံကြီးရှိရာ၊ တဖက်မှဟိုတဖက်သို့ ပို့ရန် ငှါးရမ်းပြီး ပို့စေသော်၊ ဒါနလှေက သဲအတင်းတရာသာ ဆောင် ဆောင်၍ပို့ပို့နေပါတယ်။ တင်းတရာထက်ပိုမို၍တင်သော် သဲရောလှေရော၊ မြစ်ထဲ၌မြုပ်ရတယ်။ (၂)သီလလှေကို ငှါးရမ်း၍ပို့စေ

သော်၊ သဲအတင်းတထောင်မျှသာတင်၍ ပို့ပို့နေပါတယ်။ တင်း တထောင်ထက် ပိုမို၍တင်သော် သဲရော့ လှေရော မြစ်ထဲ၌ မြုပ်ရတယ်။ (၃)သမ္မထလှေကို ငှားရမ်း၍ ပို့စေသော် သဲများအတင်းပေါင်း (၈၄၀၁၀)မျှသာ တင်၍ပို့ပို့နေပါသည်၊ သဲအတင်းပေါင်း(၈၄၀၀၀)ထက်ပိုမို၍ တင်သော်၊ သဲရော လှေရော၊ မြစ်ထဲ၌မြုပ်ရပါတယ်။ (၄)ဝိပဿနာလှေကို ငှားရမ်း၍ ပို့စေသော် ရင်းကမ်းထိပ်၌ တင်ထားစုပုံ၍ထားသော သဲပုံကြီး ကုန်အောင် တင်၍ပို့ပို့နေပါတယ်။ အာဋ္ဌာဝက၊ အင်္ဂုလိမာလ စသောတွေ့ပေါင်း(၆၀`ကျော်ကိုကြည့်က သိရပါလိမ့်မည်။ (၁)ဒါနလှေက အကုသိုလ်တင်းတရာတင်၍ပို့သည်။ (၂)သီလလှေက အကုသိုလ်တင်း(၁၀၀၀) တင်၍ပို့သည်။ (၃)သမထလှေက အကုသိုလ်၊ တင်း(၈၄၀၀၀) တင်၍ပို့သည်။ (၁၀၀)ထက် (၁၀၀၀)ထက် (၈၄၀၀၀)ထက်ပို၍ တင်သော်၊ လူရော့အကုသိုလ်ရော၊ မြုပ်ရလေသည်။ ဝိပဿနာလှေကား၊ ပရမတ်မို့ ဘယ်ရွေ့ဘယ်မျှ လောက်တင်တင် သံသရာခွင်တွင် မမြုပ်တော့ပါဘူး။ ဓါတ်ဓမ္မကား၊ ဝိပဿနာလှေကြီး အကြီးဆုံးပါဘဲ။

## ဉာဏ်စဉ် ၁၆-ပါးကြည့်ပါ

(၁၅၂)ဖြစ်ပျက်ရှိလျက် မသိမမြင်၊
လောကတုံသား ခေါ်ငြားအစဉ်၊
ဖြစ်ပျက်ရှိလျက် အသိတွင်တွင်၊
လောကီသား အများခေါ်ကြပင်။
(၁၅၃)လောကုတ္တရ မြေဘုံခွင့်၊
လောကီနှင့်သွား အများရောက်အင်၊
ပစ္စေ့ဗုဒ္ဓ သွားကြကုံမြင်၊
ကျမ်းစကား မမှားခဲ့ပြချင်။

[၁-၂-၃-၄-၅-၆-၇-၈-၉ ဝ။ ၁ ၂-၃-၄-၅-၆။] ဤဉာဏ်စဉ် ၁၆-ပါး တို့ဟာ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ၃-ပါး တို့ တွင်၊ ဖြစ် ပျက် ရှိ ၍နေပေမဲ့ ဖြစ်ပျက်ကိုမတွေ့ကြလို့ လောကဉာဏ် ၃-ပါးဟုနာမည်တပ်ထားကြပါတယ်။ (၂)ဥဒယဗ္ဗယဉာဏ်ကစ၍၊ အနုလောမဉာဏ်အထိ။ (၉)ဉာဏ်တို့ကတော့၊ ဖြစ်ပျက်လဲရှိ၊ ဖြစ်ပျက်လဲတွေ့ကြရတာမို့ လောကီဉာဏ် ၉-ပါးဟု နာမည်မှည့်ခေါ်ကြရပါတယ်။ (၃) ဂေါတြဘူဉာဏ် မဂ်ဉာဏ်၊ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ ၄-ပါးကိုတော့ ဖြစ်ပျက်လဲမရှိ၊ ဖြစ်ပျက်မရှိတာကို အာရုံပြုနိုင်ကြသောကြောင့်လောကုတ္တရာဉာဏ်ဟုခေါ်ရပါသည်။ (၁)လောကဉာဏ် ၃-ပါး။(၂)လောကီဉာဏ် ၉-ပါး။ (၃)လောကုတ္တရာဉာဏ် ၄-ပါးအားဖြင့် ၁၆-ဉာဏ်ရှိပါသည်၊ဝိဂြိုဟ်ဆိုတော့ကာ(၁)လုဇ္ဇတိပလုဇ္ဇတီတိလော လောကော၊ ဖြစ်ပျက်ရှိ၍ နေသောကြောင့် ၃-ဉာဏ်ဟာ လောကပါတဲ့ (၂)လောကသဿက္ကူဒံ၊ လောကီ ဖြစ်ပျက်ရှိ၍နေသောကြောင့် ဖြစ်ပျက်အာရုံနှင့်နေသောကြောင့် ဥဒယဗ္ဗယ၊ ကစ၍ အနုလောမထိ ၉-ဉာဏ်ကို လောကီဟုဆိုအပ်

ပါသည်။ (၃) လောကတော၊ဥတ္တရတီတိလောကုတ္တရံ။ ဖြစ်ပျက်လောကမှထွက်မြောက်တတ်သောကြောင့် လောကုတ္တရာမည်၏။

(၁၅၄) ကောင်းကင်အတွင်း လမင်းပမာ၊
သာသနာတွင်း ထိန်လင်းဝေဖြာ၊
ဆောင်ဝါကွန့်မြူး အထူးပြေရွှာ၊
ဝိရူကြွ ပူဇော်မင်္ဂလာ။

ဥပမာပြုမည်၊ ကောင်းကင်ပြင်မှာ ဂြိုဟ်က ၉-လုံး တာရာက ၉-လုံး နက္ခတ်က ၂၇ လုံး၊ ကြယ်တွေကား သင်္ချေ,သင်္ချေမျှ ရှိ၍နေကြတယ်။ ၎င်းတို့အထဲသို့ (လ) မင်းကြီးထွက်လာသော်၊ (လ)မင်းကြီးကို ဂြိုဟ်တွေရော၊ တာရာတွေရော၊ နက္ခတ်တွေရော၊ ကြယ်တွေကရော ဝိုင်းဝန်း၍ ပူဇော်ကြရပါတယ်၊ ခြံရံကြရပါတယ်။ သာသနာတွင်းမှာလဲ ဒါနဂြိုဟ်တွေ၊ သီလတာရာတွေ၊ သမထနက္ခတ်တွေ စရဏ (၁၅-ပါး) စရဏ(၃၂)ပါး။ ကြယ်တွေဟာသဲ၊ ဝိပဿနာ (လ) မင်းကြီးကိုဝိုင်းဝန်း၍ ပူဇော်ကြရပါတယ်။ ခြံရံကြရပါတယ်။ (အဝသေသာ၊ တဿာ၊ ပရိဝါရာဝ ဟောန္တိ။) သုတ္တနိပါတ်အဋ္ဌကထာ ကျင်းကျန်ကုန်သော ဒါန, သီလ, သမထ, စရဏတရားတို့ဟာ (ဝိပဿနာ၏) အခြွေအရံမျှသာဖြစ်ကြရသည်။ ဥပမာတွေပြုပြီး ဟောကြပါတော့။

(၁၅၅) မိုးညှင်း၊မင်းကွန်း၊ စွန်းလွန်း၊ မဟာစည်
မဏ္ဍိုင်ကျော်၊ တိက္ခ ဉာဏစာရီ၊
မာရ်အောင်၊အောင်ချာ်း၊ရွှေခင်းဝန်မည်၊
မင်္ဂင်ကျောင်း ထပ်လောင်း ဟံသာဝတီ၊

ဗမာပြည်၏ မြို့တော်ကြီးဖြစ်သော မဟာ ရန်ကုန်

မြို့ဘော်ကြီး၌ မှီဘင်းနေထိုင်ရာဖြစ်ကြသော ဝိပဿနာဂိုဏ်းကြီး အဖွဲ့ကြီးများကား (၁) မိုးညှင်းအဖွဲ့ကြီး။ (၂) မင်းကွန်းအဖွဲ့ ကြီး။ (၃) စွန်းလွန်းအဖွဲ့ကြီး။ (၄) မဟာစည်အဖွဲ့ကြီး။ (၅) သာသနာ့မဏ္ဍိုင် အဖွဲ့ကြီး၊ (၆) ဦးတိက္ခအဖွဲ့ကြီး (၇) ညာဏစာဂီ အဖွဲ့ကြီး။ (၈) သာသနာ့မာရ်အောင်အဖွဲ့ကြီး။ (၉) အောင်ခြင်း ဦးသြယျ အဖွဲ့ကြီး။ (၁၀) ရွှေမင်းဝန် အဖွဲ့ကြီး။ (၁၁) မဂ္ဂင် ချောင်အဖွဲ့ကြီး။ (၁၂) ဟံသာဝတီ အဖွဲ့ကြီးဟူ၍ (နေပမာ, လပမာ) ထိန်ထိန်ဖြာသော အဖွဲ့များ၊ တဆဲ့နှစ်ဖွဲ့ရှိ၍နေပါသည်။ ၎င်းတို့အထဲတွင် ၁၃၂၄-ခုနှစ် စာရင်းအရ ညာဏစာဂီအဖွဲ့ကြီး ဟာ၊ အဖွဲ့ကြီး လပ်ငယ်ပေါင်း (၃၈၉) ဖွဲ့၊ စာအုပ်ကြီး,လတ်ငယ် ပေါင်း (၈၆၄၅၃၇) စာရွက်ချပ်ရေ ပုံနှိပ်ဝေငှရာ၌ (၁၁၄၅၀၅၀) ယောဂီပေါင်း (၆) သန်းကျော်မျှ ရှိလာပါပြီ။ ၁၃၀၀-ပြည့်နှစ် တော်သလင်းလပြည့်နေ့နံနက် (၉) နာရီအချိန်ကစ၍တည်ထောင် ပါသည်။ ယခုအဖွဲ့ (၃၉၂) ဖွဲ့၊ စာအုပ်ပေါင်း (၁၂၄၄၅၅၀) စာရွက်လုံး (၁၃၂၄၀၅၁) ချပ်ရေတည်း။

၁၃၂၅-ခုနှစ်၊ တန်ဆောင်မုန်းလဆုပ် ၃-ရက်နေ့
ကရင်ပြည်နယ်၊ ဖါးအံမြို့ အမိတာရာမရဲကျောင်း၌ရေးပြီးသည်။



(၁၅၆)
ဝိဇ္ဇာဉာဏ်စက် သန်လျက်ကိုကိုင်၊
မောဟပိဘ်ဆီး ရိပ်ကြီးဂနိုင်၊
ဒိဋ္ဌိခိုးသော ထိုဘောကိုချိုင်၊
အမှန်သိ သန္တိဘုံသို့တိုင်။

ဥပမာ ပြ ရ လျှင်၊ သူခိုး, ဒါးပြ, သူပုန် တွေဟာ ည အ ချိန် တွင် ရပ် ရွာ များ သို့ ဝင်ပြီးလုကြ၊ယက်ကြ၊ ယူကျင်ကြပြီး၊သွားကြဘယ်။အစိုးရက လိုက်ပြီးဖမ်းတော့၊တောနက်ကြီး၊ ရိပ်ကြီး,ဂနိုင်ကြီးထဲသို့ဝင်ပြီး နေကြဘယ်။ဖမ်း၍မမိနိုင်ပါ၊အဲဒီအခါမှာ ရပ်ရွာတို့ကိုခေါ်ယူ၍ သူခိုး,ဒါးပြ ခိုနေသော တောကြီးကိုပေါက်ဆိန် လှံ,ဒါး၊အစား စားဖြင့်ရှင်းလင်း၍ထားတော့၊သူခိုး ဒါးပြများမခိုနိုင်၊ရပ်ရွာသို့ လဲမဝင်၊ မလုနိုင် ခိုးသားများ နေစရာမရှိ၍ အမိခံရ,အသတ်ခံရ သဖြင့် ရပ်,ရွာမြို့ပြ၊မြေချမ်းသာရလေသည်။ယခုလဲ,သက္ကာယဒိဋ္ဌိ ၂၀-၂၆-၂၅၆-၅-၁၅ ၃၂ ၄၂ ၆၆ ၉၆၊နှင့် နိယတမိစ္ဆာဒိဋ္ဌိ-၃ ပါး။နတ္ထိ ကဒိဋ္ဌိ ၁၀-ပါ။အနန္တဂ္ဂါဟိကဒိဋ္ဌိ ၁၀-ပါး။မဟာမိစ္ဆာဒိဋ္ဌိ ၆၂-ပါး။ ပါသဏ္ဍာဒိဋ္ဌိ ၉၆-ပါး။ ဝိစိကိစ္ဆာ ၈-ပါး၊ ၁၆-ပါး၊ ဝိပ္ပလ္လာသ ၁၂-ပါး။ အဝိဇ္ဇာ ၄-ပါး။၈-ပါး စသော သူခိုးတွေ ဒါးပြတွေ သူပုန်တွေဟာလဲ မောဟဆိုတဲ့ အဝိဇ္ဇာတောနက်ကြီး ထဲ၌ ခိုဝင်,ပုံးလျှို၍ ဆိုးတေလျက်နေကြသည်။ ယောဂီမင်း က၊ဓါဘ်ဝိဇ္ဇာသန်လျက်နှင့် မောဟ အဝိဇ္ဇာတောကြီးကို ခုတ်လှဲ ရှင်းလင်းပြစ်တော့၊ ဒိဋ္ဌိ ဝိစိ, စသော သူခိုး ဒါးပြ တွေဟာ မခိုးနိုင်,မလုနိုင်,မခိုနိုင်ကြတော့ဘဲ။ အမိခံ၍အသတ်ခံရ၊ အဖြတ် ခံရ၊ အသေခံကြရသည်။ အမှန်သိ၍ သန္တိနိဗ္ဗာန်ဘုံသို့၊ ရောက် ကြရသည်။

(၁၅၇) မဂ္ဂင်ဖေါင်စက် အောက်တက်ကိုပြင်၊
ခေမာသောင်မြို့ ဆောင်ပို့အစဉ်၊
လှော်ကြ ခပ်ကြ ရပ်ကမတွင်၊
ခရီးကြီး အပြီးထန်လို့ပင်။

အလယ်ကသံသရာမြစ်ကြီးကိုဖြတ်၍ကူးကြသောအခါ၊ ဤမှာဘက်၊ ပုထုဇဉ်ကမ်းမှ ထိုမှာဘက် အရိယာဖက်ကမ်းသို့ ကူးသန်းကြရမည်။ ကူးသောအခါမှာ မဂ္ဂင်ဂ-ပါးဆိုတဲ့ လှေဖေါင်ထက်၌ တက်စီးကြ၍၊ ဝိပဿနာဉာဏ်စဉ် ၁၀ ပါးအောင်တက်ကိုကိုင်ပြီး မြိုင်မြိုင်ကြီး လှော်ခပ်ကြပ။ ဇာတ်ရေစီးကလဲ ထန်လှသဖြင့် ကေန္တ မျှောပါ၍ သွားမှာကို စိုးရိမ်ရပါတယ်။ ရပ်နေလို့ နားနေလို့ မခတော်ချေ၊ မလျှော်ချေ၊ ခေမာသောင်မြို့ ဖေါင်ကူးတို့ ဆိုက်ရောက်မှမည်ဟု နှိုးဆော်သတိပေးသဖြင့် လှော်ကြ ခပ်ကြ ရာ၊ မဂ်ကမ်း၊ ဖိုလ်ကမ်းသို့ချမ်းစွာ ကပ်ရောက်မိကြသည်။ ဘုရား တဆူပွင့်မှာပင် ၂၄-သင်္ချေ၊ ကုဋေ(၆၀) ဗိုလ်ခြေတသိန်းတို့ဟာ ခေမာသောင်မြို့သို့ ရောက်ရှိကြပါတယ်။ သင်တို့လဲ ၎င်းကဲ့သို့ ရောက်အောင်ဟာ လှော်ကြပါ၊ ခပ်ကြပါ၊ ရပ်မနေကြပါနှင့်ဟု သတိပေး၏။

(၁၅၈) အဝတ်ညစ်ထေး ရေဆေးရှော်ရှာ၊
စိတ်ညစ်ထေးတော့ ဘယ်ဆေးရှော်မှာ၊
ရာဟုလာသား ဘုရားရှေ့ဗျာ၊
ဓါတ်နဲ့ဆေး ညစ်ကြေး၊ စင်တော့တာ။

လောကမှာ အဝတ်များ ညစ်ထေး၍ နေတော့ ရေဆေး၍၊ လျှော်ကြ၊ ဖွတ်ကြရတာလို စိတ်များညစ်ထေးတော့ ဘယ်ဆေးနှင့်လျှော်မှာလဲ၊ ဖွတ်မှာလဲဟုမေးမြန်းသော်၊ မြတ်စွာဘုရား

ကာ၊ သားတော်ရာဟုလာကို ဓါတ်ရေနှင့်ဆေးပါ၊ လျှော်ပါ၊ ဖွတ်ပါ၊ စင်ကြယ်၍အရိယာဖြစ်မည်ဟု ဟောခဲ့ပါသည်။ ဓါတ်ရေနှင့်လျှော်လျှင် အစင်ဆုံးပါ၊ အဖြူဆုံးပါဘဲ။

(၁၅၉)
ရောဂါများပြား ဆေးစားစင်ကြယ်၊
စိတ်ရောဂါများ ဘာစားချင်တယ်၊
ရာဟုလာသား ဘုရားမိန့်တယ်၊
ဓါတ်စာစား ပျောက်ငြား ရှင်ပြုမယ်။

ရောဂါများပြားနေတဲ့လူဟာ၊ ဆေးစားမှ စင်ကြယ် ပပျောက် ရှင်ပြုရဘာလို၊ စိတ်ရောဂါ များကိုတော့ ဘာစားမှ ပျောက်မှာလဲဟုမေးလျှင် ရာဟုလာအား ဘုရားကမိန့်ခဲ့သည်မှာ ဓါတ်စာစားမှပျောက်မယ်တဲ့ဗျ။ တသံသရာလုံး ရောဂါမရှိတော့ဘဲ၊ ရှင်ရှင်,ပြုပြု မဂ်သနှင့်မဂ်ချမည်တဲ့ဗျား။

(၁၆၀)

ကြောင်းကျိုး ၂-ရပ် ဆက်စပ်ဖြစ်ထာ
သဘောစီခြား တရားတွေလာ၊
သဘာဝ အနတ္တ သုညတ်ပါ၊
ဝတ္တရား ပျက်ပြားလက်ခံရှာ။

အနတ္တနယ် = အတ္တနယ်
ကံ လှ = ငါ-လှ
စိတ်-သွား = ငါ-သွား
ဉတု-ပူ = ငါ ပူ
အာဟာရ ဝ = ငါ-ဝ

(၁) ယခုပြထားသောပုံစံ၌ ကံက စေတနာ သဘောဝ ခု လှဘာက ရုပ်သဘောတမျိုးဟု သဘောတရားသာ ရှိ၍နေပါတယ်။ (ယသာဘူဘဉာဏ်ဘည်း။)ကံက အကြောင်းတရားပါ။ လှတာက အကျိုးတရားပါ။ ဤပုံအတိုင်း အကြောင်း အကျိုး ဆက်စပ်၍နေတာပါ။ ကံက ပဋိစ္စ၊ လှဘာက သမုပ္ပါဒ် ပဋိစ္စ

သမုပ္ပါဒ်ပါ။ ယခုလိုသိရှိနားလည်တာက၊ (ဓမ္မဋ္ဌိတိဉာဏ်ပါ။) အနုတ္တဖြစ်ပုံပြီး၏။ ။[အဝိဇ္ဇာနှင့်ဒိဋ္ဌိကြောင့်၊မှားရှင်းပြီး ကံကြောင့်လှုတာကိုပင်(ငါလှုဘယ်)ဟု၊အတ္တစွဲယူပါရော၊ကြောင်းကျိုး ဆက်စပ်ဖြစ်ထာကိုပင် တရားသတ်ပြီး (ငါလှု)တယ်ဟု အတ္တစွဲပါတယ်။ပဋိစ္စသမုပ္ပါဒ်ကို တော်လှန်၍နေပါတော့သည်။]

(၂) စိတ် သွား၌ စိတ်ကနာမ်တရား။X သွားက ရုပ်တရား ကွဲကွဲပြားပြားတွေ့သိတာမို့ (ယထာဘူတဉာဏ်ကိုရပြီX စိတ်က အကြောင်းတရား၊ သွားက အကျိုးတရားပါ၊X စိတ်က ပဋိစ္စ သွားက မုပ္ပါဒ်ပါ။ ဤပုံတွေ့သိတော့(ဓမ္မဋ္ဌိတိဉာဏ်ကိုရပါ၏။) အနုတ္တဖြစ်ပုံပြီး၏၊[အဝိဇ္ဇာနှင့်ဒိဋ္ဌိကြောင့် မှားယွင်းရသည်ကား (စိတ်သွား)၌၊ ကြောင်း ကျိုး ဆက်စပ်နေတာကိုပင် (ငါသွား တယ်၊)ဟု မှားတော့၏။ ပ ဋိ စ္စ သ မု ပ္ပါ ဒ် ကို တော်လှန်၏ အတ္တတည်း။]

(၃) ဥတု-ပူ၌ ဥတုကားရုပ်၊ ပူကလဲရုပ်၊ သဘောတမျိုး စီဘဲဟု၊ ကွဲကွဲပြားပြားတွေ့ရသိရတာမို့။ (ယထာဘူတဉာဏ်ကို ရပါပြီ) ဥတုကအကြောင်းX ပူတာကအကျိုး၊X ဥတုကပဋိစ္စX ပူတာက သမုပ္ပါဒ် (ဓမ္မဋ္ဌိတိဉာဏ်ကိုရပါပြီ၊ အနုတ္တပြီး၏။) အတ္တဖြစ်လာပုံကား၊ ဥတုကြောင့် ပူတာကို ငါပူတယ်ဟုမှား၏။ ကြောင်းကျိုးလဲပျက်ဆီးသည်။ ပဋိစ္စသမုပ္ပါဒ်လဲတော်လှန်သည်၊ အတ္တယူပုံတည်း။

(၄) အာဟာရ၊X ဝ၌၊ အာဟာရစားလို့ဝတော့၊အာဟာရ က သဘောတပါး၊ဝတာကလဲသဘောတပါး။ (ကွဲကွဲပြားပြား

သိတော့ ယထာဘူတဉာဏ်ရ၏။) အာဟာရက အကြောင်း×ဝတာကအကျိုး။×အာဟာရက ပဋိစ္စ၊ ဝတ်ာက သမုပ္ပါဒ်ဟုတွေ့ပြီးသိလို့ (ဓမ္မဋ္ဌိတိဉာဏ်) ရပြန်၏။အနုတ္တပြီး၏။ ။အဇတ္တ ဖြစ်ရပုံမှာ၊ အာဟာရကြောင့် ဝတာကို (ငါဝတယ်)ဟု မှား၏၊ အကြောင်း,အကျိုး၊ ဆက်စပ်ထာကိုလဲ သတ်၏။ ပဋိစ္စသမုပ္ပါဒ်ကိုလဲသတ်၏။အဇတ္တဘည်း။ ယခုရှင်းပြတာကား (ကံကြောင့်ဖြစ်ထာ၊ စိတ်ကြောင့်ဖြစ်ထာ၊ ဥတုကြောင့်ဖြစ်ထာ၊ အာဟာရကြောင့်ဖြစ်ထာ။) သခ်ါရက အနုတ္တသဘောနှင့်ဖြစ်ထာကို၊(ငါလှ, ငါသွား, ငါပူ, ငါဝ)ဟု အတ္တစွဲ စွဲနေသဖြင့်၊ မဂ်တားခြင်းဖြစ်ပါသည်။

| | | | |
|---|---|---|---|
| က | ပြိတ္တာ | ၂ | လ |

ပြိတ္တာမှာ ဘာရှိသလဲ၊ရုပ်နာမ်-၂ ပါးရှိပါတယ်။ ရုပ်ပေါ်လျှင် နာမ်ကရှုဘို့ဝတ္တရားပါဘဲ။ မရှုတော့ ဝတ္တရားပျက်ကွက်၍ မဂ်တား, ဖိုလ်တား,နိဗ္ဗာန်တားသွားသည်။ ပုထုဇဥ်ဆက်ပြန်၏။ လောဘကိုလက်ခံထား၍ ပြိတ္တာဖြစ်ရသည်။ (အတ္တတည်း။) ။အနုတ္တဖြစ်ပုံမှာတော့၊ ပြိတ္တာသဘောတခု× ရုပ်နာမ်သဘော ၂-ခုလောဘသဘောတခုဟု၊ သဘောမတူတာသာ ရှိတယ်။ ငါ,သူလူနတ်မရှိဟုသိ အနုတ္တတည်း။

| | | | |
|---|---|---|---|
| ခ | ငရဲ | ၂ | ဒ |

ငရဲမှာဘာရှိသလဲ၊ ရုပ်နာမ် ၂-ပါးရှိတယ်၊ ရုပ်ပေါ်လျှင် နာမ်ကရှုဘို့ဝတ္တရားပါဘဲ၊ မရှုတော့ဝတ္တရားပျက်ကွက်၍ မဂ်တား၊ ဖိုလ်တား၊နိဗ္ဗာန်

တားမြစ်ရသည်။ ပုထုဇဉ်ဆက်ပြန်၏။ ဒေါသကို လက်ခံထား၍ ငရဲ၌ဖြစ်ရသည်။ (အတ္တတည်း။) ။အနုတ္တ ဖြစ်ရပုံမှာ ငရဲက သဘောတခု×ရုပ်နာမ်သဘော ၂-ခု×ဒေါသ၊ သဘောတခုဟု သဘောမတူဘာ ၃ မျိုးရှိတယ်။ ငါ့,သူ့,လူ့,နတ် မရှိဟုသိ၏။ အနုတ္တတည်း။

| | | | |
|---|---|---|---|
| ဂ | တိရစ္ဆာန် | ၂ | မ |

တိရစ္ဆာန်၌ဘာရှိသလဲ ရုပ်နာမ် ရှိတယ်၊ ရုပ်ပေါ်တာကို နာမ်က ရှုဘို့ဝတ္တုဆားပ ါဘဲ။မရှုတော့ဝတ္တုရားပျက်ကွက်၍ မဂ်,ဖိုလ်,နိဗ္ဗာန် တားသွားသည်။ ပုထုဇဉ်ဆက်လာပြန်၏။ မောဟကို လက်ခံသဖြင့် တိရစ္ဆာန်ဖြစ်ရသည်။ (အတ္တတည်း။) ။အနုတ္တဖြစ်ရပုံမှာ၊ တိရစ္ဆာန်က သဘောတခု×ရုပ်နာမ် ၂-ပါးသဘော ၂-ခု မောဟသဘောတခုဟု၊×ကွဲကွဲ ပြားပြား၊တွေ့သိရာ ငါသူလူနတ် မရှိ(အနုတ္တ)ဖြစ်လာ၏။

| | | | |
|---|---|---|---|
| ဃ | အသူရကာယ် | ၂ | မ |

အသူရကာယ်၌ ဘာရှိသလဲ ရုပ်နာမ်၂-ပါးရှိတယ်၊ ရုပ်ပေါ် လျှင် နာမ်ကရှုဘို့ ဝတ္တုရားပါဘဲ။ မရှုတော့ ဝတ္တုရားပျက်ကွက်၍၊ မဂ်,ဖိုလ်,နိဗ္ဗာန် တားသွားသည်။ ပုထုဇဉ် ဆက်လာပြန်၏။ မောဟကိုလက်ခံထား၍အသူရကာယ်ဖြစ်ရသည်(အတ္တတည်း။)

အနုတ္တဖြစ်ပုံမှာ အသူရကာယ်က သဘောတခု။×ရုပ်နာမ်က သဘော ၂-ခု၊ မောဟက သဘောတခုဟု၊ ကွဲကွဲ ပြားပြားတွေ့ သိရာ၊ ငါ့, သူ့, လူ့ နတ် မရှိ(အနုတ္တ)ဖြစ်လာရ၏။

| | | | |
|---|---|---|---|
| ၄ | လူ | ၂ | ဒါန |

လူဟာ မိမိဥ္စရှိတဲ့ရုပ်နာမ်ကိုရှုဘို့ဝတ္တရားပါတဲ့။ မရှုတော့ ဝတ္တရားပျက်၍ မဂ်ဖိုလ်နိဗ္ဗာန်တားသည်။ ပုထုဇဉ်ဆက်ပြန်သည်။ ဒါနပြုပြန်သဖြင့်၊ လူဘဝရ၍ ပုထုဇဉ်ဖြစ်ရပြန်၏။

| | | | |
|---|---|---|---|
| ၅ | နတ် | ၂ | သီလ |

နတ်ဟာ မိမိဥ္စရှိတဲ့ ရုပ်နာမ်ကို ရှုဘို့ ဝတ္တရားပါတဲ့၊ မရှုတော့ ဝတ္တရား ပျက်ကွက်၍၊ မဂ်ဖိုလ်နိဗ္ဗာန်တားသည်။ ပုထုဇဉ်ဆက်ပြန်၏။ သီလပြု၍ နတ်ဘဝကိုရသည်၊ နတ်ပုထုဇဉ်တည်း။

| | | | |
|---|---|---|---|
| ၆ | ဗြဟ္မာ | ၂ | သမထ |

ဗြဟ္မာဟာ မိမိဥ္စရှိတဲ့ ရုပ်နာမ်ရှုဘို့ဝတ္တရားပါတဲ့၊မရှုတော့၊ဝတ္တရားပျက်ကွက်၍ မဂ်ဖိုလ်နိဗ္ဗာန်တားသည်။ ပုထုဇဉ်ဆက်ပြန်သည်။ သမထကိုပြုတော့ ဗြဟ္မာဖြစ်သည်။ပုထုဇဉ်ဗြဟ္မာတည်း။

| | | | |
|---|---|---|---|
| ၇ | လူ | ၂ | ဒါန |

လူဟာ ရုပ်နာမ်ရှုတော့အရိယာ ဒါနပြုတော့ လူဖြစ်၊ အရိယာ လူဖြစ်ရပုံ၊ တိုတိုနဲ့သိကြပ ။။

| | | | |
|---|---|---|---|
| ၅၂ | နတ် | ၂ | သီလ |

နတ်ဟာ ရုပ်နာမ်ရှုတော့ အရိယာနတ်ဖြစ်။ သီလပြုတော့ နတ်ဖြစ်၊ အရိယာ နတ်ဖြစ်ရပုံ တိုတိုပါ။

| | | | |
|---|---|---|---|
| ည | ဗြဟ္မာ | ၂ | သမထ |

ဗြဟ္မာ ဟာ ရုပ်နာမ် ရှုတော့ အရိယာဖြစ်၊ သမထပြုတော့ ဗြဟ္မာဖြစ်ရ၊ ဗြဟ္မာအရိယာဖြစ်ပုံတည်း။

(၁၆၁)
ဓါတ်ဘရားမှု ကြီးလှကြောင်းခံ၊
ထိုထိုတရား မှတ်သားချေရံ၊
လမ်းစဉ်အရ ဇာက်ကြမြန်မြန်၊
မဂ်,ဖိုလ်နန်း စံမြန်းပြည်နိဗ္ဗာန်။

[ပုဗ္ဗယောဂေ၊ အဓိဂမသ္မိ၊ ဗလဝပစ္စယော၊] ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ နံပါတ်-၇၊ ကြောင်းရေ-၁၇ ဟာမှူ။ ပုဗ္ဗယောဂေါ ဟိုရှေးရှေးဘဝက ဓါတ်ရှု၍ ဝိပဿနာအားထုတ်ခဲ့ခြင်းသည်၊ အဓိဂမသ္မိ၊ မဂ်ဖိုလ်,နိဗ္ဗာန်ကိုရခြင်း၏၊ ဗလဝပစ္စယော၊ အားအကြီးဆုံးသော အထောက်အပံ့သည်ဟောတိ၊ ဖြစ်၏။ ။[ပုဗ္ဗယောဂေါနာမ ပုဗ္ဗဗုဒ္ဓါနံ သာသနေ၊ ယောဂါဝစရတာ၊ ဂတပစ္စာဂတိကဘာဝေန ယာဝါနုလောမ၊ ဂေါတြဘူသမီပံ ပဝတ္တဝိပဿနာ၊ နုယောဂေါ။] ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ နံပါတ်-၇၊ ကြောင်းရေ-၁၂ ဟာမှူ။ ပုဗ္ဗယောဂေါနာမ ပုဗ္ဗယောဂ မည်သည်ကား၊ ပုဗ္ဗဗုဒ္ဓါနံ၊ ရှေးရှေးဘုရားတို့၏၊ သာသနေ သာသနာတော်၌၊ ယောဂါဝစရတာ၊ ဓါတ်တရားဝိပဿနာကိုအားထုတ်ခဲ့ခြင်းတည်း၊ ဂတပစ္စာဂတိကဘာဝေန၊ ရှေးသွား,နောက်ပြန်သွားခြင်း၏အဖြစ်ဖြင့်။ ယာဝါနုလောမ ဂေါတြဘူသမီပံ၊ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ် အနီးတိုင်အောင်။ ပဝတ္တဝိပဿနာ နုယောဂေါ၊ ဖြစ်သော ဝိပဿနာအား ထုတ်ခြင်းမင်တည်း။ [အဝသေသာ၊ တဿာ

ပရိဝါရာဝဟောသ္တိ။ ] သုတ္တန်ပိဋကတ်အဋ္ဌကထာအဝသေသာ၊ ကျင်းကျန်ကုန်သောစရဏာကုသိုလ် ၁၅-ပါး၊ ၃၅-ပါးတို့သည်၊ တဿာထိုဝိပဿနာ၏။ ပရိဝါရာဝ၊ အခြံအရံ နောက်လိုက်, နောက်ပါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ၊ဂါထာ၏လိုရင်းမှာ ဓါတ်တရားကိုသာရှုကြပါ။ ဓါတ်တရားဟာ မဂ်, ဖိုလ်,နိဗ္ဗာန်ရဘို့အားကြီးသော အကြောင်းတရား ဖြစ်ပါတယ်၊ ဓါတ်မှတပါးသော။ထိုထိုသောတရားတွေဟာ၊ ဓါတ်ဝိပဿနာ၏ အခြွေအရံတွေပါ။နောက်လိုက်နောက်ပါ ကျေးကျွန်တွေပါ၊ဓါတ်တရားသာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို မြန်မြန်ကြီးရနိုင်ပါ၏။ ဓါတ်တရားနှင့်နေမှ ထိပ်တန်းဖြစ်မှာပါဘဲ။

(၁၉၂)
ဓါတ်ကိုရှုကြ မဖွဲ့သုံးဖြာ၊
ကော ခေကာ ခေဇာကြိမ်လာ၊
လကျာခရောက်က လက်ဝဲပျောက်မှာ
ဓါတ်ဓမ္မ ပြာချနိဗ္ဗူတာ။

## ပုံစံကိုးမျိုးနှင့်ရှင်းပြပုံ

(၁) ပြဟ္မာ,နတ်,လူ (ဓ) မဂ်,ဖိုလ်,နိဗ္ဗာန်၊
(၂) တိ-ဒွိ သု-ဒု(ဓ)သော,က,နာ,န္တာ၊
(၃) တိ ပေ နိ ဒေ မ (ဓ)ပဟာအပဿံ။

| | | | | |
|---|---|---|---|---|
| (၄) | လူ,န,ပြ သခ်ျေ | ခေ ၁၀ | ကုန်း ၉ | (ဓ) ၂၄-၆၀၊ သိန်း |

(၅) သူ ပြိတ္တာ တိ ရဲ(ဓ)ရှေ့၊ တ၊ နောက်၊မြောက်။

(၆) ဝိနိ်ါသစေရှူ (မ)ဂ်ါယစီ ဟိဘူ။ ၅၀၀၀-၌။

(၇) ၁၅၀၀-လူ့,နတ်,ပြ (မ)မြစ်ငယ်ငါးရာထဲ။

(၈) ၀၀၀၀င၀း၀၀၀၀၀၀၊ ကိ(မ)ကု ၀၀၀၀၀၀၀၀၀၀၀၀။

(၉) ၀၀၀၀၀၀၀၀၀၀၀၀၀၊ညဟ်(မ)မတ်၊၀၀င၀၀၀၀၀၀၀၀င၀

(ပုံစံကိုးမျိုးကို ရှင်းပြမည်။)

(၁) မဇ္ဈိမပဋိပဒါ၊ကောဝမမွော၊ကောယနော၊ ဧကဂ္ဂတာဖြစ်တဲ့ ဓါတ်ကိုရှုလျှင် မဂ်ရ,ဖိုလ်ရ,နိဗ္ဗာန်ရမည်၊ ထို့ပြင် အရိယာလူ၊ အရိယာနတ်၊ အရိယာပြဟ္မာဘဝ၌ တက်၍သွားမည်။

(၂) ပုံစံ၌၊ ဓါတ်ကိုရှုသော်၊ သောတာပန်၊ သကဒါဂါမ်အနာဂါမ်၊ ရဟန္တာဖြစ်မည်။ ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ ပုထုဇဉ်တိဟိတ်ဘဝမှ တသံသရာလုံး လွတ်မြောက်သွားမည်တည်း။

(၃) ပုံစံ၌၊ ဓါတ်ကိုရှု၍ ပကတိသာဝက၊ မဟာသာဝကအဂ္ဂသာဝက၊ ပစ္စေကဗောဓိ၊ သမ္မာသမ္ဗောဓိ၊ ငါးပါးရမည်။ မနုဿဂတိ၊ ဒေဝဂတိ၊ နိရယဂတိ၊ ပေတဂတိ၊ တိရစ္ဆာနဂတိ၊ ဂတိငါးဖြာ တစ,တစကွာမည်။

(၄) ပုံစံ၌၊ ဓါတ်ကိုရှု၍ ဘုရားတဆူ တဆူပွင့်လျှင် ၂၄-သင်္ချေ၊ကုဋေ(၆၀)ဗိုလ်ခြေတသိန်း ကျွတ်ရသည်။ လွတ်ရသောဘဝများကား၊ ကုန်းနေကိုးကုဋေမှ ရေနေဆယ်ကုဋေမှ၊ ပုထုဇဉ်လူ,နတ်,ပြဟ္မာ အသင်္ချေမှကျွတ်ရ၊ လွတ်ရပါသတည်း။

(၅) ပုံစံ၌ ဓါတ်ကိုရှုလို့အရှေ့သမုဒ္ဒရာသဲမျှ၊ တောင်သမုဒ္ဒရာသဲမျှ၊ အနောက်သမုဒ္ဒရာသဲမျှ၊ မြောက်သမုဒ္ဒရာသဲမျှ၊ များလှသော ဗုဒ္ဓဘုရားတွေဖြစ်လာရသည်။ ကျွတ်လွတ်ရသည်ကား ၄ရဲဘဝ၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ၊ အသူရကာယ်ဘဝများမှ ကျွတ်လွတ်ရပါသည်။

(၆) ပုံစံ၌၊ ဂင်္ဂါသဲမျှ ယမုနာသဲမျှ၊ အစိရဝတီသဲမျှ၊ မဟီသဲမျှ သရဘူသဲမျှ များပြားလှသော ဗုဒ္ဓဘုရားတွေ ဖြစ်လာရသည်။ ကျွတ်လွတ်ရသည်ကား၊ရူပခန္ဓာ ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုတဲ့ အပါယ်ခန္ဓာ၊ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ပြဟ္မာ့ခန္ဓာမှ ဘစ တစ လွတ်မြောက်ရပါသည်။

(၇) ပုံစံ၌၊ ဓါတ်ကိုရှုတော့ သာသနာငါးထောင်အတွင်းမှာ မြစ်ငယ်ငါးရာက သဲလုံးပမာ အရိယာဖြစ်ကြရသည်။ လွတ်မြောက်ရသည်ကား၊ ၁၅၀၀၀-ကီလေသာ နှိပ်စက် ခံရသော လူ, နတ်, ပြဟ္မာ့သတ္တဝါအဖြစ်မှ လွတ်စ လွတ်လယ် လွတ်ဆုံး ဖြစ်လာရပါတော့သတည်း။

(၈) ပုံစံ၌၊ ဓါတ်ကိုရှုတော့ တစက္ကန့်အတွင်း၌ပင် ပါရမီကုသိုလ်ဘဘဝ၊ ဆယ်ဘဝ၊ တကမ္ဘာ၊ ဆယ်ကမ္ဘာ၊ ကမ္ဘာတရာ ကမ္ဘာဘထောင် ကမ္ဘာတသောင်း၊ကမ္ဘာတသိန်း၊ကမ္ဘာတသန်း ကမ္ဘာကုဋေ၊ ကမ္ဘာအသင်္ချေ ဟိုသံသရာအစက ပြုခဲ့သောဆည်းပူးခဲ့သော ပါရမီများ ရောက်ရောက်စုရုံး ပေါင်းစည်းမိတော့သည်။ အဟုန်ဖြစ်၍ မဂ်အားကြီးမား၍ လာတော့သည်။ ကုန်ခမ်းချုပ်ငြိမ်းရသည်မှာလဲ တဘဝ၊ ဆယ်ဘဝ၊ တကမ္ဘာ၊ ဆယ်

ကမ္ဘာ၊ ကမ္ဘာတရာ၊ ကမ္ဘာတထောင်၊ ကမ္ဘာတသောင်း၊ ကမ္ဘာတသိန်း၊ ကမ္ဘာတသန်း၊ ကမ္ဘာကုဋေ၊ ကမ္ဘာသင်္ချေ၊ ဟိုသံသရာ အစကပြုခဲ့မိ လုပ်ခဲ့မိသော အကုသိုလ်တွေ၊ ကိလေသာတွေဟာ ကုန်ကုန်သွားရ၊ ခမ်းခမ်းသွားရ၊ချုပ်ချုပ်သွားရ၊ငြိမ်းငြိမ်းသွားရသည်။ (ဝင်ထွက်) သဘောပါဘဲ။

(၉) ပုံစံ၌၊ ဓါတ်ကိုရှုတော့၊ တစက္ကန့်အချိန်မှာပင်၊ ပရမတ္ထသဘောတွေဟာ ကုဋေတသိန်းမျှ ဝင်ဝင်နေပါသည်။ ၂-စက္ကန့် ကုဋေ ၂-သိန်းစသည်ဖြင့် ဝင်ဝင်နေပါသည်။ အားငြည့်၍၊ တိုးတက်လာပါသည်။ ဓါတ်ကိုရှုတော့၊တစက္ကန့်မှာ ပညတ်ပေါင်း ကုဋေတသိန်းချုပ်ငြိမ်းရသည်။ ၂-စက္ကန့်၌ ပညတ်ပေါင်းကုဋေ ၂-သိန်းမျှ ချုပ်ငြိမ်းရသည်။ ဓါတ်ရှုခြင်း သတ္တိ, ဗျတ္တိပါဘဲ။

| | | |
|---|---|---|
| (၁၆၃) | သင်္ခါရတွေ ပြောင်းရွှေ့မလာ၊<br>ပါရမီတွေမှ ပြောင်းရွှေ့လာတာ<br>စုဋ္ဌပန်ထုံး နှလုံးမူပါ၊<br>ဝိသင်္ခါ တက်ကြနိဗ္ဗူတာ။ | သင်္ခါရနယ်ထဲက<br>ဓါတ် ကို ရှု တော့၊<br>သ တိ ထား ရန်မှာ<br>(၁) ကံ ကြောင့်လှ |

အကုသိုလ်ကံကြောင်း မလှ၊ ကုသိုလ်ကံကြောင့်ဝ၊ အကုသိုလ်ကံကြောင့် မဝတာကို တဘဝလုံးတွေ့ခဲ့ရပါတယ်။ စိတ်မပြောင်းသဘောမပြောင်းကြဖူး။ တဖန် (၂)စိတ်က သွားချင်လို့ သွားတယ်။ စားချင်လို့စားတယ်။ ထချင်လို့ထတယ်။ ထိုင်ချင်လို့ထိုင်တယ်။ အဲဒါစိတ္တဇဓါတ်တွေမှါဘဲ။ တာတွေကို တဘဝလုံးတွေ့

နေရပေမဲ့ စိတ်မပြောင်း၊သဘောမပြောင်းပါ။ တဖန်(၃)ဥတုဇ ဓါတ်တွေပုံမှာ နွေဥတု ၄–လပူသဘော၊မိုးဥတု ၄ လ စိုသဘော၊ ဆောင်းဥတု ၄ လ မြေသဘောနှင့် တဘဝလုံးတွေနေပါတယ်၊ စိတ်မပြောင်းပါ။ သဘောမပြောင်းပါ။ တဖန်(၄)အာဟာရဇ ဓါတ်၌ ငြုတ်သီးစား စပ်သဘော။ သံပုရာစား ချဉ်သဘော။ တမာစားခါးသဘော၊ ဆားစား ငံသဘောတို့ကို တဘဝလုံး တွေ့လာခဲ့ပေမဲ့၊ ယခုအထိပင်၊ စိတ်မပြောင်းပါ။ သဘောမ ပြောင်းပါ။ အဲဒါ သင်္ခါရဓါတ် ၄-ပါးတွေ့ရပေမဲ့ မပြောင်း သေးပုံနမူနာပြပါသည်။(သင်္ခါရ သင်္ခတဓါတ်)ပြီး၏။

ပါရမီကြောင့် ပေါ်တဲ့ ဝိသင်္ခါရ ဓါတ်ကား၊ ငါးမိနစ်မျှ ၁၀–မိနစ်မျှ ၁၅-မိနစ်မျှရှုမိလျှင်ပင်စိတ်ပြောင်းသဘောပြောင်း မနေဘပြောင်း၊ အိမ်မက်ပြောင်း၊ ဓါတ်ပြောင်း သွားတာကို လူတိုင်းသဘော မိကြပါပြီ။ ။ဂူဠှပန်ထုံး၊ နှလုံးမူကြပါရန် ထုတ်ပြပါမည်။ မြတ်စွာဘုရားဟာ လောကကိုဗုဒ္ဓစက္ခုနှင့်ကြည့် တော့(ရွှေဘုံတော် ကွန်ယက်ထဲမှာ စူဠှပန်) ပေါ်လာတယ်။ ဒီစူဠှပန်ဟာ ရှေးရှေးပွင့်ပြီး ဘုရားတွေထံမှာ ဘာကိုကျင့်ပြီး ပါရမီဖြည့်ခဲ့သလဲဟု ဒုတိယ ဆင်ခြင်ကြည့်တော့ သူဟာ(အနိစ္စ) နှင့်ဖြည့်လာခဲ့ဘယ်။ ငါဘုရားကလဲ (အနိစ္စ)နှင့် ဟောပြမယ်။ တာမှ အဟောင်းနဲ့ အသစ် ဆက်စပ်မိမှ၊ အဟုံဖြစ်လာမှ ဒါမှ မဂ်ရ, ဖိုလ်ရမှာဟု သင်္ခါရ အာရုံကိုမရှုဘဲ၊(ဝိသင်္ခါရ) ပါရမီပြ ရှုရမြဲသာတည်း။ ။(ဝိနိစ္ဆယမှာ) ဘယ် ပုဂ္ဂိုလ် မဆို ပါရမီဖြည့်ရမည်။ ပါရမီဖြည့်မှ မဂ်,ဖိုလ်ရမည်၊ သမ္မာသမ္ဗောဓိ

များ၊ ၄-သင်္ချေ ကမ္ဘာတသိန်း။X ၈-သင်္ချေ ကမ္ဘာတသိန်း။ ၁၆-သင်္ချေကမ္ဘာတသိန်း ပါရမီဖြည့်ကြရသည်။ ဖြည့်မှ မဂ်,ဖိုလ် ရကြသည်။ ပစ္စေကဗောဓိများမှာ ၂ သင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ရသည်၊X အဂ္ဂသာဝကများမှာ တသင်္ချေနှင့်ကမ္ဘာတသိန်း ဖြည့်ရသည်။Xမဟာသာဝကများမှာ၊ ကမ္ဘာတသိန်းဖြစ်ရသည်။ ပကတိသာဝကများမှာ ကမ္ဘာတရာ, တထောင်မှ ပါရမီဖြည့်ရ သည်။ (ကံ,စိတ်,ဥတု,အာဟာရကား) သင်္ခါရတည်း။ခန္ဓာကိုယ် တည်း။ခန္ဓာကိုယ်ဘည်ပေးတာပါ။ပါရမီဆယ်ပါးကား၊ ဝိသင်္ခါ ရ ကည်း၊ ခန္ဓာကိုယ်ကိုဖျက်ဆီးပေးတာပါ။ (ဝိသင်္ခါရဂတံ စိတ္တံ တဏှာနံခယမဇ္ဈဂါ။) ဂါထာနှင့် သက်သေပြကြပါတော့။

| | | |
|---|---|---|
| (၁၆၄) | လောင်၊ဆိ၊မီးခွက် မီးထွက်လောင်ရှာ | ၇၆-နှစ်၊၅၆- |
| | ဘယ်လိုနည်းနှင့် အပြီးငြိမ်းမှာ၊ | ဝါ၊ဆရာတော် |
| | လေဖြင့် ပါးစပ် မှုတ်လတ်သောခါ၊ | လူထွက်ကြီးနှင့် |
| | မီးတောက်ငြိမ်း မှားငြိမ်းဒိဋ္ဌပါ။ | ဉာဏ စာ ဂီ တို့ |

ဆုံမိကြရာ ဆရာတော် လူထွက်ကြီးက (ဓါတ်) ရှုတာကြောက် သင်္ဂြိုဟ်အတိုင်း ပြသထားတာကိုရှုမှ ကြိုက်တယ်ဟု၊ အတင်း ငြင်းသန် တင်းမာရ်၍နေသည်။ အမျိုးမျိုးနှင့်တခုပြီးတခု၊ပြော ပြသော်လဲ သဘောမကျနိုင်သဖြင့်၊ ပုံစံပြသည်မှာ--။

| ၁ | ၂ | ၃ | ၄ | ၅ | |
|---|---|---|---|---|---|
| မီးခွက် | ဆိ | လောင်စာ | မီးတောက် | ငြိမ်း | ဆရာကြီး ယခုပုံစံအာ |

တိုင်း၊ မီးခွက်လဲရှိတယ်။ ရေနံဆီလဲရှိတယ်၊ လောင်စာလဲရှိတယ် မီးလဲတောက်နေတယ်၊ ဒီမီးတောက်ကို ဘယ်နည်းနှင့်ငြိမ်းသတ်မှာလဲဟုမေးတော့။

ဆရာကြီးက။ ။မီးခွက်ကိုကိုင်ပြီး ရေနံဆီကို သွန်ပြစ်လျှင် မီးငြိမ်းမှာပေါ့ဟုဖြေတယ်။

ဉာဏစာဂီက။ ။ခွက်လဲမကိုင်မထိရဘူး၊ ရေနံဆီလဲမသွန်ရဘူး၊ ဘယ်နည်းနဲ့ငြိမ်းမလဲ၊ မေးတော့ ၎င်းဆရာကြီးကလောင်စာကိုညှပ်နှုတ်ပြစ်မှာပေါ့ဟု ဖြေပြန်တယ်။

ဉာဏစာဂီက။ ။လောင်စာကိုညှပ်နှင့်ယူ၍မပြစ်ရဘူး၊ဘာနဲ့မီးငြိမ်းမှာလဲဟုမေးတော့။

ဆရာကြီးက။ ။အရှင်ဘုရားဘဲ ငြိမ်းပြပါတော့၊ တပည့်တော်ဖြင့် ဒီ၂-နည်းနဲ့ဘဲ ငြိမ်းတတ်ပါသည်ဟု ဝန်ခံပြီ။

ဉာဏစာဂီက။ ။မီးတောက်နား ကပ်၍၊ ပါးစပ်တေ့၍ ပါးစပ်ထဲမှလေဖြင့် (ဖူး,ဖူး)ဟု မှုတ်လျှင် ဒီမီးဟာ ငြိမ်းရောပေါ့ဟု (လေ)ဝါယောဓါတ်နှင့် ငြိမ်း၍ပြသည်။ ဆရာကြီးဟာ ဩော် ဝါယောဓါတ်ရှုလျှင် ဒိဋ္ဌိမီး ငြိမ်းမှာဘဲဟု ဆိုလိုတာဘဲနော်ဟုပြောသည်။ မီးခွက်ကား ခန္ဓာပါ။ ဆီကား တဏှာပါ။ လောင်စာကား အဝိဇ္ဇာ၊ မီးတောက်ကား ဒိဋ္ဌိပါ။လေကား ဝါယောပါ။ ငြိမ်းတာကား နိဗ္ဗာန်ပါဘဲဟု ပြသ,သည်

(၁၆၅)

ဗြဟ္မာ,လူ့,နတ်,သုံးရပ်ကိုယ်မှာ၊
ဓါတ်တရားဖြင့်၊ တည်ထားသည်သာ
ဓါတ်ကိုရှုမှ မဂ်ရ,ဖိုလ်ပါ၊
နိဗ္ဗာန်နန်း စံမြန်းအမြဲပါ။

| | | | | |
|---|---|---|---|---|
| သော | က | နာ | န္တာ | ပရိ |
| ┆ | ┆ | ┆ | ┆ | ┆ |
| ဓ | ဓ | ဓ | ဓ | ဓ |
| ပု | ပု | ပု | ပု | ပု |

ဤပုံစံကိုကြည့်ပါ၊ ပုထုဇဉ်ဟာ မိမိ၏ ခန္ဓာကိုယ်မှာ ရှိတဲ့ ဓါတ်ကိုရှုလျှင် ဓါတ်ကဆောင်ပို့၍ လမ်းစဉ်အတိုင်း၊ သောတာပန်ဖြစ်ရသည်။×ပုထုဇဉ်ဟာမိမိ၏ ခန္ဓာကိုယ်မှာရှိတဲ့ ဓါတ်ကိုရှုပွါးလျှင်၊ ဓါတ်ဆောင်ပို့၍ လမ်းစဉ်အတိုင်း၊ သကဒါဂါမ်ဖြစ်ရသည်။×ပုထုဇဉ်ဟာ မိမိခန္ဓာကိုယ်မှာရှိတဲ့ ဓါတ်ကို ရှုပွါးလျှင် ဓါတ်က ဆောင်ပို့၍ လမ်းစဉ်အတိုင်း အနာဂါမ်ဖြစ်ရသည်။× ပုထုဇဉ်ဟာ မိမိခန္ဓာမှာရှိတဲ့ ဓါတ်ကိုရှုလျှင်၊ ဓါတ်ကဆောင်ပို့၍ ရဟန္တာဖြစ်ရသည်။×ပုထုဇဉ်ဟာမိမိခန္ဓာကိုယ်မှာရှိတဲ့ဓါတ်ကိုရှုပွါးလျှင် ဓါတ်ကဆောင်ပို့၍ လမ်းစဉ်အတိုင်း ပရိနိဗ္ဗာန်ပြုရသည်။(ပါရမီငါးဆင့်ရှိ၍ ရောက်ကြပုံပြ၏။)

(၁၆၆)

အာစာ၊ ဒဿန၊ လိင်္ဂ၊ ဝေဓါ၊
အရိယာ ၄-မျိုး၊ ထိထိုးပမာ
ဗလာမရှိ ရဘိ အရာရာ၊
ပါရမီသိ၏ ပေါ်ပြတာ။

မြတ်စွာဘုရား၏ သာသနာတော်ကြီးမှာ ဝါ၊ လောကုတ္တရာနယ်မှာ ဓါတ်ကိုကျင့်ရုံမျှနှင့် အာစာရအရိယာဖြစ်ရခြင်း။(၂)ဓါတ်တွေ့တော့ ဒဿနအရိယာ ဖြစ်ရခြင်း။ (၃) စိတ်ဆန္ဒအရာရာပြောင်းလာတော့လိင်္ဂအရိယာ ဖြစ်ရခြင်း။ (၄) မဂ်, ဖိုလ်, နိဗ္ဗာန်မြင်တော့၊ ပဋိဝေဓ အရိယာ

ဖြစ်ချခြင်းအားဖြင့်။ အရိယာ ၄-မျိုး၊ ၄-တန်း ရှိနေပါတယ်။ ထိသိုးတဲ့မှာပါဘဲ။ ဗလာမရှိဘဲ့ထိမျိုးပါ။ အာစာရအရိယာ ဒဿနအရိယာ၊ လိင်္ဂအရိယာ၊ ပဋိဝေဓအရိယာ ၄-မျိုးရှိနေရာ ဓါတ်ကဒေါပြ့ပေါပြသဖြင့် အဘန်းကို ပါဠိမိအတိုင်းသိနေရ ပါသည်။ ခန္ဓာကိုယ်က အရာရာ့ပြပြနေပါသည်၊ ပြတာကိုမြင်၍ အဘန်းစားကိုသိရပါသည်။

(၁၆၇)

တစ်နှင့်သုည ပေါင်းကြသောခါ၊
ဘဆယ်ဖြစ်ဘော့ ကိုးချစ်မြတ်လာ၊
ဒိပုံစံများ အလားတူစွာ၊
ဘွဲ့ဖက်ကြ မဂ်ချ ဆင့်ဆင့်ဖြာ။

ဥပမာ ၁-၂-၃-
၄-၅- ၆-၇- ၈-၉
တို့ဟာ ပုထုဇဉ်
ဂဏန်း မျိုး ပါဘဲ။

(ဝဝဝ၁၁၁၁၁)သုညဂဏန်းမျိုးဟာ၊ အရိယာဂဏန်းမျိုးပါဘဲ။ တွဲလျှင် (ဝ)သုညဘလုံးအတွက် (၉)ဂဏန်းတလုံး တိုးတိုးလာ သည်။ အမြတ်ချပုံဘည်း။ ပုထုဇဉ် ဂဏန်းတခုနှင့် ပုံစံပြမည်။ ပုံစံကြည့် သိကြပါလေ။

(၁) ငွေဘကျပ်ထားပါ၊ ပုထုဇဉ် အတန်းမျှသာတည်း။

၁ဝိ ၉ ကျပ်မြတ် သောတာပန်အဆင့်ပါ။

၁၁ဝိ ၉၉ ကျပ်မြတ် သကဒါဂါမ်အဆင့်ပါ။

၁၁၁ဝိ ၉၉၉-ကျပ်မြတ် အနာဂါမ်အဆင့်ပါ။

၁၁၁၁ဝိ ၉၉၉၉ ကျပ်မြတ် ရဟန္တာအဆင့်ပါ။

၁၁ဝဝ၁ဝိ ၉၉၉၉၉ ကျပ်မြတ် ဖလသမာပတ်အဆင့်။

၁၁ဝ၁ဝ၁ဝိ ၉၉၉၉၉၉ ကျပ်မြတ်နိရောဓသမာပတ်အဆင့်

၁ဝ၁၁ဝဝဝ၁ဝိ ၉၉၉၉၉၉၉ ကျပ်မြတ် ပရိနိဗ္ဗာန်အဆင့်။

(၁)ကျပ်ထဲနှင့် ရင်းရင်းလာလိုက်ထာ၊ ပဌမမြွတ်ပုံ၊ ဒုတိယ မြွတ်ပုံ တတိယမြွတ်ပုံ၊ စတုတ္ထမြွတ်ပုံ၊ ပဉ္စမမြွတ်ပုံ၊ ဆဋ္ဌမမြွတ်ပုံ၊ သတ္တမမြွတ်ပုံ သိနိုင်ကြပါပြီ။ အဲဒီ(တစ်)ကို မူတည်၍ နမူနာပြ သည်။ ၂-၃-၄-၅-၆-၇ ၈-၉ တို့နှင့်တည်၍ရင်းသော် အမြွတ် တမျိုးစီဖြစ်လာမည်ကို ရင်းကြည့်ကြပါ။ တွက်ချက်ကြည့်ကြ ပါလေ။

(၁၆၈) ဓါတ်ဘုရားကိုပွါးများသောခါ၊
သမ္မပဒါန် လေး၀ ကျိုးဖြာ၊
ပယ်ပြီး ပယ်ဆဲ ၂ တွဲပေါ်လာ၊
ကုသလ မုချ ၂-မျိုးဖြာ။




ဓါတ်တရား မပြတ်ပွါးနေတော့၊ သမ္မပဓါန် လေးပါးကိစ္စ ပြီးစီးလာတော့၏။ လာပုံမှာ၊ အနုပ္ပန္နာနံ၊ ကုသလာနံ၊ ဥပ္ပါဒါယ ၀ါယမော။ ပါဠိအရမှာ တသံသရာလုံး တခါဘူးမှ မရခဲ့သေး သော ကုသိုလ်အသစ်များ ရရှိလာတော့သည်။ ဓါတ်ကုသိုလ် အသစ်၊ ရုပ်နာမ်ကုသိုလ်အသစ်၊ လက္ခဏာရေး ကုသိုလ်အသစ်၊ ပရိညာ ၃-ပါး ကုသိုလ်အသစ်၊ သစ္စာ ၄-ပါး ကုသိုလ်အသစ် ၀ိသုဒ္ဓိ ၇-ပါးကုသိုလ်အသစ်။ ဗောဓိပက္ခိယ ၃၇-ပါးကုသိုလ် အသစ်။ ဉာဏ်စဉ် ၁၆ ပါး ကုသိုလ်အသစ်။ မဂ် ၄-ပါးကုသိုလ် အသစ်။ ဖိုလ် ၄-ပါးအသစ်။ နိဗ္ဗာန်အသစ်များ ရှုပွါးသဖြင့် ရရှိ၍လာတော့သည်။

(၂) ဥပ္ပန္နာနံ ကုသလာနံ၊ ဘိယျောဘာ၀ါယ၊ ၀ါယမော။

ဖါဋ္ဌိအရမှာ ယခုတဘဝကုသိုလ်၊ ဆယ်ဘဝကုသိုလ်၊ တကမ္ဘာ၊ ဆယ်ကမ္ဘာ၊ ကမ္ဘာဘရာ၊ ကမ္ဘာတထောင်၊ ကမ္ဘာတသောင်း ကမ္ဘာတသိန်း၊ ကမ္ဘာတသန်း၊ ကမ္ဘာတကုဋေ၊ ကမ္ဘာအသင်္ချေ ဟိုသံသရာကပြုခဲ့သော အတိတ်ကုသိုလ်များဟာ စုရုံးပေါင်းဆုံ၍ အားဖြစ်လျက်လာပါသည်။

(၃) အနုပ္ပန္နာနံ၊ အကုသလာနံ၊ ဓမ္မာနံ၊ အနုပ္ပါဒါယ ဝါယာမော။ ပါဋ္ဌိအရမှာ ယခုအချိန်၌ ဝင်လာမည့်အကုသိုလ်များ ကိလေသာများဟာဝင်ခွင့်မရ၊ ဖြစ်ခွင့်မရဘဲ၊ ဓါတ်တရားနှင့်သာ အချိန်ကုန်ခံရသည်။

(၄) ဥပ္ပန္နာနံ၊အကုသလာနံ၊ဓမ္မာနံ၊ပဟာနာယဝါယာမော။ အရမှာ တဘဝက၊ ဆယ်ဘဝက၊ တကမ္ဘာ၊ ဆယ်ကမ္ဘာ၊ ကမ္ဘာ တရာက၊ ကမ္ဘာတထောင်က၊ ကမ္ဘာတသောင်းက၊ ကမ္ဘာ တသိန်းက၊ကမ္ဘာတသန်းက၊ကမ္ဘာတကုဋေက၊ကမ္ဘာတသင်္ချေက သံသရာလဆန်း တရက်နေ့ကစ၍ ပြုမိခဲ့သော အကုသိုလ်များ ကိလေသာများကို ပယ်ဘို့ချန် ပွါးများနေတော့သည်။ ပယ်သတ်ကာနေတော့သည်။ အချုပ်မှာ (၁)မရသေးသော ပါရမီကုသိုလ်ကံ ကိုရခြင်း။ (၂)ရပြီးသောပါရမီကုသိုလ်ကံများ ပွါးများလာခြင်း၊ (၃)မဖြစ်သေးသော အကုသိုလ်များမဖြစ်စေခြင်း၊ (၄) ဖြစ်ပြီးသော အကုသိုလ်များကိုပယ်ခြင်း၊ သတ်ခြင်း၊ ၎င်းကိစ္စ ကား သမ္မပဓါန် ၄-ပါးဖြစ်ပါတော့သတည်း၊ ဒါဟာလဲဓါတ် ကိုရှုပွါးမှ ဖြစ်ပေါ်လာတဲ့ အမြတ်ရတာပါ။

(၁၆၉)
ဓါတ်ကိုရှုကြ၊ မဂ္ဂ၊ ဖလာ၊
ငါးဆင့်တက်သွား အမှားမလာ
သိ,ပယ်,ဆိုက်,ပွါး ၄-ပါးကိစ္စာ၊
နိဗ် ၂-နိဗ် ခွဲစိတ် ထွက်လာတာ။

ဓါတ်

| ပု | သော | သက | အနာ | န္တာ |
|---|---|---|---|---|
| ဒိဋ္ဌိ | ကာမ | ရာဂ | ကျံကိ | ဖလ |
| ဝိစိ | ဗျာပါ | ဒေါ | ကျံအ | နိရောဓ |
| သော | သက | အနာ | န္တာ | န္တာချုပ် |
| ပုချုပ် | သောချုပ် | ဘချုပ် | အနာချုပ် | ပရိ |
| နိ | နိ | နိ | နိ | |

(၁) ပုထုဇဉ်ဟာ၊ ဓါတ်ကိုရှုတော့ ဓါတ်က ဒိဋ္ဌိ,ဝိစိပယ်သည်။သောတာပန်ဖြစ်သည်၊ မူလပုထုဇဉ်ချုပ်နိဗ္ဗာန်မြင်၏။ဓါတ်ဒုက္ခသစ္စာ၊ဒိ,ဝိ ပယ်၊သမုဒယသစ္စာ။သောတာပတ္တိမဂ်၊မဂ္ဂသစ္စာ။ ပုထုဇဉ်ချုပ်ထာ နိရောဓသစ္စာ တဆင့်ရပါပြီ။(၂)သောတာပန်ဟာ ဓါတ်ကိုရှု၏။ ဓါတ်က ကာမ,ရာဂ,ဗျာပါဒကို ခေါင်းပါးစေ၏။ သကဒါဂါမ်ရသည်။ မူလသောတာပန်ချုပ်သည်၊ဓါတ်ဒုက္ခသစ္စာပါ။ကာမ,ရာဂ,ဗျာပါဒ ပယ်၊ သမုဒယသစ္စာ။သကဒါဂါမိမဂ်က မဂ္ဂသစ္စာ။ သောတာပန်ချုပ်ထာက နိရောဓသစ္စာ။ ၂-ဆင့်ရပါပြီ။(၃)သကဒါဂါမ်ဟာ ဓါတ်ကိုရှုတော့ ဓါတ်က

ရာဂ, ဒေါသကိုပယ်သည်၊ အနာဂါမ်ရသည်။ သကဒါဂါမ်ချုပ်သည်။ နိဗ္ဗာန်မြင်သည်။ ဓါတ်ကဒုက္ခသစ္စာပါ။ ရာဂ, ဒေါသကိုပယ်တာ၊ သမုဒယသစ္စာ။ အနာဂါမ်တည်တာ မဂ္ဂသစ္စာပါ။ သကဒါဂါမ်ချုပ်ထာက နိရောဓသစ္စာ။ ၃-ဆင့်ရပါပြီ။ (၄) အနာဂါမ်သည် ဓါတ်ကိုရှုဘော့၊ ကျန်ကိလေသာ၊ ကျန်အကုသိုလ်ကိုပယ်သည်။ အရဟတ္တမဂ်ရသည်၊ နိဗ္ဗာန်မြင်သည်။ မူလအနာဂါမ်ချုပ်သည်။ ဓါတ်ကဒုက္ခသစ္စာပါ။ ကျန်အကုသိုလ် ကိလေသာပယ်တာက သမုဒယသစ္စာပါ။ အရဟတ္တမဂ်က မဂ္ဂသစ္စာပါ။ အနာဂါမ် ချုပ်ထာကနိရောဓသစ္စာပါ။ ၄-ဆင့်ရပါပြီ။ (၅) ရဟန္တာဟာ ဓါတ်ကိုရှုသည်။ ဖလသမာပတ် ဝင်စားနိုင်သည်။ နိရောဓသမာပတ် ဝင်စားနိုင်သည်။ ရဟန္တာချုပ်၍ ပရိနိဗ္ဗာန်စံနိုင်ပါသည်။ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါးတို့ကို မြင်တာကား နိဗ္ဗာန်တည်း။ အဆုံးကား ပရိနိဗ္ဗာန်တည်း။

| | | |
|---|---|---|
| (၁၇၀) | ငါးသေ ၂-စိတ် ဆားသိပ်, ဆားဝင် | ဥပမာပြမယ် |
| | ကျန်တစိပ်ကား ငံဆားမဝင်၊ | ငါးသေတ |
| | ဆားဝင်မပုတ် အပုတ်ကြာလျှင်၊ | ကောင်ကိုဝယ် |
| | မဝင်ငါး ပုတ်သွားမျက်စိမြင်။ | ပြီး ဒါး နှင့် |

၂-ချမ်းခွဲထားပါ တချမ်းကိုဆားနဲ့နယ်ထားပါ၊ တချမ်းကို ဆားမထည့်ဘဲ၊ မူလအတိုင်းထားပါ၊ ပဌမဆားထည့်သော အချမ်းကို ဆားနယ်ဟူ၍ရင်း။ ငါးပိကောင်ဟူ၍ရင်း။ နာမည်ကူးတတ်ရသည်။ ကြာကြာထားလဲမပုတ်ပြီ၊ ခန္ဓာ၌ ဓါတ်ပေါ်သောသူနှင့်တူ၏။ XX ကျန်သောတချမ်းကိုတော့ နာမည်ထူးမခေါ်ရ၊ ကြာ

ကြာထားလဲ မခံဘဲပုတ်သွားရ၊ ဆွေးရ၊ ရိရသည်။ အမှိုက်ပုံ၌ စွန့်ပြစ်ရသည်၊ ဆားမဝင်လို့ပါ။ ခန္ဓာ၌ဓါတ်မပေါသေသူနှင့် တူ၏။ XX ခန္ဓာ၌ ဓါတ်ပေါသေသူကား၊ အာစာရအရိယာဘွဲ့ ရခဲ့၏၊ ဒဿနအရိယာဘွဲ့ရခဲ့၏။ လိင်္ဂအရိယာဘွဲ့ရခဲ့၏။ ပဋိဝေဓ အရိယာဘွဲ့ရခဲ့၏၊ သဘောအရိယာနတ်၊ အရိယာပြဟ္မာဘဝနှင့် မဂ်ဖိုလ်နိဗ္ဗာန်ရ၍သွားတော့၏။ XX ဓါတ်မပေါသေးသောသူ ကား၊ ဒုဂ္ဂတိအဟိတ်နာမည်ရ သုဂတိအဟိတ်နာမည်ရ၊ ဒွိဟိတ် နာမည်ရ၊ တိဟိတ်ပုထုဇဉ် နာမည်ရ၍ အမှိုက်ပုံ၌စွန့်ပြစ်ရတာလို အပါယ် ၄-ဘုံ၌စွန့်ပြစ်ခြင်းကိုခံစားရတော့၏။

(၁၇၁)
ငါးသေ ၂-စိပ် ပူသိပ်ပူဝင်၊
ကျန်တစိပ်ကား ပူများမဝင်၊
ပူဝင်းပုပ် အဟုတ်ကြာလျှင်၊
မဝင်ငါး ပုတ်သွားချက်စိမြင်။

ဥပမာပြမယ်ငါးသေကို ၂-ချမ်း ခွဲထားပါ။ ပဌမအချမ်းကို တပေါင်းနေ၊ တန်ခူးနေ၌၊ နေလှမ်းထားပါ။ နေပူဝင်သဖြင့် စိုပြေရာမှခြောက်ခြောက် သွေ့သွေ့လာပြီး ငါးစိမ်းငါးခြောက်ဘဝ၌ရောက်ရှိပြီ၊ မပုတ်နိုင် ပြီ၊ချက်စားရ၊လှူရ၊ဒါန်းရပြီ၊ ဓါတ်ဝင်သေသူလဲ ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ရောက်ပြီ၊ ကိလေသာများ မစိုတော့ပြီ။ သွေ့ ခြောက်သွားပါပြီ။ အပါယ်တံခါး ပိတ်သွားရလေပြီ။

ဒုတိယ ငါးတချမ်းမှာတော့ နေပူလဲမလှမ်း၊ မီးပူလဲမကင် သဖြင့်၊စိုစိုပြင်နဂိုအတိုင်းမို့၊ ပုတ်ရ၊ရိရ၊ဆွေးရသည်။အမှိုက်ပုံသို့ ပြစ်ထားရသည်။မရောင်းရ၊မစားရ၊မသုံးရဘဲဆုံးရှုံးနစ်နာသည်။ ဓါတ်မတွေ့ရသေးသော လူများလည်း၊ ပုထုဇဉ်ဘဝမှကျွတ်ရ,မ

လွှတ်ရ အပါယ်ဘဝနှင့်ရေစစ်ကြီးချုပ်၍ထားလေသည်၊အပါယ် ကျ၍မဆုံး၊ဒုက္ခတုံးနှင့် မုန်းစရာဘဝ၊ ရွံစရာဘဝဖြစ်ရလေသည်။

(၁၇၂)
မီး၊ဝင်၊သံ၊တုံး၊ အားလုံးဖြူစင်၊
ပိုး၊ပရွက်များ မနား ရှောင်ကြဉ်၊
မီးကင်သံတုံး အားလုံးပျော်ရွှင်၊
ပိုး၊ပရွက် ပြည့်နှက်ကပ်ကြအင်။

၎ပိသာလောက်ကြီးသော သံတုံးကို မီးထဲထည့်ပြီး မြေ၌ချထားသည်၊ ပရွက်ဆိပ်များ ခြများ၊ ခြင်များ၊ ယင်များ၊ မနားနိုင် မကပ်နိုင်ပါ။ ဤဥပမာလို၊ ခန္ဓာ၌တေဇောဓါတ်ပေါ်တော့၊ အကုသိုလ်များ ကိလေသာများ မကောင်းတာတွေဟာ မဝင်နိုင်၊ မကပ်နိုင်၊ အရိယာဘဝနှင့်တူပါသည်။××သံတုံး၌မီးပူမဝင်ဘဲ ရိုးရိုးသံတုံး ဖြစ်ခဲ့သော်၊ ခြရော၊ ပရွက်ဆိပ်ရော၊ ခြင်ရော၊ ယင်ရော၊သတ္တဝါ များကပ်ကြ၊ နားကြ ခိုကြသည်။ခန္ဓာမှာလဲတေဇောဓါတ်မဝင် သော်၊ အကုသိုလ်များ၊ ကိလေသာများ၊ မကောင်းတာများ ကပ်ခိုသဖြင့် ပုထုဇဉ်ဘဝပင်ဖြစ်နေရသည်။

(၁၇၃)
မဂ်၊ဖိုလ်၊နိ၊နတ် ငါးရပ်ပြဟွာ၊
မြေပိုင်ငါးဝ ပေးကြနိစ္စာ၊
ဓါတ်ကိုရှုမှ ရကြသေချာ၊
အာရုံခြင်း နေမင်းလပမာ။

ရုပ်သေး၊ပြပွဲမှာ ရှင်ဘုရင်ထွက်ခါနီးသော် အောင်စည်တော် တီးရသည်၊ ဘုရင်လာမည့် ပုဗ္ဗနိမိတ်ပါဘဲ။× အာရုံတက်၍ လာခြင်းသည်၊ နေထွက်လာ သောနေ၏ပုဗ္ဗနိမိတ်ပါဘဲ။ အဲဒါလိုမဂ်လာလျှင် ဖိုလ်လာလျှင် နိဗ္ဗာန်လာလျှင်ရှေ့တော်ပြေးအနေနှင့် ပုဗ္ဗနိမိတ်အနေနှင့် ဓါတ် တရားများ ပေါ်ပြု၊ပေါ်ပြနှင့်နေရတော့သည်။ မဂ်၊ဖိုလ်၊နိဗ္ဗာန်

လာနေလို့ကြို့တင်၍ ဓါတ်ပေါ်ပြသနေရတာပါ။ ။၁၂၇၃-ခု နှစ်လောက်က ရွာထောင်မြို့မှ၊ ရေထမ်းသမား တဦးဟာ၊ မြို့ပိုင်မင်း၏ တိုက်တွန်း နှိုးဆော်ချက်အရ၊ အင်္ဂလန် ထိကို (ငွေ-၁၀)ပေး၍ထိထိုးသည်၊ ထိထိုးပြီး အမှတ်မထားဘဲ၊ မေ့ မေ့လျော့လျော့နှင့် နေတော့သည်၊ အင်္ဂလန်မှ ထိပေါက်လာ တော့၊ ရွာထောင်မြို့သား၊ ရေထမ်းသမား၏အိမ်မှာဘုရားစင်၌ အဆန်းနိမိတ်ပြသည်၊ ပန်းပွင့်သည်၊ သီးသည်၊ မီးဖိုလ်ချောင်မှ အရောင်ပြသည်၊ အိမ်အောက်မှ စေတီတော်ပမာ၊ ချတောင်ပို့ ပေါက်လာသည်၊ ထိပေါက်၍ နိမိတ်ပြတာပါဘဲ၊ ရင်းသက္ကရာဇ် ၁၂၈၄-ခုနှစ်လောက်က၊ ဗမာပြည် အညာရပ်၊ ချင်းတွင်းနယ် မြစ်ကမ်းနား၌ ရေဇကြို့မြို့ စာသင်တိုက်ကြီးတွင်၊ ဆရာတော်၏ ကျောင်းအောက်မှ စေတီတော်အသွင် ချတောင်ပို့ကြီး ပေါက် လာသည်။ မြင့်မြင့်လာသဖြင့် ကျောင်းပေါ်က ပြင်ကိုပင် ခွါ၍ ပေးရသည်။ ချက်ချင်းပင် မော်လမြိုင် ကျွန်းမြို့မှ စက်သူဌေး သဘောသူဌေးကြီး ဦးချင်းက၊ ဒကာခံ၍ ဆယ်သိန်းတန် တိုက် ကျောင်းကြီး, ဆွမ်းစားတိုက်ကျောင်းကြီး၊ ပိဋကတ်တိုက်ပါ ဆောက်၍ လှူဒါန်းထားလေသည်။ အဘိုးတန် ကျောင်းများ လာကာနီးတော့ ချတောင်ပို့စေတီအသွင်ဖြင့်ပုဗ္ဗနိမိတ်ပြရသည်။

(၁၇၄)

| | |
|---|---|
| လှူ့ဌာနသို့ ကြွကြပြဟွာ၊ | လှူတို့ဘုံသို့ ပြဟွာ |
| ဆံ့ငါးကိုထား ဓါတ်များရှာလာ | တွေ့စုံဆင်း ၍ လာ |
| ဓါတ်ကိုရမှ လုံးဝပိတ်မှာ၊ | ကြပုံကို ပြပါဦးအံ့ |
| ဓါတ်တရား အင်အားကြီးလှပါ။ | (မိ မိ ကိ စ္စ သတိရ |

ကြ။) (၁) ယခုလူများဟာ အဘယ်တိုက လာ၍လူဖြစ်ကြပါသနည်း။ (၂) ဘာများကို ပြစ်ထားခဲ့ပြီးမှလူဖြစ်ကြပါသနည်း။ (၃) ဘာများလုပ်ရအောင်လူလာ၍ ဖြစ်ကြပါသနည်း၊ ၎င်းအမေး သုံးပုဒ် ကိုဖြေဆိုမည့်၊ သာခကကား [ သတိချပ်လို့သာပေါ့ ဝိဝဋ္ဋာ ကမ္ဘာမြေသို့ ဗြဟ္မာတွေအလည်လာကြတော့ နွယ်ပဒါအသာငြိ သော်ကြောင့်။ ဣတ္ထိလိင်,ပုရိသာရယ်လို့ ရောနှောကာပေါင်း ဘက်နှင်းကြ ယင်းမူသမျိုး အဆော့ ] ဟူသော၊ မောင်းထောင် ရွာ သံချိုဆရာကြီး၊ ဦးကျော်လှ၏ အချိုးအတိုင်းဖြေဆိုရတော့ မည်၊ ၎င်းဦးကျော်လှဟာ ဝိသုဒ္ဓိမဂ်် အဋ္ဌကထာနှင့် သာရတ္ထဒီပနီ ဋီကာကြီး များ၌မိန့်ဆိုသောပါဌ်အရဖြင့်ရေးပြသော အချိုးသာ ဖြစ်ပါသည်၊ ယခုလူတွေဟာ ဗြဟ္မာ့ဘုံဗြဟ္မာ့ပြည်က လူ့ပြည်သို့ ဆင်း၍ လာခဲ့ကြသည်၊ အဂ္ဂညသုတ်အဋ္ဌကထာ၌ကြည့်ကြပါဦး။

(၁) ကမ္ဘာဘခေါက်၊ ဗြဟ္မာရောက်၊ စာထောက်အရှိပါ။ ဤသက်ာအရ၊ ကမ္ဘာကြီးတခ ပျက်ချင်း၊ ဗြဟ္မာ့ဘုံသို့ တက် ဖြစ်ချင်း၊ ဤပုံအတိုင်း ရှိုးရာဓမ္မတာဖြင့် (ကမ္ဘာပျက်ရင်၊ ဗြဟ္မာ တက်၍ဖြစ်)ကာနေကြရမြဲပါဘဲ၊ သံသရာလဆန်း တရက်နေ့ ကစပြီး၊ ယနေ့အထိ ကမ္ဘာပျက်တိုင်းပင် ဗြဟ္မာတွေ တက်ဘက် ဖြစ်ကြရဘာ အကြိမ်ပေါင်း မည်မျှလောက်ရှိပြီလဲဟု မေးလျှင်။

(၂) သမုဒ်သဲစုနှိုင်းယှဉ်ပြု ရောက်မှုအခေါက်ပါ။ ။ဤ လက်ာအရ၊အရှေ့သမုဒ္ဒရာ၊တောင်သမုဒ္ဒရာ၊ အနောက်သမုဒ္ဒရာ မြောက်သမုဒ္ဒရာဆိုတဲ့ သမုဒ္ဒရာကြီး လေးစင်းထဲက၊ သဲလုံးနှင့် အမျှအခေါက်ပါဘဲ။ (သဲဘလုံး ဗြဟ္မာတခေါက်ထား၍ ရေ

တွက်ပါလေ။) ဤမျှပါဘဲ။ ဗြဟ္မာတခေါက်, တခေါက်မှာလဲ ဘယ်လောက်များ ကြာကြာကြီး နေခဲ့ရပါသလဲဟု မေးလျှင်။

(၃) သုံးသင်္ချေဆောင်၊ ဗြဟ္မာ့ဘောင်၊ ပြောင်းပြောင်းနေခဲ့ရှာ။ ။လင်္ကာအရ၊ ကမ္ဘာအကြာကို ၄-ပုံ့ပုံ၍၊ ၃-ပုံလောက် ကြာကြာကြီးနေခဲ့ပါသည်။ ဝါ၊အသင်္ချေယျကပ်ကြီး ၃-ကပ်မျှ ကြာကြာကြီး နေခဲ့ရပါသည်။ အခေါက်တိုင်း ဒီနည်းပါဘဲ။ ဝိဝဋ္ဋဋ္ဌာယီကပ်၌၊ ဗြဟ္မာဖြစ်ကြတာကို မထည့်ပါ။ ကမ္ဘာပျက်နေတုန်း ၃-သင်္ချေကြာကြာနေခဲ့တာကိုသာ ရေးပြနေပါသည်။ လာ၍မရှုပ်ပါစေနှင့်။) (၂)ဘာများကိုထား၍ လူ့ပြည်သို့ဆင်း၍လာခဲ့ကြပါသနည်း။ အမေးကိုဖြေမည်။ လူ့ပြည်သို့ဆင်းလာတော့၊ဗြဟ္မာ့ပြည်မှာထားပြစ်ခဲ့ရသော အဘိုးတန်ကြီးတွေကား (၁) ဝိဇ္ဇာရတာကို ထားခဲ့ပြီးမှ၊ ၎င်းထက်သာသော ဓါတ်တရားကိုရှာရန် လာခဲ့ကြပါတယ်။ (၂)အဘိညာဉ်ရတာကိုထားခဲ့ပြီးမှ၊ ၎င်းထက်သာသော ဓါတ်တရားကို ရှာယူရန် လာခဲ့ကြပါတယ်။ (၃) သမာပတ်ရတာကို ထားခဲ့ပြီးမှ၊ ၎င်းထက်သာသော ဓါတ်တရားကို ရှာယူရန် လာခဲ့ကြပါတယ်။ (၄)စျာန်ကိုးစျာန်ကို ထားခဲ့ပြီးမှ၊ ၎င်းထက်သာသော ဓါတ်တရားကို ရှာယူရန်လာခဲ့ကြပါတယ်။ (၅)မြေလျှိုးနိုင်တာကိုထားခဲ့ပြီးမှ ၎င်းထက်သာသော ဓါတ်တရားကို ရှာယူရန် လာခဲ့ကြပါတယ်။ (၆)မိုဃ်းပျံနိုင်တာကို ထားခဲ့ပြီးမှ၊ ၎င်းထက်သာသော ဓါတ်တရားကိုရှာယူရန်လာခဲ့ကြပါတယ်(၇)ကမ္ဘာပေါင်း(၈၄၀၀၀) နေနိုင်တာကိုထားခဲ့ပြီးမှ၊ ၎င်းထက်သာသော ဓါတ်တရားကို

ရှာယူချန် လာခဲ့ကြပါတယ်။ (၈)အလွန်အလွန်မှ အဘိုးတန်လှသော ပြဟ္မာဘာဝကိုသွားခဲ့ပြီးမှ၊ ၎င်းထက်သာသောဓါတ်တရားကိုရှာယူချန် လာခဲ့ကြပါတယ်။ (၉) ပီတိဘက္ခာ၊ တဘာဝလုံးပီတိကိုစားနေခြင်းကိုသွားပြစ်ခဲ့ပြီးမှ၊၎င်းထက်သာသော ဓါတ်တရားကို ရှာယူချန်လာခဲ့ကြပါတယ်။ (၁၀)သယံပဘာ၊ တဘာဝလုံး၊ မိမိကိုယ်ရောင် ကိုယ်ဝါဖြင့် လင်းထိန် တောက်ပြောင် နေတာကိုသွားခဲ့ပြီးမှ၊ ၎င်းထက်သာသော ဓါတ်တရားကို ရှာယူရန်လာခဲ့ကြပါတယ်။ (၁၁)အန္တလိက္ခစရာ၊ တဘာဝလုံးကောင်းကင်၌ သွားလာနေနိုင်တာကို သွားခဲ့ပြီးမှ၊ ၎င်းထက်သာသောဓါတ်တရားကို ရှာချန်သာ ခဲ့ကြပါတယ်။ (၁၂) ဒီဃာယုကာသုံးသင်္ချေလောက် အသက်ရှည်တာကို သွားခဲ့ပြီးမှ၊ ၎င်းထက်သာသော ဓါတ်တရားကို ရှာယူချန် လာခဲ့ကြပါတယ်။ (၁၃)(န)ထိမာ၊ ပြဟ္မာ၌ မိမ္မအသွင်၊ ယောကျ်ားအသွင် မရှိကြပါ။ အဲဒါကိုသွားခဲ့၍၎င်းထက်သာသော ဓါတ်တရားကို ရှာယူချန်လာခဲ့ကြပါတယ်။ (၁၄)စျာနသုခါ၊ စျာန်ချမ်းသာကို သွားခဲ့၍ ၎င်းထက်သာသော ဓါတ်တရားကိုရှာယူချန် လာခဲ့ကြပါတယ်။ (၁၅)ဣဒ္ဓိပါဒါ၊ ဣဒ္ဓိခပင်း ခန်ဆင်း တောင့်တ လိုတိုင်းရသောတန်ခိုးဘဇော် အာနုဘော်ကိုသွားခဲ့၍၊ ၎င်းထက်သာသောဓါတ်ကိုရှာယူချန်လာခဲ့ကြတယ်။ အဲဒါ(၂)နံပါတ်အဖြေပါဘဲ။

(၃) လူ့ပြည်သို့ဘာလုပ်ချန်လာရကြပါသနည်းဟူသောအမေး၌(ဓါတ်သာသနာနှင့်)နေဘို့ဓါတ်ကိုရှုပွါး၍ (၁)အာစာချအရိယာ၊(၂)ဒဿနအရိယာ။ (၃)လိင်္ဂအရိယာ၊ (၄)ပဋိဝေဓ

အရိယာနှင့်မဂ်၄ ပါး၊ ဖိုလ်၄-ပါး၊ နိဗ္ဗာန်ကိုရနေကြသို့၊ လူ့ပြည်သို့လာခဲ့ကြတာပါ။ ဗြဟ္မာ့ပြည်၌ ထားခဲ့သော (ဝိဇ္ဇာ, အဘိညာဉ်, သမာပတ်, ဈာန် ၉-ဈာန်, မြေလျှိုးမိုးပျံ ၇၊၀၀၀-နေရ၊ ဗြဟ္မာဘဝ၊ ပီတိဘက္ခ၊ သယံပဘာ၊ အန္တလိက္ခာစရ၊ ဒီဃာယုက၊ (နှထိမ၊ ဈာနသုခ၊ ဣဒ္ဓိပါဒ(၁၅)တို့ကိုရရှိ၍နေကြပေမဲ့၊ အပါယ်တံခါးလဲ မပိတ်ကြရသေးပါ။ ဆင်းရဲသံသရာလဲ မပြတ်ရသေးပါ။ ဘုံစဉ်စံဘဝလဲ မရကြသေးပါ။ သိဒ္ဓိကြီးကိုးတန်လဲမရကြသေးပါ (၆၇)ဆင့်ဖြင့်မြင့်ကာ မြင့်ကာတက်ရောက်ခြင်းလဲမရကြသေးပါ။ အကြောင်းကားပညာက ဖြစ်လာကြရတာမို့ပါ။ ×ဓါတ်တလုံး အမြတ်ဆုံးကိုရရှိနေတော့မူကား၊ အာစာရအရိယာ၊ ဒဿနအရိယာ လိင်္ဂအရိယာပဋိဝေဓအရိယာ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန် အပါယ်တံခါးပိတ်ရ၊ ဆင်းရဲသံသရာပြတ်ရ၊ ဘုံစဉ်စံဘဝရ၊ သိဒ္ဓိကြီး ၉-တန်ရ(၆၇) ဆင့်ဖြင့် မြင့်ကာ,မြင့်ကာ, နိဗ္ဗာန်အထိ တက်ရောက်ရပါသတည်း။ ဒါကြောင့်လူ့ပြည်သို့စုရုံးကာလာကြပြီးလျှင်(ဓါတ်တလုံး,အမြတ်ဆုံး)ကိုမရလျှင် မနေ၊ သေသေ,ကျေကျေဟု ရှာကြပွါးများကြရပါသည်။

(၁၇၅) ဘုရားဟောပြ ဓမ္မပါဝါ၊
မြေမှအဏ္ဏနိဋ္ဌ ဖိတ်ဖိတ်ပုံပါ၊
ရတနာ ၇-ပါး ပေးငြားခါခါ၊
မမှီငြား ဤကား ကျိုးဖလာ။

မြတ်စွာဘုရားများ အမေ့ပေး သောသဘောဖြင့် ဟောကြား ထား သော တရားများဟာ များစွာကိုမဆိုထားဘိ၊ တပုဒ်တဂါထာမျှကိုပင်လောကီရတနာ ၇-ပါးနှင့် နှိုင်းယှဉ်၍မရနိုင်ပါ။ ဥပမာပြမည်၊ သတိနှင့်ကြားနာကြပါ။ ဟောငါတို့နေတဲ့ မြေပြင်မှ၊ ဟိုအထက်က၊ အဏ္ဏနိဋ္ဌဗြဟ္မာ့ဘုံအထိ စကြဝဠာကြီးအပြည့်ပင်၊ ရွှေ, ငွေ, ပုလဲ, ကျောက်မျက်ရှဲ, သန္တာ, ဝဇီရာ, ပတ္တမြားဟု ရတနာ၇-ပါးရှိရာ၊ ၇-ပုံ၊ ပုံပါ၊ ပုံပြီးတော့၊ ထိုရတနာပုံ

ကြီးဟာ ကုန်ရှုံသွားအောင်၊ ပဌမလူအား၊ အမွေပေးပါ။ဒုတိယလူကိုတော့၊တရားတပုဒ်၊ ဂါထာတခုဖြင့်အမွေပေးပါ။ဤအမွေ၂-ပါးကိုဘဦးစီရကြမည်။ ပဌမလူကရတနာ ၇-ပါးအပုံကြီးကိုရမည်တဲ့။ ဒုတိယလူကတော့တရားတပုဒ်ဖြစ်စေ၊ တဂါထာဘဲဖြစ်စေရမည်တဲ့ ထိုလူ ၂-ဦးကိုယှဉ်ပြိုင်ကြည့်တော့ ဘယ်သူကအမြတ်ရ,အကျိုး နပ်မှာလဲဆိုလျှင်၊ ဒုတိယလူကား တရားတပုဒ်။ဝါ၊တဂါထာကိုရသဖြင့် (၃၁ ဘုံ၏အလယ်မှာ၊ တင့်တယ်မယ်။ မြဘ်မယ်၊ ပါဝါရှိမယ်။မင်္ဂ ဖိုလ်,နိဗ္ဗာန်ရမယ်။ ပဌမလူကား လူဘုံမှာပင် လူတိုင်းအလယ်၌ တင့်တယ်မည်မဟုတ်သေးပါ။ ဤမျှ ကွာခြားလှပါပေသည်။ သာဓက တပုဒ်ထုတ်၍ပြပါဦးအံ့။ (ဣတိပြဟ္မဏော၊ စတဿောသတာဟာရ ဂါထာ၊ ကဿပ၊ ဒသဗလေန၊ ဒေသိတနိယာမေန၊ ဒေသေတွာ၊ တုဏှီအဟောသိ၊ တံသုတွာ၊ မဟာသတ္တော၊ သဖလံဝတမေ၊ အာဂမနန္တိ၊ တုဋ္ဌစိတ္တောဟုတွာ၊ ဣမာဂါထာ၊ နေသာဝကဘာသိတာ၊ နဣသိဘာသိတာ၊ နဂေနစိဘာသိတာ၊ သဗ္ဗညုနာဝဘာသိတာ၊ ကိန္နုခေါအဇ္ဈတ္တန္တိ၊ စိန္တေတွာ၊ ဣမာသံ သကလမ္ပိ စက္ကဝါဠံ၊ ယာဝ ဗြဟ္မာလောကာ သတ္တရတနပုဏ္ဏံ၊ကတွာ၊ဒဒမာနေနာပိ၊နေဝအနုစ္ဆဝိကံ ကာတုံသက္ကောမိ။) အသီတိနိပါတ်။ ပဟာသုတသောမဇာတ် အဋ္ဌကထာ နံပါတ်(၅၂၄) ကြောင်းရေ(၁၅) ဆဋ္ဌမူမှယူ၍ပြပါ သည်။၎င်းမဂဓပါဠိကို မြန်မာဘာသာပြန်သော်(ဤသို့လျှင် ပုဏ္ဏား သည်။ တရာစီ,တရာစီ ထိုက်တန်သော လေးဂါထာတို့ကို၊ ကဿပ ဘုရားပွင့်စဉ်က ကဿပဘုရား ဟောတော်မူသော။ နမူနာအတိုင်း ဟောပြပြီး၍ ဆိတ်ဆိတ်နေသည်။ ထိုတရား သံများကို ကြားနာ၍ အလောင်းတော်သုတသောမ မင်းသည်။ ငြောင်ငါ၏ လာရခြင်း သည်၊အကျိုးရှိလေစွတကားဟု နှစ်သက်ဝမ်းမြောက်လှသဖြင့် ဤ ဂါထာတို့ကားသာဝကများဟောတာလဲ မဟုတ်ကြပါ။ရသေ့များ

ယောသော ဂါထာလဲမဟုတ်ကြပါ၊ တစုံတယောက်သောသူ ယော
သောဂါထာလဲမဟုတ်ကြပါ။ သဗ္ဗညုဘုရားများသာဟောကြသော
ဂါထာတို့တည်း။ ဤဂါထာတွေဟာ အဘယ်မျှလောက် အဘိုးထိုက်
တန်လေသနည်းဟု။ ကြံစီသော် မြေပြင်မှ ဤစကြာဝဠာအဝန်းပြည့်
အောင်(ဝါ ယူဇနာပေါင်း ၃-သန်း၊ ၆-သိန်းအဝန်းပြည့်အောင်
ရတနာ ၇-ပါးထည့်ထား၍ဗြဟ္မာ့ဘုံအထိပုံ၍ဟောသူအား ပူဇော်
သော်သည်းမှီနိုင်ဘို့အရေးကိုမမြင်တော့ပါ၊ ဤမျှလောက်ပင် ထိုက်
တန်လှပါပေသော ဂါထာတို့သာဖြစ်ပါပေသည်။ တာပေမဲ့ ပေးတဲ့
သူ၏။ အားအင်ကို ကြည့်ပြီးပေးပေးနေကြလို့သာ တရာစီ၊ တရာစီ
ဟန်သည်ဟုဝေါဟာရဖြစ်၍နေပါသည်။ ဤကားတဂါထာကိုအဘိုး
ဖြတ်ပုံတည်း။ ယခုလဲ သတိနှင့်ခေါ်၍ သမာဓိနှင့် ထိမ်းထား၍ရရှိ
သော ဓါတ်တရားဟာလဲ) အစိန္တေယျ။ အပ္ပမေယျ။ အသင်္ချေယျ။
အနန္တ။ အပ္ပရိမာဏ။ အပ္ပရိစ္ဆိန္နမက တန်ဘိုးရှိပါပေသည်။ ဓါတ်
တရားကြောင့် အာစာရအရိယာ၊ ဒဿနအရိယာ၊ လိင်္ဂအရိယာ၊ ပဋိ
ဝေဓအရိယာများ၊ မဂ်၄-ပါး၊ ဖိုလ်၄-ပါး၊ အရိယာများ၊ ၁၂ ပါးအ
ထိဖြစ်စေပြီး နိဗ္ဗာန်သို့အရောက်ပို့သော ဓါတ်တရားမို့ပြရပြီးသော
ဂါထာအတိုင်းပင် (အ)၁၂ လုံးတန်ဘိုးရှိလှပါသည်။ ကျင့်ကြပါ။

| | | |
|---|---|---|
| (၁၇၆) | ခန္ဓာကိုယ်ကား ဓါတ်များလက်ခံ၊ | ဒါန, သီလ, သမထ |
| | စိတ်တရားကား ဓါတ်များမခံ၊ | ကြောင့်၊ လူ့ဘဝကိုရ |
| | အရိယာများ ဓါတ်များလက်ခံ၊ | ကတဲ့ကပင် ဒါ, သီ, |
| | ဓါတ်ဆောင်ပြ ရောက်ရ နိဗ္ဗုတံ။ | ထ, က ထည့်ထည့်ပေး |

သော ဓါတ်များကို ခန္ဓာကိုယ်ကြီးက အမြဲလက်ခံ၍ထားပါတယ်။
သိတ်ပြီးစီးကြ၊ နည်းကြ၊ နိဿသျှည်းကြကြ၊ နေတာပါဘဲ။ ခန္ဓာ
ကိုယ်ထဲမှာရှိနေသော စိတ်ကား၊ အားကြီးမိုက်သဖြင့်၊ ဓါတ်တရား

ကိုလက်မခံပါ။ တခါတရံ သတိက သမာဓိက၊ သဒ္ဓါက စေတနာက၊ ပညာက၊ ဖေးမကူညီမှုတာ မိနစ် ခန့် ၁၁-မိနစ်အားထုတ်ယောင်ဆောင်တယ်၊ စိတ်ဟာဓါတ်ကိုရှုပွါးနေရင်ဘဲ သန့်သန့်လာတယ် အဝိဇ္ဇာပေါ့။ ငိုက်မြိုချလာတယ်။ အဝိဇ္ဇာပါဘဲ၊ ပျင်းရိလာတယ်။ (အလဿ) ပါဘဲ။ စိတ်ဟာဓါတ်တရားကိုသာလက်မခံဘာပါ၊ သူ့ကိုလှည့်ပတ်ပြီ အပါယ်ချချနေတဲ့ကိလေသာဖြစ်စေတဲ့ အကုသိုလ်ပွါးစေတဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ ဖေါဋ္ဌဗ္ဗာရုံ, ပညတ်, ဓမ္မာရုံနှင့်မူကား တရက်လုံးလဲ ပျော်ပျော်ပါးပါးနှင့်နေ၏။ ဘလလုံး တနှစ်လုံ ၊ တဘဝလုံး၊ တသံသရာလုံးလဲ အာရုံ ၆-ပါးနှင့်ပျော်ပိုက်ကာ နေပေသည်။ (ပါသိမ့်မေတိမနေ) ပါဋ္ဌိကြည့်ပါ။ မကောင်းမှုဒ္ဓ စိတ်ဟာ ပျော်ပိုက်၍နေဘတ်သည့်တဲ့ဗျား။ အဲဒါဟာ ပုထုဇဉ်တို့၏စိတ်ကိုပြောနေတာပါဘဲ၊ ။အရိယာများကား၊ ခန္ဓာကိုယ်ကြီးကလဲ ကံကထည့် စိတ်ကထည့်၊ ဥတုကထည့်၊ အာဟာရကထည့်သော။ ဝါသနာပါရ ၄-ပါးက ထည့်သော ဓါတ်တရားကို လက်ခံ ထားကြသည်။ ခန္ဓာကိုယ်မှာရှိတဲ့ စိတ်ကလဲဘဲ ပေါ်လာသမျှဓါတ်ကို ရှုပွါးနေကြတယ်။ တာကြောင့် ပညတ်များဒိဋ္ဌိများ၊ ဝိစိကိစ္ဆာများမှ စင်ကြယ်စွာဖြစ်နေကြသောကြောင့် အရိယာဘွဲ့ကြီးကိုရရှိနေကြပါတယ်။ တသံသရာလုံးလဲ အပါယ်တံခါးပိတ်ချခြင်း။ ဆင်ရဲသံသရာပြတ်ရခြင်း၊ ဘုံစဉ်စံဘဝရရှိခြင်း။ သိဒ္ဓိကြီး ၉-ဘန်ရခြင်း (၆၇) ဆင့်ဖြင့် မြင့်တက်၍ နိဗ္ဗာန်သို့သာတသွားထဲသွား၍နေကြပါတယ်။ ပုထုဇဉ်စိတ်နှင့် အရိယာ စိတ်ခြားနားပုံပါဘဲ။

စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်